www.burmeseclassic.com

# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# ဝန်ကြွေးဆိုး

အပါအဝင်

ဇာတ်ရစ်ဝတ္ထုတိုများ



BURMESE CLASSIC .com

မောင်ညိုမှိုင်း(သန်လျင်)
မြောင်းမြမောင်ကို
ထောင်မှူးကြီးသိန်းဝင်း
ဇေယျမင်းသျှင်
ကျော်မင်းနိုင်
လေးမောင်
ဝင်းနိုင်(ရွှေပြည်သာ)
နွေတမာန်
စိုးယဉ်ထွန်း
ညွှန့်ဝိသ
နန်းရွှေရည်

www.burmeseclassic.com

စိစစ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ . ၈၃
ကလောင်စုံ
ဝဋ်ကြွေးမိုးအပါအဝင် ဂမ္ဘီရဝတ္ထုတိုများ / ကလောင်စုံ-ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၂၈၆-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) ဝဋ်ကြွေးမိုးအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဝဋ်ကြွေးမိုး<br>မောင်ညိုမှိုင်း (သန်လျင်) | ၁ |
| ၂။ | ထောင်ရှေ့ကညောင်ပင်<br>မြောင်းမြမောင်ကို | ၃၇ |
| ၃။ | သမုဒယသံယောဇဉ်<br>ထောင်မှူးကြီးသိန်းဝင်း | ၅၂ |
| ၄။ | ဝိဇ္ဇာတောလား<br>ဇေယျမင်းသျှင် | ၇၅ |
| ၅။ | တုတ်ပြီးစားပြီး သစ္စာမပြီးလျှင်<br>ကျော်မင်းနိုင် | ၁၀၅ |
| ၆။ | တစ်ခါတုန်းက ကျွန်တော့်ဆရာတွေ<br>ဝင်းနိုင်(ရွှေပြည်သာ) | ၁၁၈ |
| ၇။ | မုဆိုးဘဝ အမှတ်တရလေးများမှ<br>လေးမောင် | ၁၄၅ |
| ၈။ | သီးခြားကမ္ဘာတစ်ခု<br>နွေတမာန် | ၁၈၀ |
| ၉။ | နှစ်ကောင်တွဲ<br>ဩမိသ | ၁၉၉ |
| ၁၀။ | မြို့ဟောင်းသူ၏ မေတ္တာ<br>စိုးယဉ်ထွန်း | ၂၁၉ |
| ၁၁။ | ပန်းတိုင်းမွှေးတဲ့ . . . ပန်းသခင်မကျွန်း<br>နန်းရွှေရည် | ၂၄၂ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

| ၁ |

❑

ဒုန်းစိုင်းပြီးပြေးလာသည့် မြင်းခွာသံကို ကြားလိုက်ရသောအခါ ကိုချဉ်ပေါင်ရွက်တို့၊ ကိုကြီးကျော်တို့ အသောက်သမားအုပ်စု အသီးသီး မိုးကျရွှေကိုယ်အရက်ဆိုင်မှ ချက်ချင်း ထပြေးကြတော့သည်။

အကြော်ရောင်းနေသည့် မဂျာအေးက သူ့အကြော်ဗန်းကို ရွက် ရင်း အသံကုန်အော်ဟစ်လိုက်သည်။

"လူမိုက်ငှက်ခါး လာနေပြီ ... ပြေးကြဟေ့"

"ပြေး ... ပြေး ..."

"မြန်မြန်ပြေးပါဟ ... မင်းနှမလင် လာနေပြီ"

"ဗုန်း"

"ဂလုံ"

"အမလေး"

"ငါ့ကို ကူကြပါဦးဟ"

"သေဟ ... မသာ ... သေခဲ့"

ဝရုန်းသုန်းကား ပြေးသံများနှင့်အတူ ဖန်ခွက်ကျကွဲသံ၊ ပုလင်း ကျကွဲသံ၊ လဲပြိုသံများဖြင့် အရက်ဆိုင်ကလေး ကမ္ဘာပျက်သလို ချက်ချင်း ဖြစ်သွားခဲ့တော့၏။





အချို့က နောက်ဖေးပေါက်ကနေ ပြေး၏။

အချို့က နီးရာပြတင်းပေါက်မှ ခုန်ချပြေး၏။

အချို့ကား ရှေ့ပေါက်က မပြေးရဲ၍ ခြံစည်းရိုးခွေးတိုးပေါက်မှ ခွေးတစ်ကောင်၊ ကြောင်တစ်ကောင်လို တိုးလျှိုး၍ ပြေးကြ၏။

ဆိုင်ထဲမှာ အသောက်သမား တစ်ယောက်မျှ မရှိတော့။

အရက်ရောင်းသည့်ပိုင်ရှင် ကိုဝဲကြီးပင် ကြောက်ဒူးတုန်၊ ဒူးမေး ရိုက်၍ ချက်ချင်း ငှက်ဖျားရောဂါဝင်သလို တုန်နေပြီ။

ဒီမှာပဲ အရက်ဆိုင်ရှေ့ကို ဒေါက်မြင့်မြင့် အနက်ရောင်မြင်းကြီးနှင့် လူတစ်ယောက် ရောက်ချလာသည်။

မြင်းကိုယ်ကြီးပေါ်မှ ဖဲရှမ်းဘောင်းဘီနက်ပြာနှင့် ဖုထစ်မောက် ကြွား အသားဆိုင်ပြည့်ပြည့် လူတစ်ယောက် လွှားခနဲ ခုန်ဆင်းလိုက်သည်။

နှုတ်ခမ်းမွေး မည်းမည်းကုပ်ကုပ်နှစ်စက ပါးစပ်မှာ အနားကွပ်လို့၊

ခက်ထန်မာတင်းလှသော မျက်နှာထားက တစ်ကမ္ဘာလုံးကို ထီ မထင်သလို၊ တစ်လောကလုံးကို သူတစ်ယောက်တည်း လုပ်ကျွေးနေရသည့် မျက်နှာထားမျိုးနှင့် မာန်ဝင့်ရုပ် ပေါ်လွင်ထင်ရှားနေ၏။

ကျောပေါ်မှာ ငှက်ကြီးတောင်ဓားရှည်ကို ဓားအိမ်နှင့်လွယ်ထား၏။ ခါးကြားမှာမူ ခြောက်လုံးပြူးသေနတ်ဒင်က ခပ်ကုန်းကုန်းပေါ်နေ၏။

သူကား အခြားမဟုတ်။

ငှက်ခါး ....

တွေ့မရှောင်ငှက်ခါးခေါ် ... လက်မရွံ့ငှက်ခါးဟူ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

မုတ္တမကျွေ၊ အငှေ့ပင်လယ်၊ ဟံသာဝတီအရှေ့ခြမ်းက နာမည်ကြီး လှူမိုက် ... ငှက်ခါး ...

မိန်းမချောချောတွေ့လျှင် သေနတ်ပြ၍ အဓမ္မကျင့်သည်။

ရွှေရှိ၊ ငွေရှိအိမ်မှန်သမျှ ရှိသမျှ သူ့ကို သဒ္ဓါကြီးစွာ လှူဒါန်းရ ၏။ မော်ကြည့်သူ၊ ကျော်ကြည့်သူ၊ စောင်းကြည့်သူ၊ မထီမဲ့မြင်လုပ်သူမှန် သမျှ ...

ရွာလယ်လမ်းမမှာ သေနတ်နှင့်ပစ်သတ်၏။

ငှက်ကြီးတောင်ဓားနှင့် ခုတ်သတ်၏။

လိုအပ်လျှင် သူ့တပည့်များနှင့် ရွာကိုဝိုင်း၏။ မီးရှို့၏။

ရှင်ဘုရင်သိန်းမောင်လို နာမည်ကြီးဓားပြကိုပင် အန်တုစိန်ခေါ်ရဲသူ၊ ပင်လယ်ကမ်းခြေသား လှူမိုက်ဖြစ်သည်။

ခုလည်း ... ငှက်ခါးရောက်လာသည်နှင့် ကိုဝဲကြီးက ရှိရှိသေသေ၊ ပျာပျာသလဲနှင့် မြင်းဇက်ကြိုးကို လှမ်းယူပြီး မြို့စားနယ်စားကြီးများအား ဂါရဝပြုရသကဲ့သို့ ခရီးဦးကြိုပြုရ၏။

အဲဒီလို ဂါရဝမျိုးကို ပင်လယ်ကမ်းခြေ အရပ်ရှိ အရက်ဆိုင်တိုင်း၊ ထန်းရည်ဆိုင်တိုင်းနှင့် ရွာသူကြီးကအစ ကြိုဆိုရ၏။

စိတ်ကူးသစ်စာပေ



နို့ ... မဟုတ်ပါမူ ...

မခန့်လေးစား ကဏ္ဍကောစလုပ်သည်ဟု အထင်တော်လွဲမှားပြီး ကိစ္စပြတ်ရှင်းလိုက်လျှင် ဘုန်းကြီးငါးပါးနှင့် ရေစက်ချကိန်း ကြုံရမည်။

"ဆရာခါး ... အထဲကို ကြွ ... ကြွပါ ... ခင် .. ခင်ဗျ"

"ဆိုင်ထဲမှာ လူရှင်းလှချည်လား ဝဲကြီး"

"ဟုတ် ... ကဲ့ ... ခဲ ... ဗျ ... ဟို ... ဟို ... ဆရာခါး လာတာမြင်ကြလို့ အကုန် ပြေး ... ပြေး ကုန်ပါပြီ ... ခင် ... ခင်ဗျာ"

"ဟား ... ဟား ... ဟား ... ဟား ... မင်းတို့ ဥဿျစ်ကုန်း ရွာသားတွေ အရိုပ်သုံးပါးနားလည်ပြီး အရမ်းလိမ္မာကြပါလားကွ ... ဟေ ဟား ... ဟား ... ဟား ... ဟား"

"အဟဲ ... ဟဲ ... ဟဲ ... ဟုတ်ကဲ့ ခင်ဗျ ... အဟဲ"

ကြောက်ကြောက်လန့်လန့်နှင့် ရောယောင်သွားဖြဲရယ်လို့ စားပွဲ ကောင်းတစ်နေရာမှာ နေရာချပေးပြီး အရက်နှင့်အမြည်းများကို အလျှင်စလို ချပေးလိုက်သည်။

ပြီး ... အရက်တစ်ဖန်ခွက်အပြည့် ငှဲ့ထည့်ပေးလိုက်သည်။

"ဝဲကြီး "

"ခင်ဗျာ ... ဆရာ ... ခါး"

"မင်း အရက် စစ်ရဲ့ ပြင်းရဲ့လား"

"စစ်ပါတယ် ခင်ဗျ ... ဒီ ... မှာ ... ကြည့် ... ကြည့်ပါ"

ဝဲကြီးကပြောရင်း အရက်ပုလင်းကို စားပွဲပေါ် နည်းနည်းငှဲ့ချပြီး ကြေးဝါမီးခြစ်နှင့် ခြစ်၍ တို့လိုက်ရာ ဟုန်းခနဲမြည်ပြီး အပြာရောင်မီးတောက် များက စားပွဲပေါ်မှာ နတ်ဝင်သည်လို က,ခုန်နေ၏။

ဒီတော့မှ ငှက်ခါးက အရက်တစ်ခွက်လုံးကို ရေလုံးဝမရောဘဲ တစ်ချက်တည်း ကောက်မော့ချလိုက်သည်။

"ဖွီး ... ပြင်းလိုက်တဲ့ အရက်ကွာ။ ငရဲမီးပွက်ပွက်ဆူနေသလား မှတ်ရတယ် ... အော့ ... ဂေ့ ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုချီးကျူးစကားကြားလိုက်ရ၍ ကိုဝဲကြီး ရင်အနည်းငယ်ငြိမ်သွား၏။ အရက်ပေါ်လျှင် ပျော့နေလျှင် ဒီနေရာမှာ ရွှေ့သွားနှစ်ချောင်း မြေကြီးကုန်းနမ်းကိန်း မုချမသွေ ကြုံရမည်ဖြစ်၏။

"ဝဲကြီး"

"ခင်ဗျာ . . . ဆရာခါး . . ."

"မင်းမိန်းမ . . . ပိန်သေးရော . . ."

ကိုဝဲကြီး ခေါင်းနားပန်း ချက်ချင်းကြီးသွား၏။ ခြေဖျားလက်ဖျားများ ရေခဲရိုက်ခံလိုက်ရ၏။

"ဟို . . . ဟို . . . ဒင်း . . . အဲ . . ."

"မြန်မြန်ပြောကွာ . . . ငါလုပ်လိုက်ရရင် ပွဲချင်းပြီးတော့မယ် . . . ထွီ"

"ဘုန်းကြီးကျောင်း . . . ဆွမ်း . . . သွားပို့ . . . ပို့ . . ."

"မင်းငါ့ကို ညာနေတာလား . . . ဝဲကြီး"

"မ . . . မညာပါဘူး၊ ဆ . . . ဆရာ . . . ခါးရယ်။ မယုံရင် အထဲဝင် . . . ဝင်ကြည့်ပါ ခင်ဗျာ"

ငှက်ခါးက တတိယမြောက် ငရဲမီးအသူရာရည်ကို ရေသောက်သလို မော့ပြီးနောက် အရက်ကောင်တာဝါးခင်းနှင့် ဆက်စပ်နေသည့် သစ်သားအိမ်ပေါ်သို့ ဒယီးဒယိုင် ခုန်ဝင်လိုက်သည်။

ပြီး . . . အိပ်ခန်း၊ မီးဖိုခန်းပါမကျန် စေ့စေ့စပ်စပ် လိုက်ရှာကြည့်သည်။

"ပိန်သေး . . . အေ့ . . . အေ့ . . . ဟေ့ . . . မိပိန်သေး . . . အေ့ ဂေ့ . . ."

မည်သို့ ရင်ကွဲအောင် အော်ခေါ်ခေါ် ကိုဝဲကြီးမိန်းမ မိပိန်သေးကား အကြီးမသမီးကိုလက်ဆွဲ၍ သင်းရဲမြင်းခွာသံကြားရကတည်းက ဝေးရာသို့ ရှောင်ပြေးနှင့်ချေပြီ။

"မိန်းမရှင်မ . . . ငါလာတာမြင်လို့ ပြေးတာမဟုတ်လားကွ . . . ဟင်"





"မ . . . မဟုတ်ပါဘူး . . . ဆရာ . . . ခါးရယ် . . . ဘုန်းကြီး . . ကျောင်း . . ."

"တော် . . . မင်းလျှာမရှည်နဲ့။ လျှာပါ ဖြတ်ပစ်လိုက်မယ်။ အေး မင်းမိန်းမ ပိန်သေးမရှိရင် ထုံးစံအတိုင်း မင်း က,ပြီး ဖျော်ဖြေစမ်း"

"ခင်ဗျာ . . ."

"ဖောင်း"

"အမယ်လေးဗျ . . . မ . . . မ . . . လုပ်ပါနဲ့ဗျာ။ က . . . က,ပါ့မယ် ခင်ဗျာ"

ဝဲကြီး နားရင်းပေါ်သို့ ကျောက်လက်ဝါးတစ်ချက် အဖူးမြော်ရောက်ပြီး မျက်လုံးထဲမှာ ကြယ်စုံလစုံ စကြဝဠာညီလာခံကြီး ရုံပွင့်သွားခဲ့သည်။

ဗြိုဟ်ကြီးကိုးလုံးလည်း ချာလပတ်လည်သွားသည်ကို မြင်လိုက်ရသည်။

သည်အမျိုးကောင်းသား လူမိုက်ကြီးကို က,ပြ အသုံးတော်ခံရန် အသင့်ပြင်လိုက်ရသည်။

အလျှင်သုံးခါတုန်းက သူ့မယားမိပိန်သေး ကြောက်ကြောက်နှင့် က,ပြခဲ့ရသည်။ မိပိန်သေးကား နာမည်ကသာ မိပိန်သေးဖြစ်၏။ လူကား လေးလုံးခြောက်ဖက် ဝဝကြီးဖြစ်၏။ ပါးစုံ့တွဲကြီးဖြစ်၏။

အစဦးပွဲစဉ်တုန်းက မိပိန်သေးက အကြောင်းမသိ၍ က,ရန် ငြင်းဆန်ခဲ့၏။ ဒီမှာ မျက်နှာကို ဓားမြှောင်နှင့်အခြစ်ခံလိုက်ရပြီး ပါးပေါ်မှ သွေးစီးရှင်ရှင် ပွင့်ကုန်၏။ သို့နှင့် အသက်မသေရန်အလို့ငှာ . . .

ရသမျှသီချင်းကို ကြောက်ကြောက်နှင့်ဆိုပြီး က,ပြခဲ့ရ၏။

ခန္ဓာကိုယ်က ဝလွန်းရကား သီချင်းငါးပုဒ်မြောက်မှာ ချွေးသီးချွေးပေါက်များ ဒလဟောစီးကျပြီး မြေပြင်မှာ ဝက်လိုလူးရင်းတုန်လို့ လျှာထွက်သတိလစ်သွားခဲ့လေ၏။

ဒီမြင်ကွင်းကိုကြည့်ပြီး လူမိုက်လူရမ်းကား ငှက်ခါးက ထပြီးအား အော်ဟစ်ရယ်မော၏။ ပြီး . . . အရက်နှင့် မိပိန်သေးရဲ့မျက်နှာကို ပက်၏။



www.burmeseclassic.com

www.burmeseclassic.com



မိပိန်သေးကား ကြောက်ချေးနှင့်မျက်ရည် ပြိုင်တူယိုစီးပြီး လုံးဝမထနိုင်တော့။

ဒီလိုအဖြစ်မျိုး ဒီဆိုင်မှာ မိပိန်သေး နှစ်ကြိမ်ကြုံခဲ့ရပြီးပြီမို့ လူမိုက်လူရမ်းကား ငှက်ခါးကို မြင်းခွာသံကြားသည်နှင့် သမီးကြီးကို လက်ဆွဲပြီး ကိုယ်လွတ်ရာကျွတ်ရာကို ပြေးပုန်းရ၏။

အခု မိပိန်သေးမရှိ၍ ကိုဝဲကြီး က,ရတော့မည်။

ငြင်းဆန်လျှင် နှာခေါင်းနှင့်ပါးစပ်ကို ဓားနှင့်လှီးလိမ့်မည်။

လမုအိုင်ရွာ ထန်းရည်ဆိုင်က ကိုကျွန်းတောမိန်းမ မက,တတ်၍ ငြင်းဆန်ခဲ့ရာ နားရွက်တစ်ဖက် ဓားနှင့်အလှီးခံရပြီး နားရွက်ပြတ် သွေးစက်လက်နှင့် က,ခဲ့ရရာ သွေးလွန်လန့်ပြီး နှစ်ရက် သတိလစ်ခဲ့ရဖူး၏။

"ဆရာခါး"

"ဘာတုံး ... အေ့ ... ဂေ့ ... ဖွီ"

"ဘာ ... ဘာ ... သီချင်းနဲ့ ... က ... က ... ရမှာလဲ ... ခင်ဗျား"

"ဟို ... ဓာတ်စက်သီချင်းကွာ။ ရွာထဲမှာ ဖွင့်နေကျသီချင်း .. ဘာတဲ့ ... ဒင်း ... ဒင်းနားပါတီ ... အဲဒါနဲ့က,ကွာ"

"ဟုတ် ... ဟုတ် ... ကဲ့ ... ခင်ဗျ ... အဲလေ ... ရှင့် ... အဟင့်"

"အဟုတ် ... ဟား ... ဟား ... ဟား ... ရတယ် ... နော် ငဲကြီး"

"ရ ... ရ ... တယ် ... ရှင့်"

မိန်းမလို က,လျှင် ခင်ဗျားလို့ ပြောလို့မရ၊ သွားကျွတ်သွားမည်၊ 'ရှင်'ဟု နှာသံလေးနှင့် ကနွဲ့ကလျ လုပ်ပြရ၏။

ဒင်းနားပါတီသီချင်းကား ရွာအလှူတိုင်းမှာဖွင့်နေသည့် ဓာတ်စက်သီချင်းဖြစ်၍ လူကြီးရော၊ ကလေးရော ရကြ၏။ သီချင်းရေးဆရာကြီး ရွှေတိုင်ညွန့်ရေး၍ အဆိုတော် မကြည်အောင်သီဆိုသည့် နာမည်ကျော် သီချင်းဖြစ်၏။

စိတ်ကူးသစ်စာပေ



လူတိုင်းကြိုက်၏။

အမူးသမားတိုင်းဆို၏။

အိုးစည်ဗိုင်းတိုင်း ဆိုတီး၍ က,လေ့ရှိကြ၏။

သို့ဖြစ်၍ ကိုဝဲကြီး မိန်းမဟန်နှင့် မဆိုချင်ဘဲ ဆိုရချေပြီ။

"အပျော်အပါးလိုက်တာ မကြိုက်ပါသည် ××× အမိုက်စာကီ ××× မကြိုက်ပါသည် ××× အတည်ပြောတာကိုလည်း နားမထောင်ပြီ ××× မကြည်အောင် ××× ကြည်အောင် ××× သဘောမတူသည် ××× ညစာအမိ ××× သူငယ်ချင်းများတွေဆီ ××× ဒင်းနားပါတီ ××× "

"အေ့ ဂေ့ ××× ကြည်ရေ ××× ကြည် ××× ရေ ××× မြိန်လိုက်တာကြည်ရယ် ××× အောက်အပိုဒ်လေးဆက်ပါဦး ××× မကြည်အောင်လေး၏ ××× အေ့ ဂေ့ ... ဂွီ"

ငှက်ခါးကား မူးမူးနှင့် စားပွဲခုံကိုလက်ဝါးနှင့် တဖုန်းဖုန်းရိုက်စည်းသိုက်ပြီး ရွှင်မြူးနေ၏။

ကိုဝဲကြီးကား မိန်းမထဘီလို ပုဆိုးကိုဝတ်ပြီး ဆိုရ က,ရ၏။

"ထမင်းစားပွဲကို ကျွန်မခေါ်သည်"

"အတူသွားချင်လို့ ချစ်လို့ပါကွာ အေ့ ... ဝေါ့ ..."

"ကိုကို မတော်ပါသည် ××× မင်းဘားများနဲ့ တွေ့ဆုံမည်ကြည်အောင် မလိုက်ချင်သည် ×××"

"လိုက်ရမယ် ... ကိုကို ရေပြည်သွားတောင် ကြည် ဇိနပ်မပါဘဲလိုက်ရမယ် ... အဟုတ် ... အေ့ ... ဂေ့ ..."

ကိုဝဲကြီးခေါ် မကြည်အောင်တစ်ဖြစ်လဲ မဝဲကြီးကား လူမိုက်ငှက်ခါးရဲ့ ကောင်းလွန်းလို့ပါဆိုသည့် တောင်းဆိုချက်အရ ၎င်းဒင်းနားပါတီသီချင်းကို (ဂ)ကြိမ်တိုင်တိုင် ပြန်ကျော့ဆိုရပြီးသောအခါ ...

"ရပ် ..."

"တော် ... တော်ပြီလား ... ဆရာ ... ခါး"

"ဖွီ ... ကျဲသေးရဲ့ ... နောက်တစ်ပုဒ်ဆက်လုပ် ... ဝဲကြီး"

"ခင် ... ခင်ဗျာ ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုကြီးကျော်သီချင်း ရလား"

"အဲ ... အဲ ... ရ ... ရပါတယ် ... ခင် ... ဗျ"

"တော်လိုက်တာ ... ငါ့လူရာ ... လုပ်ကွာ ဆိုက,မြိုင်မြိုင်လေး အေ့"

"သောက်တော်ဘူးရယ်နဲ့ ××× အိုမကွာ ××× အိုမကွာ ××× မင်းကျော်စွာတဲ့ ××× မကျော်လား ××× ဝေးရာကရှား ×××"

"ငှက်ခါးတဲ့ကွ ... မြင်းခွာသံကြားရင် ဝေးရာရှားပေ့"

"ဖုန်း ... ဖုန်း ..."

"သောက်စရာ ငွေမရှားပါဘူး"

"ပေါပေါပဲကွ ... ဒီနယ်သူဌေးမှန်ရင် ငါ့ယောက်ျားမချည်းပဲ"

"လောင်းစရာ ငွေမရှားပါဘူး ××× ကြက်ကျားကိုတဲ့ တိုက်မယ် မြင် ××× မြင်စိုင်းကျော်ရှင်"

"ချစ်လို့ရယ်ရှင် ယဉ်ရှာရော့သလား .. ဟား .. ဟား .. မင်းမိန်းမ မိပိန်သေးကိုယ်လုံးအတိုင်း လုပ်ပါ ... ငါ့လူရာ ... ဟေ ဟေ ... ဟေ့ ... အဟတ်"

"ကိုကြီးကျော်ရေ ..."

"ဗျို့ ... ဗျို့ ... ဗျို့ ..."

"မောင်ကြီးကျော်ရေ ..."

"ဗျာ ... ဗျာ ... ဗျာ ..."

"ဆရာခါး ... ကျော်ရေ ..."

"ဟ ... လုပ်လှချည်လား ... ခင်ဗျာ ... ခင်ဗျာ ... ခင်ဗျာ အဟတ် ..."

"သည်မြေမှာပြိုင်စံရှား ××× မိုးကျနတ်သား"

ကိုဝဲကြီးက နတ်ချင်းဆုံးသည်နှင့် မြင်းကိုလည်း စိုင်း၏။ ကြက်တိုက်ဟန်လည်း က,၏။ လက်မြှောက် ခြေကြွလည်း က,ရ၏။

ပြီးသော် ...

ဘောက်ဆူး ... ဆိုပြီး ပြန်ကျော့ခိုင်းပြန်၏။

စိတ်ကူးသစ်စာပေ



ပြီး ..., မိတ်ဖြစ်ဆွေဖြစ်ဆိုကာ ပြန်ကျော့ က,ခိုင်းပြန်၏။

ပြီး ... ရပ်မျိုးဆွေမျိုးတွေဖြစ်ပြီ ... ပြန်ကျော့လိုက်ပါဦး မောင်ဝဲကြီးလေးရဲ့ဟု ... အစမွတိုက်တွန်းပြန်၏။

(၁၀)ခါမက ပြန်ပြန်ကျော့ပြီးသောအခါ ကိုဝဲကြီးခါးမှ ပုဆိုး ကွင်းသုံးကျွတ်ကျပြီး ဒူးထောက်လဲကျသွားတော့သည်။

ဘယ်လိုမှ ပြန်မရပ်နိုင်တော့ ...

ဒီမှာ လူမိုက်ကြီးငှက်ခါးက အရက်ပုလင်းများရိုက်ခွဲပြီး ထ,ခိုင်း က,ခိုင်း၏။ ခြေနှင့် ကန်ကျောက်၏။

ကိုဝဲကြီးက အားယူ လေးဖက်ထောက် ထ,ကြည့်သည်။ ဒူးခွေသက်ခွေပြီး မျက်နှာနှင့်မြေကြီး နှစ်ပါးဂပေဟဆက်ကာ ပါးစပ်မှ အမြှုပ်များ ထွက်နေပြီ။

သည်မှာပဲ လူမိုက်ငှက်ခါးက ဝဲကြီးရဲ့မျက်နှာကို အရက်နှင့်ပက်၊ ရေနှင့်ပက်ပြီး မထ,နိုင်သည့်အဆုံး ...

ဝဲကြီးရဲ့ကျောပေါ်ကို ခြေစုံရပ်တက်ခုန်ပြီး အရက်မော့၍ ဟားတိုက်ရယ်နေလိုက်သောအခါ ...

ကိုဝဲကြီးကား ...

သူ့ခန္ဓာကိုယ်ပေါ်မှာ၊ ကျောကုန်းပေါ်မှာ လူမိုက်ငှက်ခါးသာမက ခုနေ နာဂ္ဂာဂီရိဆင် တက်ပြီး အောင်ပါစေ သပြေပန်းနှင့်ရေချမ်းကို လောင်း သီချင်းဖြင့် က,ခုန်သည့်တိုင် နာကျင်ခြင်း၊ အောင့်ခြင်း ဝေဒနာကို မခံစားရတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၃ ]

❑

ဆင်ခြေရွာက ထန်းရည်ဆိုင်ပိုင်ရှင် ကိုသိန်းမောင်လည်း ခုလိုပဲ ထန်းရည်လည်း အလကားတိုက်ရသေး၊ က,လည်း က,ရသေးကာ ...

ငှက်ခါးက ...

ခုနစ်ထွေအကကောင်းသည်ဟုနာမည်ကျော်သော ကိုသိန်းမောင်ကို သုံးလေးနာရီ ဆက်တိုက်က,ခိုင်းလိုက်ရာ သုံးလေးရက် ခများ အိပ်ရာက မထနိုင်ခဲ့။

တစ်ခါတုန်းကလည်း ...

ရွာတစ်ရွာမှာ ရှင်လောင်းလှည့်လာ၏။

ဗန့်ဘွေးကြီးရွာ အိုးစည်ဝိုင်းလည်းပါ၏။ သူတို့က အဆိုအတီးကောင်း၏။ အဲဒါ ငှက်ခါးရောက်နေတာ မသိလိုက်ကြ။

နောက်ဆုံး ဗန့်ဘွေးကြီးရွာသားများ အိုးစည်ဝိုင်းနှင့် သူ့ကို သီးသန့်ညှိခံရ၏။ မနက် (၁၀)နာရီကနေ ညနေ (၃)နာရီအထိ မနားတမ်းတီးခိုင်းရကား ကာလသားများက ကြောက်ကြောက်နှင့် တီးရ၏။ မတီးရင်မက,ရင် အကုန်သတ်ပစ်မည်ဟု ကြိမ်း၏။ နောက်ဆုံး အိုးစည်ဝိုင်းသားတို့ အိုးစည်ကွဲ လှူလည်း ဒူးပြဲပြီး လျှာထွက်ကာ ချွေးပင်လယ်ထဲနစ်ပြီး မြေခနေမှ ငှက်ခါးက အိုးစည်ကိုထုခွဲပြီး ပြန်သွားခဲ့၏။





ရွာစဉ်လှည့်၍ မိုက်ရိုင်းသည်။

ဗိုလ်ကျသည်။ နိုင်ထက်ကလူပြု၊ ညှဉ်းပန်းနှိပ်စက်သည်။ ကောက်စိုက်သမများမြင်လျှင် တန်းစီပြီး ယိမ်းလိုက,ခိုင်းသည်။ ထဘီကျွတ်အောင်က,ခိုင်းရကား ...

နောင်အခါ လူမိုက်ငှက်ခါးရဲ့ မြင်းခွာသံကြားသည်နှင့် ကိုယ်ယောင်ဖျောက်၍ ပြေးရပုန်းကြရ၏။

သူ့ကို နိုင်သူမရှိဘူးတဲ့လား ...

မရှိပါ။

လွတ်လပ်ရေးခေတ်ဦး၏ ကျေးရွာသူကြီးများကား အင်္ဂလိပ်ခေတ်ကလို နှစ်လုံးပြူးသေနတ် ချိုးမြှင့်ခြင်းမခံရ။

ပြီး ... အုပ်ချုပ်ရေးနှင့် အလုပ်မဲဝေးသည့်နေရာ ...

ဓားပြ၊ သူခိုး၊ လူဆိုးလူမိုက်နှင့် သူပုန်များ ဟိုနားထ၊ ဒီနားဆူဖြစ်နေသည့်အချိန် ...

ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီးသူမျှသာ ခေါင်းဖော်ရဲ၏။

ဓားပြီး၊ တုတ်ပြီးသူ ရှင်ဘုရင်သိန်းမောင်လိုလူစားပင် သူ့ထက်သူလူစွမ်းကောင်းပေါ်လာသောအခါ ပင်လယ်မှာ လည်ပင်းခဲဆွဲ၍ ရေနှစ်အသတ်ခံရ၏။

ငှက်ခါးမှာ သေနတ်ရှိသည်။

ကိုးသချိုင်း စလွယ်ရှိသည်။

ငှက်ကြီးတောင်ဓားရှိသည်။

စီးတော်မြင်းရှိသည်။

လူယုံလူမိုက် လက်မရွံ့များရှိသည်။ လူတစ်ယောက်၏အသက်ကို ပုရွက်ဆိတ်လောက်ပဲ သဘောထား၏။ ဒီပင်လယ်နယ်တစ်ရိုးမှာ ငှက်ခါးတို့ မနှိပ်စက်ရသေးသူ မရှိသလောက် ရှား၏။

ဖိန့်ဖိန့်တုန်အောင် ကြောက်ရ၏။

သာယာကုန်းဘုန်းတော်ကြီး ဦးဝိမလက မိန့်ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါနိုင်တယ်ဆိုတာ ငါ့ကိုနိုင်တဲ့လူ မပေါ်သေးလို့ပါ။ ငါ့ကို နိုင်တဲ့လူပေါ်လာရင် ငါရှုံးရောတဲ့"

ပြီး . . . မိန့်ဆိုလိုက်သေး၏။

သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းရတာ ရင်ထဲမှာ သိပ်အရသာရှိနေရင် ကိုယ့်အလှည့်ရောက်လို့ ဝဋ်ကြွေးပြန်ဆပ်ခံရရင် ဇောချွေးမပြန်ဘဲ သတ္တိကောင်းဖို့လိုသတဲ့။

✿ ✿ ✿

[ ၄ ]

❑

တစ်နေ့သောအခါ ကိုးကုန်းကြီး ရွာလယ်လမ်းမပေါ်မှာ ထူးခြားသော အရူးလိုလူကြီးတစ်ဦး လျှောက်သွားရင်း သီချင်းဆို၍ က,နေသည်ကို လေ့ဆိပ်ရေဆိပ်မှ လူများရော ရွာသူရွာသားများပါ မြင်ရ၏။

"ရွှေဖျဥ်းညီနောင် ××× ဖောင်တော်စီးပါလို့ ×××

ရေလှိုင်းတွေက တဖွေးဖွေး ××× ရေလှိုင်းတွေက တဖွေးဖွေး

နတ်နန်းရယ်သာလှတယ် ××× ရွှေနန်းရယ်သာလှတယ် ××

ဆီးကြိုပါ့နှမများရယ် ××× ပြေးကြိုပါ့ညီမတော်များရယ်

ယီးလေးလေး ××× ယီးလေးလေး ××× လေးလေး ××× ယီးလေးယို ×××"

အသံဝါဝါကြီးနှင့် နတ်ချင်းတစ်ပုဒ်ကိုဟစ်ပြီး အရွယ်နှင့်မလိုက် လမ်းမပေါ်မှာ က,နေ၏။

အသက်က (၆၀)ခန့်ရှိမည်ဟု ထင်ရ၏။

ပင်နီဖျင်ကြမ်းတိုက်ပုံ 'ညစ်ပေလှူးဟပြဲ'နှင့် . . .

ဆံပင်ရှည်များက နောက်ကျောမှာ ဝဲပြန့်ကျနေ၏။

မျက်နှာက ဆယ်ပြားလိုလေးထောင့်ကြီး . . .



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်မွေးကြားမှာ စုတ်ချက်အကွက်များနှင့်။

ပုဆိုးကား အောက်နားကွဲအနက်နှင့်အဖြူ၊ အရောင်မပေါ် ဒူးပေါ် ပေါင်ပေါ်ဝတ်လို့။ ယောဂီရောင် လွယ်အိတ်ဖောင်းဖောင်းကြီးကို ဘယ်ပခုံးမှာလွယ်ပြီး နတ်ဝင်သလို က,နေ၏။

လူစိမ်းဝင်လာသည်ကိုမြင်သော ရွာခွေးအကောင်နှစ်ဆယ်ခန့်တို့သည် လူစိမ်းအား အစိမ်းဝါးရန်အတွက် ဝိုင်းအုံထိုးဟောင် ပြေးဆွဲမလို ဝန်းဆို့မာန်ဖီ ဟန်ရေးပြကြလေ၏။

ရွာမှလူများ ကလေးသူငယ်များ ရေဆိပ်လေ့ဆိပ်မှ လူများကလည်း တစ်ခါမျှ မမြင်ဖူး၍ ဝိုင်းကြည့်၏။

"အသံက စိန်အောင်မင်းအတိုင်းပဲဟ"

"အရွှန်းနဲ့ တူတယ်နော်"

"သူဆိုတာ နတ်ချင်းဗျ"

"ဒေါနတ်ကွန်း ... အဲဒါ နတ်ချင်းလားဗျ ... ဟင်"

"ဟုတ်တယ်"

ခွေးအုပ်ကား လူကြီးသီချင်းဆို၍ မရအောင် ဝိုင်းဝန်းပိတ်ဆို့ထားကြ၏။ လူကြီးသည် ရှေ့သို့ တိုး၍မရ။ ဒီမှာ ခွေးတစ်ကောင်က နောက်ကနေ သူ့ပုဆိုးကိုဆွဲလိုက်ရကား ပုဆိုးပြဲစုတ်သွားလေ၏။

"သေတော့မှာပဲကွာ"

"ဟေ့ ... ဘစိန်တို့၊ ဒေါနတို့၊ ချစ်တီးတို့ မင်းတို့ခွေးတွေ ပါသမို့လားကွ ... မောင်းကြပါဦးဟ"

"မောင်းတာပဲဗျ ... ဟဲ့ခွေး ... ဟဲ့ ... ဟဲ့"

"ဟိုကောင် ... ကဲဟာ ..."

"မရဘူးဗျာ ... မကောင်းဆိုးဝါး အပများ မှီလာဝင်လာလို့လား မသိဘူး။ ဘယ်လိုမျှ မောင်းလို့မရဘူး"

"ဝင်ရိုက်မောင်းပါလား"

"ခင်ဗျားတို့ ဝင်မောင်းရိုက်လေ"





"လာကွာ ... တော်ကြာ ဟိုအဘိုးကြီး ခွေးကိုက်လို့ သေနေမယ်"

ဒီမှာပဲ စိန်ဘသန်းနှင့် ကိုဂျပုတို့က ခဲများ၊ ဝါးပိုင်းများနှင့် ဝင်ရိုက်မောင်းကြရာ ခွေးများက သူ့တို့နှစ်ဦးကိုပဲ လိုက်ကိုက်၍ မနည်းကို ပြေးခဲ့ရ၏။

ခပ်လှမ်းလှမ်းမှ ဝိုင်းကြည့်နေကြစဉ် ...

အဘိုးကြီးသည် လွယ်အိတ်ကြီးထဲသို့ လက်နှိုက်လိုက်ပြီး ဗယာကြော်လုံးလိုအရာများကို ခွေးအုပ်ရှိရာသို့ ကြဲပက်လိုက်သောအခါ ...

ခွေးအုပ်သည် သွားရေစာရနံ့ရပြီး မြေပြင်မှာကျနေသည့် ကုလားဗယာကြော်လုံးလေးများကို အလုအယက် ကောက်စားကြလေ၏။

သည်မှာ အဘိုးကြီးက နောက်တစ်ဆုပ်နှိုက်၍ ကြဲလိုက်၏။

ခွေးအုပ်က အားရဝမ်းသာ ကောက်လုယက်စားကြ၏။ အဘိုးကြီးက နောက်တစ်ဆုပ်ထပ်နှိုက်ပြီး သူ့ခြေရင်းမှာ ပစ်ချလိုက်သောအခါ စောစောက ရန်မူလိုသောခွေးအုပ်သည် အဘိုးကြီးကို ရန်မမူတော့ဘဲ ...

အဘိုးကြီးခြေရင်းမှ ကုလားဗယာကြော်လုံးလေးများကို အလုအယက် ဝင်လုကောက်စားရကား အဘိုးကြီးပါ ဝင်တိုက်မိပြီး ယိမ်းယိုင်သွားခဲ့၏။

အစားအစာကုန်သော် အကောင်နှစ်ဆယ်ခန့်ရှိသော ခွေးအုပ်ကြီးသည် နောက်ထပ် ရနိုးရနိုးနှင့် အဘိုးကြီးမျက်နှာကို အမြီးနှံ့ မော့ကြည့်ပြီး တအီအီလုပ်လို့ တောင်းနေကြ၏။

"မဝသေးဘူးလားကွဟေ"

"အီ ... အီ ... အီ"

"အိန် ... အိန် ... အိန်"

"အူ ... ရူ ... ရူ"

"အီ ... အီ ... အီ"

အဘိုးကြီးက ရှေ့တိုး၍လျှောက်သော် သူတို့က အဘိုးကြီးနောက်ကနေ အနံ့ခံပြီး လိုက်ကြ၏။ ဝိုင်းကြ၏။ မကိုက်ကြတော့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုက်ကြလေကွာ ...

"ကိုက်ပါဟ ... ရော့ ... ကိုက် ... ကိုက် ... အားရပါးရ ကိုက်"

အဘိုးကြီးက ခွေးများပါးစပ်ရှေ့သို့ လက်ကိုထိုးပေး၏။ ခြေကိုထိုးပေး၏။ ခွေးတွေက မကိုက်သည့်အပြင် လျှာနှင့် ဝိုင်းလျှက်ကြကုန်၏။

ရွာသူရွာသား ကလေးလူရွယ်များကား ထူးဆန်းစွာ ခွေးဆိုးအုပ်ကို ထိန်းလိုက်သည့် တိုက်ပုံရင်ကွဲနှင့် အဘိုးကြီးကိုကြည့်ပြီး အံ့သြနေကြလေသည်။

ဒီမှာပဲ အဘိုးကြီးက ကုလားဗယာကြော်များကို လက်ဝါးပေါ်တင်ပြီး မြှောက်ပြလိုက်သောအခါ ...

ခွေးများက အမြင့်ကိုခုန်ဟပ်ပြီး စားကြလေ၏။

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ဝတ်ကြီးကျတဲ့ ခွေးတွေကွာ"

"ထန်းလျက်ခဲထဲ အဆိပ်ထည့်ကျွေးရင် အကုန်သေမယ့်အကောင်တွေဟ"

"ဟေ့ကောင်တွေ ... ဒါကုန်ရင် မင်းတို့နေရာ မင်းတို့ပြန်တော့။ ဒါမှမဟုတ် ငြိမ်ငြိမ်နေကြ ... ကြားတယ်နော်"

ထူးဆန်းသော အဘိုးကြီးက သို့ကလိုပြောလိုက်ပြီး လက်ကျန်ဗယာကြော်များကို အကုန်ကျွေး၍ လက်ခါပြလိုက်သောအခါ ...

ခွေးအုပ်သည် အဘိုးကြီးစကားကို နားလည်ကြသည့်အလား ခပ်လှမ်းလှမ်းမှာ ဝုတ်တုတ်ထိုင်၍ လျှာနှင့် နှုတ်ခမ်းကိုလျှက်ပြီး အဘိုးကြီးကို ငေးကြည့်နေတော့၏။

"ကိုင်း ... ခွေးကိစ္စတော့ ပြီးသွားပြီ။ ဟိုမှာ ရပ်ကြည့်နေကြတဲ့ သားတို့သမီးတို့ကိစ္စပဲ ကျန်တော့တယ် ... ငါ့သားများက အဘကို ခွေးမကိုက်အောင် လူ့စိတ်၊ လူ့အကြင်နာ၊ လူ့အသည်းနှလုံးနဲ့ ဝိုင်းကူကြသည့်အတွက်၊ ကြိုဆိုကြသည့်အတွက် ...





"ရွှေဖူးဦးညီနောင် ××× ဖောင်တော်စီးပါလို့ ×××
ရေလှိုင်းတွေက တဖွေးဖွေး ××× ရေလှိုင်းတွေက တဖွေးဖွေး
နတ်နန်းရယ်သာလှတယ် ××× ရွှေနန်းရယ်သာလှတယ် ××
ဆီးကြိုပါ့ နှမများရယ် ××× ပြေးကြိုပါ့ ညီမတော်များရယ်
ယိမ်းလေးလေး ××× ယိမ်းလေးလေး ××× လေးလေး ××× ယိမ်း
...လို ×××

ငါ့သား ငါ့သမီးတွေရော ဟောဟို ဘဝဟောင်းက ခွေတော်မျိုး ...များက ဝမ်းသာအားရ ပြေးကြိုကြလို့ အဘ ပျော်သဟေ့။ ရော့ ... ...အခါ ... ငါ့မြေးငါ့သား ငါ့သမီးများအတွက် ဘိုးတော်သိကြားမင်းဦးမာဃ ... (ရှားမီး) အဲလေ ... ချိုချဉ်သကြားလုံး ကုမ္ပဏီကထုတ်လုပ်တဲ့ သကြား...ပဲဟေ့။ စားကြ ... စားကြ ... ဒီသကြားလုံးစားသည့် အချိန်ကစလို့ ...အနာကင်းမယ်၊ အမှောင့်ပယောဂ ရန်ကင်းကြလိမ့်မယ်။ ရော့ ... ...ရော့ ..."

"ဝေး ... ဟေး ... ဟေး ..."

"သကြားလုံးတွေဟ"

"ရော့လကွ ... ရော့ ..."

"သကြားပြားတွေရောဟေ့ ... ကောက်ကြဟ"

"ချိုတယ်ဟ"

"ချိုချဉ်လေးကွ"

"ရော့လကွ"

"အဘ ကျွန်မတို့ဘက်ကို ကြပါဦး ... အဘရဲ့"

"ရော့လဟ"

"ဟေး ... ဒါမှ တို့အဘ"

"သူတို့ဘက်ချည်း မလုပ်ပါနဲ့ ... အဘရဲ့ သားတို့ဘက်ကို လုပ် ...ဦးဗျ"

"ရော့ဟေ့ ... ငါ့သားများဖို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ တို့အဘ"

"အဘ ကျန်းမာပါစေ ... ချမ်းသာပါစေ"

"လှူနိုင်တန်းနိုင်ပါစေဗျို့"

အဘိုးကြီးက သကြားလုံးကြွဲ၍ဝေသော် ...

"သားတို့၊ သမီးတို့ နားထောင်ကြ"

အားလုံး ငြိမ်သက်သွားကြပြီး နားစွင့်နေကြ၏။

"ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါးကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရား မ,မည်တဲ့ကွ။ ရတနာသုံးပါး မမေ့ကြနဲ့။ အနန္တောအနန္တငါးပါး မရှိမသေ မပြုကြနဲ့။ ကောင်းစွာလုပ်ကျွေးကြ။ လူသတ္တဝါအချင်းချင်း မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာ ဗြဟ္မစိုရ်တရားလေးပါးနဲ့ ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြ ကွ။ ကိုယ်က သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းရင်၊ ကဲ့ရဲ့ရှုတ်ချရင်၊ မနာလို ဝန်တိုရင် အဲဒီလောကဝဋ်က ကိုယ့်ကိုတစ်ဖန် ပြန်လည်ရော။ ဝဋ်မှာအမြဲ ငရဲမှာအပတဲ့။ ငရဲက နောက်မှလိုက်မှာ၊ ဝဋ်က အရင်ခံရမှာ။ မိစ္ဆာဒိဋ္ဌိမဖြစ် စေနဲ့။ သမ္မာဒိဋ္ဌိဖြစ်ပစေကွယ့်။ အရှေ့အရပ်မှာ ငါတို့ ထေရဝါဒဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းပြီကွယ့်။ ဘုရားအရိပ်၊ တရားအရိပ်၊ သံဃာအရိပ် မိဘဆရာသမားအရိပ်မှာ ရေကြည်ဆောင်ပြီး ရွှေရည်တောက်ကြ။ ဒါနသီလ ဘာဝနာမြဲမြဲကြ။ ရတနာသုံးပါးရှိသေ၊ လူလူချင်း လေးစား။ လောကပါလ စောင့် နတ်ကောင်းနတ်မြတ်များကိုလည်း အလေးထားကြကွယ့်။

"ဒါကြောင့် ..."

"စံပယ်တဲ့ လေးရံ့ ×××

မမလေး မပန်ထိုက်တယ် ×××

ပန်းပြတ်နိုက်ကြ။

အပွင့်ရယ်ကုန်

တစ်ငုံဖြင့် ကျန်ပါသေး

ပန်ချင်သူ ဖျိုပျိုလေးရယ်

ခေါင်းဖြီးခဲ့လေး ××× ဟေး ××× ဟေး ×××





သည့်လို လူထုဆန်းအဘိုးကြီးက သကြားလုံးများကြဲဝေပြီး မင်္ဂလာ စကား ချီးမြှင့်နေချိန်မှာပဲ အဝေးကနေ မြင်းခွာသံ ကြားရပါရော ...

မြင်းခွာသံက ဒီဘက်ကိုရွေ့ရှုပြီး ခုန်းစိုင်းလာနေသံ။

"ပြေး ... ပြေး ..."

"မြန်မြန်ပုန်းကြဟေ့"

"သမီးမြရှင် ... တောထဲကို ပြေးပုန်း"

"ဘုတိုတို့၊ ခွေးပုတို့ ... မြန်မြန်လာကြဟဲ့ ... မသာလောင်းတွေ ရဲ့"

ပျော်ရွှင်ကြည်နူးစရာ မြင်ကွင်းသည် တိမ်ညိုတိမ်မည်းရဲ့ အရိပ် ကြောင့် ကြည်နူးရိပ်၊ ပျော်ရွှင်ရိပ် မှုန်ဝါးသွားခဲ့ရသည်။

ချက်ချင်း ပြေးသံလွှားသံ အော်ဟစ်သံများ ဆူညံသွားသည်။

ခွေးအုပ်သည်ပင် မြင်းခွာသံနှင့် လူအများပြေးလွှားသံကို ကြား မြင်သည်နှင့် လူအုပ်နှင့်ရောယောင်၍ ပျောက်ကွယ်သွားကြ၏။

"ဘကြီး ... ဘကြီး ..."

"အဘ ... အဘ ..."

"ဘာတုံးဟ ... ဘာဖြစ်ကြလို့တုံး"

"ပြေးတော့ ... မြန်မြန်ပြေးတော့"

"ငါကဘာလို့ ပြေးရမှာတုံး။ ငါ့ဘာသာ သီချင်းဆိုနေဥစ္စာ"

"ဟိုမှာ လာနေပြီဗျ။ မြန်မြန်ရှောင်ပြေးပါ ... အဘရ"

"ဘယ်သူလာလို့လဲ ပုလိပ်လား၊ သရဲလား"

"သရဲတစ္ဆေထက် ကြောက်စရာကောင်းတဲ့ကောင် လာနေပြီ။ ပြေး ပါ ... အဘရ။ နို့မို့ အဘသေလိမ့်မယ်"

"ဒီကောင်က ဘာကောင်မို့လဲ ... သားတို့ရ"

"ငှက်ခါးဗျ ... ငှက်ခါး ..."

"ငှက်ခါးများကွာ ... ကြောက်စရာလားကွ ... ကြက်သားလိုပဲ ဘာလသားချက် ချက်စားရင် ကာယသိဒ္ဓိပြီးတယ်ဟ ... လာပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ်ပုံ ... မပြောနဲ့တော့ ... ထားခဲ့ ... ပြေး ... ပြေး"

"ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ။ သေရစ်ခဲ့ဗျာ"

ချစ်ပုံနှင့် ဖိုးတုတ်ကြီးတို့ သတိပေးလို့မရသည့်အဆုံး သံယောဇဉ်ကြီးကို ခွေးစားစား ကျီးထိုးထိုး ဒီအတိုင်းပစ်ထားခဲ့ပြီး မှုန်နေအောင် ပြေးကြတော့လေသည်။

✿ ✿ ✿

## | ၅ |

❑

အဘိုးကြီးက မြင်းဒုန်းစိုင်းလာရာကို တစ်လှည့်၊ အလန့်တကြား ပြေးသွားသူများကို တစ်လှည့်ကြည့်ပြီး ဦးခေါင်း ဘယ်ညာယမ်းနေ၏။

ကြည့်နေဆဲမှာပင် ...

ဖုန်လုံးများကြားမှ မြင်းစီးရှင်ကို မြင်လိုက်ရသည်။

ရှမ်းဖဲဘောင်းဘီနှင့် ဗလကောင်းကောင်း၊ ခပ်ထန်ထန် လူတစ်ဦး။ ဓားအိမ်စလွယ်ကျောပိုးနှင့်။

သူရပ်နေသည့် လမ်းမတည့်တည့်သို့ မြင်းကို ဒုန်းစိုင်းစီးလာနေသည်။ သူရပ်နေမှန်းမြင်ပါလျက် မြင်းကိုမရှောင်ကွေ့ဘဲ ကဆုန်စိုင်းဝင်လာနေ၍ အသာ ဖယ်ရှောင်လိုက်ရသည်။

ဝိုးခနဲ မြင်းက ဖြတ်သွား၏။

ဖုန်များက အဘိုးကြီးကို ကျုံးနမ်းသွားကြ၏။

ဒီမှာ မြင်းစီးရှင်က မြင်းကို ဖျတ်ခနဲ လှည့်ကွေ့လိုက်သည်။

"ဟီး ... ဟီး ... ဟစ် ... ဟစ်"

"ဟီး ... အစ် ... အစ် ... ဟစ် ... ဟစ်"

မြင်းဟီသံ မြေတုန်သွားသည်။

---



www.burmeseclassic.com

www.burmeseclassic.com



လူအချို့က အိမ်ကြိုအိမ်ကြား ချုံကြိုချုံကြားမှ ရင်တထိတ်ထိတ်နှင့် ချောင်းကြည့်နေကြသည်။

အဘိုးကြီးကလည်း မြင်းစီးရှင်ကို စိုက်၍ကြည့်နေသည်။ နေရာမှ လုံးဝရှောင်မသွား။

ဒီမှာပဲ မြင်းစီးရှင်က စိုက်ကြည့်နေသည့် လူစိမ်းအဘိုးကြီးရှိရာသို့ မြင်းကို အားကုန် ဒုန်းစိုင်းလာပြီး အနီးရောက်သည်နှင့် အဘိုးကြီးရဲ့ရင်ဘတ်ကို သူ့ညာခြေနှင့် ဆောင့်ကန်လိုက်ရင်း ...

အရှုးလိုလို အဘိုးကြီးလွင့်စဉ်ပြီး လမ်းဖုန်ထဲမှာ မှောက်ခုံလူးလိမ့်သွားခဲ့တော့သည်။

"ဟား ... ဟား ... ဟား ... ဟား ... ငါ့လိုလူစားကို ပမာမခန့်လုပ်ချင်တဲ့ အဘိုးကြီး သေဖို့သာပြင်ပေတော့ ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

မြင်းစီးရှင်သည် မြင်းနက်ကြီးပေါ်မှ တဟားဟား တဟီးဟီး အသံနက်ကြီးနှင့် အော်ဟစ်ရယ်မောရင်း ပက်လက်လန်နေသည့် အဘိုးကြီးကို မြင်းနှင့်နင်းသတ်ရန် ခွာစုံနှင်၍ လာခဲ့ပြန်သည်။

မြင်းကြီးသည် အနီးရောက်သည်နှင့် အဘိုးကြီးရဲ့ရင်ဘတ်ကို ရှေ့လက်နှစ်ချောင်းနှင့် အားယူခုတ်ချလိုက်စဉ်မှာပင် အဘိုးကြီးက မြင်းခွာအောက်မှ သူ့လက်နှစ်ချောင်းကို ပင့်ခံပြီး ...

"ကျား ..."

"ဝိုး ..."

"ဝုန်း ..."

"အား ... အမလေးဗျ ... အား ..."

'ကျား' အော်သံနှင့်အတူ ပင့်လှဲလိုက်သည့်အရှိန်ကြောင့် အားကောင်းမောင်းသန်မြင်းနက်ကြီး ဝုန်းခနဲ မြေပြင်မှာ တုံးလုံးလဲကျပြီး မြင်းပေါ်မှလူလည်း ခွေးကျကျလာကာ ဖုန်ထဲမှာ လူးလိမ့်နေတော့သည်။

အဘိုးကြီးက သိုင်းသမားတစ်ဦးလို ဖျတ်ခနဲခုန်၍ ထရပ်လိုက်ပြီး ဖုန်များကို ခါချလိုက်သည်။





မြင်းစီးရှင်လည်း ဖုန်ထဲမှ လူးလွန့်ကုန်းထပြီး ကျောကုန်းပေါ်က ငှက်ကြီးတောင်ဓားကို ရွှမ်းခနဲမြည်အောင် ဆွဲထုတ်လို့ အဘိုးကြီးရှိရာသို့ ဒသစ်လှမ်းချင်း ဒေါသတကြီး တိုးလာခဲ့လိုက်သည်။

"မင်း ငါ့ကို ဘာလုပ်မလို့လဲ ... မောင်ရင်"

"ခင်ဗျားကို သတ်မလို့"

"ဟေ ... ငါ့ကို မင်းက သတ်ရအောင် မင်းကို ငါက ဘာလုပ်လို့တုံး မောင်ရယ်ရယ် ... ဟင်"

"ခင်ဗျား ကျုပ်လာနေတဲ့လမ်းမှာ ကန့်လန့်လုပ်ပြီး မထိမဲ့မြင်သုပ်ရာကနေ ကျုပ်ကိုရော၊ ကျုပ်မြင်းကိုရော အနာတရဖြစ်အောင် လုပ်ခဲ့လို့ အခုချက်ချင်း ခင်ဗျားကို ကျုပ်သတ်မယ်"

"ဒီမှာ မောင်ရင် ... မင်းက ငါ့ကို အသားလွတ်စော်ကားတာလား။ ငါက မင်းကို အသားလွတ်စော်ကားတာလား ... ပြော"

"ခင်ဗျား ... ကျုပ်နာမည် မကြားဖူးဘူးလား"

"ဘယ်သူမို့လို့တုံး"

"ဟံသာဝတီအရှေ့ခြမ်းက တွေ့မရှောင်ငှက်ခါးဆိုတာ ကျုပ်ပဲဗျ"

"ဩော် ... ငှက်ခါးဆိုတာလား ကြက်သားထက် စားကောင်းပြီပေါ့ကွာ"

"ဟာ ... ကဲဟာ ..."

"ဝိုး"

"ဝုစ်"

"ကျား"

"ရွှမ်း"

"ဟင်"

"ဟား ... ဟား ... ဟား ... ဟား ... နာမည်ကျော်လူမိုက်ငှက်ခါးဆိုတာ မင်းကိုး။ ကြီးမှန်းမသိ၊ ငယ်မှန်းမသိ၊ ဘုရားမှန်း တရားမှန်းမသိ။ မိုက်ချင်တိုင်းမိုက်ရိုင်းပြီး တစ်လောကလုံးကို စိတ်ထင်သလို စော်ကားနေတဲ့ ငှက်ခါးလူရိုင်းဆိုတာ ... ငါ့လူကိုး ... ဟား ... ဟား ... ဟား



www.burmeseclassic.com

www.burmeseclassic.com



ခုတ်လေကွာ ... ခုတ်ပါ ... ပြတ်အောင်ခုတ်စမ်းပါ ... ဟား ... ဟား ဟား ... ဟား ..."

သူ့ဓားချက်များကို ကျားအယောင်၊ ကြောင်အလား ခုန်ထွက်ပြီး ရှောင်လိုက်နိုင်၍ ငှက်ခါး အရမ်းအံ့ဩသွားခဲ့ရ၏။

သည့်နောက် ဘယ်ညာသိုင်း၍ ဆယ်ချက်ခန့် နင်းခုတ်လိုက်သော အခါ ဖုန်လုံးကြားမှာ လူပျောက်သွားပြီး သူ့ဘာမျှ မမြင်ရသလို ဖြစ်နေသည်။

နောက်ဘက်ကနေ သူ့ပခုံးကို ပုတ်လိုက်သဖြင့် ဓားနှင့်လှည့်တွက် လိုက်သောအခါ ဓားကိုင်လက်ရင်းကို ပြုတ်တူလို သန်မာသောလက်နှင့် ဆုတ်ညှစ်ဟန့်တားလိုက်သည်ကို မမျှော်လင့်ဘဲ မြင်လိုက်ရ၏။

"ငှက်ခါး ..."

"ခင်ဗျားကြီး ဘယ်လိုလူစားလဲ၊ ခင်ဗျား ဘယ်သူလဲ"

"ငါ့မှာ နာမည်ပညတ် မရှိဘူး၊ ငါဟာ တစ္ဆေမဟုတ်ဘူး၊ ငါက ရှုပ်နဲ့နာမ်ပဲ"

"ခင်ဗျားကို ကျုပ် ဒီနေ့သတ်မယ် ... ကျား ..."

"ကျား ..."

"ဟေ့ကောင် ... ငှက်ခါး"

"ဘာတုံး ..."

"မင်းယောက်ျားလား ... မိန်းမလား ..."

"ယောက်ျား ... ယောက်ျား ... ယောက်ျားစစ်စစ်ကွ"

သူက ကျုံးအော်ရင်း ရန်းသည်။ အဘိုးကြီးက သူ့ကို တွန်းပစ် လိုက်သည်။ ဒီနေ့ သေနတ်ပါမလာတာ နာပေခြင်းဟု ငှက်ခါး နောင်တရ နေသည်။ နို့မို့ ... ဒီအဘိုးကြီးကို ညှော်ခံစကားပြောမနေတော့။

ကျည်တစ်တောင့်နှင့် သေမင်းရွာက ပွဲတော်အုပ်စားပွဲမှာ ဟင်း တစ်ခွက် ဖြစ်သွားစေရမည်။

"ယောက်ျားဆိုရင် ... မင်းနဲ့ငါ ဓားတစ်ချက်ချင်း ခုတ်ကြည့်ရ အောင်ကွာ"

စိတ်ကူးသစ်စာပေ



"ဘာလဲ ခင်ဗျားက ဓားပြိုင်လို့လား"

"မင်းလည်ပင်းက စလွယ်လောက် သိဒ္ဓိမပြောက်ပါဘူး ... ငါ့လူ ရာ"

"ကျုပ် အရင်ခုတ်မယ်"

"ခုတ် ... ဒါပေမဲ့ မင်းလက်တစ်ဖက်ကို ငါကိုင်ထားမယ်"

"ရတယ် ... သေရဲရင် သတ်ရဲတာ ငှက်ခါးပဲ ... စိန်လိုက်"

သည့်နောက် အဘိုးကြီးက ငှက်ခါးရဲ့ဘယ်လက်ကို သူ့ညာလက် နှင့် ဆုပ်ထားလိုက်သည်။ ဒီမှာ ငှက်ခါးက ညာလက်ကဓားကို ခုတ်ရန် အသင့်ပြင်လိုက်သည်။

"မင်း ဘယ်နှစ်ချက်ခုတ်မလဲ"

"သုံးချက်"

"ခုတ်"

"ကျား ..."

"ဟိတ်"

ငှက်ခါးက ညာလက်ကိုမြှောက်၍ အဘိုးကြီးရဲ့လည်ပင်းကို လက် တစ်ကမ်းအကွာမှ ခုတ်ချလိုက်စဉ် ...

အဘိုးကြီးကလည်း ငှက်ခါးရဲ့လက်မှ အကြောတစ်နေရာကို လက်မ နှင့်ဖိ၍ ညှစ်ချလိုက်သောအခါ ...

"အား ..."

"ဟာ ..."

ခုတ်ရန် မြှောက်ထားသည့် ငှက်ကြီးတောင်ဓားသည် ငှက်ခါးရဲ့ ခေါင်းပေါ် လေထဲမှာတန့်၍ ခုတ်လို့မရဘဲ အကြောဆိုင်းနေ၏။

ငှက်ခါး လက်ကိုရုန်း၍ အားထည့်ကြည့်သည်။ လုံးဝ လက်နှစ် ဖက် လှုပ်လို့မရတော့။ လက်နှစ်ဖက် အကြောများသေသလိုဖြစ်ပြီး တန်း သန်းကြီး။

"ငှက်ခါး ... ခုတ်လေကွာ"

"ခုတ်စမ်းပါကွာ ... အားရပါးရ ခုတ်လိုက်ပါ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သုံးချက်မဟုတ်ဘူး . . . အချက်တစ်ရာ ခုတ်စမ်းပါကွ . . . ဟား ဟား ဟား ဟား ဟား . . . အဟီး ဟီး ဟီး . . ."

ချောင်းကြည့်သူများက အံ့ဩလို့မဆုံး။ အချို့က မရဲတရဲနှင့် ထွက်၍ကြည့်ကြသည်။ ခွေးများလည်း ထွက်၍ ဟောင်ကုန်ကြသည်။

"မင်းလားကွ . . . ဒီတစ်နယ်လုံးက သားပျိုသမီးပျိုတွေဖျက်ဆီး၊ ဓားပြတိုက်၊ လူသတ်၊ ကြီးနိုင်ငယ်ညှဉ်း၊ နှိပ်စက်ညှဉ်းပန်း၊ ဂါရဝတရား ကင်းမဲ့ပြီး ငါမှငါလို့ ထင်တစ်လုံးနဲ့ မိုက်လုံးကြီးနေတဲ့ကောင်၊ လုပ်လေကွာ"

ငှက်ခါး စကားမပြောနိုင်တော့။ အဘိုးကြီးကို ဓားကိုင်လျက်တန်းလန်းနှင့် အံ့ဩကြီးစွာ ငေးကြည့်နေမိသည်။

ဒီမှာ အဘိုးကြီးက ငှက်ခါးနဲ့ လည်ပင်းပေါ်မှ ကိုးသချိုင်းစလွယ်ကို ဖျတ်ခနဲဆွဲဖြုတ်ပြီး ညာခြေနှင့် နင်းပစ်ရင်းမှ ဓားကိုဆွဲနုတ်ယူ လွှင့်ပစ်လိုက်၏။

"မင်းက အက,ကောင်းဆိုကွ ငှက်ခါး"

ငှက်ခါး အဘိုးကြီးမေးခွန်းကြောင့် မျက်လုံးပြူး၍ ကြည့်လိုက်၏။

"သူတစ်ပါးသားမယားကို လင်သားကို အရက်မူးလာရင် သေလုမြောပါး က,နိုင်း၊ မက,နိုင်လို့ သတိလစ်ရင် ကျောကုန်းပေါ် တက်ခုန်ပြီး ပျော်၊ ဒီနေ့ မင်းအလှည့်ပဲ . . . ငှက်ခါး"

အဘိုးကြီးက လူမိုက်ငှက်ခါးရဲ့ နှာရောင်ကြားနှင့် မျက်လုံးနှစ်လုံးကို သူ့ရဲ့မျက်လုံးအစုံနှင့် စိတ်ညို့သလို စူးစိုက်ကြည့်ရင်း အမိန့်ပေးလိုက်သည်။

"ငှက်ခါး . . . မင်းကို ငါ့ရဲ့မနောအာရုံနဲ့ အမိန့်ပေးနေတယ်။ မင်း . . . ခုချိန်ကစပြီး က,ရမယ်၊ ခုန်ရမယ်၊ သီချင်းဆိုရမယ်။ ကိုင်း . . ငါ့စကားကို နားထောင် . . . က . . . က . . . က . . . ခုချက်ချင်းက"





အဘိုးကြီးသည် စိတ်ပညာရှင်လို အိပ်မွေ့ချသလို အနီးကပ်၍ အမိန့်ပေးပြီးနောက် နောက်ကျောလက်ပြင်တစ်နေရာကို နှိပ်လိုက်သောအခါ ငှက်ခါး ချက်ချင်း ခြေလက်များ လှုပ်ရှား၍ ရလာတော့သည်။

သို့သော် . .

အရင် ငှက်ခါးလို ဓားရေး လက်ရေး မပြနိုင်တော့။

ကလေးလို ဖြစ်နေ၏။

"မင်း ဒင်းနားပါတီ သီချင်းရလား"

"ဗျာ . . . ဗျာ . . ."

"ရွှေတိုင်ညွန့်ရေးပြီး အဆိုတော် မကြည်အောင်ဆိုတဲ့ ဓာတ်ပြားသီချင်းကွာ။ မင်းအကြိုက်ဆုံးသီချင်း။ ထန်းရည်ဆိုင်၊ အရက်ဆိုင်က မိန်းမယောက်ျားတွေကို မင်းဆိုနိုင်း၊ က,နိုင်းတဲ့သီချင်း။ မငှက်ခါးလေးရေ . . . ဒင်းနားပါတီသီချင်းနဲ့ မကြည်အောင်လို ဆိုလိုက်၊ က,လိုက်ပါဦးဟေ့ . . . ကိုင်း"

အဘိုးကြီးက သူ့ရဲ့နဖူးကို ညာလက်ဝါးနှင့် အုပ်ရိုက်လိုက်သောအခါ အံ့ဖွယ်ကောင်းလေစွ။

လူမိုက်ကြီးငှက်ခါးသည် ပုဆိုးကို ထဘီလိုလုပ်ဝတ်ပြီး . . .

"အပျော်အပါးလိုက်တာ မကြိုက်ပါသည်"

"မကြိုက်ပါဘူးရှင် . . . အဟင့် . . ."

"ဟဲ ဟဲ ဟဲ . . . ဆက်ဆိုကွာ . . . ဆို"

"အမိုက်စာကီ ××× မကြိုက်ပါသည် ××× အတည်ပြောတာကိုလည်း နားမထောင်ပြီ ××× မကြည်အောင် ××× ကြည်အောင် ××× သဘောမတူသည် ××× ညစာအမိ သူငယ်ချင်းများတွေဆီ ××× ဒင်းနားပါတီ"

"ကောင်းလိုက်တဲ့ မငှက်ခါးလေးရယ် . . . ဘင်သံလေးနဲ့ ခြေလေးမြှောက်လိုက်ပါဦးကွယ် . . . ဟုတ်ပြီ . . . ဟုတ်ပြီ . . . ဒါမှပေါ့။ ဟင်း . . . ဟင်း . . . . မင်း အက,ကောင်းသားပဲ . . . မငှက်ခါးရဲ့။ ဒါနဲ့များ သူများက,နိုင်းရတယ်လို့ကွာ။ ဟော့ . . . ရွာသူရွာသားတွေ အဝေးကနေ ငို့ကြောင်



www.burmeseclassic.com

www.burmeseclassic.com



နိုးဗုက် မကြည့်ကြနဲ့။ ရဲရဲတင်းတင်း အနားလာတိုး ကြည့်ကြဟော့။ ဒီမှာ အဆိုတော်မကြည်ခါးလေး ဆိုက,လေးနဲ့ ညည်းခံနေတာကွယ့် ... လာကြ လာကြ''

ဒီလိုပြောလိုက်ရော ...

ဦးစွာ ခွေးအုပ်က ရှေ့နားတိုးဝင်လာ၏။

ပြီး ... ကလေးအုပ် အနားရောက်လာ၏။

လူရွယ်လူကြီးများကား ကြောက်ကြောက်အံ့သြနှင့် ဘာများဖြစ်လာမှန်းမသိ၍ အဝေးမှ ကြည့်နေကြ၏။

''နောက်အပိုဒ်လေး ဆက်ပါဦး ခါးခါးရဲ့ ... အဟဲ့ ...''

''ထမင်းစားပွဲကို ကျွန်မခေါ်သည်''

''အတူသွားချင်လို့ပါ ခါးခါးရယ် ... အဟတ် ... အဟတ်''

''ကိုကို မတော်ပါသည် ××× မင်းဘားများနဲ့ တွေ့ဆုံမည် ကြည်အောင် မလိုက်ချင်သည်''

''လိုက်ရမယ် လိုက်ရမယ် ... ရေပြည်သွားတောင် ခါးခါးလေးက ဖိနပ်မပါဘဲ မီးခဲနင်းပြီးလိုက်ရမယ် ... အချစ်ရေ ... ဟေး ... ဟေး ဟား ... ဟား ... ဟား ... ဟား ...''

''ကောင်းလိုက်တာကွာ ပြန်ကျော့လိုက်ပါဦး ... ခါးခါးရေ''

''အပျော်အပါးလိုက်တာ မကြိုက်ပါသည်''

ဒီလိုနှင့် ကောင်းလွန်းလို့ပါ ခါးရဲ့ ပြန်ကျော့လိုက်ပါဦးနှင့် မကြည်အောင်တစ်ဖြစ်လဲ ငှက်ခါး ချွေးသီးချွေးပေါက်များ ယိုစီးကျပြီး ဘာမှုလည်း ခွန်းတုံ့မပြန်နိုင်ဘဲ အကြိမ်ကြိမ်အခါခါ က,ရကား ဒူးများ ညွတ်လာခဲ့၏။

''ရပ် ...''

''တော် ... တော်ပြီလား ... ဆ ... ဆရာကြီး''

''မင်းကိုကြီးကျော်သီချင်း ရသမို့လား ... ငှက်ခါး''

''ဗျာ''

''မင်းသိပ်ကြိုက်တဲ့ သီချင်းလေကွာ ... ရလားလို့ မေးနေတယ်''

''ရ ... ရ ... ပါတယ်''





''တော်လိုက်တာ ငါ့လူရာ ... လုပ်ကွာ ... ဆိုကလေးနော် ဆို''

''သောက်တော်ဘူးရယ်နဲ့ ××× အိုမကွာ ××× အိုမကွာ ××× င်းကျော်စွာတဲ့ ××× မကျော်လား ××× ဝေးရာက ××× ရှား''

''ငှက်ခါးတဲ့ကွ ... ရွာသားတို့ ... မြင်းခွာသံကြားရင် ခွေးတောင် ရှားသဟော့။ ဆက်ပါဦး ... မောင်ငှက်ခါးရယ်''

''သောက်စရာ ငွေမရှားပါဘူး ××× ''

''ပေါပေါပဲကွ။ ဒီနယ်က သူဌေးမှန်ရင် မင်းအမေလင်ချည်းပဲကိုး''

''လောင်းစရာ ငွေမရှားပါဘူး ××× ကြက်ကျားကိုတဲ့ တိုက်မယ် မြင် ××× မြင်စိုင်းကျော်ရှင် ×××

ချစ်လို့ရယ်ရှင် ××× ယဉ်ရှာရော့သလား''

''မင်းနှိပ်စက်ခဲ့တဲ့ မိပိန်သေးကိုယ်လုံးအတိုင်းကိုး ... အဟတ်''

''ကိုကြီးကျော်ရေ ...''

''ဝေ .. ဝေ ... ဝေ''

''မောင်ကြီးကျော်ရေ ...''

''ဗျာ ... ဗျာ ... ဗျာ ...''

''ဖေကြီးကျော်ရေ ...''

''ဗျို့ ... ဗျို့ ... ဗျို့''

''သည်ဇမ္ဗူမှာပြိုင်စံရှား ××× မိုးကျနတ်သား''

အရူးလိုလူကြီးက လက်ခုတ်လက်ဝါးတီး၍ လိုက်ဖောပေး၏။ လူ က်ငှက်ခါးက နတ်ဝင်သည်လို က,ရ၏။ မြင်းလိုစိုင်း၏။ ကြက်တိုက်ဟန် ညည်း ပြု၏။ လက်မြှောက် ခြေကြွလည်း က,ရလေ၏။

လျှာထွက်လျှက် နားမည်၊ ပြီးမည်ကြလျှင် အဘိုးကြီးက နောက် ဆ် (သန်းခေါင်ကို နေ့မှတ်ပါလို့ အရပ်ကလေးကိုတဲ့ အားမနာ) နတ်ချင်း ၌ က,ခိုင်းပြန်၏။

ငှက်ခါးတစ်ကိုယ်လုံး ချွေးနှင့်ဖုန်များ ရွှံနှင့်သီးနေသည်။ ဒူးနှစ် က်သည် တဆတ်ဆတ်တုန်၍ ရိုက်နေ၏။

ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖျဉ်းမင်းညီနောင် ဝါးသုတ်အပြေး နတ်ချင်းကိုဆိုနိုင်း က,နိုင်းပြန်သည်။ ရွာလူအုပ်သည် တဖြည်းဖြည်း ဖွေးဖွေးလှုပ် ဝိုင်းကြည့်နေကြ၏။

အဲဒီမှာ တစ်ချိန်က သေလုမြောပါး ငှက်ခါးရဲ့နှိပ်စက်မှု အောက်မှာ ချွေးဖြိုင်ဖြိုင် မျက်ရည်ချောင်းဖြစ် က,ခဲ့ရသည့် မိန်းမများ ယောကျ်ားသားများ ထွက်လာသည်။

"ငှက်ခါးတော့ ဝဋ်လည်ပြီဟေ့"

"ကောင်းတယ် ... သင်းကိုနိုင်တဲ့လူ အခုပေါ်ပြီ"

"ဒီအဘက ဘယ်ကတုံးဟဲ့"

"သိဘူးလေ ... ဒီနေ့မှ ကျုပ်တို့လည်း မြင်ဖူးတာ"

"နတ်သိကြားများလား ... မသိဘူး"

"ရက္ခစိုး လူယောင်ဆောင်ပြီး သင်းကို ဆုံးမသလား မသိဘူးနော်"

"ကြည့်ရတာ စိတ်ညို့နိုင်းနေပုံအေရဲ့"

အားလုံး အမျိုးမျိုးဝေဖန်ကြပြီး ဝမ်းသာအားရ ကြည့်နေဆဲမှာပင် ငှက်ခါးတစ်ယောက် လုံးဝမထနိုင်တော့ဘဲ ဒယီးဒယိုင်ပြေးရင်း ယိမ်းထိုးလဲကျသွားတော့သည်။

သူ နေပူကျဲကျဲ ဖုန်လမ်းမပေါ်မှာ ချွေးမျက်ရည်မိုး ဖြိုင်ဖြိုင်ရွာ၍ မှောက်လိုက်လှန်လိုက် လူးလိုက်နှင့် လေးဖက်ကုန်းကုန်း ထ,နေ၏။

"ငှက်ခါး ..."

"ဟေ့ကောင် ... ငှက်ခါး ..."

"ဗျာ ... အာ ... ဗျာ ..."

"ဘယ့်နှယ်လဲကွ ဟေ"

"မော ... မော ... လိုက် ... တာ ... ဗျာ ... ရေ ... ရေ"

"သူတစ်ပါးကို နှိပ်စက်မယ်ဆိုရင် ကိုယ့်အလှည့်မှာ ခံနိုင်ရည်ရှိဖို့ အရေးကြီးတယ် ... ငှက်ခါး ... မင်းနောင်တရရဲ့လားကွ ... ဟေ"

"ရ ... ရ ... ပါ ... ပြီ ... ဗျာ ... အား ... ရေ ... ရေပေးကြပါ ... ဗျာ ..."

"ငှက်ခါး"





"ဗျာ"

"မင်းကို ငါ အမိန့်ပေးလိုက်မယ်။ ငါ့မျက်လုံးကို ကြည့်လိုက်စမ်း ကြည့်လိုက်စမ်း။ နောက်နေ့ကျရင် မင်းပြုခဲ့တဲ့ ပြစ်မှုအားလုံးအတွက် မင်းကိုယ်တိုင် မြို့ရဲစခန်းမှာ သွားရောက်အဖမ်းခံပြီး ပြစ်မှုကြွေးကို ချွေးနဲ့ဆပ်ရမယ် ... ကြားလား ... ကြားလား ..."

"ကြား ... ပါ ... တယ်"

"ကြား ... ရဲ့ ... လားဟေ့"

"ကြား ... ပါ ... တယ် ... ဗျာ ... အား ..."

သို့ကလို ဝန်ခံကတိပြုပြီးနောက် သူမြေကြီးကို မျက်နှာနှင့် အားရပါးရနမ်းရှုတ်ပြီး မေ့မြောသတိလစ်၍ သွားလေသည်။

သူသတိလစ်သွားသည်နှင့် ရွာချွေးအကောင်နှစ်ဆယ်ခန့်သည် သူ့အနီးသို့ ပြေးလာနမ်းရှုတ်ပြီး သည်းငင်စွာ အူကြလေ၏။

"သေပြီနဲ့ တူတယ်ဟေ့"

"သင်းလိုကောင်သေရင် ရပ်ရွာအေးချမ်းပြီဟေ့"

"လှုပ်ကြည့်ပါလား"

"အမလေး မလှုပ်ရဲပါဘူးတော် ... မတော် ထပြီးလည်ပင်းညှစ်ချင် ဒုက္ခ"

ထိုသို့ဝေဖန်နေစဉ် ခွေးလေးငါးခြောက်ကောင်သည် မှောက်ခုံကြီး သတိလစ်နေသည့် လူမိုက်ကြီးငှက်ခါးရဲ့ ကျောပေါ်သို့ ခုန်တက်ကြပြီး အရပ်သေးမျက်နှာကို မျက်နှာမူ၍ ဆွဲဆွဲငင်ငင် အူကြလေ၏။

သည်မှာပဲ အရှုးလိုလို လူထူးဆန်းကြီးသည် မည်သူ့ကိုမျှ နှုတ်ဆက်ဘဲ ရွာပြင်လမ်းမရှိရာသို့ ခြေဦးအလှည့် ...

"အဘ ... အဘ ..."

"ဘကြီး ... ဘကြီး ..."

"ဖို့ ... ဘကြီး ..."

"ဘာတုံးဟေ့"

"အဘ ဘယ်ကိုသွားမလို့လဲ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်ကွ"

"ဘယ်ကိုပြန်မှာလဲ . . အဘရယ်။ ဒီရွာမှာ နားပါဦးလားခင်ဗျ"

"သုသာန်ကိုကွယ့်"

"ဗျာ . . . သုသာန်ကို . . ."

"ဟုတ်တယ် . . . သွားပဟေ့ သားတို့ရေ"

"နေပါဦး အဘရ . . . ခဏလေးပါခင်ဗျ"

"ဘာတုံးဟ . . . အချိန်မရှိဘူး သားတို့ရဲ"

"အဘနာမည် ပြောခဲ့ပါဦး . . . အဘရယ်နော်"

"ရုပ်နဲ့ နာမ်ကွ"

"နာမည်ကိုပြောတာ အဘရဲ့"

"နာမည် . . ."

"ဟုတ်ကဲ့ ခင်ဗျ"

"ကြိုက်သလို ခေါ်ကြကွာ"

"အဲလို မလုပ်ပါနဲ့ဗျာ။ အဘကို လေးစားအံ့သြလို့ပါ။ အမှတ်တရ နာမည်လေးတော့ ပြောခဲ့ပါ . . . အဘရယ်"

အားလုံးက ဝိုင်းဝန်းတောင်းပန်မှ . . .

"မှတ်ထား . . . ငါ့နာမည် ဦးရေချမ်းအိုး"

"ဦး . . . ရေ . . . ချမ်း . . . အိုး . . ."

"ဦး ရေ ချမ်း အိုး"

အားလုံးသော ရွာသူရွာသားတို့သည် လူထူးဆန်း စိတ်ပညာရှင်၊ မနောသိဒ္ဓိပညာရှင်လို အဘိုးကြီးရဲ့အမည်ကို ရေရွတ်နေဆဲမှာပင် အဘိုးကြီးသည် ရွှေဖျဉ်းညီနောင်သီချင်းကို အသံဝါကြီးနှင့် အော်ဟစ်ဆိုပြီး ရွာပြင်သို့ ပြေးထွက်သွားလေသည်။

✿ ✿ ✿

| ၆ |

❑

နောက်နေ့ မွန်းတည့်ချိန်သို့ ရောက်သောအခါ . . .

ခရမ်းမြို့ ဂါတ်တဲစခန်းအတွင်းသို့ ခြေထောက်ကျိုးထော့ကျိုး မြင်းကြီးနှင့် မောဟိုက်နွမ်းလျ ပါးရင်းနားရင်းများ ချောင်ကျပြီး စိတ်ဓာတ်ကျနေသည့်လူတစ်ဦး ဝင်ရောက်လာခဲ့၏။

"ရပ် . . . ဘယ်သူလဲ . . ."

"ကျွန် . . . တော် . . . ပါ"

"ဘယ်က ကျွန်တော်လဲ . . . ခု ချက်ချင်း မြင်းပေါ်ကဆင်း"

တာဝန်ကျ ရဲသားများနှင့်အတူ စခန်းမှူးလုပ်သူတို့သည် မြင်းပေါ်မှ လေးတွဲ့စွာခုန်ဆင်းရင်း အားပြတ်နုံးချည့်သူကို လက်နက်များနှင့် ချိန်ရွယ်ပြီး စစ်မေးလိုက်ကြသည်။

"မင်းဘယ်သူလဲ"

သူက ရဲသားများနှင့် စခန်းမှူးရဲအုပ်ရဲ့မျက်နှာကို ကြောက်ရွံ့စွာ မော့ကြည့်ရင်း ခပ်လေးလေးကြီး ဖြေလိုက်သည်။

"ငှက် . . . ခါး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ငှက်ခါး . . . ဟုတ်လား"

"အင်း . . ."

"ဟံသာဝတီအရှေ့ခြမ်းက လူမိုက်လူဆိုး ဓားပြငှက်ခါးလား"

"ဟုတ် . . . ကဲ့"

"ဟာ . . ."

"ဘုရားရေ . . ."

"မင်းကိုယ်တိုင် လာအဖမ်းခံတာလား ငှက်ခါး"

"ဟုတ် . . . ကဲ့"

ဒီစကားနှစ်လုံးပဲ ပြောနိုင်ပြီး သူမြေပြင်မှာ ပစ်လဲကျသွားသည်။ ရဲသားများက နှာမည်ကြီး လူဆိုးလူမိုက် ငှက်ခါးဆိုသူကို ဝမ်းသာအားရ မွေ့ပြီး အချုပ်ခန်းရှိရာသို့ သယ်ယူသွားကြတော့သည်။

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

❑

အဆောက်အဦဆောက်မည်ဆိုသည်မှာ ငွေကိစ္စပင်တည်း။ ထိုအခါ ပညာရှိ ကမ္ဘာကျော်အစိုးရသည် မျက်စိတဆုံး တွေးရလေတော့သည်။

"အင်း . . . ဘိန်းဆိုင်တစ်ဆိုင် ဇရပ်တစ်လုံးဆိုရင် ဗမာတစ်ပြည်လုံး ဘိန်းဆိုင်အရေအတွက်က ငါ့ဟာငါတောင် စာရင်းကို ပြေးကြည့်ရဦးမယ်။ အင်း . . . မဖြစ်သေးဘူးဗျ။ ငွေ . . . ငွေ . . . ငွေ . . . အများကြီးလိုမယ်။ ငွေလည်းမကုန် အရိပ်လည်း ရအောင် ဘာလုပ်ရပါ့မလဲ"

အင်္ဂလိပ်ကြီး မကြံတတ်တော့။ ဇရပ်ကတော့ မလွဲမသွေ ဆောက်မှဖြစ်မည်။ ငါ၏ဘိန်းစားများ အရိပ်အာဝါသအောက်တွင် စည်းစိမ်ယူနတ်သမီးများများဖမ်းနိုင်အောင် ပြုလုပ်ရမည့်တာဝန်မှာ ငါ့တာဝန်ပေတကား ဟု ငွေရေးကြေးရေးနှင့်စက်၍ တွေးချိန်။

"ဟာ . . . သခင်ကြီး။ ဘာဇရပ်ဆောက်ဖို့လိုမလဲ။ ဒီလိုဆို ဗမာ တစ်ပြည်လုံးအတွက် ငွေကုန်လိုက်မဲ့ဖြစ်ခြင်း၊ ကျွန်တော်မျိုးကြီး လျှောက် ထားပါရစေ၊ ညောင်ပင်တစ်ပင်စီသာ စိုက်ပါ။ ကျွန်တော်မျိုးကြီးတို့ လူမျိုး ဟာ ညောင်ပင်ဆို သဘောကျလွန်းလို့ အရိပ်အာဝါသလည်းရ၊ ညောင် ချဉ်ဖူးကလေး စားရတာလည်း ကောင်းလွန်းလို့၊ ညောင်ပင်တစ်ပင်ရှိရင် လာပြီး ရှိခိုးကြမယ့်လူတွေလည်း အားကြီးပါပဲ။

ညောင်တစ်ပင်ဖြစ်ရင် ကျောင်းဆယ်ဆောင်ဆောက်တာထက် ကုသိုလ်ရတယ်လို့တောင် ပြောသံကြားဖူးပါတယ်။ စိတ်ကူးမလွဲပါနဲ့။ ညောင်





ကြီးတစ်ကိုင်းသာ ထိုးထားဖို့လိုတယ်။ သူ့ဟာသူ ဖြစ်လာတာပဲ။ ငွေတစ်ပြား မှ ကုန်စရာမလိုပါဘူး"

အင်္ဂလိပ်ကြီးသည် ညောင်ပင်ကို အဘယ်မှာသိပါမည်နည်း။ သို့ ရာတွင် ဗမာလူမျိုး ပုဆိန်ရိုးအချို့တို့သည် တိုင်းတစ်ပါးဘုန်းရှင်ကံရှင်တို့၏ အကျိုးကိုသာ ဆောင်တတ်သည်ဖြစ်၍ ဗမာတစ်ပြည်လုံး ဘိန်းဆိုင်များ ရှေ့တွင် ညောင်ပင်များ အစီအရီပေါ်ပေါက်ခဲ့ရာ ယင်းညောင်ပင်၏အမြစ်ကို ခေါင်းအုံးပြီး ဘဘကြီးဘိန်းစား၊ အစ်ကိုကာလသားဘိန်းစား အကြည်၊ အရွှေတို့ ခင်တို့လို မမဘိန်းစားများ အရိပ်ချိုတဲ့ညောင်ညိုစခန်းတွင် ဘိန်း ယစ်စောင့်ရင်း စိမ်ယူခဲ့ကြသည်မှာ သူတို့အတွက် အဘယ်မျှ မေ့နိုင်ကြပါ မည်နည်း။ ယင်းသို့လျှင် ဗမာပြည်ဘိန်းရာဇဝင်တွင် မဆီမဆိုင် ညောင်ပင် ကြီးပါ ကပ်ပါခဲ့လေ၏တည်းဟု ဆရာ့ဆရာများပြောခဲ့သည်ကို မှတ်သားဖူး သည်။

ပညာရှိများ စီစဉ်လိုက်လျှင် အဓိပ္ပာယ်ရှိသည်သာတည်း။ ဘိန်း ဆိုင်နှင့် ညောင်ပင်ကို ဒွန်တွဲထားခဲ့သကဲ့သို့ ပညာရှိများသည် ထောင်တိုင်း ထောင်တိုင်း ရှေ့တွင် ညောင်ပင်ကြီးများကို ဒွန်တွဲ ဒွိယံ လုပ်ပစ်ခဲ့ပြန်လေ သည်။ ဘိန်းဆိုင်ရှေ့ညောင်ပင်သည် အဓိပ္ပာယ်ပြည့်ဝသလို ထောင်ရှေ့ ညောင်ပင်များမှာလည်း အဓိပ္ပာယ်ရှိပါဘိတောင်း။

ထောင်ရှိလျှင် ထောင်ဝင်စာလာသူ ရှိရပေမည်။ ထောင်ဝင်စာလာ သူတွေ အခုလာ၊ အခု တွေ့ရသည်မဟုတ်၊ အဆင်မပြေ၍ လိုအပ်လျှင် တစ်နေ့လုံး စောင့်ချင်စောင့်ရတတ်၏။ ထို့ကြောင့် ဇရပ်အစား ညောင်ပင် ကြီးသည် ထောင်တိုင်းထောင်တိုင်းရှေ့တွင် ရွှေရင်ဆို့နေသူတို့အား ချွေး သိပ်ရန် အရန်သင့်ရှိလေသတည်း။

အထက်ပါ ပတ်ဝန်းကျင်ကို သုံးသပ်၍ ထောင်မှူးရွှေမောင်က ထောင်ရှေ့ညောင်ပင်ကြီးကို အစိုးရတစ်ခုခု၏ လောင်းရိပ်မကင်းဟု အသေ အချာစွပ်စွဲ၏။

ဦးရွှေမောင်ထောင်မှူးဘဝက ဤညောင်ပင် ပုဆိုးနှစ်ပတ်စာခန့် ကြီးနေပေပြီ။ အောက်ခြေကို ကျောက်ပြားတွေ၊ ဘာတွေ ဝိုင်း၍ သေသေ သပ်သပ် လုပ်ထားသည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဝင်စာလာသူဟူသမျှ ဤညောင်ပင်ရိပ်ကို ခိုလှုံကြသည်။ ထောင်မှူး၊ ထောင်ပိုင်သားသမီးများ ဤညောင်ပင်အောက် ကစားကြသည်။ ဤညောင်ပင်တွင် ညအချိန် ကျီးကန်းငှက်များ ထောင်သောင်းချီ၍ အိပ်ကြ၏။

ထိုသို့ အသုံးဝင်သော ညောင်ပင်ကြီးကို တစ်နေ့တွင် အင်္ဂလိပ် ထောင်ပိုင်ကြီးက စိတ်ဆိုးပြီး ညောင်ပင်ပေါ်တွင် ငှက်မအိပ်စေရဟု ငှက်များကို အပြစ်ပေးတော်မူလေ၏။ အကြောင်းမှာ ညနေစောင်းစောစောစီးစီး အိပ်တန်းလုကြသော ငှက်များအနက် တစ်ကောင်သောငှက်က ထောင်ပိုင်ကြီး ဦးခေါင်းပေါ် မစင်စွန့်သည့်ပြစ်မှုကို ကျူးလွန်သည်ဟုဆို၏။

သခင်အမိန့် ကျွန်မှာတည်စေ ဆိုသည့်အတိုင်း ထောင်အရာထမ်း အမှုထမ်းများက ငှက်များကို ဒလစပ်သေနတ်နှင့်ခွင်းလေရာ၊ ညောင်ပင်ကြီးမှာ ငှက်အပေါင်းကို ထမ်းထားရသောတာဝန်မှ ကင်းသွားခဲ့လေ၏။

အင်္ဂလိပ်ခေတ်တွင် ဤညောင်ပင်အကြောင်း ဤမျှသာ ပြောစရာ တွေ့ရသည်။ ဂျပန်ခေတ်တွင် ဤညောင်ပင်ကို စက်သေနတ်ထိသလား၊ ဗုံးထိသလား ဦးရွှေမောင်မသိ။ ဦးရွှေမောင် ဤထောင်တွင်မရှိ။ ဤထောင်နှင့် ဝေးနေခဲ့လေသည်။

ဦးရွှေမောင်သည် ထောင်မှူးလုပ်စားရင်း အစိုးရအမျိုးမျိုး၊ ခေတ်အမျိုးမျိုးကို ကျော်လွှားလာခဲ့သည်နှင့်အမျှ သူ၏အခြေအနေလည်း အလိုအလျောက် ပြောင်းလဲလာခဲ့လေသည်။ နှစ်ပေါင်းအစိတ်ကျော် အလုပ်လုပ်ခဲ့ပြီးသော သူသည် ယခုညောင်ပင်ကြီးရှိသော ဤထောင်သို့ ထောင်ပိုင်ကြီး အဖြစ် ရောက်လာခဲ့တော့လေသည်။

(အာပါး . . . အတော်တိုးတက်မှုရှိတဲ့ အကောင်ပါလား)

နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ဆိုသော အချိန်မှာ မနည်းပေ။ တိုင်းပြည်အခြေအနေလည်း ပြောင်း၊ ဦးရွှေမောင်၏ အခြေအနေလည်းပြောင်း အဝိညာဏက ညောင်ပင်ကြီး၏အခြေအနေပင် ကောင်းစွာမသေချ ပြောင်းလဲလျက်ရှိသည်ကို တွေ့ရ၏။ ညောင်ပင်ကြီး အခြေပြောင်းသွားသည်ကို နှစ်





အစိတ်ခန့် ကွေကွင်းနေခဲ့ရသော ဦးရွှေမောင်အား ရင်သပ်ရှုမော အံ့ဩမဆုံး ဖြစ်စေ၏။

အကြောင်းကား အသို့နည်း။ အင်္ဂလိပ်ကြီးစိုက်၍ အင်္ဂလိပ်ကြီး အလိုကျ တာဝန်ထမ်းဆောင်ခဲ့ရသော အနို့ညောင်ပင်ကြီး ဘာဖြစ်နေသနည်း။ ဘယ်လို ကြီးပွားနေပြန်သနည်း။ ဦးရွှေမောင် သေသေချာချာ လေ့လာရတော့သည်။ ဖြူရိုကရက်သွေး အပြည့်ပါသော ဤညောင်ပင်ကြီးသည် ဤခေတ်တွင် ဤအခြေအနေသို့ ရောက်နေသည်မှာ အံ့ဩဖွယ်ရှိစွ။ အမြစ်ပါ အနုတ်မခံရသည့်အပြင် ကြီးပွားလေစွတကား။

အတုယူဖွယ် ကောင်းလေစွ။

ထောင်မြေ ကေပေါင်းများစွာပေါ်တွင် ရှိရှိသမျှပစ္စည်း အဆောက်အဦးနှင့် နေထိုင်ကြသည့် မနုဿလူသားတို့အား ဣန္ဒြေကြီးစွာဖြင့် ပိုင်စိုး အုပ်ချုပ် မင်းလုပ်တော်မူသော ထောင်ပိုင်ကြီး ဦးရွှေမောင်သည် ဤထောင်ကို စကိုင်သည့်နေ့မှစ၍ ညောင်ပင်ကြီးကို စောင့်ကြည့်နေတော့သည်။

ညောင်ပင်ကြီးသည် ယခု ပုဆိုးလေးပတ်စာခန့်ကြီးပြီး အကိုင်းအခက် ဝေဝေဆာဆာနှင့် အဆီယစ်၊ ကုပ်ပိုးတက်၊ ဗိုက်ကြီးရွှဲနေသည့် အာဏာရှိ ကြီးကြီးမားမားတစ်ဦးပုံလို မြင်ရ၏။ ညောင်ပင်ကြီးအောက်တွင် ဒိုးထိုး၊ ဂုံညင်းပစ် ကစားနိုင်လောက်အောင် သန့်ရှင်း၏။ အောက်ခြေအမြစ်ကို အုတ်အင်္ဂတေအကျပြုလုပ်လျက် ယခင်ထက်ပင် လှသေး၏။ ထို့မျှမက သေး၊ ညောင်ပင်ကြီးအောက်တွင် နတ်ကွန်းကြီးတစ်ဆောင်ကလည်း ဟီးနေအောင် မြင်ရပြန်သတည်း။

ဤနတ်ကွန်းကြီးကို အဆောင်အယောင်ဘွဲ့ထူးအဖြစ် ဤညောင်ပင်သည် မည်သည့်အစိုးရလက်ထက်တွင် အချောင်ရထားသည်ကို စုံစမ်း၍ မရ။ မည်သို့ဖြစ်စေ၊ ဤညောင်ပင်ကြီးသည် တန်ခိုးအာနိသင်နှင့် ဖြစ်နေသပြီ၊ တစ်ထီးတစ်နန်း ဖြစ်နေပေပြီ။

ထောင်ရှေ့မှ ဖြတ်သွားကြသူ လူအတော်များများတို့သည် ညောင်ပင်ကြီးကို လက်အုပ်ချီ ကန်တော့သွားသည်ကို တွေ့ရ၏။ တချို့မိန်းမများ ညောင်ပင်ကြီး၏အရိပ်ကိုပင် ဖိနပ်နှင့်မနင်းဘဲ ခပ်ဝေးဝေးက ဖိနပ်ကိုချွတ်၍ သွားကြသည်ကိုလည်း ထူးဆန်းစွာ တွေ့ရလေသည်။

www.burmeseclassic.com



ထောင်ဝင်စာလာသူ အချို့တို့သည် ဖယောင်းတိုင်ထွန်းခြင်း၊ အမွှေးတိုင်မီးရှို့ခြင်းများကို တရိုတသေ ပြုကြကုန်၏။ ညောင်ပင်ကြီးသည် မည်သို့သော တန်ခိုးအာနိသင်နှင့် ပြည့်စုံသည်မသိ။ အတော်ဟန်ကျနေသည်ကတော့ မျက်မြင်ပင်။

ထူးဆန်းသည်မှာ ဤညောင်ပင်ကြီးကို ရှိခိုးကော်ရော် ပူဇော်နေကြသောလူမျိုးမှာ ကုလားမဟုတ်၊ တရုတ်မဟုတ်၊ ဗုဒ္ဓဘာသာစစ်စစ် ဗမာလူမျိုးများသာဖြစ်သည်ကို သုတေသနပြုနေသူ ထောင်ပိုင်ကြီး ဦးရွှေမောင်က နေ့စဉ် မှတ်တမ်းတင်နေလေသည်။

ယခင်က လူမလေး ခွေးမခန့် အရိပ်ခိုရန်သက်သက်မျှသာ ရည်ရွယ်ခဲ့သော ညောင်ကြတ်ပင်ကြီးကို လမ်းသွားလမ်းလာလူအချို့ ဘာကြောင့် ပူဇော်ကြသနည်းဟု ဦးရွှေမောင်သည် ရှိသမျှဉာဏ်ကို တအားကုန် အံကြိတ်ထုတ်ပြီး စဉ်းစားပြန်လေသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘုရား၏ အဆက်အနွယ်ဟု ယုံကြည်ကြသောသီဟိုဠ်မှ ညောင်ဗုဒ္ဓဟောပင်ကို တကူးတကယူဆောင် စိုက်ပျိုးပူဇော်ထားလေ့ရှိကြလေသည်။ ထိုညောင်ဗုဒ္ဓဟောပင်၏အရွက်မှာ မြန်မာပြည်ပေါက် ညောင်ပင်မျိုးနှင့် လုံးလုံးရော၊ ပြားပြားကော မတူပါလေ။

ယင်းသို့လျှင် ထောင်ရှေ့က ညောင်ပင်ကို ညောင်ဗုဒ္ဓဟောဟုထင်၍ ရှိခိုးကြပါသလော။ ဤကဲ့သို့ အထင်မှားရှိခိုးမည်ဆိုလျှင် ရွှေမောင်ထောင်မှူးဘဝကပင် ပုဆိုးနှစ်ပတ်စာခန့်ရှိနေပြီးသော အနီညောင်ပင်ကို ဘာကြောင့် ရှိမခိုးကြပါသနည်း။

ဦးရွှေမောင်သည် ဆက်လက်၍တွေးတောခြင်းငှာ အားထုတ်၏။

ညောင်ပင်ကြီးကို ရှိခိုးကြခြင်းမှာ နတ်ကွန်းတစ်ခု အချောင်ရထား၍ မြင်သူတကာ အထင်ကြီးကုန်ကြခြင်းလော။ မည်ကဲ့သို့သော သတ္တဝါက နတ်ကွန်းပေးရန် စိတ်အကြံပေါက်လေသနည်း။ ဘာကြောင့် အကြံဖြစ်ရသနည်း။ ဦးရွှေမောင် တွေးဆ၍ မရလေ။

စိတ်ကူးသစ်စာပေ



တစ်နေ့တွင် ဦးရွှေမောင်သည် ထောင်ဝင်းရှိ ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် လေညှင်းခံရင်း ထိုင်နေလေသည်။ ထိုအချိန်တွင် မိန်းမကြီးတစ်ဦး သုတ်သီးသုတ်ပျာနှင့် ဦးရွှေမောင်အနီးမှဖြတ်သွားစဉ် ထိုမိန်းမကြီးအိတ်မှ ဆေးလိပ်တစ်လိပ်၊ ကွမ်းယာတစ်ယာသည် လက်မှလွတ်ကျပြီး နွားချေးပုံပေါ် ရောက်သွားတော့သည်။

"ဟော့တော် . . . ငါ့နယ် . . . နွားချေးပုံမှ တည့်တည့်ကျတတ်သေး"

ဟု ညည်းညူသံကို ကြားရပြီး မိန်းမကြီးသည် နှမြောတသစွာဖြင့် ငဲ့ကောက်ကြည့်ရှာ၏။ သို့ရာတွင် ကွမ်းယာနှင့်ဆေးလိပ်မှာ သုံးရန်မကောင်းသော့၍ သူမသည် ကုက္ကိုပင်ခြေရင်းတွင် ချထားခဲ့ပြီး ထွက်သွားလေသည်။ ဦးရွှေမောင်စိတ်အထင် သုံးလိုသူများရှိက သုံးလေတော့ဟု စိတ်ကူးနှင့်ထားခဲ့လေသလား မသိပေ။

နောက် လေးငါးရက်အကြာတွင် ဦးရွှေမောင်သည် ထိုကုက္ကိုပင်ကြီးအောက်သို့ အမှတ်မထင် ရောက်သွားပြန်၏။ ကုက္ကိုပင်ခြေရင်း၌ အံ့သြဖွယ်တွေ့ရသည်မှာ ယခင်လေးငါးရက်က မိန်းမကြီးချပစ်ခဲ့သည့် ကွမ်းယာနှင့်ဆေးလိပ်အပြင် နောက်ထပ် ကွမ်းယာ၊ ဆေးလိပ် လေးငါးခြောက်လိပ်ကို တွေ့ရခြင်းပင်တည်း။

ဦးရွှေမောင် စိတ်ဝင်စားသွားပေပြီ။ လွန်ခဲ့သည့် လေးငါးရက်က မိန်းမကြီးတစ်ဦး ပစ်ထားခဲ့သော ကွမ်းယာနှင့်ဆေးလိပ်မှာ နွားချေးပေ၍ သုံးဆွဲမကောင်းသော ပစ်ထားခဲ့ခြင်းဖြစ်၏။ ဤကွမ်းယာနှင့် ဆေးလိပ်ကို သစ်ပင်အောက်မှ ဖြတ်သွားနေကြသည့် သူတောင်းစားများပင် ယောင်မှားကောက်သွားဘဲ ကွမ်းယာနှင့်ဆေးလိပ်ပင် ပွားလာခဲ့သည်မှာ ဤကုက္ကိုပင်ကို ရှူးကြောင်ကြောင် လူသားအချို့တို့က ယခင်နွားချေးပေသည့် ကွမ်းယာ၊ ဆေးလိပ်ကိုတွေ့ပြီး အတွေးနယ်ချဲ့ကာ ရိုသေသမှုနှင့် ပူဇော်ခြင်းပြုကြသည်မှာ ထင်ရှားပေပြီ။

ထောင်ပညာရှိ ဦးရွှေမောင်သည် သတ္တလောကကြီးကို ခါးထောက်ကြည့်ပစ်လိုက်ပြီး . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အရူးတွေ၊ အနှမ်းတွေ ... ဗုဒ္ဓဘာသာ မြန်မာလူမျိုးလုပ် သစ်ပင်ကြီးကြီးမြင် ရှိခိုးချင်တဲ့စိတ်က ရှိကြသေး။ ကုက္ကိုပင်ရှိခိုး၊ ညော ကြတ်ပင် ရှိခိုး ... ထို့"

ဟုမြည်တမ်းပြီး သစ်ပင်ခြေရင်းတွင် တွေ့ရသည့် ကွမ်းယာ၊ ဆေး လိပ်များကို ကောက်ပြီး ခပ်ဝေးဝေးသို့ သွားလွှင့်ပစ်လိုက်လေသည်။

နောက်လေးငါးရက်အကြာတွင် အနီကုက္ကိုပင်အောက်သို့ ဦးရွှေ မောင်စုံစမ်းမှုပြုရန် ရောက်သွားပြန်သည်။ ဤအကြိမ်တွင် သစ်ပင်အောက် ဘာမျှမတွေ့ရတော့ပေ။

ဦးရွှေမောင်သည် သူ၏စိတ်ကူးနှင့်သူ အတော်ကျေနပ်သွား နောက်ရက်များတွင် ကွမ်းယာဆေးလိပ်မတွေ့ရခြင်းမှာ ယခင်လက်ကျန်မ တော့၍သာ ဖြစ်ရပေမည်။

"အင်း ... တို့ဗမာများစိတ်သည် ထူးဆန်းလေစွ ... အစွဲအလမ်း ကြီးကြပေစွတကား"

ဟု ထောင်ပညာရှိကြီးက ညည်းညူပြီး ထွက်အလာ တပည့်ကျော် ထောင်အမှုထမ်းတစ်ဦးက မမျှော်လင့်သောစကားကို မေးသံကြားရတော့ သည်။

"ဆရာကြီးကို ကျွန်တော် တစ်ခုမေးပါရစေ။ ခွင့်ပြုပါခင်ဗျာ"

တပည့်တစ်ဦးက ရိုသေသမှုနှင့် ခွင့်တောင်းလေသည်။

"အေး ... မေးပါ၊ ဘာများတုံး"

"တခြားတော့မဟုတ်ပါဘူး ... ဆရာကြီး၊ ဟိုပြောင်းသွားတဲ့ ဆရာ ကြီးက ဆရာကြီးကို ပိုက်ဆံများ ပေးခဲ့သလားလို့ပါ"

"ဟေ ... ဘာပိုက်ဆံတုံးကွာ။ ငါ့ကို ဘာပိုက်ဆံမှ မပေးခဲ့ပါ လား။ ငါ သူ့ဆီက လက်ခံထားတာကတော့ ထောင်ကြီးပဲရှိတယ်။ မင်း ဘယ်ပိုက်ဆံကို မေးသလဲ"

ဦးရွှေမောင်သည် မမျှော်လင့်သောစကားကို တပည့်တစ်ဦးထံမှ ကြားရ၍ နဂိုက ပြုံးနေသည့်မျက်လုံးမှာ ပြူးသွားတော့၏။

စိတ်ကူးသစ်စာပေ



"တခြားပိုက်ဆံ မဟုတ်ပါဘူး။ နတ်စင်ဆောက်ပေးတဲ့ ပိုက်ဆံပါ။ [ဆ]ရာကြီးက နတ်စင်တစ်ခုဆောက်ပေးပါဆိုလို့ ကျွန်တော်က ဆောက် [ပေး]ခဲ့တယ်"

"ဩော် ... လက်စသတ်တော့ နတ်ကွန်းနတ်စင် ဘယ်ကရောက် သလဲလို့ ငါတွေးနေတာ။ မင်းတို့ဆရာတပည့် လက်ချက်ကိုး။ နေဦး ဆရာကြီးက ဘာကြောင့် နတ်ဒါယကာဖြစ်ရသလဲ။ မင်းက ဘယ်လို နဲ့ ဆောက်ပေးခဲ့သလဲ"

ဦးရွှေမောင် အဖြေလိုနေသည့် ပဟေဠိတစ်ခုကို သဲလွန်စရ၍ ဝင်စားစွာ တပည့်ကျော်အား ဆက်စစ်နေတော့သည်။

"သူ ဘာစိတ်ကူးနဲ့ နတ်ကွန်းပေးသလဲတော့ ကျွန်တော်မသိပါ ။ ဒါပေမဲ့ သူ့မှာ စိတ်ကူးအများကြီးရှိတယ်ဆိုတာကိုတော့ ကျွန်တော် တယ်"

"ဟေ ... ဟုတ်လား၊ လုပ်စမ်းပါဦး။ ဘာစိတ်ကူးလဲကွ"

"စိတ်ကူးကတော့ အများကြီးပါပဲ ... ဆရာကြီး။ ဆရာကြီးလည်း မှာပါပဲ။ တစ်ချိန်တုန်းက ပုတီးနဲ့လက်နဲ့ မကွာတဲ့လူတွေ ရာထူးတိုး ယ်ဆိုပြီး ဘာဂိုဏ်းဝင်၊ ညာဂိုဏ်းဝင် လုပ်ကြတယ်။ ကျွန်တော်တို့ဆရာ က နှစ်ပတ်လောက်ကြော့ပြီး နတ်ကွန်းပါ ဆောက်ချလိုက်တာ။ သူတို့ အပေါင်းအသင်းအဖွဲ့အစည်းကလည်း မနည်းပါဘူး။ ဘုန်းကြီးတောင် သေးတယ်။ နတ်ကတော်အမျိုးမျိုး အတော်စုံတယ်။ ထောင်မှာ ဘာဘေး မဖြစ်နိုင်အောင် လုပ်ကြတယ်လို့လည်း ကြားရတယ်။ ကျွန်တော့်စိတ် ထောင်အုပ်ချုပ်ရေး ပြေပြစ်ချောမောအောင် အထက်ဆရာတွေ၊ နတ် နဲ့ စီမံထားတာနဲ့တူပါတယ်"

"ဩော် ... ငါသဘောပေါက်ပြီ။ နေဦး ... မင်းပိုက်ဆံကို မင်း လို့ မတောင်းတာလဲ"

"ဟာ ... မတောင်းရဲဘူး ... ဆရာကြီး။ သူတို့စိတ်ပြုဖြင်ရင် နှ်တော် တစ်ခုခုဖြစ်ချင်ဖြစ်သွားနိုင်မလားလို့ အရိပ်အခြည်ကို စောင့်နေ တယ်။ သူက ပေးမယ်လို့တော့ပြောတာပဲ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ကောင်းပြီ။ ဒီအတွက်တော့ ငါ့ကို ငွေပေးမသွားပါဘူး။ မင်းလိုချင် လှမ်းပြီး စာရေးလိုက်ပေါ့"

"ဟုတ်ကဲ့ ... ဆရာကြီး"

တပည့်ကျော်သည် အရိုအသေပေးပြီး ထွက်သွားလေသည်။

အကျဉ်းထောင်အုပ်ချုပ်ရေးတွင် ညောင်ကြွတ်ပင်ကြီးကိုပါ ထည့်၍ အုပ်ချုပ်စေသောနည်းမှာ နိပ်ပေ၏။ ကူဖော်လောင်ဖက်ဆိုသည်မှာ အမြဲနေက အားကိုးရသည်မဟုတ်ပါလော။ ရှေးရှေးက လွတ်လပ်သည့် မြန်မာပြည် အစိုးရကြီးများပင် တိုင်းပြည်အေးစေဖို့ နတ်ကွန်းတည်ဆောက်ခြင်း၊ ဗလိ နတ်စာကျွေးခြင်းများ ရှိခဲ့ဖူးရာ၊ အကျဉ်းထောင်အုပ်ချုပ်ရေးတွင် နတ်ကွန်းနှင့် ညောင်ပင်ကြီးပါ တစ်တပ်တစ်အားပါနေခဲ့၍သာ ဤထောင်ကြီး၏ အုတ်ရိုးသည် မိုင်းမုံးစာမမိခြင်းဟု အသေချာဆိုနိုင်လေသည်။

ထိုမျှမက ဤညောင်ကြွတ်ပင်ကြီးနှင့် နတ်ကွန်းတို့သည် ဆေးလိပ်ဝတ်နေသော အကျဉ်းသားများတို့အား များစွာအကျိုးပြုသည်ကို တွေ့ရပြန်သည်။ အကြောင်းမှာ အပြင်ဥယျာဉ်တွင် အလုပ်လုပ်ရသော အကျဉ်းသားများတို့မှာ ဆေးလိပ်ဝတ်၍ နတ်ကွန်းတစ်ဝိုက်သွားရာလျှင် တစ်လိပ်တော့ သေချာပေါက် တွေ့ရသည်သာတည်း။ (ကဲ ... မကောင်းဘူးလားဗျာ။)

အဲ ... ယင်းသို့ ဤကဲ့သို့ အသုံးကျလှသည့် ထောင်ရှေ့ကညောင်ကြွတ်ပင်ကြီးကို ဦးရွှေမောင် အမြဲစိတ်ဝင်စားစွာ လှေ့လာနေစဉ် တစ်နေ့သော အခါသမယ၌ မိန်းမအိုကြီးတစ်ဦးနှင့် ယောကျ်ားလူရွယ်တစ်ဦး ညောင်ပင်အောက်၌ ထိုင်နေကြသည်ကို အလုပ်လုပ်ရန် ထောင်သို့ဝင်မည်ဟု အဝတ်အစားလဲနေသည့် ဦးရွှေမောင်က မြင်ရလေသည်။

ဦးရွှေမောင်သည် အဝတ်ဝတ်ရင်း ညောင်ပင်အောက်သို့ ရောက်နေသည့် ထိုသူနှစ်ဦးဆီသို့ ခဏခဏ မျက်စိဝင့်၍ ကြည့်မိ၏။ အချိန်မှာ ထောင်ဝင်စာတွေ့ပြီးချိန်ဖြစ်ရာ၊ ဤမိန်းမကြီးနှင့် လူရွယ်တို့သည် ထောင်ဝင်စာအတွက် နောက်ကျသွား၍ ထောင်ပိုင်ကြီးအား လျှောက်ထားလိုသဖြင့် စောင့်နေကြသည်ဟု ဦးရွှေမောင်က ထင်လိုက်လေသည်။

ယခင်ကလည်း ထောင်ဝင်စာနောက်ကျပြီး ရပ်ဝေးမှလာသူတို့အား ဦးရွှေမောင်က ကြီးစွာသော မဟာကရုဏာဖြင့် ထောင်ဝင်စာ တွေ့ခွင့်ပြုခဲ့





ဖူးရာ ယခုတစ်ကြိမ်လည်း ဤလူများကို ခွင့်ပြုလိုသော ထောင်ပိုင်ကြီးသည် ညောင်ပင်အောက် ထိုသူများရှိရာသို့ ရောက်လာခဲ့လေသည်။

ဦးရွှေမောင်ရောက်ချိန်တွင် သူအိုမကြီးသည် လက်ဆယ်ဖြာ ထိပ်မှာ မိုး၍ နတ်ကွန်းရှေ့ဒူးထောက်ကာ တအားတအားကုန်း၍ ကန်တော့ရင်း–

"တပည့်တော်မရဲ့သား ... ဘဲဥကို စောင့်ရှောက်တော်မူပါ ... အရှင်နတ်မင်း။ ဘဲဥဟာ ဒီအမှုမှာ သက်သက် မတရားခံနေရတာပါ။ အမှန်ကတော့ ဘဲဥဟာ ဒီအမှုမှာမပါ မဟုတ်ပါဘူး။ ပါပါတယ်။ ညောင်ပင်ရွာက ထိပ်ပေါက်တို့တောင် ပါသေးတယ်။ ဒါပေမဲ့ ငွေများ တရားနိုင်ခေတ်မှာ ဆယ်အိမ်ခေါင်း ဖိုးပျော့တို့က ဦးစီးဦးဆောင်လုပ်တာတောင် အဖမ်းမခံရဘဲ တပည့်တော်မသား ဘဲဥတစ်ယောက်တည်း ခံနေရတာကိုကြည့်ပြီးတော့ စောင့်ရှောက်ပါ ... အရှင်နတ်မင်းကြီးဘုရား"

ဟု တတွတ်တွတ် ရေရွတ်ရင်း မျက်ရည်တွေ ဘာတွေသုတ်ပြီး ထိုင်တည်နေရှာသည်ကို ကြားရလေသည်။

သူအိုမကြီးဘေးနားတွင် ရပ်လျက်ရှိသည့် လူရွယ်သည် အိတ်ဆောင်စာအုပ်ကလေးတွင် ဘာရေးနေသည်မသိ၊ ကျကျနနရေးပြီးမှ အနီး ရှိ ဦးရွှေမောင်အား မတ်တတ်ရပ် ခြေဖျားထောက်ပြီး အရိုအသေပြုလိုက်သည်။

ဦးရွှေမောင်က ထိုလူရွယ်အား ရိုးရိုးသာမာန်အရပ်သားဟု ထင်ခဲ့သည်။ ခုတော့မဟုတ်။ ရဲအမှုထမ်းလား၊ စစ်သားလား၊ အရပ်ဝတ်အရပ်စားနှင့် ခြေဖျားထောက် အရိုအသေပြုသူများမှာ ယူနီဖောင်းဝတ်ဌာနမှ အမှုထမ်းများတို့၏ အလေ့သာဖြစ်လေသည်။

"လေးစားပါတယ်ခင်ဗျာ ..."

လူရွယ်က ခြေဖျားထောက် အရိုအသေပြုပြီး ဦးရွှေမောင်အား နှုတ်ဆက်လေသည်။

"ဩော် ... ကျုပ်က မင်းကို အရပ်သားလားလို့။ ရဲအမှုထမ်းလား"

ဦးရွှေမောင်က ပြန်မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ်ခင်ဗျာ . . . ကျွန်တော် စုံထောက်ရဲအုပ်ပါ။ ထောင်တွင်းက တရားခံတစ်ဦးကို စစ်ဆေးတွေ့ဆုံရေးအတွက် ခရိုင်ရာဇဝတ်တရားသူကြီးဆီက အမိန့်ပါလာပါတယ်ခင်ဗျာ''

ရဲအုပ်ဆိုသူသည် ပြောပြောဆိုဆိုနှင့် ခရိုင်ရာဇဝတ်တရားသူကြီးက အကျဉ်းသားအား ထောင်တွင်းစစ်ဆေးခွင့်ပြုသည့်အမိန့်ကို ထောင်ပိုင်ကြီးအား ထိုးပေးလိုက်၏။

ဦးရွှေမောင်သည် စာရွက်ကိုလှမ်းယူပြီး မျက်ရည်သုတ်နေသည့် အမယ်အိုအား လှမ်းကြည့်ပြန်သည်။ အမယ်အို၏အရွယ်မှာ ကြီးလှပေပြီး ဆံပင်များ ဖွေးဖွေးဖြူ၍ သွားကမရှိတော့။ သူမ၏ ပါးရေများမှာ ပျဉ်ပြားကို ဓားဖြင့်ထစ်ထားသလို အရစ်ပေါင်းများစွာနှင့် ရှုံ့တွန့်နေသည်ကို မြင်ရလေသည်။

လူအိုလျှင် မျောက်သတ္တဝါနှင့်တူနေရာ၊ ဒါဝင်ဆရာကြီးက လူသည် မျောက်ကဆင်းသက်လာသည်ဟု အဆိုရှိကြောင်း တစ်ပါးသောပညာရှိများပြောသံကို ကြားဖူးသည့် ဦးရွှေမောင်ကပင် သူအိုမကြီးကို ကြည့်၍ ဟုတ်ချင်ဟုတ်မလားမသိဘူးဟု စိတ်ကူးမိပြန်သည်။

''အမေကြီး . . . ဘာကိစ္စလဲ။ ထောင်ဝင်စာတွေ့မလို့လား''

ဦးရွှေမောင်က စိတ်ကူး၍အပြီး လှမ်းမေးလိုက်၏။

သူအိုမကြီးသည် ဦးရွှေမောင်၏အမေးကို ကြားသောအခါ အားရဝမ်းသာဟန်ဖြင့် သွားကျိုးမဲ့မဲ့နှင့် ရယ်ရှာလေသည်။

''ဟုတ်ပ . . . ဟုတ်ပ . . . သားရယ် . . . အမေ့ကို သားကလေးနဲ့ တွေ့ပေးပါဦး။ ဒီအမှုမှာယ် . . . ကျုပ်သားဟာ သူများနောက်လိုက်ပါ။ အမေက ပိုက်ဆံမရှိတော့ ကျုပ်သားအဖမ်းခံရတယ်။ ဒါပေမဲ့ မကြာပါဘူး။ အမေက အရှင်ကြီး၊ သခင်ကြီးတို့ကိုလည်း တိုင်တည်ထားပြီ။ အင်း . . . သူ့အဖေလို မလိမ္မာဘူး။ ဒါနဲ့လည်း ဒီအကောင် ထောင်ထဲရောက်တာ။ ကောင်းတယ်၊ ကောင်းတယ်။ ဒါမှ မှတ်မယ်။ အမေအရင်းပြောတာ အရှုံးကြား မထင်ဘဲ သူများပြောတာမှ ကောင်းတဲ့လူကိုး''

စိတ်ကူးသစ်စာပေ



အဘွားကြီးအား ထောင်ဝင်စာတွေ့မလားဟု တစ်ခွန်းသာ မေးလိုက်ရသည်။ သူမသည် မဆုံးတော့သောအဖြေကို ပေးနေ၏။ အသက်အရွယ်က ခုနစ်ဆယ်ကျော်ခန့်ရှိရာ သူငယ်ပြန်နေပြီဟု ယူဆရပေသည်။ အဘွားကြီး၏ ရှည်လျားသောစကားကို ကြားရသည့် ကိုပုလိပ်က တဟားဟား ရယ်နေသည်ကို ဦးရွှေမောင် မြင်ရလေသည်။

''အမေ့သားက ဘယ်သူတုံး။ နောက်နေ့တွေမှာ စောစောလာပါ''

ဦးရွှေမောင်က ပြောလိုက်၏။

''ဟုတ်ပ . . . ဟုတ်ပ . . . ဒီနေ့တော့ တွေ့ပရစေ။ အမေ့သားနာမည်က ဘဲဥတဲ့''

အနီးရှိ ပုလိပ်ကြီးသည် တဟားဟား ရယ်ပြန်၏။

''အေးဗျာ . . . နာမည်ကလည်း ကြိုကြိုဖန်ဖန် ဘဲဥရယ်လို့။ သူများတက်နင်းမိရင် ကွဲမယ့်အကောင်''

ဦးရွှေမောင်က ရဲအုပ်အားလှည့်ပြောလိုက်ရာ ရဲအုပ်သည် အူတက်အောင် ရယ်နေတော့သည်။

ဦးရွှေမောင်သည် ရဲအုပ်နှင့် အဘွားကြီးတို့အား ထောင်တံခါးကြီးအတွင်းသို့ ခေါ်သွင်းလာပြီး ရဲအုပ်အား ခဏ ရုံးခန်းထဲ ထိုင်ခိုင်းလျက် ဘဲဥကို သူ့အမေနှင့် ထောင်ဝင်စာတွေ့ပေးလေသည်။

''ကဲ . . . နင်ဘာမှမပူနဲ့။ ငါ အရှင်ကြီး၊ သခင်ကြီးတွေကို တိုင်တန်းထားတယ်''

အမယ်အိုက သူမ၏သားကို အားပေးစကားပြောနေ၏။

''ဒီအမှုမယ် ကျွန်တော်ဘာမှမသိဘူးလို့ ပြောမယ်အမေ''

ဘဲဥက ဆိုလေသည်။

''အေး . . . ပြင်းသာပြင်း။ ရှင်ဘုရင့်အတွက် ဝေက်က ဒဏ်ခံ။ နင် ဘာမှမပူနဲ့။ အမေ ဒီကပြန်ရင် ယတြာတွေလည်းလုပ်ဦးမယ်။ အဲ . . . ဆရာတော့ရှိတယ်။ နင့်မိန်းမ မယ်ရွှေက ဆတ်ကော့လတ်ကော့နဲ့ တောပြောတောင်ပြော လုပ်နေတယ်လို့ ငါကြားရတယ်။ သူလုပ်တာနဲ့ နင်ထောင်ကျမယ်''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ကဲ ... အမေပြန်တော့၊ ဟိုကောင်မကိုလည်း ကြည့်ပြောဦး"

ဘဲဥ စိတ်ကောင်းပုံမပေါ်။

"အောင်မယ် ... မလုပ်ပါနဲ့။ ကျုပ် ပါးရိုက်ခံနေရပါဦးမယ်"

အဘွားကြီးက ခေါင်းခါခါ လည်ခါခါနှင့် ပြောလိုက်သည်။

အဘွားကြီးနှင့်ဘဲဥတို့ ထောင်ဝင်စာ ပြီးသွားပေပြီ။ ပုလိပ်ကြီး၏ ကိစ္စကို ထောင်ပိုင်ကြီးဆောင်ရွက်ရပေဦးမည်။ မှန်း ... ဒီပုလိပ်ကြီး ဘယ်သူ့ကို စစ်ဆေးမလို့တုံး။ ဦးရွှေမောင်သည် လက်တွင်ကိုင်ထားသည့် ခရိုင်ရာဇဝတ်တရားသူကြီး၏ အကြောင်းကြားစာကို ဖြန့်ကြည့်လိုက်သည်။

"ဘဲဥ ..."

"ဟော ... ဒီဘဲဥပါပဲလား။ ဟေး ... ဘဲဥကိုပြန်ခေါ်စမ်း"

ဦးရွှေမောင်သည် ပုလိပ်ကြီးနှင့်ဘဲဥကို တွေ့ဆုံပေးရပြန်၏။

"ကဲ ... ဘဲဥ မင်းငါ့ကို မှန်မှန်ပြောစမ်းကွာ။ မင်းငါ့ကို လိမ်ထားတယ်။ မင်းလိမ်နေရင် မင်း ချုပ်ရက်ကြာသွားမယ်ကွ"

ပုလိပ်ကြီးက ဦးရွှေမောင်ရှေ့တွင် စစ်ဆေးလေသည်။

"ဒီအမှုမယ် ကျွန်တော် ဘာမှမသိဘူးဆရာ"

"ဟား ... ဟား ... ဘာရမလဲ ... ဘဲဥရာ။ မင်းလည်းသိ ငါလည်း လည်ပါတယ်ကွ။ ကဲ ... ဒီတော့ မင်းနဲ့ပါတဲ့အကောင်တွေ ဘယ်သူတွေလဲဆိုတာ မင်းမပြောရင် ငါကပဲ ပြောပါ့မယ် ... မောင်ရာ။ ဟဲ ... ဟဲ ..."

ပုလိပ်ကြီးသည် အိတ်ဆောင်မှတ်စုစာအုပ်ကို ထုတ်၍ ဖွင့်လိုက်သည်။

"ကဲ ... ငါပြောမယ်ကွာ၊ နားထောင်။ ညောင်ပင်ရွာက ထိပ်ပေါက်ရယ်၊ ဆယ်အိမ်ခေါင်း ဖိုးဗျော့ရယ် ပါတယ်ကွာ။ မင်း ငြင်းဦးမလား။ ဟဲ ဟဲ ..."

မသိဘူးဟုပြောသော ဘဲဥသည် ဦးခေါင်းငိုက်စိုက်ကျသွားသည်ကို မြင်ရ၏။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပင်လော။

"ပြောလေကွာ ... ဘဲဥ ... ငါပြောတာ ဘယ့်နှယ်လဲ"





ဘဲဥစကားမပြောဘဲ အတော်ကြာ၏။ နောက်ဆုံးတွင် ဘဲဥသည် ညှိုးငယ်သည့်မျက်နှာဖြင့် ပုလိပ်ကြီးအား မေးလိုက်သည်။

"ဆရာ့ကို ဘယ်သူပြောသလဲ"

ဘဲဥ၏အမေးကို ကြားရသော ပုလိပ်ကြီးသည် တဟားဟားရယ်၍ ထောင်ပိုင်ကြီး ဦးရွှေမောင်အား မော်ကြည့်ပြီး ...

"ဟဲ ... ဟဲ ... ငါ့ကိုထောင်ရှေ့က ညောင်စောင့်နတ်က ပြောတယ်ကွ။ ဟဲ ... ဟဲ ... မယုံရင် ထောင်ပိုင်ကြီးကို မေးကြည့်။ ထောင်ပိုင်ကြီးတောင် ကြားသေးတယ်။ ဟဲ ... ဟဲ ... ငါလည်း ထောင်ရှေ့ရောက်ရော ချက်ချင်း ကြားရတာပဲကွ။ ဟား ... ဟား ... ငါ့မှာ မင်းတို့အမှုကို လိုက်လိုက်ရတာ။ ညောင်စောင့်နတ်က ကယ်ပေလို့ကွ ... ဟဲ ... ဟဲ"

ဦးရွှေမောင်ပင် ပုလိပ်ကြီး၏ သက်သေဖြစ်ရပြန်ချေပြီ။ ဘဲဥ၏ အမေ သူ့အိုမကြီး သူငယ်ပြန်ပြီး ထောင်ရှေ့ကညောင်ပင်ကို တိုင်တည်သွားသည်မဟုတ်ပါလော။ အာဂပုလိပ်၊ လျင်လိုက်သည့်ပုလိပ်၊ ဘဲဥကို ပုလိပ်ကြီး နင်းမိချေပြီ။ ဘဲဥ မကွဲရင် ခံနိုင်အံ့လော။

"ကဲ ... ဆရာ မထူးဘူး၊ လုပ်ချင်တာသာ လုပ်ပေတော့"

ပုလိပ်ကြီးသည် ဦးရွှေမောင်အား ဆလံသပြီး အားရဝမ်းသာ ထွက်သွား၍ တစ်လခန့်အကြာတွင် ဘဲဥ၊ ထိပ်ပေါက်နှင့် ဖိုးဗျော့တို့အား ဦးရွှေမောင်က တစ်ဦးလျှင် လုံးတီးဆန် တစ်နှစ်စီကျွေးရန် တာဝန်ယူလိုက်ရလေ၏။

'သစ်တစ်ပင်ကောင်းက ငှက်တစ်သောင်းသာ ခိုနိုင်ပေမည်'

ထောင်ရှေ့က ညောင်ပင်မှု ထောင်အုပ်ချုပ်ရေးတွင်သာ အသုံးကျသည်သာမဟုတ်၊ ရဲဌာနကြီးကိုပင် အကျိုးပြုလိုက်သေး၏။ ဘယ်ဆိုးလို့တုံးနော့ ... ဟဲ ... ဟဲ ...။

မြောင်းမြမောင်ကို

www.burmeseclassic.com



[ ၁ ]

❑

၁၉၅၆ ခုနှစ်က ကျွန်ုပ် ကသာထောင်တွင် တာဝန်ထမ်းဆောင်နေသည့် ရန်ကုန်မှ ဖခင်ဖြစ်သူကွယ်လွန်ကြောင်း ကြေးနန်းဝင်လာသဖြင့် ပပဝင်းသင်္ဘောကြီးဖြင့် မန္တလေးသို့ ဆင်းခဲ့ပါသည်။ ရေစုန်ခရီးဖြစ်ပြီး သင်္ဘောစီးရသည်မှာ လွယ်ကူ၍လည်းကောင်း၊ ကျွန်ုပ်တွင် ဖခင်အတွက် ခံစားနေရသော အပူမီးများကို ရေလမ်းခရီးသွားခြင်းဖြင့် ချမ်းငြိမ်းအေးမြ ပြေပျောက်စေရန်အတွက်လည်း ဖြစ်သည်။

ပပဝင်းသင်္ဘောကြီးက ကသာဆိပ်ကမ်းမှ တရွေ့ရွေ့ ခုတ်မောင်းထွက်ခွာလာတော့ ကျွန်ုပ် ကသာမြို့ကြီးအား နောက်ပြန်လှည့်၍ နှုတ်ဆက်ခဲ့သည်။ ကသာမြို့ကြီးကိုနောက်ခံထား၍ ဖက်ဆွတ်တောင်တန်းစိမ်းညို့ညို့ကြီးက မြို့အရေးကို ကလနားသတ်ထားသည်။ ကသာမြို့ကြီးကို ဧရာဝတီမြစ်ယံအတွင်းကကြည့်ပါမှ ပို၍ လှပသာယာနေသည်။ မြို့ပတ်ကမ်းနားလမ်းတွင် မြစေတီတော်နှင့် တာဝတီံသာ မဟာအဘယစေတီတော်တို့ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ ထို့အပြင် ဆိပ်ကမ်း၌ မော်တော်များ၊ လှေများနှင့် ခရီးကြောင်းပြသင်္ဘောများ ဆိုက်ကပ်ထားသည်မှာလည်း မနက်ခင်း ကသာဆိပ်ကမ်းအလှကို တန်ဆာဆင်လျက် ရှိပေသည်။

ကသာမြို့နယ်၏ မြောက်ဘက်တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ တောင်ဘက်တွင် ထီးချိုင့်မြို့နယ်ရှိပြီး အရှေ့ဘက်တွင် ရွှေကူမြို့နယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်နယ်၊ မဘိန်းမြို့နယ်၊ အနောက်ဘက်တွင် အင်းတော်မြို့နယ်တို့က ဝန်းရံနေသည်။ ဧရာဝတီမြစ်ကြီး၏ အစုန်ခရီးလမ်းယာဘက်တွင် မင်းခံ တောင်တန်း၊ ဖက်ဆွတ်တောင်တန်းကြီးနှင့် လွယ်ကုံးတောင်တန်းကြီးတို့က သွယ်တန်းနေသည်။ ကသာမြို့ကြီးမှာ ဧရာဝတီမြစ်ကမ်းဘေးမှ တောများ တောင်များဝိုင်းရံနေသော သစ်တောမြို့ကြီးဖြစ်ပေသည်။

သင်္ဘောကြီးသည် ဧရာဝတီမြစ်ကမ်း နှစ်ဖက်တွင်တည်ရှိသော ရေမုတ်ရွာ၊ ညောင်ခြေထောက်ရွာ၊ သံပြာရွာ၊ ကလန်ရွာ၊ သာဂရရွာ၊ အင်းလေးရွာ၊ မဲဟင်းရွာ၊ ကြက်တစ်ကောင်ရွာ၊ ဒေါင့်ကြီးရွာ၊ အင်းရွာကြီး (ရွှေလီမြစ်ဝ) နှင့် ကမ်းနီးရွာတို့ကို တရွေ့ရွေ့ဖြတ်ကျော်ပြီး ထီးချိုင့်မြို့အနီးသို့ ရောက်လာသည်။ ကသာမြို့မှ မိုင် (၂၀)ခန့်ခရီးကို ပေါက်လာပြီဖြစ်သည်။

လက်ဝဲဘက်ကမ်း၌ အင်းရွာကြီးအနီးတွင် ဧရာဝတီမြစ်ကြီးအတွင်းသို့စီးဝင်နေသည့် ရွှေလီမြစ်ကြီးကို မြင်တွေ့ရသည်။ ယာဘက်တွင်မူ ဘုရားတန်ဆောင်း၊ သိမ်ကျောင်းများနှင့် သာယာလှပသော ထီးချိုင့်မြို့ကို လှမ်းမြင်နေရသည်။ ထီးချိုင့်မြို့နောက်ခံတွင် မြသိန်းတန်တောင်ကြီးက ခန့်ထည်စွာ စီးမိုးထားသည်။

ဝဲဘက်ကမ်းတွင် မြတောင်တောနှင့် မြတောင်ရွာကြီးရှိသည်။ တောင်ကြီးပေါ်၌ မှန်ရောင်တလက်လက် တောက်ပနေသော စေတီများနှင့် ထုံးဖြူဖွေးဖွေး စေတီတော်များက ကြည်ညိုဖွယ်ရာ တည်ရှိနေကြသည်။ တောင်ကြီးပေါ်ရှိ စေတီများဆီသို့ ကွေ့ကာကောက်ကာ အဆင့်ဆင့် တန်ဆာဆင်ဆောက်လုပ်ထားသော ဘုရားစောင်းတန်းများ၊ ပြာသာဒ်များနှင့် သိမ်တော်ကြီးများကလည်း စုလစ်မွမ်းချွန်၊ ပန်းဆွဲ၊ မှန်ကင်းများဖြင့် ရှုမငြီးနိုင်အောင် တင့်တယ်လှပလှသည်။ ကျွန်ုပ်တို့စီးလာသော သင်္ဘောကြီးသည် ထီးချိုင့်ဆိပ်ကမ်းသို့ တဖြည်းဖြည်း ဝင်လာခဲ့သည်။

ထီးချိုင့်မြို့သည် စစ်ကိုင်းတိုင်းမြောက်ပိုင်း၌ တည်ရှိသည်။ တောင်ဘက်၌ သပိတ်ကျင်းမြို့နယ်၊ မဘိန်းမြို့နယ်၊ မြောက်ဘက်တွင် မင်းတော်မြို့နယ်နှင့် ဝန်းသိုမြို့နယ်၊ အနောက်ဘက်တွင် ကောလင်းမြို့နယ်နှင့် ကန့်ဘလူမြို့နယ်၊ အရှေ့ဘက်၌ မိုးမိတ်မြို့နယ်တို့ တည်ရှိသည်။





ပပဝင်းသင်္ဘောကြီးသည် ထီးချိုင့်တွင် ခေတ္တရပ်နားပြီး ဝဲဘက်ကမ်းရှိ မြတောင်သို့ စုန်ဆင်းပြန်သည်။ မြတောင်နှင့် ထီးချိုင့်မြို့အကြားတွင် ဧရာဝတီမြစ်ကြီးအတွင်း၌ ကြီးမားသော မြေနုကျွန်းသောင်ကြီး ပေါ်ထွန်းလာသည်။ ကျွန်းပေါ်တွင် ကြက်သွန်၊ ဂျုတ်၊ ငှက်ပျောများ စိုက်ပျိုးထားရာ စိမ်းလန်းဆန်းနေသည်။ မြတောင်မြို့သည် ထီးချိုင့်မြို့နှင့် တစ်ချိန်တည်း တည်ခဲ့သော ရှေးမြို့ဟောင်းကြီးဖြစ်သည်။ အနော်ရထာမင်းစော တည်ခဲ့သော ကင်းမြို့ကြီး (၄၃)မြို့တွင် မြတောင်လည်း ပါဝင်သည်။ ရှေးယခင်က မြတောင်မြို့ကို 'လာဖူးမြို့' ဟူ၍လည်း ခေါ်ခဲ့ကြသည်။

'ဟိုးညာဘက်ကမ်းက စီးဝင်နေတာ မဲဇာမြစ်လေ' ဟု အနီးရှိ ...သည် ယောက်ျားကြီးတစ်ဦးက ပတ်ဝန်းကျင်ရှုခင်းများကို ငေးမောရင်း အတွေးနယ်ချဲ့နေမိသည့် ကျွန်ုပ်အား လက်ညှိုးညွှန်ရင်း ပြောပြသည်။ မဲဇာ... မဲဇာတောနှင့်ပတ်သက်၍ စာဆိုတော်လက်ဝဲသုန္ဒရ၊ အမတ်ကြီးဦးမြတ်စံ... သတိရမိသည်။ ဦးမြတ်စံအား မဲဇာတောသို့ ပို့စဉ် 'မဲဇာတောင်ခြေ' ...ဆိုသော ရတုပိုဒ်စုံသည် အံ့မခန်းနိုင်အောင် စာပေနယ်တွင် ထင်ရှား...ပ်မြင်ခဲ့သည်။

သင်္ဘောကြီး မဲဇာမြစ်ကိုကျော်ဖြတ်၍ စုန်ဆင်းလာသောအခါတွင် ...ည်း စောင်းချေပြီ။ ဧရာဝတီမြစ်ယံပေါ်တွင် ရေဘဲများ၊ ကြိုးကြာများ၊ ...သိနှင့် တောဘဲများ၊ မယ်ညိုငှက်များက အုပ်လိုက်ပျံသန်းနေကြသည်။

''ဟော့ဟိုအတွင်းထဲမှာ ချွန်းတောင်းမြို့ဟောင်းရှိတယ်''

အနီးရှိ ခရီးသည်ကြီးက ပြောလာပြန်သည်။ ချွန်းတောင်းမြို့မှာ ...ည်း ထီးချိုင့်၊ မြတောင်မြို့တို့နှင့် တစ်ချိန်တည်းပေါ်ပေါက်ခဲ့သော ရှေးဟောင်းမြို့ကြီး။ ယခုအခါတွင် ပြိုပျက်နေသော မြို့ရိုးတံတိုင်းနှင့် သာသနိက ...ဘက်အအုံများသာ ကျန်ရှိတော့ကြောင်း သိရသည်။ သင်္ဘောကြီးသည် သပိတ်ကျင်းမြို့နယ်အတွင်း ဝင်လာပြီး တကောင်းမြို့အနီးသို့ ရောက်ရှိလာ...ည်။

✿ ✿ ✿

www.burmeseclassic.com

| ၂ |

❑

**တကောင်းမြို့ဟောင်းသည် ဧရာဝတီမြစ်ကြီး၏ ဝဲဘက်ကမ်းတွ**
တည်ရှိပြီး ညာဘက်ကမ်းတွင် တုံငယ်မြို့ဟောင်းရှိသည်။ 'မြန်မာအ
တကောင်းက၊ တကောင်းအစ တုံငယ်ဝ' ဟု စကားပုံရှိသည်။ တကောင်
မတည်မီကပင် တုံငယ်ဝမြို့မှာ အခြေစိုက်ထားပြီးဖြစ်သည်။ တုံငယ်
ဝန်းရံထားသော ကျောက်မြို့ရိုးနှစ်ထပ်မှာ ပျမ်းမျှအကျယ် (၂၀)ပေခန့်
သည်။ အထက်ဆင့်၊ အောက်ဆင့် နှစ်ထပ်ပြုလုပ်ထားသည်။ ကျောက်မြို့
ရိုးနှစ်ထပ်ကြားတွင် (၈)ပေခန့်ကျယ်သော လမ်းယောင်ယောင်ကို မြင်
သည်။

တုံငယ်မြို့ဟောင်း အရှေ့တောင်ထောင့် တောင်ပူစာမှ မိုလ်ကုန်း
ရွာအထိ (၂)မိုင်ခန့်ရှည်လျားသည့် ဖို့မြေတာပေါင်းကြီးကိုလည်း မြင်
သည်။ တာပေါင်အကျယ်မှာ ပေ (၄၀) ခန့်ရှိပြီး အမြင့် (၅) ပေခန့်ရှိသည်
ထိုတာပေါင်ကြီးသည် တုံငယ်မြို့ တန်ခိုးထွားစဉ်က ဖောက်လုပ်ထားခြ
ဖြစ်ကြောင်း သိရသည်။ ထိုတာပေါင်ကြီးသည် မိုလ်ကုန်းရွာမှ ဆက်
တကောင်းမြို့ အနောက်ဘက်ကမ်းရှိ ဝဲကြီးချောင်းဝအထိ ဆက်သွယ်ဖော
လုပ်ထားကြောင်း သိရသည်။





ကျုံးမြို့ဟောင်းများနှင့် ဧရာဝတီမြစ်ကြီး၊ မင်းဝံတောင်တန်းကြီး
နှင့်သည့် တကောင်းမြို့ကို အလှဆင်လျက်ရှိကြသည်။ 'မေးပါများ စကားရ၊
ပါများ ခရီးရောက်၊ မအိပ်မနေ အသက်ရှည်' ဟူသော စကားပုံကို
ကိုင်ထားပြီး မင်းဖြစ်ခဲ့သည့် မောင်ပေါက်ကျိုင်း၏ မွေးဖွားရာ ဇာတိ
ည်း ဖြစ်ပေသည်။

ထို့အတူ တကောင်းနယ်မှ ပန်းပဲသမားကြီး မောင်တင့်တယ်၏
ကြောင်းကိုလည်း ကျွန်ုပ် အမှတ်ရနေမိပါသည်။ အဘပန်းပဲဆရာကြီး
င့်တော်၊ သားပန်းပဲဆရာ မောင်တင့်တယ်၊ နှမ မမြတ်လှနှင့် မဒွေးဖြူတို့
ကြောင်းမှာ လွန်စွာ ဝမ်းနည်းဖွယ်ကောင်းသော ဇာတ်လမ်းဖြစ်ပေသည်။
ဦးဆံပိုင်ဘုရင်စနစ်ကြောင့် ကာယဗလအင်အားကြီးမားသော မောင်
င့်တယ်နှင့် ညီမများအား စကားဝါပင်တွင် ကြိုးဖြင့်ချည်နှောင်ပြီး မီးရှို့
ဖြတ်ခဲ့သော ဇာတ်လမ်းဖြစ်သည်။

တကောင်းမင်းဆက်မှာ ဧရာဝတီမြစ်ကြီးကိုစုန်၍ ပြည်ကြီးအနံ့
နှံ့ခဲ့ရာ ရာဇဝင်သည် ကုန်းဘောင်ခေတ်အထိ တိုင်သည်ဟု သိရသည်။
ကျွန်ုပ် ရှေးခေတ်ဟောင်းရာဇဝင်ကို တမ်းတ သတိရနေမိစဉ် ...

"ဘော် ... ဘော် ... ဘော်"

သင်္ဘောကြီးဥသြဆွဲ၍ တကောင်းဆိပ်ကမ်းသို့ ဝင်လာသည်။ ဥသြ
ကြောင့် ဆိပ်ကမ်းသို့ မြို့ခံများ ဆင်းပြေးလာကြသည်။ တကောင်းဆိပ်
ကမ်းသို့ သင်္ဘောကြီးကပ်သည်နှင့် ဆိပ်ကမ်းမှာ ရုတ်ခြည်း စည်ကားသွား
သည်။ ညနေရီဆည်းဆာတွင် ဈေးသည်များနှင့် ခရီးသည်များက
ယှက်ခပ် လှုပ်ရှားနေကြသည်။

တကောင်းမြို့တံတိုင်းနှင့် ဘုရားစေတီများမှာ ဆွတ်ပျံ့ဖွယ်ရာ ရှေး
အတိတ်ကာလကို ပြောဆိုနေသကဲ့သို့ပင် မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်းတို့
သည် ရန်သူမျိုးငါးပါး ဘေးရန်ကြောင့် ပျက်စီးခဲ့ရသည်။ ပထဝီအနေအထား
ကြောင့်လည်း ပြောင်းရွှေ့ကြရပြီး မြို့သစ်တည်ကြပြန်သည်။ ထို့ကြောင့်လည်း
မြို့ဟောင်းများကို လူတို့စွန့်ခွာကြသဖြင့် မြို့ဟောင်းများမှာ နှစ်ပရိစ္ဆေဒကြာ
သောအခါ သစ်ပင်ချုံနွယ်များဖုံးအုပ်ပြီး မြို့ပျက်များ ဖြစ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘော် ... ဘော် ... ဘော်"

သဘော်ကြီး ဥသြဆွဲသံကြောင့် ကျွန်ုပ် အတွေးရေလှည့်ကြော လန့်နိုးလာပြန်သည်။ ခရီးသည်အချို့ တကောင်းမြို့ဟောင်းပေါ်မှ သဘော် ဆိပ်ကမ်းသို့ ပြေးဆင်းလာကြသည်။ နောက်ဆုံးအသုတ်ခရီးသည်များ ဖြစ် ပုံရသည်။ ကျွန်ုပ်တို့လည်း အလုအယက် ပြေးဆင်းလာကြသော ခရီးသည် များကို စိတ်ဝင်စားစွာကြည့်နေမိသည်။ မြင်ကွင်းမှာ စိတ်ဝင်စားစရာကောင် လှသည်။ ထိုအုပ်စုထဲတွင် အမျိုးသမီးပျိုတစ်ဦးက ဦးဆောင်လာသည်။ ထိုအမျိုးသမီးပျိုမှာ ဆိပ်ကမ်းသို့ရောက်သော်လည်း အနောက်ဘက်ကမ်းပါး ပေါ်ရှိ လှုအုပ်ကြီးအား လှမ်း၍ နှုတ်ဆက်နေသေးသည်။

✿ ✿ ✿

| ၃ |

❑

ဆိပ်ကမ်းသို့ အမျိုးသမီးပျိုလေး ဆင်းလာသောအခါ၌လည်း အဝတ်သေတ္တာ၊ လက်ဆွဲအိတ်၊ အထုပ်အပိုးများနှင့် ငှက်ပျောခိုင်၊ သနပ်ခါး ဘုံး ထန်းလျက်ပုတ်တို့ကို ကိုင်၍ လိုက်ပို့ကြသော ကလေးများကိုလည်း မြင်နေရသည်။ အပျိုပေါက်၊ လူပျိုပေါက်အရွယ် ကလေးများဖြစ်ကြသည်။ ကမ်းပါးပေါ်မှ လူအုပ်ကလည်း မနည်းလှ။ လူကြီးလူငယ် အစိတ်သုံးဆယ် ခန့်ရှိသည်။ မိန်းမပျိုကလေးမှာ လက်ရှည်အင်္ကျီဖြူနှင့် ပါတိတ်ထဘီကို ဝတ်ဆင်ထားရာ လွန်စွာကျက်သရေရှိပြီး သိမ်မွေ့လှသည်။

ဤရှုခင်းကို ကြည့်ရသည်မှာ ကျောင်းဆရာမကလေးတစ်ဦးအား ဆွေသူရွာသားများနှင့် ကလေးများက မြို့သို့အပြန် လိုက်ပို့ကြသည့် ပုံစံနှင့် တူနေသည်။ ထိုအုပ်စုထဲ၌ အထုပ်တစ်ခုကိုထမ်းလာသည့် အသက် (၁၃)နှစ် ခန့်အရွယ် ကလေးတစ်ဦး၏ပုံစံကလည်း ထူးခြားနေပြန်သည်။

အခြားသူများနှင့်မတူ၊ အဆင်မပေါ်တော့သော ပုဆိုးတိုတိုကိုဝတ် ၍ ဝါးခမောက်ဆောင်းထားပြီး နွားကန် (နှင်တံ)တစ်ခုကိုလည်း ကိုင်ထား သေးသည်။ အင်္ကျီလက်တိုကလေးမှာ အဝါရောင်သမ်းနေသည်။ သို့သော် ၎င်းကိုအရောင်ဟုတ်ဟန်မတူ။ အဖြူမူလအရောင်မှ ဘဝပြောင်းသွားဟန်



www.burmeseclassic.com

www.burmeseclassic.com



တူသည်။ ရင်ဘတ်မှာ ဟပြဲ၊ ကြယ်သီးတစ်မထား၊ ကြယ်သီးလည်းရှိဟန်မတူ။ ခန္ဓာကိုယ်မှာ ငယ်စဉ်ဖြူပင် တောင့်တင်းကြံ့ခိုင်လှသည်။ နွားကျောင်းရာမှ အပြန်ဆရာမကလေးအား အချိန်မီလိုက်ပို့ခြင်း ဖြစ်နိုင်ပေသည်။

ကျောင်းသူကလေးများမှာ ပါးပါးလှပ်လှပ်သွယ်သွယ် ကလေးများဖြစ်ကြသည်။ ဆံရစ်ဝိုင်းကလေးများဖြင့် ဖြစ်သည်။ အုပ်လုံးသိမ်းထားသောအပျိုပေါက်ကလေးများလည်း ပါသည်။ ဆရာမကလေးနှင့် တပည့်တစ်သိုက်သည် သဘော်ပေါ်သို့ အထုပ်အပိုးများဆွဲ၍ တက်လာကြသည်။ သဘော်အပေါ်ထပ် လှေကားအနီး ကျွန်ုပ်၏အရှေ့တွင် နေရာလွတ်ကလေးရှိ၍ ကျောင်းသားလေးများက ဆရာမ၏ပစ္စည်းများအား နေရာချထားပေးပြီး ဆရာမကိုနှုတ်ဆက်၍ သဘော်ပေါ်မှ ကတိုက်ကရိုက် ပြန်လည်ပြေးဆင်းသွားကြသည်။

ကလေးတစ်သိုက်မှာ သဘော်ပေါ်မှ ဆင်းသွားကြသော်လည်း မပြန်ကြသေးပါ။ အောက်တွင်ကျန်ရစ်ခဲ့ကြသည့် မိန်းမပျိုလေးများနှင့်ပေါင်းကာ သဘော်ကြီးအထွက်တွင် ဆရာမကလေးအား နှုတ်ဆက်ရန် စုဝေးစောင့်ဆိုင်းနေကြသည်။ ဆရာမကလေးက သဘော်လက်ရန်းကိုကိုင်၍ မှာစရာရှိသည်များကို မှာကြားနေသည်။ အချို့ကျောင်းသူကလေးများက မျက်ရည်စို၍ ငိုပွဲဆင်နေကြသည်။

ထိုစဉ်တွင် ကျောင်းသူ ကျောင်းသားအချို့က မိန်းမပျိုလေးတစ်ဦးကိုဝိုင်းထားပြီး နှစ်သိမ့်စကားပြောနေကြသည်ကိုလည်း မြင်နေရသည်။ မိန်းမပျိုကလေးမှာ သဘော်ပေါ်မှ ဆရာမကို တစ်ချက်လှမ်းကြည့်ပြီး မျက်နှာလွှဲထားသည်။ ကျောင်းသူ၊ ကျောင်းသားကလေးများ၏ ပြောစကားကိုလည်း ခေါင်းတွင်တွင်ယမ်း၍ ငြင်းဆန်နေသည်။ ဆရာနှင့်တပည့်များခွဲကြရ၍ အလိုမကျဟန် ပုံပေါ်နေသည်။ ထိုစဉ် သဘော်ကြီးက ဆိပ်ကမ်းမှခွာရန် ဒုတိယအကြိမ် ဥဩဆွဲပြန်သည်။

"ဘော် ... ဘော် ... ဘော်"

ပယင်းသဘော်ကြီးက ဒုတိယအကြိမ် လှူခေါ်သံကို မြေတုန်ဟည်းအောင် ဆွဲလိုက်ပြန်သည်။ ကျောင်းသူ ကျောင်းသားကလေးများက သူတို့





ဆရာမကို အားပါးတရ အော်ဟစ်နှုတ်ဆက်သံ လွင်လွင်ကလေးများသည် သဘော်ပေါ်သို့ ဝေ့ဝဲပြီး လွှင့်၍တက်လာသည်။ ဆရာမကလေးကလည်း အသံတုန်တုန်ကလေးဖြင့် ပြန်၍နှုတ်ဆက်နေသည်။ ဆိပ်ကမ်းပေါ်မှ ကျောင်းသူကျောင်းသားကလေးများ ဝိုင်းဝန်းဖျောင်းဖျနေသည့် မိန်းမပျိုကတော့ သဘော်ကြီးကို ကျောခိုင်းထားသော်လည်း နိမ့်ချီ၊ မြင့်ချီဖြစ်နေသော သူမ၏ ပခုံးစွန်းကလေးများကို မြင်ရခြင်းဖြင့် ငိုရှိုက်နေဟန်တူပါသည်။ ထိုစဉ်တွင် ခမောက်ဆောင်းထားပြီး နွားကန်ကို ကိုင်ထားသော နွားကျောင်းသားကလေးက ...

"နွယ်နွယ် ... နွယ်နွယ် ... ဆရာမလေး သဘော်ကြီးနဲ့ တကယ်လိုက်သွားမှာဟ။ နင် မြန်မြန်နှုတ်ဆက်လိုက်ပါဦး။ သဘော်ကြီးထွက်တော့မယ်"

ဟု ပြောဆိုလိုက်သံသည် ကြေကွဲဆို့နင့်ဖွယ်ရာ ကျွန်ုပ်တို့၏ နားသည်သို့ ပဲ့တင်ထပ်၍ ရိုက်ခတ်လာသည်။ ထိုစဉ် သဘော်ကြီးက တတိယနှင့် နောက်ဆုံးအကြိမ်အဖြစ် ဥဩဆွဲပြန်သည်။

"ဘော် ... ဘော် ... ဘော်"

သဘော်ကြီးက ဆိပ်ကမ်းမှ တဖြည်းဖြည်းခွာသည်။ ဆရာမလေးကို အော်ဟစ်နှုတ်ဆက်ကြသံများကလည်း ပို၍ကျယ်လောင်လာသည်။ ထိုစဉ်တွင် သဘော်ကြီးအား နောက်ကျောခိုင်း၍ရပ်နေသော နွယ်နွယ်ဟုဆိုသူ အပျိုမကလေးက သဘော်ကြီးဘက်သို့ မျက်နှာလှည့်လာပြီး ချုံးပွဲချ၍ ငိုကြွေးလျက် ...

"ဆရာမ ... နွယ်နွယ် ဟန်ဆောင်မာန်မတင်းနိုင်တော့ပါဘူး ဆရာမရယ်။ အားပါးတရငိုပြီး ဆရာမကို နှုတ်ဆက်ကန်တော့လိုက်ပါတယ်ရှင်"

ဟု လက်အုပ်ကလေးချီပြီးပြောဆိုကာ ထိုင်၍ ကြူကြူပါအောင် ငိုတော့သည်။ သဘော်လက်ရန်းကိုကိုင်၍ ကြည့်နေသော ဆရာမလေးကလည်း ...

"နွယ်နွယ် ... ညီမလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ မျက်ရည်သုတ်နေပြန်ပါသည်။ မည်သို့သော သံယောဇဉ် ဖြစ်ကြသည်ကို ကျွန်ုပ်တို့ မသိနိုင်သော်လည်း မြင်ကွင်းအားလုံးကို အစအဆုံး မြင်တွေ့နေရသည့် ခရီးသည်အားလုံး စိတ်မကောင်းဖြစ်ကြရသည်ကတော့ အမှန်ပင်။ သင်္ဘောကြီး ရေလယ်သို့ရောက်သည့်တိုင် ဆိပ်ကမ်းမှ ကလေးများက ဆရာမလေးအား အော်ဟစ်၍ လက်ပြနှုတ်ဆက်နေကြဆဲပင် ဖြစ်သည်။ ဆရာမလေးလည်း အားတင်းအံကြိတ်ပြီး ဖျတ်ခနဲ မျက်နှာကို လွှဲ၍ သူမ၏ ပစ္စည်းပုံများအကြားတွင် ထိုင်ချလိုက်သည်။

သင်္ဘောကြီးက ရေဝတီကို ဆက်လက်စုန်ဆင်းသည်။ တကောင်းဆိပ်ကမ်းတွင် ကျန်ရစ်ခဲ့ကြရှာသော ကလေးများကို ငေးမျှော်ကြည့်ရင်း ဆရာမလေးလည်း တအင့်အင့်ရှိုက်ငိုနေရှာသည်။ ဆရာမလေးနှင့် သူ့ဇာတပည့်များ သံယောဇဉ်က သေးဟန်မတူပါ။

❁ ❁ ❁

| ၄ |

❑

သင်္ဘောကြီး အရှိန်ရလာသည်နှင့်အမျှ မြစ်ပြင်မှ လေနုအေးတလေးက တိုက်ခတ်လာသည်။ ထို့ကြောင့်လည်း စိတ်ငြိမ်သွားဟန်တူသော ဆရာမလေးက ကျွန်ုပ်ကို သတိပြုမိဟန်ဖြင့် လှည့်ကြည့်သည်။ ကျွန်ုပ်ကလည်း စကားပြောဖော်ရရန်နှင့် ဆရာမလေးအား နှစ်သိမ့်သည့်အနေဖြင့်–

"တကောင်းကို အသုံးလုံးလုပ်အားလာပေးတဲ့ ဆရာမလေးထင်ပါရဲ့"

"ဟုတ်ပါတယ်ရှင်၊ ဒါနဲ့ အစ်ကိုကကောဟင်"

ကျွန်ုပ်ကိုလည်း သူမလိုပင် အသုံးလုံးဆရာကလေးဟု ထင်ဟန်တူသည်။

"ကျွန်တော်လည်း အရင်က အသုံးလုံးကျောင်းဆရာ (၃)နှစ်တောင် လုပ်ခဲ့ဖူးပါတယ်။ မုံရွာ၊ ကျောက်ဆည်နဲ့ အမရပူရမြို့နယ်တွေမှာပါ။ အခုတော့ အစိုးရဝန်ထမ်း ဖြစ်နေပါပြီ"

"သူတို့က သံယောဇဉ်အလွန်ကြီးတယ်နော် ... အစ်ကို။ ကျွန်မလည်း တာဝန်ပြီးလို့သာ နေရပ်ပြန်ရမှာ ခွဲခွာလာရတာကို အတော်စိတ်မကောင်းဖြစ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့တုန်းကလည်း ဒီလိုပါပဲဗျာ။ ကျွန်တော်တို့ သင်တန်းပြီးလို့ နေရပ်ပြန်တော့ ငိုလိုက်ကြတာမှ တစ်ရွာလုံးပဲ။ အဘိုးကြီး၊ အဘွားကြီးတွေတောင် မကျန်ဘူး။ သံယောဇဉ် အတော်ကြီးကြတာကလား"

"ဟုတ်ပါရဲ့ … အစ်ကိုရယ်။ နေ့နေ့ညည တစ်ရွာလုံးက ဂရုစိုက်လွန်းလို့ ရောက်စက အနေတော်အနေရခက်ရတယ်။ အသားကျသွားတော့လည်း တစ်ရွာလုံးနဲ့ သံယောဇဉ်က အတော်ကြီးမားနေကြပြီ။ (၄၅)ရက်ပြည့်လို့ နေရပ်ပြန်ရတော့ မခွဲနိုင်မခွာရက် ဖြစ်ကြရရော။ ဆွေမျိုးအရင်းအချာထက်တောင် ချစ်ကြခင်ကြ ဂရုစိုက်ကြပါတယ်။ ကျွန်မ တကောင်းကိုရောက်စက အစိမ်းအဖန့် အိမ်ကိုလွမ်းပေမဲ့ တစ်ပတ်လောက်အကြာမှာပဲ အိမ်ကိုလွမ်းတဲ့ စိတ်တွေကို ဖြေဖျောက်နိုင်ခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ရွာက အသက်အရွယ်ကြီးသူတိုင်းက ကိုယ့်မိဘအရင်းအချာလိုပဲ ဂရုစိုက်ကြတာကိုး … အစ်ကိုရဲ့။ ကလေးတွေဆိုရင်လည်း ဒီအတိုင်းပဲ။ ကိုယ့်မောင်အရင်းအချာလို သံယောဇဉ်တွယ်ကြတာ အစ်ကိုတို့ အမြင်ပဲလေ။ ကျွန်မတည်းခိုနေထိုင်ခဲ့တဲ့အိမ်က မောင်ပေါက်ကျိုင်းနဲ့ နွယ်နွယ်တို့ကို မြင်တယ်မဟုတ်လား။ ဟိုနွားကျောင်းသားလေးနဲ့ မျက်နှာလွှဲမာန်တင်းပြီးမှ ချုံးပွဲချငိုတဲ့ အပျိုမကလေးလေ"

"မောင်ပေါက်ကျိုင်းတဲ့လား၊ နွယ်နွယ်နဲ့ သူက ဘာတော်သလဲ ညီမ"

"သူတို့က မောင်နှမအရင်းတွေ … အစ်ကို။ နွယ်နွယ်က အကြီးပေါ့။ နှစ်ယောက်စလုံး လူဝင်စားတွေပဲ။ မောင်ပေါက်ကျိုင်းလို့ခေါ်တာကလည်း အကြောင်းရှိပါတယ်။ သူ့ပုံစံကို ကြည့်ပါလား။ ငယ်ငယ်ရွယ်ရွယ်နဲ့ အားခွန်ဗလ ပြည့်စုံတယ်။ လုံ့လရှိတယ်။ ဝီရိယရှိတယ်။ ဇွဲရှိတယ်။ သူတို့မိသားစုက တကောင်းမှာ အချမ်းသာဆုံးပဲ။ ဒါပေမဲ့ မောင်ပေါက်ကျိုင်းက အလွန်ရိုးသားတယ်။ သူတို့ကိုယ်ပိုင်နွားအုပ်ကြီးကို နေ့စဉ်ကျောင်းတယ်။ နွယ်နွယ်ကတော့ အိမ်မှာ ရက္ကန်းခတ်တယ်။ အိမ်မှုကိစ္စတာဝန်ရကို သူတစ်ယောက်တည်း ဒိုင်ခံလုပ်တယ်"





"လူဝင်စားတွေတဲ့လား။ ဘာထူးခြားချက်ရှိလို့လဲ။ သူတို့က ဘာအလုပ်လုပ်လို့ ချမ်းသာကြတာလဲ"

"အဲဒါကို ပြောမလို့ပဲ … အစ်ကို။ မောင်ပေါက်ကျိုင်း လူမှန်းသိတတ်စ အရွယ် (၅)နှစ်သားလောက်မှာပဲ တကောင်းအရှေ့မြို့ရိုးအခြေမှာ မြှုပ်နှံထားတဲ့ ရတနာအိုးကို အခုလက်ရှိမိဘတွေကို ညွှန်ပြပြီး တူးဖော်စေခဲ့တယ်။ နောက်ပြီး စိတ်လိုရင် အရင်မောင်ပေါက်ကျိုင်းဘဝကို ပြန်ပြောလေ့ရှိသတဲ့ … အစ်ကို"

"မေးပါများ စကားရ၊ သွားပါများ ခရီးရောက်၊ မအိပ်မနေ အသက်ရှည်ဆိုတဲ့ စကားပုံကိုလည်း ငယ်ဘဝကတည်းက ဘယ်သူမှ သင်မပေးဘဲ သိချင်းလုပ်ဆိုနေတတ်သတဲ့။ အတော်ထူးခြားတဲ့ ကလေးတစ်ယောက်ပါပဲ။ ကျွန်မနဲ့တွေ့တော့လည်း သူဘုရင်လုပ်ခဲ့တဲ့ နန်းတော်ရာကို ပြတယ်။ တကောင်းခေတ်က ဂမ္ဘီရအတတ်ပညာတွေ အကြောင်းကိုလည်း ပြောပြတယ်။ သူက ကလေးဆိုပေမဲ့ လူကြီးဆန်တယ်။ ကျွန်မတို့မသိတဲ့ ဂမ္ဘီရအတတ်တွေကိုလည်း သူတတ်တယ်။ ကလေးဆိုပေမဲ့ တစ်အိမ်လုံးကို အုပ်ချုပ်နေတာသူပဲ။ နွားကျောင်းတယ်၊ လယ်ထွန်တယ်၊ နွားနို့လည်း ညှစ်ရောင်းတယ်။ သူစိုက်ထားတဲ့ အသီးအနှံတွေကလည်း အလွန်ဖြစ်ထွန်းတယ်။ ကျွန်မကိုလည်း အစ်မကြီးတစ်ယောက်လို အလွန်ခင်ရှာတယ်။ လိုလေသေးမရှိအောင် ပြုစုတယ်"

"နွယ်နွယ်ကရော ဘယ်သူဝင်စားတာလဲ။ စိတ်ဓာတ်တော့ အတော်ပြင်းမဲ့ မိန်းကလေးပဲ"

"ဟုတ်တယ် … အစ်ကို၊ နွယ်နွယ်ကတော့ တကောင်းက ပန်းဘဲဆရာ မောင်တင့်တယ်ရဲ့ညီမ မခြတ်လှဝင်စားတာလို့ ပြောကြတယ်။ ငယ်စဉ်က မီးကို အလွန်ကြောက်တယ်။ စကားပန်းအနံ့ကိုလည်း မုန်းတယ်။ စကားပြောတတ်စမှာပဲ သူတို့မောင်နှမသုံးယောက်ကို စကားပင်မှာချည်နှောင်ပြီး ဘုရင်က မီးရှို့သတ်တာလို့ ခဏခဏ ပြောတတ်သတဲ့။

နောက်ပြီး နွယ်နွယ်ဟာ အလွန်မာနကြီးတယ်၊ စိတ်ခိုင်တယ်၊ သတ္တိကောင်းတယ်။ ရွာမှာလည်း ကွမ်းတောင်ကိုင် အချောအလှပေါ့။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက်စလုံးက မူလတန်းအောင်ပြီးသားမို့ ကျွန်မ စာသင်ပေးရတဲ့ ကျောင်းသားတွေ မဟုတ်ကြပါဘူး။ ဒါပေမဲ့ ကျွန်မနဲ့ တစ်အိမ်တည်းနေကြရတော့ ကျွန်မကို အစ်မကြီးတစ်ယောက်လို အလွန်ခင်မင်ကြရှာတယ်"

"ကိုယ်စာသင်ပေးရတဲ့ ကျောင်းသားလည်းမဟုတ်ဘဲနဲ့ အစ်မအရင်းလို ခင်မင်ကြတယ်ဆိုတော့ အရင်ဘဝက ပဋ္ဌာန်းဆက်တွေ ထင်ပါရဲ့ဗျာ"

"ဖြစ်နိုင်ပါတယ် . . . အစ်ကို။ နွယ်နွယ်နဲ့ကျွန်မက တစ်အိမ်တည်း တစ်ခန်းထဲမှာ အတူနေကြပြီး နေအတူ၊ ထိုင်အတူ၊ စားအတူ၊ အိပ်အတူဆိုတော့ တအားရင်းနှီးကြတယ်။ အဲ . . . ထူးခြားတာကတော့ နွယ်နွယ်ရဲ့ ကိုယ်သင်းရနံ့ပဲ။ ချွေးထွက်တာတောင် စကားဝါပန်းရနံ့ မွှေးနေတယ်။ သူ့အသားအရေကလည်း စကားဝါပန်းလိုပဲ ဝါဖျော့ဖျော့ကလေး။ ဒါပေမဲ့ နွယ်နွယ်က အဲဒီစကားဝါပန်းအနံ့ကို မုန်းသတဲ့လေ။ ဒါကြောင့် အနံ့ကိုဖုံးသွားအောင် ရေချိုးပြီးတာနဲ့ သနပ်ခါးထူထူလိမ်းတယ်။ ရေမွှေးဆွတ်တယ်။ ဒါပေမဲ့ လှုပ်ရှားမှုကြောင့် ချွေးထွက်လာတာနဲ့ သနပ်ခါးအနံ့နဲ့ ရေမွှေးနံ့ပျောက်ပြီး စကားဝါပန်းရနံ့ ထွက်လာတော့တာပဲ"

"ဩော် . . . အတော်ထူးခြားတဲ့ မိန်းကလေးပဲနော်။ လူဝင်စားဆိုတာလည်း ဟုတ်မယ်ထင်ပါရဲ့။ ဒါနဲ့ ဒီကညီမ နေရပ်ပြန်ဖို့ သင်္ဘောပေါ်တက်လာတော့ သူမပါဘူးလို့ စိတ်ဆိုးဖြတ်ထားဟန်တူပါရဲ့။ ဒါပေမဲ့ သူ မထိန်းနိုင်တော့ဘဲ ငိုတယ်နော်။ ငိုတာမှ ရှိုက်ကြီးတငင်ငိုတာ။ ကျွန်တော်တို့ သင်္ဘောပေါ်က ကြည့်နေကြတဲ့ ခရီးသည်တွေတောင် စိတ်မကောင်းဖြစ်ကြရတယ်"

"ရှေးဘဝက ပဋ္ဌာန်းဆက်တွေထင်ပါရဲ့ . . . အစ်ကိုရယ်။ ဘယ်လိုရေစက်မှန်းတောင် မသိတော့ပါဘူး။ ကျွန်မမှာလည်း ညီအစ်မအရင်းနှစ်ယောက်ရှိပါတယ်။ ဒါပေမဲ့ နွယ်နွယ့်ကို ချစ်သလိုမျိုး ချစ်မရခဲ့ပါဘူး။ တစ်အူတုံဆင်း ညီအစ်မရင်းတွေဖြစ်ပေမဲ့ မတည့်ကြတာက များပါတယ်။ နွယ်နွယ့်ကိုတွေ့မှ ကျွန်မကိုယ်ကျွန်မလည်း အံ့ဩမိပါတယ်။

နွယ်နွယ့်ဘက်ကလည်း ထူးဆန်းနေပြန်တယ် အစ်ကို။ ငယ်စဉ်ကတည်းက အငိုအရယ်နည်းတဲ့ မိန်းကလေးတဲ့။ စိတ်ဓာတ်ကလည်း အလွန်





. . .တယ်၊ သူ့ညီမတစ်ယောက်လုံး ဆုံးတာတောင် မငိုခဲ့ဘူးတဲ့။ အခုတော့ . . .မကြောင့် ညီမလေးနွယ်နွယ် ငိုရရှာပါပြီ . . . အစ်ကိုရယ်"

"အင်း . . . ဟင့် . . . ဟင့်"

"တိတ်ပါ . . . ညီမရယ်။ တွေ့ဆုံ၊ ကြုံကွဲဆိုတာ လူသတ္တဝါတွေ . . . ဖြစ်ရိုးဖြစ်စဉ် သဘာဝတရားတွေပါပဲ။ တရားနဲ့ ဖြေပါ။ တကောင်းဆို . . .ကလည်း မြန်မာပြည်အတွင်းမှာပဲ ရှိတာပါ။ အဆင်ပြေတဲ့တစ်နေ့ ပြန် . . .လည်လို့ ရပါတယ်။ နောက်တစ်ခုက ညီမဘွဲ့ရပြီးရင်လည်း ကျောင်း . . .ရာမအလုပ်ကိုလျှောက်ပြီး တကောင်းမှာ တာဝန်ထမ်းဆောင်လို့ ရပါ . . .တယ်"

"ဟုတ်တယ်နော် . . . အစ်ကို။ ညီမက ပညာရေးတက္ကသိုလ်က . . .က်ဆုံးနှစ်ကျောင်းသူပါ။ ဆရာမဖြစ်မှ တကောင်းကိုရအောင် လျှောက် . . .ယ်"

ကျွန်ုပ်၏ဖျောင်းဖျနှစ်သိမ့်မှုကြောင့် အသုံးလုံးဆရာမလေးမှာ စိတ် . . .တက်ကြွလာပြီး အငိုတိတ်၍ ပန်းနုရောင်လက်ကိုင်ပဝါကလေးကိုထုတ် . . . မျက်ရည်သုတ်နေရှာတော့သည်။

"ဒါနဲ့ အစ်ကိုက ဘယ်မှာနေတာလဲဟင်။ အလုပ်ကကော ဘာလုပ် . . .လဲ"

"ကျွန်တော်က ရန်ကုန်သမိုင်းမှာ နေတာပါ။ အလုပ်ကတော့ . . .ဦးစီးဌာနက ထောင်မှူးပါ"

"ဩော် . . . အစ်ကိုက ထောင်မှူးကိုး။ ညီမထင်တာက ထောင်မှူး . . .တာက အသက်ကြီးကြီး၊ ဝဝကြီးတွေလို့ ထင်နေတာ"

"ဟုတ်ပါတယ် ညီမရယ်။ အရင်ထောင်မှူးတွေကတော့ လူကြီး . . .ပါပဲ။ ကျွန်တော်တို့ အပတ်စဉ်ကျမှ ဘွဲ့ရလူငယ်တွေကို ခေါ်တာပါ"

"ညီမက ဆရာမလုပ်မှာဆိုတော့ စာအတော်များများ ဖတ်ဖူး . . .ယ်အစ်ကို။ ထောင်က ဆရာကြီးတွေဖြစ်ကြတဲ့ မြောင်းမြမောင်ကိုတို့၊ . . .ဦးရန်အောင်မောင်မောင်တို့ ရေးတဲ့စာတွေကို အများကြီး ဖတ်ဖူး . . .ယ်။ အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဆရာကြီး ဒဂုန်ရွှေမျှားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောင်မင်းသားဦးဘိုးထော်တို့၊ လူထုဦးလှရဲ့ ထောင်ဝတ္ထုတွေကိုလည်း ဖတ်ဖူးပါတယ်''

''သြော် . . . ညီမက စာအတော်ဖတ်တာပဲကိုး။ စာဖတ်တဲ့ အလေ့အကျင့်ဟာ အလွန်ကောင်းမွန်တဲ့ အလေ့အကျင့်ပါ။ စာဖတ်တော့ အတွေးအမြင် အသစ်အဆန်းတွေရပြီး ဗဟုသုတကြွယ်တာပေါ့။ ဆရာမလုပ်မယ့်သူဟာ ကျောင်းသားကျောင်းသူတွေကို ဆုံးမပဲ့ပြင်ရမယ့် လမ်းပြကြယ်ပါပဲ''

''ဟုတ်တယ် အစ်ကို၊ ဒါကြောင့်လည်း ညီမ အသုံးလုံးဆရာ လုပ်ရင်း အတွေ့အကြုံယူနေတာပါ။ ညီမ အသုံးလုံးဆရာမလုပ်ခဲ့တာ (၃)နှစ်ရှိပါပြီ။ အစ်ကို့လိုပါပဲ။ မုံရွာ၊ ကသာနဲ့ အခုနောက်ဆုံး တကောင်းကိုရောက်တာပါပဲ။ အရင်ရွာတွေတုန်းက အခုလောက် သံယောဇဉ် မဖြစ်မိကြပါဘူး . . . အစ်ကိုရယ်။ တကောင်းရောက်မှ ညီမငိုရတာပါ''

''ဒါနဲ့ ညီမက ဘယ်အထိပြန်မှာလဲ''

''ရန်ကုန်ကိုပါပဲ အစ်ကို။ လှည်းတန်းအထိ ပြန်ရမှာပါ။ အစ်ကိုနေတဲ့ သမိုင်းနဲ့ မဝေးပါဘူး။ ရထားပေါ်ကျမှ ညီမလိပ်စာကို ပေးတော့မယ်နော်''

✿ ✿ ✿

# [ ၅ ]

❑

ကျွန်ုပ်သည် တသွင်သွင်စီးဆင်းနေသော မြစ်ရေလှိုင်းတို့နှင့် အတူ ဆိပ်တွင်း၌ ခံစားမှုလှိုင်းတို့ တသိမ့်သိမ့် ရိုက်ခတ်လျက်ရှိသည်။ တကောင်းက ယခုဇာတ်လမ်းသည် ဒဏ္ဍာရီပုံပြင်မဟုတ်သော ပညာရေးလောကမှ အလှဇာတ်လမ်းတစ်ပုဒ်ဖြစ်သည့် သမုဒယသံယောဇဉ်ဇာတ်လမ်းတစ်ပုဒ်ကို ကျွန်ုပ်တို့အား ပြောပြနေခြင်းဖြစ်သည်။

ညနေဆည်းဆာ အချိန်ရောက်ပြီဖြစ်၍ နေသည် မြစ်ပြင်အတွင်း သို့ ငုပ်လျှိုးဝင်ရောက်တော့ရန် ဟန်ပြင်နေသည်။ ဧရာဝတီမြစ်ကြီး၏ ဆည်းဆာအလှသည် အံ့မခန်း သာယာလှပလှသည်။ ညဥ့်ဦးယံရှေ့ပြေးလေသည် မြစ်ပြင်ကြီးအား လျှပ်တိုက်ပြေးလွှားလာသဖြင့် အေးချမ်းလှသည်။ မိုးယံ ထွင် ငွေဖျိုင်းဖြူအုပ်တို့ အိပ်တန်းပြန်လျက်ရှိကြသည်။

မကြာမီ ကျွန်တော်တို့ မလည်ရွာဆိပ်ကမ်းသို့ ကပ်လာသဖြင့် သင်္ဘောကြီးက ဥသြဆွဲသည်။

''ဘော် . . . ဘော် . . . ဘော်''

ဧရာဝတီမြစ် အစုန်ခရီးညာဘက်ကမ်းရှိ မလည်ရွာဆိပ်ကမ်းသို့ သင်္ဘောကြီး ဝင်ရောက်လာသည်။ ကမ်းပေါ်တွင် ဆိုင်တန်းများဖြင့် ပြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သဘော်ကြီး ဥသြသံကြားသည်နှင့် ဆိပ်ကမ်းမှာ လှုပ်လှုပ်ရှ‌ရှ‌ဖြစ်သွားသည်။

"ညီမ . . . အစ်ကိုဆိပ်ကမ်းဆင်းပြီး ထမင်းထုပ်ဝယ်လိုက်ဦးမယ်။ ဘာဟင်းနဲ့ စားချင်သလဲ။ ဒီရွာက ဟင်းအစုံရတယ်။ လက်ရာလည်းကောင်းတယ်"

"မဝယ်နဲ့တော့ အစ်ကို။ ညီမကို နွယ်နွယ်တို့ ထည့်ပေးလိုက်တာ ထမင်းဟင်း အစုံပါတယ်။ အစ်ကို့အတွက်လည်း မဝယ်နဲ့တော့။ ဒီမှာ အများကြီးပဲ"

"အညောင်းပြေ၊ အညာပြေ ခဏတော့ ဆင်းလိုက်ဦးမယ်ကွယ်"

"ဟုတ်ကဲ့ အစ်ကို"

ကျွန်ုပ် သဘော်ကြီးပေါ်မှ ဆိပ်ကမ်းပေါ်သို့ တက်ခဲ့သည်။ ရေကျချိန်ဖြစ်၍ ကမ်းပါးမှာ အတော်မြင့်သည်။ ဆိပ်ခံသစ်သားတံတားမှ ကမ်းပါးပေါ်သို့ လှေကားထစ်ကလေးများကို နင်း၍ မော့တက်ရသည်။ ပေ (၁၀၀) ကျော် မြင့်ပေလိမ့်မည်။ ကမ်းပါးပေါ်ရောက်တော့ ထမင်းဆိုင်နှင့် အသီးအနှံအရောင်းဆိုင်များကို တန်းစီ၍ မြင်ရသည်။ ကျွန်ုပ် လှည့်ပတ်ကြည့်ရှုပြီး ဆိပ်ကမ်းအနီးရှိ ရွှေတောင်ဦးဘုရားကုန်းတော်ပေါ်သို့ တက်ခဲ့သည်။ ကုန်းတော်ပေါ်၌ ရွှေမုဋ္ဌောစေတီရှိသည်။ ဇရပ်၊ တန်ဆောင်း၊ သိမ်ကျောင်းတို့ဖြင့် တင့်တယ်နေသည်။

ဘုရားပရိဝုဏ်ထဲ၌ တရုတ်စကားပင်များ နေရာအနှံ့ ပေါက်နေကြရာ ညနေရီဆည်းဆာတွင် စကားပန်းရနံ့များဖြင့် စေတီတော်အား ဖူးမြော်ရသည်မှာ စိတ်အေးချမ်းသာယာလှသည်။ စကားပန်းရနံ့ကိုမုန်းသော တကောင်းမှ လူဝင်စားမကလေး နွယ်နွယ်ကို ကျွန်ုပ် ရုတ်တရက် သတိရလိုက်မိသည်။

ထိုစဉ် ညနေဆည်းဆာတိုက်ခတ်ထားသော မြစ်ယံမှ လေပြည်ကလေးကြောင့် ရွှေမုဋ္ဌောစေတီမှ ဆည်းလည်းသံကလေးများမှာ တချွင်ချွင်ဖြင့် ကြည်နူးစဖွယ် ကောင်းလှသည်။ 'သမုဒယသံယောဇဉ်' အပူမီးတောက်လောင်နေရှာသော အသုံးလုံးဆရာမကလေးကို ကျွန်ုပ် ပြေး၍သတိရလိုက်





မိသည်။ ကျွန်ုပ် ရွှေမုဋ္ဌောဘုရားရင်ပြင်တော်ပေါ်တွင် ခံစားနေရသော အေးငြိမ်းသာယာမှုကို သူမအားလည်း မျှဝေခံစားစေချင်မိသည်။

ကျွန်ုပ် ရွှေမုဋ္ဌောဘုရားရင်ပြင်တော်ပေါ်မှ မြစ်ကမ်းအောက်သို့ ငုံ့ကြည့်မိရာ အသည်းအေးသွားမိသည်။ ရေကျချိန်ဖြစ်၍ အောက်ပေအနက် (၁၀၀)ခန့်တွင် ဧရာဝတီမြစ်ကြီးက စီးဆင်းနေသည်။ မြစ်ပြင်တွင် လှေနှင့်သမ္ဗန်ကလေးများ၊ တစ်ဖက်ကမ်း စမ္ပနဂိုရ်ရွာသို့ အစုန်အဆန်သွားလာနေကြသည်မှာ ဖက်ရွက်ကလေးများ ရေထဲမျောနေသည့်အတိုင်းပင်။ လွန်စွာ ကြည်နူးချမ်းမြေ့စရာ ကောင်းလှသည်။

"ဘော် . . . ဘော် . . . ဘော်"

သဘော်ကြီးမှ ဥသြသံကြားရသဖြင့် ကျွန်ုပ် အတွေးစကိုဖြတ်ပြီး ဘုရားကုန်းတော်ပေါ်မှ အလျင်အမြန်ပြေးခဲ့ပြီး ထမင်းဆိုင်တန်းတွင် ငါးကြော်များဖြင့် ထမင်းဝယ်ရင်း အနီးတွင်ရှိသည့် သစ်သီးဆိုင်မှ ဖီးကြမ်းငှက်ပျောသီးမှည့်မှည့်တစ်ဖီးကိုလည်း ကတိုက်ကရိုက်ဝယ်၍ ဆိပ်ကမ်းသို့ ပြန်ဆင်းခဲ့သည်။ ဆရာမလေးမှာ ကျွန်ုပ်အား လက်ပြနေရင်း . . .

"အစ်ကို . . . မြန်မြန်ပြန်တက်ခဲ့တော သဘော်ကြီးထွက်တော့မယ်"

ကျွန်ုပ် သဘော်ပေါ်တက်မိတော့၊ သဘော်ကြီးက ဒုတိယအကြိမ် ဥသြဆွဲပြန်သည်။

"ဘော် . . . ဘော် . . . ဘော်"

ကျွန်ုပ် အပေါ်ထပ်ရောက်၍ ထမင်းထုပ်များနှင့် ဖီးကြမ်းငှက်ပျောသီးအား ဆရာမလေးရှေ့တွင် ချပေးလိုက်စဉ် သဘော်ကြီးက နောက်ဆုံးအကြိမ် ဥသြဆွဲပြီး ဆိပ်ကမ်းမှ ခွာတော့သည်။

"ဘော် . . . ဘော် . . . ဘူ"

"တော်ပါသေးရဲ့ . . . အစ်ကိုရယ်။ အစ်ကိုကျန်ခဲ့ပြီ မှတ်နေတာ။ ဘယ်တွေသွားနေတာလဲ ညီမဖြင့် စိုးရိမ်လိုက်ရတာ"

"ကုန်းတော်ပေါ်က ရွှေမုဋ္ဌောစေတီကို ဖူးမြော်ရင်း ဧရာဝတီမြစ်ကြီးရဲ့ နေဝင်ဆည်းဆာအလှကို ငေးနေမိတာပါ ညီမရယ်။ ဘုရားရင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တရုတ်စကားပန်းတွေ ပွင့်နေပြီး သင်းပျံ့တဲ့ရနံ့ကြောင့် လူဝင်စားကလေး နွယ်နွယ်နဲ့ ညီမကိုတောင် အစ်ကိုသတိရလို့ ငေးမောနေမိတာပါ”

“ဪ . . . အစ်ကိုရယ်၊ ညီမရဲ့ ‘သမုဒယသံယောဇဉ်’က အစ်ကို့ရင်ကိုပါ ကူးစက်လောင်မြိုက်သွားပြီ ထင်ပါရဲ့ . . . အင့် ဟင့် ဟင့်”

“သတိထားပါ . . . ညီမရယ်။ အစ်ကိုက ရင်ထဲခံစားရတာတွေကို အမှန်အတိုင်း ပြောမိတာပါ”

သင်္ဘောကြီးမှ မီးများလင်းလာသည်။ ကျွန်ုပ်နှင့် ဆရာမလေး ညစာ အတူစားကြသည်။ ကျွန်ုပ်မှာ ညစာအား ကောင်းစွာ စားနိုင်သော်လည်း ဆရာမလေးက တို့ကနန်း- ဆိတ်ကနန်းပင် ညစာကိုစားရှာသည်။ ကျွန်ုပ်က အလိုက်သိစွာပင် ဖီးကြမ်းငှက်ပျောသီးမှည့်များအား ဆရာမကလေးကို ခွဲပေးသည်။

“ညီမ . . . ငှက်ပျောသီးစားလိုက်ဦး။ ညီမ ညစာထမင်းစားတာ နည်းတယ်။ ညလယ်ကျ ဆာနေလိမ့်မယ်”

“ဟုတ်ကဲ့ အစ်ကို”

ပတ်ဝန်းကျင်ရှိ ခရီးသွားများက ကျွန်ုပ်တို့နှစ်ဦးအား တစေ့တစောင်းကြည့်၍ သဘောကျနေကြဟန်တူသည်။ မကြာမီ သင်္ဘောဝန်ထမ်းများက-

“သိမ်းတောင်စုပ်ဝဲကြီးကို ဖြတ်တော့မယ်။ သင်္ဘောလက်ရန်းနားမှာ မတ်တတ်ရပ်မနေကြပါနဲ့။ အားလုံး သတိနဲ့ထိုင်နေကြပါ”

မကြာမီ သင်္ဘောစက်သံမြင့်ပြီး စုပ်ဝဲကြီးအနီးမှ ဖြတ်တော့သည်။ သင်္ဘောကြီးမှာ တစ်ချက်ခါယမ်းသွားသေးသည်။ စုပ်ဝဲကြီးအသံမှာ တဝေါဝေါမြည်သံပေးနေသည်။ သို့သော် သင်္ဘောမောင်းသူက ကျွမ်းကျင်စွာဖြင့် စုပ်ဝဲကြီးကို ဖြတ်ကျော်နိုင်ပါသည်။

မကြာမီ ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းတွင် မေတင်လျက်ရှိသော ရွှေဥဒေါင်းတောင်ကြီးနှင့် မီးများလင်းလက်နေသော သပိတ်ကျင်းမြို့ကို လှမ်းမြင်ရသည်။ ရွှေဥဒေါင်းတောင်ကြီးက အမြင့်ပေ (၄၀၀၀)ကျော်ရှိပြီး တောင်နှင့်မြောက်သို့ တန်း၍နေရာယူထားသည်။ ထို့အပြင် အရှေ့ဘက်





နှင့် မြောက်ဘက်စွန်းတစ်လျှောက်တွင်လည်း အင်းနက်တောင်၊ ပတောင်းတောင်နှင့် ရွှေဥတောင်တို့ ရှိကြသည်။ ရွှေဥတောင်၏တောင်ဘက်များ ရေတွန်းကြောအစွယ်ပေါ်တွင် သပိတ်ကျင်းမြို့ကလေးက တည်ရှိနေသည်။

ယခုအခါတွင် ကျွန်ုပ်တို့ သင်္ဘောကြီးသည်မလည်း၊ သိမ်းတောင်မှ ကျောက်မြောင်းအထိ ရှည်လျားသော ဧရာဝတီ၏ တတိယမြစ်ကျဉ်းအတွင်းသို့ ရောက်ရှိနေခြင်းဖြစ်သည်။ တတိယမြစ်ကျဉ်းမှာ ပထမမြစ်ကျဉ်းနှင့် ဒုတိယမြစ်ကျဉ်းတို့ထက် ကျယ်ပြောပါသည်။ သင်္ဘောကြီးမှာ တဖြည်းဖြည်း သပိတ်ကျင်းမြို့ဆိပ်ကမ်းသို့ ဝင်ရောက်လာပါသည်။

“ဘော် . . . ဘူ . . . ဘော်”

ဆိပ်ကမ်းသို့ သင်္ဘောကြီးကပ်တော့ ည (၁၁)နာရီခန့် ရှိပေပြီ။ ခရီးသည်များ ဆင်းကြ၊ တက်ကြသည်။

“ညီမ . . . ခဏအိပ်ပါလား။ အစ်ကို စောင့်နေမယ်”

“ညီမ မအိပ်ချင်သေးဘူး . . . အစ်ကို။ အစ်ကိုအိပ်ချင်ရင် အိပ်ပါ၊ ညီမစောင့်နေပါ့မယ်”

“အစ်ကိုလည်း မအိပ်ချင်သေးပါဘူးကွယ်”

ညဉ့် (၁၂)နာရီတွင် သင်္ဘောကြီး သပိတ်ကျင်းမြို့မှ ထွက်ခွာ၍ ...ခဲ့ပြန်သည်။ ခရီးသည်များအတွက် အိပ်ချိန်ဖြစ်သော်လည်း သင်္ဘော...သမ်းများအတွက်တော့ အိပ်ချိန်မဟုတ်ပါ။ သတိကြီးစွာထားရသော ည...ချိန် ရေကြောင်းလမ်းခရီးဖြစ်ပေသည်။ မကြာမီ ဧရာဝတီမြစ်ကြီး၏ ဝဲဘက်...ပေါ်တွင် ရွှေရောင်တဝင်းဝင်းနှင့် မီးများထိန်လင်းနေသော အညာသီဟ...ဘုရားကို ဖူးမြင်ရသည်။ ထို့နောက် ဘိုးဖြူတောင်နှင့် မယ်ဖြူတောင်...အရောက်၌ ရေကြောင်းက ကျဉ်းသွားသည်။ မအိပ်သေးသော ဆရာမ...အား ကျွန်ုပ်က . . .

“ညီမရေ . . . ဒီကမ်းနှစ်ဖက်က တောင်ကြီးနှစ်တောင်ကို ဘိုးဖြူတောင်နဲ့ မယ်ဖြူတောင်လို့ ခေါ်တယ်။ မောင်ပေါက်ကျိုင်းရဲ့ အဖေနဲ့ အမေ...ညွှန်းပြီးခေါ်တာလို့ သိရတယ်”

www.burmeseclassic.com



"ဩော် ... မောင်လေးမောင်ပေါက်ကျိုင်းရဲ့ အဖေနဲ့အမေကို ဂုဏ်
ပြုပြီးခေါ်တာတဲ့လား။ ယခင်ဘဝက တကောင်းခေတ်က အဖေနဲ့ အမေ
ပေါ့နော်"

"ဟုတ်ပါတယ် ညီမ"


ကျွန်ုပ်တို့ မောင်ပေါက်ကျိုင်းဒဏ္ဍာရီကို ပြန်လည်သတိရ၊ တွေ
တောနေမိရင်း တိတ်ဆိတ်သွားကြပြန်သည်။ သဘောကြီး မြစ်ကမ်းဘေး
ရွှေကျင်ရွာကြီးကို ဖြတ်ကျော်ပြီး မကြာမီ ရွှေဘိုဆိပ်ကမ်း၊ ကျောက်မြောင်း
သို့ ရောက်သည်။ ကျောက်မြောင်းမှ ထွက်ခွာပြီးနောက် စဥ့်ကူး၊ ခက်သင်
ဆီသည်၊ ထုံးကြီး၊ သစ်ဆိမ့်ကြီး၊ ဟသ်ာကြီး၊ ရှိမ်းမကားနှင့် စဥ့်ကိုင်
ကို ကျော်သောအခါ စစ်ကိုင်းတောင်ရိုးကြီးကို လှမ်းမြင်ရသည်။ အရှေ့
အချိန်သို့ တိုင်ခဲ့ပြီဖြစ်သည်။ သို့သော် ကျွန်တော်တို့နှစ်ဦးမှာ ငုတ်တုတ်ပ
တစ်မေးမျှ မမေးခဲ့ကြပါ။ မကြာပါ။ လက်ဝဲဘက်အဝေးတွင် မီးထိန်ထိ
လင်းနေသော မန္တလေးတောင်ကြီးကို လှမ်းမြင်ရပြန်သည်။ ခဏအကြာ
တွင် မင်းကွန်းကိုကျော်၍ မန္တလေးဂေါ်ဝိန်ဆိပ်သို့ သဘောကြီးဆိုက်က
သည်။ အချိန်မှာလည်း မနက် (၆)နာရီခန့် ရှိပေပြီ။

"ကဲ ... ညီမရေ၊ ခပ်သွက်သွက်ကလေး လှမ်းလိုက်ကြရအောင်
မနက် (၇)နာရီ အမြန်ရထားမီမှ အစ်ကိုတို့ ရန်ကုန်ကို ည(၇)နာရီလော
ရောက်မှာ"

"ဟုတ်ကဲ့ အစ်ကို"

ဂေါ်ဝိန်ဆိပ်နှင့် မန္တလေးဘူတာကြီးမှာ မဝေးလှ၍ ကျွန်ုပ်တို့ TAX
ကားငှားစီးကြရာ မန္တလေးမှရန်ကုန် မနက်(၇)နာရီ အစုန်ရထားကို မီ
သည်။ ခရီးသွားဖော် ဆရာမလေးနှင့် ကျွန်ုပ်လည်း သံယောဇဉ်ဖြစ်ကြ
'တကောင်းဖူးစာဟုပင် အမည်တပ်ရမလို'၊ 'သမုဒယသံယောဇဉ်' ကြိုး
နိုင်မြဲလှပါတော့သတည်း။

တောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

"မှော်ဆရာတစ်ယောက် အခုမနက်ပဲ ဆေးရုံတိုက်မှာ ဆုံးသွားပြီ တဲ့ . . . ဆရာရေ့"

"ဟေ . . . ဟုတ်ရဲ့လား ကံလှရာ"

စကားအဖြစ်မို့သာ မေးလိုက်ရခြင်းဖြစ်သည်။ မှော်ဆရာဟု ကျွန် တော်တို့က နှုတ်စွဲနှုတ်မြဲနေကြသည့် ဝိဇ္ဇာသောင်းတစ်ယောက် တရှောင် ရှောင်နှင့် ဆေးရုံတိုက်ရောက်ခဲ့ရာမှ အတော်ဖြစ်နေပြီဟု ကြားနေမိခဲ့သည် မှာ ကြာလေလှပြီ။ နဲ့ကျောက်နဲ့ကျောက်ဖြင့် နေ့သေမလို၊ ညသေမလို အခြေ အနေအတော်ဆိုးနေပြီဟု သတင်းသဲ့သဲ့ကြားနေခဲ့ရသည်လည်း ခဏခဏ။

သို့နှင့်တိုင် သူ့ကို တကူးတကသွားမတွေ့ဖြစ်ခဲ့။ မတွေ့ဖြစ်ဆိုသူ ရောက်နေသည်က ပြစ်ဒဏ်တိုက် (Punishment cell) ထဲမှာ။ အလုံပိတ် ပြစ်ဒဏ်ခံနေရပေသည်ကိုး။ ကျောက်ကြီးတို့၊ နွားကြီး၊ နွားလေးတို့၊ ခေါ် တောတို့ လူသိုက်တွေနဲ့ တိုက်ကို မြေအောက်လိုဏ်တူး၍ ထွက်ပြေးကြဖို့ လှုပ်ရှားကြရာမှာ အခါတော်ပေးမိ၍တဲ့။ ပဲလှော်ကြား ဆားညပ်လေသလား ရေတ်သီးနှင့်ပေါင်းမိ၍ပင် ရောအထောင်းခံရသည့် ကြက်သွန်ဖြစ်ရှာလေ သလားမသိ။





'မှော်ဆရာတစ်ယောက် တိုက်ထဲရောက်သွားပြီ'ပဲ ကြားလိုက်ရ ... ရောမပြသနာပုံကြီးထဲ လုံးချာပတ်လည်လိုက်နေရှာပြီပဲ သိလိုက်ရသည်။ ...ည်အချိန်မျိုးမှာ သူနှင့် ခပ်ကင်းကင်းနေလိုက်ခြင်းသည်သာ အကောင်း ...ံးပဲဟုတွေးလျက် တမင်နေခဲ့လိုက်ခြင်းလည်းဖြစ်သည်။

"အင်းပါလေ . . . မှော်ဆရာလိုလူမျိုးဟာ အလကားနေရင်းက ...ောင် သူများတစ်တွေ မနေချင်ကြတဲ့ ကြိုးတိုက်အခန်းလွတ်ထဲကို တမင် ...ောင်းပြီး နေခဲ့ဖူးသေးတဲ့မောင်ပဲ။ ကိစ္စဝိစ္စတွေအေးသွားမှ သွားတွေ့လိုက် ...ာပဲ ကောင်းမယ်ထင်ပါရဲ့"

စိတ်ထဲ၌ သည်သို့သာ ပေါ့ပေါ့တွေးထားမိခဲ့၏။ နောက် နှစ်ရက်ဝ ...ောင်သံသရာထဲမှာ ဖင်လှည့်ခေါင်းလှည့်ဖြင့် လုံးလည်ချာပြားလိုက်ရင်း ...ော်ဆရာကို မေ့သွားခဲ့မိရပြန်သည်။

ယခုဖြင့်မှ သူ့ခမျာ သေရှာပြီတဲ့။

လန့်ပြီး တစ်ကိုယ်လုံး ဖြန်းခနဲ ဖြစ်သွားလိုက်ချင်သေးသည်။

"ကျုပ်ကံလမ်းက ပြတ်နေပြီ . . . ဆရာရဲ့။ ဒီအထဲမှာတင် ကိစ္စ ...ာ။ အဲဒါကတော့ သေချာတယ်။ မြေကြီးလက်ခတ်မလွဲပဲ"

ဟု ကံသေကံမ ကျိန်းသေပြီး သူ့ကြမ္မာသူ ဖတ်ခဲ့ဖူးသေး... ကဲ ...ဖြင့် သူပြောသည့်အတိုင်းချည်းပါပဲကလား။ ဩော် . . . မှော်ဆရာ . . ...ော်ဆရာ သတိရ ရမိသေးတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

"ကျုပ်ကို တိုက်ထဲမှာပဲထားပေးပါ . . . ထောင်မှူးကြီး၊ ဒီအတိုင်းအတိုင်း အိပ်ဆောင်မှာဆက်နေဖို့ ဘယ်လိုမှမဖြစ်လို့ပါ။ ရှုံကြီးခိုးပါရဲ့၊ ကျုပ်ကို ကြိုးတိုက်ခန်း အလွတ်တစ်ခုခုထဲမှာပဲ ထားပေးပါ"

ရော . . . ခက်ပဲခက်ရချည့်။ ထောင်ဆိုသည့်အရပ်မျိုး၌ မကြုံဖူးမကြားဝံ့သည့် မှုခင်းတွေ တလာဆန်းဆန်းကလေးများနှင့် ခုတင်ခု ပက်ပင်းခလုတ်တိုက်မိလေ့ရှိတတ်ငြားသော်လည်း ယခုလိုပုံနှယ် ကိုယ့်ဘာသာကိုယ် ဖွတ်အတင်းနသွားပါရ တိုက်ထဲလိုမ့်ပို့ချင်နေသည့် ဒုံးပေကျွဲရေ ပေတီပေစုတ် လူ့ဖောက်တီဖောက်ထိုးမျိုးကိုကား မမြင်ဖူးခဲ့ရိုးအမှန်။

ဘယ့်နှယ့်ခင်ဗျာ။ ဟော့ . . . မိုက်တဲ့ကောင် လက်ညှိုးထောင်ထောင်အပြင် တန်းမရှိဘူးဟော့ဆိုသည့် အာပေါင်အာရင်းသန်ချင်တတ်သည့် လူမိုက်ပဂေးကြီးပင် ထောင်ထဲသို့ ဒုတ်ဒုတ်ထိရောက်ခဲ့လျှင် အလျား ၁၂ ပေ၊ အနံ ၈ ပေ၊ အမြင့် ၁၃ ပေ အုတ်တံတိုင်းလေးဘက်ကာ အခန်းကျဉ်းကျုတ်ကျုတ်မှောင်မည်းမည်းလေးထဲမှာ နေ့နေ့ညည နှိစ္စရှုဝ ဖင်မလှည့်သာ ခေါင်းမလှည့်သာဖြင့် မတ်တတ်ရပ်လည်း သည်အခန်း၊ ကျောခင်းမည်ကြံပြန်တော့လည်း သည်မှာပဲ။ (မရှိသေ့စကားခင်ဗျာ) ချေးယိုတော့လည်း





သည်မှာ၊ သေးပေါက်တော့လည်း ထိုနည်းလည်းကောင်း နိစ္စဘတ်လုံးလည်းချုပ်ပြားလိုက်နေသည့် တိုက်ခန်း (cell) များကို လက်တွေ့မျက်တွေ့မြင်ရပြီဆိုသောပါက သေးတွေချေးတွေ ဖြန်းဖြန်းကွဲထွက်ကျမလောက် ကြောက်ဒူးတုန်တတ်ကြရမြဲ။

သွားလေသူ ကျေးဇူးရှင်အင်္ဂလိပ်မင်းအစိုးရက နွားမရှုံ့ပိတ်ထိုးကြိတ်၍ အမွေအမွေပေးပစ်ခဲ့သည့် ထောင်တည်းဟူသော နှိပ်ကွပ်ရေးအဆောက်အအုံကြီးမှာ အနှိနှာခေါင်းပေါက်မျှလောက်သာကျယ်သည့် တိုက်ခန်းကလေးများကား အရေးပါပါ အသုံးတော်ခံခဲ့ကြပုံဖူး၏။ သေဒဏ်အကျဉ်းသားများကိုထားသည့် ရင်ခွဲတိုက် (Ordinary Cell)၊ အခြားအကျဉ်းသား၊ အချုပ်သားများနှင့် သီးသန့်ခွဲ၍ ချုပ်နှောင်ထိန်းသိမ်းထားရမည့် ပုဂ္ဂိုလ်များချည်းခြိန်းရသည့် သီးခြားတိုက် (Separate Cell)၊ ထောင်အတွင်းရောက်သည့်အခိုင် မိုက်ဇာတ်မသိမ်းသေးတဲ့ ချိုကလေးတမြမြနှင့် နောက်ထပ် ထောင်တွင်းပြစ်မှုများ ကျူးလွန်တတ်လွန်းသည့် ဆိုးပေမိုက်ခဲကြီးများအတွက် ကျကျနနကြီး ညှော်ဝတ်ကျေပေသည့် အလုံတိုက် (Solitary Cell) ခေါ် ပြစ်ဒဏ်တိုက်(Punishment Cell)၊ အနာကြီးရောဂါသည် အကျဉ်းသားများနှင့် နှစ်ကြီးသမား လူအများကိုထားသည့် ဆေးရုံတိုက် (Hospital) စသည်စသည်တိုက်အမျိုးအစား အဖုံဖုံသည် မိုးကိုဒူးနှင့်တိုက်မည့် ယောကျာ်းဘသားလူဆိုးလူပေ၊ လူတေလူရှုတ်ကြီးများကို ချေချွတ်ဆုံးမအံ့သောငှာ အဆင့်ဆင့် စောင့်နေကြကုန်၏။

ထောင်ကြီးထဲက ထောင်ကလေး အဲ . . . အဝင်အထွက် သံတံခါးတစ်ပေါက်မှလွဲ၍ လောကဝန်းကျင်နှင့် လုံးလုံးအဆက်ပြတ်ရာ အရပ်ဒေသ၊ အုတ်စွအဆုံး မျက်စိတစ်ကမ်း လက်တစ်လှမ်းမှ နေနှင့်လ၊ နေရောင်လရောင်များကိုပင်လျှင် မြင်သာမြင်ရ၊ မကြွင်ရသည့် ဘဝမျိုးမို့ 'တိုက်တော့ . . .' ဆိုသည်နှင့် ချေးချမ်းအောင် ကြောက်ဒူးတုန်လိုက်ရသည့်ဖြစ်ခြင်း။

ယခုမူ ထောင်မှူးကြီး ကျွန်တော့်ရှေ့မှောက်၌ သူ့ကိုယ်သူ ကြိုးသမားများသာထားရသည့် ကြိုးတိုက်အခန်းလွတ်ထဲမှာ သူ့ကိုထားပါချည်းနားပူနားဆာတိုက်နေသူသည် အဘယ်သို့သော သူကောင်းသားပေနည်း။



www.burmeseclassic.com

www.burmeseclassic.com



"နော ... ဆရာ၊ နော ..."

အမယ်မင်း ... မောင်မင်းကြီးသားက ထပ်တွန့်၍ လောဆော်ေ လိုက်ချေသေး။

အသက်က လေးဆယ်သာသာ။ လူပုံက ပိန်ချောင်ချောင်၊ ကုန် ကိုင်းကိုင်း။ ကြောင်တစ်ကောင်၏ မျက်လုံးများလို စူးစူးတောက်တောက် တစ်ခါတစ်ခါ ကြောင်တောင်။ နက်မှောင်သော မျက်ဝန်းထဲမှာ သူငယ်အိမ် သည် ပေါ်လိုက်ပျောက်လိုက်။ တည်တည်တင်းတင်း ကြည့်ချင်သည့်အခါ ကြည့်တတ်သည်။ ရံဖန်ရံခါ မျက်ကြောတွေ သေနေသည့်နှယ် ကလယ် ကလယ် လုပ်ချင်လုပ်နေတတ်သည်။ သို့တိုင် သူ့အကြည့်တွေမှာ မာန်ပါ လွန်းလှ၏။ သူတစ်ပါး၏စိတ်ကို ကယောင်ချောက်ချားဖြစ်အောင် လုပ်တတ် လွန်းလှသည်။

သူကား ဝိဇ္ဇာသောင်း (ခ) မှော်ဆရာ (ခ) အူလူးသောင်းထွန်း ပေတည်း။

သူ့အကြောင်းမသိသူမို့ သူနှင့် တစ်ခဏမျှ မတွေ့လိုက်မိပါစေ နှင့်။ စိတ်ရောကိုယ်ပါ လေးလံထိုင်းမှိုင်းလာပြီးလျှင် စိတ်နဲ့ငါနဲ့ ညစ်တယ် ညစ်တယ် ဖြစ်လာပေလိမ့်။ အာရုံခံစားမှုများ ဖောက်ပြန်ယိုယွင်းသွားပေ လိမ့်။ ဒိဋ္ဌမ္မလောကနှင့် လောကောတ်သိပ္ပံကိုသာပဲ တမ်းတမ်းစွဲ ဖက်တွယ် ဆုပ်ကိုင်ထားသူများပင်လည်း စုန်း၊ ကဝေ၊ တစ္ဆေလောက ဂမ္ဘီရတွေ ကောင်း ရှိပေ၏ဟု ခေါင်းတငြိမ့်ငြိမ့်၊ လက်ဖျားတခါခါဖြင့် လက်ခံသွားရပြီမို့။

လိမ်လည်မှု၊ ရာ-၄၂၀ (ဖိုးတွမ်တီး)နှင့် သာသနာညှိုးနွမ်းစေမှု (ရာ-၂၈၅)တို့ဖြင့် ထောင်နှင့်အိမ်၊ အိမ်နှင့်ထောင် လမ်းသလား ကူးကလန် ခတ်နေသော ထောင်လက်ကောက်အကြီးစား သမ္မာရင့်တစ်ဦးဖြစ်၏တည်း။

"ကဲ ... ကျုပ်လူရေ ... ကျုပ်လူက ဘာတွေအရူးထပြီး ဘာတွေ အရေးတော်ပေါ်လာလေသလဲ မသိပေတဲ့ ကျုပ်မှာဖြင့် အလုပ်မအားကာ တော့ အမှန်ပဲ။ ဒီကနေ့ ပြီးမှဖြစ်မယ့်အလုပ်တွေ တောင်လိုပုံနေတာ။ ပြီး တော့ ပြောလိုက်ရဦးမယ်။ ကျုပ်တို့ ထောင်အလုပ်မှာ ထူးခြားတဲ့ သီးသန့်





ကိစ္စမရှိဘဲနဲ့ တိုက်ခန်းနားကို ယောင်လို့တောင် သီချင်ကပ်ချင်လို့ ကပ်မရ ဘူးဗျာရဲ့။ ဒါ ခင်ဗျားရဲ့အိမ် မဟုတ်ဘူး။ ဟုတ်ပြီလား"

စိတ်ပေါက်ပေါက်ဖြင့် အံ့ငေါ်တူးမိလိုက်ရတော့သည်။

"ဝိဇ္ဇာသောင်း ... ဝိဇ္ဇာသောင်းနှင့် ထောင်ထဲမှာ နာမည်ကြီး ပေမင့်လည်း ယခုမှပဲ နဖူးတွေ့ဒူးတွေ့ ကြုံရပေသည်။ တွေ့တွေ့ချင်းမှာ အာဂလူဟု သြချချင်လာ၏။ သူလုပ်ပုံကြီးက ဟုတ်မှမဟုတ်ပေပဲကိုး။

"အဲဒါက ကလိုရှိပါတယ် ... ကျုပ်ဆရာရယ်။ ကျုပ်ကို တိုက် ခန်းထဲ ထည့်ထားခြင်းအားဖြင့် ထောင်မှူးကြီးတို့ထောင်မှာ အကျိုးယုတ် စရာ မရှိပါဘူး။ အဲ ... အကျိုးတောင် ရှိပေလိမ့်ဦးမယ်"

"ရှိ ... တယ်စာတဲ့ဆိုပါလားဗျို့။ လင်းပါဦး ... ဝိဇ္ဇာသောင်း ကြီးရယ်။ ဘယ်လိုအကြောင်းတွေကြောင့်များ ခင်ဗျားကို တိုက်ခန်းထဲ ထည့် ထားခြင်းဟာ ကျေးဇူးကြီးတဲ့ ကိစ္စလည်းဆိုတာကို"

"တခြားလူတွေ ကျုပ်နဲ့မတွေ့ကြရ၊ ကျုပ်ကလည်း သူတို့တွေကို မကြုံကြရတော့ မဖြစ်သင့်တာတွေ မဖြစ်တော့ဘူးပ ကျုပ်ဆရာရယ်"

"အမယ်မယ် ... လာလာချေသေး။ ကိုင်း ... တွေ့တော့ ဘာဖြစ် တုံး၊ မတွေ့တော့ရော ဘာဖြစ်တုံး ကဲ ..."

"အဲ ... အဲဒါက ဟိုဒင်းလေ ... အဲ ... အဲ ..."

ဝိဇ္ဇာသောင်း တမင်ဝေ့နေသလားမသိ။ ပြဿနာက လိုရင်း ရောက်ဘဲ တိုင်ပတ်နေသည်။ သူက သူ့လက်နှစ်ဖက်ကို အချင်းချင်းဆုပ် ကိုင်၍ လိမ်လျက်ရှိ၏။ အမှတ်မထင် ပြုမိနေခြင်းဖြစ်သော်မှ သူ့လက် တစ်ဖက်က အမှတ်တမဲ့ လွတ်ထွက်သွားမည်ကို အရေးတကြီး အာရုံစိုက် ထားသကဲ့သို့ ဖိဖိစီးစီးရှိလွန်းလှ၏။ ကြားကြားနေရဖူးသည့် မှော်ဆရာ၏ ပုံကြောင်ကြောင်စတိုင် ဖြစ်သတဲ့ဗျာတို့။

သူသည် သူ့လက်နှစ်ဖက်ကို အမြဲတမ်း ဝှက်ထားတတ်သည်တဲ့။ ထောင်မှာ လူတို့မှာ တွေ့ရခဲသည့် သူ့အမူအကျင့်မှာ အမြင်ကတ်စရာကောင်း လွန်းလောက်အောင်ပင် ထူးလှ၏တဲ့။ သူက သူ့လက်များဖြင့် တစ်ခုခုကို



www.burmeseclassic.com

www.burmeseclassic.com



ထိမိကိုင်မိမည်ကို အလွန်စိုးသည်။ မလွှဲမရှောင်သာ ကိုင်ရတွယ်ရမည်ဆို ပါကလည်း သူလိုငါလို ဘာသာဘာဝ ကိုင်ပုံတွယ်ပုံနှင့် လုံးလုံးမတူ။

လူမြင်သူမြင်ခံ၍ လုပ်မထားဘဲ အင်္ကျီအိတ်ထဲ လက်နှိုက်၍သော်လည်းကောင်း၊ လက်ကို ချိုင်းကြားတွင်ညှပ်၍သော်လည်းကောင်း၊ တစ်ဖက် နှင့်တစ်ဖက် ညှစ်လိမ်ဆုပ်ကိုင်၍လည်းကောင်း ထားလေ့ရှိမြဲ။ အရိုးပဒေသာ သူ့လက်တို့ကို ဖျတ်ခနဲဖျတ်ခနဲ လှုပ်ရှား၍ ရုတ်ခြည်းပင် နဂိုနေအတိုင်း ပြန်ရောက်သွားတတ်သည်တဲ့။

သူ့လက်တစ်စုံကို အလိုအလျောက် လွှတ်လွှတ်လပ်လပ် သည် အတိုင်းတိုင်းထားလျှင် ထိုလက်တို့သည် သူ့ကို အာဏာဖီဆန်၍ မဟုတ် တာတစ်ခုခု လုပ်ဖြစ်တော့မည်လိုလို။ သူ့လက်များကြောင့် ရောမကြောင်း စရာ အမှုအခင်းကြီးတစ်ခုခု ကျူးလွန်မိတော့မယောင်ယောင်။ သည် အတွက် အစိုးရိမ်ကြီးစွာ သူ့လက်တွေကို ဖွတ်အတင်း သိမ်းထားဝှက်ထား ရတော့သည်သို့ သူလုပ်နေပုံ အကဲပါလှချည့်တဲ့။ ကြားဖူးနေခဲ့ရသည်။ ယခု မြင့်မှ နာမည်ကျော် သင်းကြီး၏စတိုင်မလိုင်ကို ပက်ပင်းတွေ့နေရပြီ။

"ကျုပ် . . . ကျုပ် . . . သူတို့တွေကို တွေ့နေရရင် မြင်နေရရင် တစ်ခုခု လုပ်မိနေလိမ့်မယ်။ မလုပ်ဘဲလည်း ဘယ်လိုမှမနေနိုင်ဘူး။ ကျုပ် စိတ်ကိုကျုပ် အစိုးမရဘူး။ ချုပ်တည်းထိန်းသိမ်းလို့ မရဘူး။ ပြီးတော့ ဒီ ထောင်အထဲမှာတွေ့သမျှ ငတိတွေ၊ ငနဲတွေမှန်သမျှကလည်း စိတ်အား အား ဝေလ်ပါဝါ (Will Power) ပိတ်ပိတ်သားခန်းနေတဲ့ သတ္တဝါတွေချည်း။

အဲဒီတော့ ကျုပ် အစွမ်းပြချင်စရာ၊ သနားချင်စရာ ငနာတွေ ချည်း ဖြစ်နေတော့တာကိုး . . . ဆရာကြီးရဲ့။ အဲဒီမှာတင် နေမထိထိုင် မသာ ကျုပ်က ကျုပ်ရဲ့ပါဝါတွေကို ထုတ်သုံးလိုက်မိကရော။ ကံနည်း ကံမွဲရှာ တဲ့ ဖွတ်လချီးတွေခမျာမှာ တောဖြစ်တောင်ဖြစ်တွေ လျှောက်ဖြစ်ကုန်ကြ ရော။ ဆရာကြီးတို့ထောင်မှာလည်း သောက်မှုတွေ ဗရမ္ဗ ခတ်ကုန်က ရော။ ကဲ . . . မခက်ပေဘူးလား။ အဲသာကြောင့် . . . အဲသာကြောင့် . ."

ဝိဇ္ဇာသောင်းက ရှုပ်တည်ကြီးနှင့် ဆက်လိမ့်နေသည်။





သူ့အကြောင်း ထွေလီကာလီတွေကို ကျွန်တော် ကြားထားဖူး ပြီးဖြစ်သည်။ တစ်ခုခု လုပ်စရာရှိလျှင် သူ့လက်ကို ဖျတ်ခနဲ ရုတ်တရက် ဆုတ်၍ တရစပ် ဖယ်ဆက်သလိုလုပ်သည်။ တွေဝေတုံ့ဆိုင်းမနေ။ လုပ်ချင် ရာရာ အလုပ်မှတစ်ပါး သူ့လက်တွေကို လျှောက်မလုပ်မိစေရန် တိတိကျကျ ထိန်းချုပ်ထားပုံရသည်။

သူ့ဩဇာ၊ သူ့အာဏာကို သူ့လက်တွေက ဖီဆန်မှာစိုးပုံရသည်။ ကိုင်စရာရှိလျှင် ဖျတ်ခနဲ ကိုင်လိုက်သည်။ ထိုးစရာရှိလျှင်လည်း ဖိုးခနဲဖတ် ခနဲ ထိုးလိုက်သည်။ ဘာလုပ်လုပ် သုတ်တီးသုတ်ပျာ ငါးရံ့ပြာလူး။ သည် လို လူစားမျိုး၏ပါးစပ်က တခြားတစ်ပါးသော ထောင်သူထောင်သားတွေ ကို သူ့လက်များအား သူစေစားပိုင်စိုးလေသည်မျိုး လွှမ်းမိုးချုပ်ကိုင်၍ပဲ နေလေဟန် လေသံပစ်လာသဖြင့် နားဝင်ခက်လှ၏။

သို့ပင်ဖြင့်လည်း သည်လူကြီးကို လွှတ်စိတ်ဝင်စားသွားမိသည်။

"နို့ . . . နေစမ်းပါဦး . . . ကျုပ်လူရဲ့။ အဲသလိုမျိုးတွေ ဖြစ်နေရ လောက်အောင် ကျုပ်လူက ဘာမို့လို့လဲ။ ဘာတွေများ ဒီလောက်ထူးနေ သေးလို့လဲ။ ကဲ . . ."

"ခက်တယ် . . . ဆရာကြီး။ ပြောရမှာ သိပ်ခက်တယ်။ ကိုယ့် အကြောင်းကိုယ်ပြောပြီး 'ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်' လုပ်ရမဲ့ဟာက သိပ်ကြောင်တာပဲ"

သူကပဲ တပြန်စီး။ ညည်းပြောကလေး ပြောနေလိုက်ချေသေး သည်။ အာဂလူပဲ။

"ဒီလိုရှိတယ် . . . ထောင်မှူးကြီး။ ကျုပ်မှာ တန်ခိုးရှိတယ်။ ဣဒ္ဓိပါဒ် နိုတယ်။ ကျုပ်ဝမ်းထဲမှာ အရာရာကို ဆွဲဆောင်ဆွဲငင်နိုင်တဲ့ သတ္တိထူးတစ်မျိုး ရှိနေတယ်။ ကျုပ်ဘာသာကျုပ် သိလွန်လွန်းလို့ ပြောနေတာ။ ကျုပ်ကြောင့် သူတစ်ပါးတွေကို ဒုက္ခမများစေချင်ဘူး။ အဲဒါ . . ."

နတ်ဝင်သည်လို သူ့တစ်ကိုယ်လုံး တဖိုးဖိုးတဖတ်ဖတ် တုန်နေပြီး သူ့လက်နှစ်ဖက်ကိုလည်း သူ့ခါးပေါ်က ထောင်ပုံစံ ပုဆိုးခါးပုံစထဲ ဖွတ်အတင်း ထိုးသွင်းထား၏။ ပုဒ္ဓေါရယ်တဲ့မှ မြတ်စွာ။ ထူးထွေတည့်အံ့ရာပါတကားလား။



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ့် … လူစင်စစ်က တန်နိုးကူ့ဒွိပါဒ်တွေ ဗိုက်တစ်လုံးအပြည့်ဆောင်ထားတဲ့ အကျဉ်းသားတစ်ယောက်ကို အရှင်လတ်လတ်ကြီး တွေ့နေရပါလိမ့်။ စိတ်တွေပင် အလိုလို ထွေချင်လာ၏။ အလုပ်တွေ ဇရပွေခတ်အောင် ရှုပ်နေရသည့်အထဲ သင်းကြီးက တစ်မှောင့်ဟု စလုံးစခု ဘုတုတုကြီး ဖြစ်ချင်လာတော့သည်။

"ဒီမယ် … ဝိဇ္ဇာသောင်း"

"ဟုတ် … ဆရာ"

"အခု ဒီအတိုင်း ခင်ဗျားပြောနေပုံအရဆိုရင်ကိုပဲ ခင်ဗျားကိုတိုက်ထဲပို့ဖို့ လုံလောက်သလောက် ရှိနေပြီဗျို့"

"ခင်ဗျာ … ထောင်မှူးကြီး"

"ခင်ဗျာမနေနဲ့ ကိုယ့်လူရေ့ … ခင်ဗျားကိုပို့မယ့်တိုက်က ခင်ဗျားနေချင်တဲ့ ကြိုးတိုက်အခန်းလွတ်တော့ဖြင့် မဟုတ်ဘူး။ ဆေးရုံတိုက်ကို ပို့ရမှာ။ ဟုတ်ပလား"

"ဟာဗျာ … ဘယ်လိုကြောင့်"

"ခင်ဗျားမှာ ရူပါပါဝါတွေနဲ့ပြည့်ပြီး ဝေါက်နေပြီလား၊ ဝေါက်မနေသေးဘူးလားဆိုတာ သိရအောင်ဟာ ဆေးစစ်ဖို့လို့ဗျို့။ ဆေးစစ်ဖို့။ ကိုင်း သိပလား … ကဲ …"

"အောင်မလေးဗျာ"

ဝိဇ္ဇာသောင်းခမျာ မှန်းချက်နဲ့နမ်းထွက် မကိုက်ခဲ့ပေ။ ထောင်မှူးကြီး ကျွန်တော့်အမိန့်နှင့် ဆေးရုံလက်ပါးတိုက် (Leprocy Cell) ၏ ဘေးအစွန်အခန်းလွတ်သို့ ချက်ချင်းလက်ငင်း သီတင်းသုံးစံမြန်းသွားရလေတော့၏။ သူကား ဧရာနန္တ ရူပါစွမ်းအားရှင်ကြီးကိုးခင်ဗျ။ မော်ဆရာဝိဇ္ဇာသောင်း မဟုတ်မူပဲ စိတ္တဇဝေဒနာရှင် အကျဉ်းသားတစ်ဦးဖြစ်နေခဲ့သော် မခက်ပေလား။

✿ ✿ ✿

# | ၃ |

❑

"ဒီလိုရှိတယ် … ဆရာထောင်မှူးကြီးရဲ့။ ညို့တတ်ဆိုတာကို ကြားဖူးရဲ့မဟုတ်လား။ လူမှာ ဆွဲငင်တတ်တဲ့ သတ္တိရှိတယ်ဆိုတာကိုတော့ ယုံမှာပါနော်။ စိတ်ရောဂါ အထူးကုဆရာဝန်ကြီးတွေတောင် စိတ်ညို့ပြီး ဆေးကုကြတယ်လေ။ ဟုတ်တယ်နော်"

"လူတစ်ယောက်က သူ့စိတ်တန်ခိုးနဲ့ အခြားလူတစ်ယောက်ကို စိတ်ညို့အိပ်မွေ့ချပြီး အိပ်ပျော်သွားအောင် လုပ်လိုက်တယ်ဆိုတာဟာ စိတ်အင်အားပါဝါကြီးတဲ့သူက စိတ်ဝန်ခိုးအားနည်းတဲ့သူရဲ့စိတ်ကို ခိုးယူလိုက်သလိုပဲလေ။

ဆရာကြီးရဲ့ ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက်က နှိုက်ယူလိုက်သလိုပဲပေါ့။ တကယ်တမ်းကတော့ စိတ်ကိုခိုးတယ်ဆိုတာ ဝိညာဉ်ကို အပိုင်စီးလိုက်တာပါပဲ။ သူ့ဘာသာ လုံလုံခြုံခြုံရှိနေတယ်လို့ ထင်ထားတဲ့ သူ့စိတ်ထဲက သို့ဝှက်ချက်တွေကို သူမသိအောင် တိတ်တိတ်ကလေး နှိုက်ယူလိုက်တာပေါ့။ အဲဒီလို စိတ်တန်ခိုးစွမ်းအားမျိုးများရှိခဲ့ရင် ဘယ်လိုနေမလဲ ကျွန်ဆရာ။ နည်းနည်းကလေး တွေးကြည့်စမ်းပါ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှော်ဆရာကဖြင့် ခပ်တည်တည်ခပ်တင်းတင်း အပီကြီးကို ပြောရှ နေတော့သည်။

ဆေးရုံတိုက်ကိုပို့လိုက်ပြီးနောက် စောင့်ကြည့် ကာလသုံးရက်ထား ကာ သူ့ကို စောင့်ကြည့်စေခဲ့သည်။ စိတ်ရောဂါ အထူးကုဆရာဝန်ကြီးဖြင့် လည်း စမ်းသပ်စစ်ဆေးစေခဲ့သည်။ မည်သို့မျှ မထူးခြား။ ဗိဇ္ဇာသောင်း သည် လူရောစိတ်ပါ အကောင်းပကတိပဲတဲ့ခင်ဗျ။ သည်သို့ဆိုလျှင် ...

"ထောင်မှူးကြီးရေ ... လူတွေရဲ့စိတ်အတွေးထဲမှာ ကြံနေ တွေး နေတဲ့ မအပ်မရာ အကြံအတွေးတွေကိုများ သူတို့ဝှက်ထားတဲ့ အထဲကနေ မရမကသိအောင်ကြိုးစားပြီး နှိုက်ထုတ်နိုင်ခဲ့ရင် ဘယ်ကလောဏ်ကောင်း လိုက်လေမလဲ။ ကြောက်စရာတွေးလုံးကြီးဆိုပေတဲ့ လုံးလုံးကြီး မဖြစ်နိုင်ပါ ဘူးလို့လည်း ချက်စိမှိတ်မငြင်းရဲဘူးခင်ဗျ။ စိတ်ရဲ့အကြောင်း၊ စိတ်နဲ့ကြောင်း ကျိုးဆက်နေတဲ့ အရာတွေရဲ့ အကြောင်းကို ဂဃနဏသိခဲ့ရင် ... အဲ .. ပြီးတော့ ကိုယ့်ရဲ့စိတ်စွမ်းအားကို တန်ခိုးအာနိသင်ရှိအောင် တည်ဆောက် ထားနိုင်ရင် ဖြစ်ရမယ်ဗျာ။ ကိုင်း ... ဘယ့်နှယ့်လဲ"

"ဟုတ်ပါ့မလား .. မောင်ကာဠုရဲ့" ဒါ့ထက်တောင် ပိုသေးဆိုသလို ကျနေတော့သည်။ လိမ်လည်မှု၊ အယောင်ဆောင်မှုတွေ ဗရမ္ပေဖြင့် ထောင် ကို ဥဒဟို ဝင်ခလုတ်၊ ထွက်ခလုတ်ပြုနေသည့် ထောင်လက်ကောက်တစ်ဦး ထံမှ စိတ်ပညာလက်ချာကြီးကို နာခံမှတ်သားနေရသည့် ကျွန်တော့်အဖြစ် နယ် ဆိုးပါဘိ။ ဤလို ထောင်မှူးကြီးမျိုးရှိနိုင်သေးပါ အံ့လော။ ယုံချင်ယုံ မယုံချင်နေ။ ထောင်အလုပ်ဆိုသည်မျိုးက ထောင်ကြီးရောအတွက် အမှန် တကယ် ဒုက္ခပေးရန် အလားအလာရှိသူ လက်တစ်ဆုပ်စာ လူလွှန်မသား တစ်စုအကြောင်းကိုသာ ပိပိပြားပြား သိထားရပြီဆိုလေက ကိစ္စပြီးစတမ်း ပေကိုး။ ကြိတ်လိုက်ဟ ... ဗိဇ္ဇာသောင်းကြီးရေ။

"ကိုယ့်ရဲ့ စိတ်စွမ်းအင်ညှို့ဓာတ်နဲ့ သူတစ်ပါးရဲ့ လျှို့ဝှက်ဝိညာဉ် သိုက်၊ အဲလေ ... ဟာဒယနှလုံးထဲက စိတ်အတွေးတွေကို ဘယ်လိုနှိုက်ယူ နှိုက်ထုတ်မလဲ။ အဲဒီအပိုင်းကျ ခက်တယ်နော့။ လူ့ရဲ့ စိတ်အာရုံငါးပါးဆို





တာဟာ အမှန်တကယ်အားဖြင့် ဆိုရင်တော့ သိပ်ကိုပျော့ညံ့နုံနဲ့တဲ့ အသိမျိုး ပဲ။ ဘာကိုမှ စေ့စေ့စုံစုံသိအောင် လုပ်မပေးနိုင်ဘူး။ တန်ခိုးအာနိသင်လည်း မရှိဘူး"

"အဲဒါမျိုးက ဆဋ္ဌမအာရုံလို့ခေါ်တဲ့ သဘာဝလွန်စိတ်တန်ခိုးရှိနေ ရင်ဖြင့် ရေးတေးတေး နားလည်သလိုလိုရှိမယ်။ စိတ်ကိုစိတ်နဲ့ပဲ ဖမ်းနိုင် တယ်။ သူ့စိတ်သူ့အတွေး သူ့အကြံအစည်တွေကို ထိန်းချုပ်စေစားနိုင်တယ်။ သူတစ်ပါးစိတ်အကြံကို ကြိုပြီးသိနိုင်တယ်။ အင်း .. ပြောရရင် ကျုပ်မှာ အဲသလို စိတ်တန်ခိုးမျိုးရှိနေတယ်လို့ ဝန်ခံလိုက်ရတော့မှာပဲ"

"အဲသလို တန်ခိုးလို့လို ဘာလိုလိုဟာကြီးကို ရလာခဲ့တာဟာ သည်း အတော်တော့ဆန်းသား။ ကျုပ်လို လူမှန်းသိစ စကားပီ နားကြား တတည်းက ခိုး၊ ဆိုး၊ တိုက်၊ လု၊ လိမ် ဆိုတဲ့ ဒုစရိုက်တောထဲမှာ အတောင် အလက် စုံလာခဲ့ရတဲ့လူတစ်ယောက်ဟာ မဟုတ်မဟပ်တာတွေက လွဲရင် အိုးတန်ပညာရပ်လို့ ဘယ်မှာလောက်လောက်လားလား သင်ခဲ့ဖူးခဲ့ရလို့ တုံး။ တကယ့် နလပိန်းတုံးပါခင်ဗျာ။ အဲသလိုနဲ့ပဲ ရဲအချုပ်၊ တရားရုံးနဲ့ ထောင်ကို ဝလချီးလည်နေခဲ့တာရော။

"အဲ ... တစ်နေ့သားမှာတော့ နှလုံးသွေးပျက်စရာကြီးနဲ့ တိုး ရော ... ဆရာကြီးရေ။ ကျုပ်တို့နေတဲ့ အိမ်ကုပ်အိမ်စုတ်ကလေးရဲ့ ခေါင်း ရင်းက ညောင်ပင်ကြီးကို မိုးကြိုးပစ်ချသလေ။ ဟုတ်တယ်။ ဟုတ်တယ်။ ကျုပ်က လေတွေမိုးတွေ ကြမ်းလှရမ်းလှပါသကောရယ်လို့ အိမ်တံစက်မြိတ် ကနေ အပြင်ဘက်ကို ကဲအကြည့်မှာ ရုတ်တရက်သားကြီး ပစ်ချလိုက်တာ။ သာပြောကောင်းမတုံး ... ကျုပ်ဆရာရယ်။ ဂျိမ်း ဒလိန်း ဒလိန်းဆိုတဲ့ အသံစစ်မိုးကြိုးသံကြီးကို မကြားလိုက်ရခင် တစ်မိုးလုံး ဖွေးဖြူလင်းတောက် ပြီး ရှုးရှထိန်လင်းတဲ့ အလင်းရောင်တန်းကြီးတစ်ခုဟာ ညောင်ပင်ကြီးခွကြား ဆီ စိုက်ခနဲ ထိုးဆင်းသွားတော့တာပဲ။

ညောင်ပင်ကြီးဟာ ဟက်တက်ထက်ခြမ်းကြီးကွဲလို့။ လောင်မီးကြီး တွေကျပြီး မီးလျှံမီးတောက်တွေ တရဲရဲ၊ မီးခိုးလုံးတွေ မှောင်နေတော့ပဲခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပ ... ကျုပ်ဖြစ်ပုံကို ပြောရဦးမယ်။ မိုးကြိုးလျှပ်စီးကြီး ဂိုမ်းခနဲလည်း ပစ်ချလိုက်ကရော ကျုပ်တစ်ကိုယ်လုံး ဖြိုးခနဲ ဖျင်းခနဲ ဓာတ်လိုက်သလိုမျိုး ဖြစ်လာသဗျ။ ဆံပင်တွေ၊ မွေးညင်းတွေ ထောင်ထလို့။

ကျုပ်ကိုယ်ထဲက အကြောတွေအခြင်တွေကို တစ်ခုခုနဲ့ ဆုပ်ဆွဲတုပ် နှောင်ထားသလိုမျိုးချည်း။ မွေးညင်းပေါက်၊ ဒွာရပေါက်တွေ မှန်သမျှကလည်း မီးခိုးငွေ့တွေလိုမျိုး ခြောင်းခြောင်းခြောင်းခြောင်းနဲ့ အူထွက်လို့ လာတော့တယ်။ နတ်ဝင်သည်လိုပဲ။ ဒယီးဒယိုင်နဲ့ တုန်နေရောဗျို့။ ကျုပ် မျက်လုံးထဲကိုလည်း မိုးကြိုးလျှပ်စီး အလင်းရောင်တန်းကြီးက တန်းခနဲတည့်တည့်ကြီး ထိုးဝင်သွားလိုက်တာများဟာ ရင်ဘတ်ကြီးထဲအထိ ဒုတ်ဒုတ်ထိ ရောက်ရော မှတ်လိုက်ရသာပဲ။ အဲ ... ကျုပ်လည်း အဲဒီဒဏ်တွေမခံနိုင်တော့လို့ တုံးခနဲပစ်လဲသွားသဗျ။ ပြန်လည်း သတိရလာရော အဲဒီ ထူးတဲ့ ဆန်းတဲ့ ကိစ္စကြီးတွေကို ကြုံရတော့တာပဲ ဆရာကြီးရေ့။ အံ့ရော ... အံ့ရော။

''ဒီလိုလေ ... ဘာမှန်းမသိတဲ့ အဲဒီစွမ်းအားတစ်မျိုးကိုစပြီး သိလိုက်ရတာက စ,တာ။ ဖွေဆော်ဦးစ, အစွမ်းသတ္တိပြတာဟာ ကျုပ်ရဲ့လက်ချောင်းတွေကဗျ။ လက်တွေက စဖြစ်တာ။ ကျုပ်မှီ တစ်ခုခုကို ယူချင်လို့ လက်မဆန့်လိုက်နဲ့။ အဲဒီပစ္စည်းက သူ့အလိုလို ကျုပ်ဆီကို တရွေ့ရွေ့နဲ့ ကျုပ်နားရောက်တဲ့အထိ ရွေ့လျားလာရော။ သံလိုက်တုံးကို သံမှုန့်တွေ ပြေးကပ်လာသလိုမျိုး။ တစ်ခုခုကိုကိုင်မယ်လို့ လက်မထုတ်လိုက်နဲ့။ ကိုင်ချင်တဲ့ ပစ္စည်းက ကျုပ်လက်ဆီကို အလိုလိုရောက်လာတာ ခင်ဗျား။ ကိုင်း ... မဆန်းလား''

ဆန်းသည်။ အဟုတ်တကယ် ဆန်းပါပေသည်။ နားရှိ၍သာ ကြားလိုက်ရ၊ ဖြစ်နိုင်ဖို့ဖြင့် အလွန်အင်မတန် ဝေးလွန်းသည့်ကိစ္စ။ စိဒ္ဓာသောင်း အတည်ပြောနေသလား။ ကလီကမာ ညာတာပါတေးပဲ လုပ်ပြောပြောနေလေသလား။ ပြောပုံပြောပေါက်ကဖြင့် အပိုကြီး။ ငြိမ်သည်။ ပိပိရိရိ သေသေ ချွေချွေလည်း ရှိသည်။ ဘာပဲဖြစ်ဖြစ် ယုံနိုင်ဖို့ကား ခက်လွန်းလွန်း။





''ဟော ... ကျုပ်ဆရာ။ ဖဝေဖဝါကြီး ဖြစ်နေတယ်ပေါ့ ... ဟုတ်စ။ စိဒ္ဓာသောင်းတစ်ယောက်တော့ ငါ့ကို နှပ်ချနေပြီလို့လည်း စိတ်ထဲ က တွေးနေတယ် မဟုတ်လား။ မငြင်းလိုက်ပါနဲ့လေ။ ကျုပ်က သူ့များရင်ထဲ က စိတ်အကြံကို အလိုလိုသိနေပါတယ်ဆို။ ကိုင်း ... ကျုပ်ဆရာရဲ့စိတ်ထဲ က သံသယရှိတွေ ပျောက်သွားရအောင်ဟာ လက်တွေ့ဒက်ထိ လုပ်ပြကြည့် လိုက်ကြသာပေါ့ နော ....''

အလိုလေး မြတ်စွာဘုရား။

ကျွန်တော့်စိတ်ထဲက အတွေးကိုတောင် သင်းကြီးက အတတ်ပေါ နေပါကော။ မှန်ဆင့်သမျှကလည်း မှန်နေသည်။ သင်းကြီး ဘယ်လိုတွေ သူရာရာ ဝါစာကမာတွေကို ပေါက်တတ်ကရလုပ်ဦးမလို့ပါလိမ့်။

''ကဲ ... ကြည့်နော် ကျုပ်ဆရာ။ ဟောဟို ကျုပ်အခန်းထောင့်ထဲ တောက်တိုမည်ရ ဆေးကလေးဝါးကလေးတွေ ထည့်ထားတဲ့ ပလပ်စတစ်ဘူးဖြူကလေးရှိတယ်။ ဟောဟိုမှာ တွေ့လား။ အဲ ... အဲ ... ဒီ ဘူးကလေးကို ကျုပ်က ထိုင်ရာမထပဲ ကျုပ်ဆီရောက်လာအောင် ကျုပ်စိတ် စွမ်းအားနဲ့ပဲ ညှို့ယူပြလိုက်မယ်။ ကြည့်နေ ... ကြည့်နေ ...''

ပြောနေရင်းကပင် သူ့အမူအရာသည် နတ်ဝင်သည်ကဲ့သို့ ဖြစ်လာသည်။ သူသည် သူမဟုတ်တော့။ အခြားတစ်ယောက်လို ဖြစ်လာသည်။ သူ့ရင်ဘတ်တွင် ကပ်၍ဝှက်ထားသော လက်တို့သည် လှစ်ခနဲထွက်လာ၏။ လက်နှစ်ဖက်မှာ ဓားအိမ်မှ ဆွဲထုတ်လိုက် သောဓားနှစ်လက်ကဲ့သို့ ဘာမျှ ဆုပ်ရသေးပဲနှင့်ပင် ကြောက်မက်ဖွယ်အသွင်ကို ဆောင်နေလေသည်။

သူက ဆေးပုလင်းကလေးကို တကယ့်အဖိုးထိုက် အဖိုးတန်ရတနာ ပစ္စည်းကလေးအလား စိမ်းစိမ်းစားစား စူးစိုက်၍ကြည့်နေ၏။ သူ့မျက်လုံးထဲ မှ စိမ်းဖန့်ဖန့် လင်းလက်လက်လျှပ်ရောင်တွေ ပြက်နေသလို၊ ဖျတ်ခနဲ ဖျတ်ခနဲ တောက်နေသလားထင်ရသည်။

ဟောဗျ ... ဘာမျှသိပ်မကြာလိုက်။ ပုလင်းကလေးသည် သူ့ အထိုင်းတိုင်း မတ်မတ်ကလေးရှိနေရာမှ လေမတိုက်ဘာမတိုက်ပဲ ရုတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ လဲကျသွားဓါ၏။ ပြီးလျှင် ရှေ့သို့ဆန့်ထုတ်ထားပြီး လက်ချောင်းကလေးများကို ကွေးချည်ဆန့်ချည်ပြုလျက် ရူးရူးပြူးပြူးကြီး စိုက်ကြည့်နေသည့် မှော်ဆရာရှိရာဆီ တလိမ့်လိမ့် ရွေ့လာတော့သည်။ လက်ထဲခုန်ဝင်မသွားရုံ တမည် လက်တစ်လှမ်းစာအလိုသို့ ဒုတ်ဒုတ်ထိရောက်လေမှ ဖတ်ခနဲ တည့်တည့်ကလေးပြန်ထောင်ပြီး ဘာမှုမဖြစ်ခဲ့သလို ငြိမ်ငြိမ်ကလေး ရှိနေပြန်လေ၏။

သူ့ရင်ထဲ မည်သို့ရှိလေမည်မသိ။ ကိုယ့်တွေ့မျက်မြင် ကျွန်တော့် အဖို့မှာဖြင့် လောလောလတ်လတ် တစ္ဆေအခြောက်ခံလိုက်ရသကဲ့သို့ လန့်လန့်ဖျပ်ဖျပ် ဖတ်သောဖတ်သပ်ကြီးဖြစ်၍ ရင်ထဲတလုပ်လုပ် တုန်လာတော့သည်။ မောင်မင်းကြီးသား ဝိဇ္ဇာသောင်းကဖြင့် ပြုံးတုံးတုံးကြီးလုပ်၍ ကျွန်တော့်မျက်နှာကို ဟန်ပါပါ ကြည့်နေတော့ပြီ။

ဗုဒ္ဓေါရေ ... ဘာတွေတုံးဟာ။ ငါနှယ် အိပ်မက်များ မက်နေလေရောသလား။ အံ့သြလွန်းလှ၍ ကိုယ့်အသားကိုကိုယ် တိတ်တိတ်ကလေး ဆွဲဆိတ်ကြည့်မိရသေး။

''ယုံရခက်နေသေးသလား ဆရာ။ အဝိဇ္ဇာကဖြစ်တဲ့ သက်မဲ့ အရာဝတ္ထုကလေးတွေကို ညှို့ရတာများ ဘာဟုတ်သေးတုံး။ သက်ရှိတိရစ္ဆာန် ကိုတောင် အသာကလေးညှို့ပြလို့ ရသေးတယ်။ ဆရာ ကြည့်နေ''

တေါ်ကြီး ဘာလုပ်ဦးမည်လဲမသိ။ ရင်တွေခုန်လှပြီ။ ဖလပ်ဖလပ်နှင့် ရုပ်ပြာရုပ်ပြာပြေးတတ်သည် နီမကလေး၏ခြေသံကို တိုက်ခန်းအပြင် ဘက်နားဆီက ကြားရသည်။ နီမသည် ထောင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးအေးချို၏အချစ်တော် ခွေးမကလေးဖြစ်သည်။ ဝိဇ္ဇာသောင်းက ခွေးမကလေးကို လေချွန်၍ ခေါ်လိုက်၏။ နီမသည် ဝမ်းပန်းတသာ အမြီးတနန့်နန့် ဖြင့် ကျွန်တော့်သို့ရှေ့သို့ ရောက်လာသည်။

သကောင့်သားက လျှာကလေးတွဲလွဲချ၍ ဆောင့်ကြောင့်ကလေး ထိုင်နေရှာသော ခွေးမကလေးကို ရူးရူးဝါးဝါးကြီး စိုက်၍ ကြည့်နေပြန်၏။ ပထမသော် နီမခမျာ မနေတတ်မထိုင်တတ် ဖြစ်နေရှာဟန်တူသည်။ သူ့ကို





စိုက်စိုက်ကြည့်နေသည်ကို မခံနိုင်။ မျက်နှာလွှဲ၍လွှဲ၍ နေ၏။ သူ့စိတ်ထဲမှာ ကြောက်ရှာလွန်း၍ ဗလောင်ဆူနေသည် ထင်ပါသည်။

ဝိဇ္ဇာသောင်းက သည်မျှနှင့်မရပ်။ စုန်းမကြီး၏လက်ကဲ့သို့ ကြုံ့ ကိုင်းကပ်နေသည့် အကြောပြိုင်းပြိုင်းထ သူ့လက်ချောင်းများကို ဆတ်ခနဲ ထုတ်လာပြန်သည်။ လက်ချောင်းများကလည်း အငြိမ်မနေ။ တစ်ခုခုကို ညှို့ယူစုပ်ယူနေသည့်နှယ် ကွေးဟယ်ဆန့်ဟယ် တလှုပ်လှုပ် တရွရွ။ လျှပ် စီးလင်းပြက် စိမ်းဖန့်နေသော သူ့မျက်လုံးများကား နီမကလေး၏ မျက်စိ အိမ်လုံးမှ မခွာတမ်းစိုက်ကြည့်နေဆဲ။

ဟော ... ဟော ... သူ့လက်များဖြင့် ခွေးမကလေး၏ခေါင်းကို ဆပ်ချလိုက်သည်နှင့် ခွေးမကလေးသည် ရုတ်ခြည်းပင် ကြောက်အားသည်း ရာ ကျယ်ကျယ်လောင်လောင်ကြီး အူလေတော့သည်။ ညဉ့်နက်သန်းခေါင် ကြီးမှာ လန့်စရာတစ်ခုခုကို ရုတ်တရက်တွေ့လိုက်ရသဖြင့် အူလိုက်သကဲ့ သို့ပင်။ သံရှည်ဆွဲ၍ အူနေလေရာ နားမချမ်းသာစရာကြီးဖြစ်တော့၏။

ချက်ချင်းပင် ခွေးမကလေးသည် ဦးခေါင်းငိုက်စိုက်ကျလာသည်။ မျက်စိနှစ်လုံးကိုပိတ်၍ အိပ်တော့မည်ကဲ့သို့ရှိနေ၏။ နီမကလေးကို မှော် ဆရာက အလုံးစုံညှို့ငင်နိုင်ခဲ့ပြီ ထင်ပါသည်။

မှော်ဆရာ ဝိဇ္ဇာသောင်းသည် သူ့ခွေးသုတ်ပဝါ မည်းညစ်ညစ် ကလေးကိုလုံး၍ ဖျပ်ခနဲ တိုက်ခန်းအပြင် အုတ်လှေကားကလေးဆီ လှမ်း ပစ်လိုက်သည်။ ၁၀ ပေ၊ ၁၅ ပေသာသာပဲရှိမည်။ နှင်းဆီဝါ ပန်းအိုးကလေး အနားမှာ ပုံပုံကလေး အလုံးမပျက်ကျနေ၏။

ဆရာကြီး ဝိဇ္ဇာသောင်းက သူ့ အရိုးပေါ်သော လက်ချောင်း ပိန်ပိန် သွယ်သွယ်များကို ဂဏန်းလက်မများ လှုပ်ရှားနေဘိသို့ လှုပ်ရွလှုပ်ရွ ဆုပ် ချည်ဖြန့်ချည် ပြုပြန်၍ ဓားမြှောင်အသွားကို ဆန့်ထုတ်လိုက်သည့်နှယ် သူ့ လက်ညှိုးရှည်ကြီးကို အပြင်ဘက်သို့ ညွှန်လိုက်၏။ ခွေးမကလေးသည် တုန် ရင်နိုက်ခိုက်ဖြင့် မျက်စိမျှမဖွင့်နိုင်ရှာဘဲ တုံ့ဆွတုံ့ဆွ၊ စမ်းတိစမ်းဝါးဖြင့် ပဝါကလေးဆီသွားသည်။ အင်အားချိနဲ့နေသည့် နာတာရှည်လူမမာ လမ်း

www.burmeseclassic.com



လျှောက်နေသလိုမျိုး။ ခြေကျိုးနေသဖြင့် ထော့နဲ့ထော့နဲ့ ဖြစ်နေသည်မို့ တော်တော်နဲ့ သူကလေးသွားလိုရာမရောက်။ မနည်းကြီး စမ်းဝါး၍ သွား ရရှာသည်။ သို့သော်လည်း ပဝါကလေးကိုဖြင့် မရောက်က ကိုက်ချီ၍ ပြန် ခဲ့နိုင်ပါ၏။ အိပ်ချင်မူးတူး ဒယိမ်းဒယိုင်နှင့် ယိမ်းထိုးယိမ်းထိုး ရောက် ခြင်း။

ကိုယ့်ဆရာက ခွေးမကလေး၏ဦးခေါင်းပေါ်သို့ သူ့လက်ကြီးနှ ဖက်နှင့် ပွတ်လိုက်သပ်လိုက် လုပ်နေ၏။ အိပ်မွေ့ဖြေပေးနေပုံရသည်။

ကိုင်း ... သမီးကလေးရေ ... ပြန်ပေဦးတော့။ ငါ့သမီး တော် တော်ကလေး မင်ပန်းသွားရှာမှာပဲ။ ဟီး ... ဟီး ... ဟီး ..."

မြင်းအိုကြီးဟီသလို တဟီးဟီး ရယ်နေလိုက်သေး။ မှန်းမှ မှန်း စရာ။

"ကဲ ... ဘယ်လိုလဲ ကျုပ်ဆရာ။ မြင်လိုက်ရဲ့မို့လား။ စိတ်ညှိ ဓာတ်ဆိုတာမျိုးဟာ အဲသလိုပဲနဲ့ တူပါရဲ့။ ကျုပ်ဖြင့် ဒီလိုတန်ခိုး ကျွ ရှိမယ်မှန်းတောင် မသိခဲ့ဘူး။ အဲ ... တိုက်တိုက်ဆိုင်ဆိုင် ကျုပ်လိုလူမျိုး မှ အဲဒါကြီးက စွတ်စွတ်ရွတ်ရွတ် ရောက်လာရပေတယ်လို့။ ကျုပ်ဖြင့် အံ့ လည်း အံ့သြတယ်။ သဘာဝလောကရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့သဘော လည်း ရေးတေးတေး ရိပ်မိသလို ရှိလာရပေတော့တယ်။

"အင်း ... အခုနေခါမှာ ကျုပ်အဖို့ဆိုရင် ကျုပ်နဲ့မတန်တဲ့ အံ့ ကြောက်စရာ တန်ခိုးအာနိသင်ကြီးက ကျုပ်ကိုယ်တွင်းကို ရောက်နေတယ်။ အမျိုးအမည်မသိတဲ့ သတ္တဝါရိုင်းတစ်ကောင် ဝင်နေသလိုပဲ။ အဲဒီအစွမ်း သတ္တိတွေက ကျုပ်ကိုယ်တွင်းက ထွက်နိုင်အောင် အတင်းကာရော တိုးဝှေ့ ရုန်းကန်နေကြတယ်။ ကျုပ်စိတ်အလိုတွေကို အာခံနေတယ်။ ကလန်ကဆန် လုပ်နေတယ်။ ကျုပ်အာရုံတွေကို လွှိုက်ပြီး ဝါးစားပစ်နေတယ်။ ကျုပ်ဟာ ဖြင့် နဂိုက သောင်းထွန်းဆိုတဲ့ ကျုပ်ရဲ့ရှိရင်းစွဲဘဝဖြစ်လိုက်၊ ကျုပ် လုံးဝမသိ ခဲ့ဖူးတဲ့ လူတစ်ကောင်အဖြစ် အသွင်ပြောင်း သောင်းကျန်းချင်လိုက်နဲ့။ အစွမ်း သတ္တိတွေက ကြာလေလေ ပိုပိုထက်မြက်လာလေလေနဲ့လည်း တူပါရဲ့"

စိတ်ကူးသစ်စာပေ



"ဘယ်အရာမဆို ကျုပ်ဆန္ဒရှိရင် ကျုပ်ဆီကို ဒီလိုပဲလာကြရတယ်။ တ်မထုတ်ရဲဘူး။ လက်မဆန့်ရဲဘူး။ အဲဒါ ဘာသဘောတွေလဲ။ သံလိုက် တ်လား။ လျှပ်စစ်ဓာတ်လား။ ဘာတွေမှန်းလည်း ကျုပ် မသိဘူး။ မသိ တဲ့ လူတွေ၊ တိရစ္ဆာန်တွေ၊ အရာဝတ္ထုတွေကို ကျုပ်က စေစားလို့ရနေ ယ်။ တစ်ခါတစ်ခါ အဲဒီဟာကြီးကို စိတ်ကုန်စိတ်ညစ်မိပေတဲ့ ကျုပ်ကိုယ် င်လည်း အဲဒီတန်ခိုးဆိုတဲ့ ဘာမှန်းမသိတဲ့ဟာကြီးကို သာယာစွဲလမ်းနေ သေသလားပဲ"

"ထောင်မှူးကြီး ... ကြည့်ဗျာ။ ဘာရာ၊ တန်းစီး၊ ဘုတ်ကိုင်၊ တမ်းထိန်းဆိုတဲ့ ထောင်ထဲက အရာကျယ်ကျယ်၊ အကောင်ကြီးကြီး၊ ရှည်ရှည် မောင်တွေမှန်သမျှက ကျုပ်ကို ဘာကြောင့် မျက်နှာသာ အရေးပါနေကြတယ်လို့ ထင်သလဲ။ ဟိုဟာပေး၊ ဒီဟာကျွေးနဲ့ မျက်နှာ ရွနေကြတယ်လို့ ထင်သလဲ။ ဒီထောင်ကို ကျုပ်ရောက်ကာစတုန်းက ဟာ၊ ကျောက်ဟား ထုဟာ၊ ထောင်းဟာ၊ နုသားပါရဲလုပ်ခဲ့ဖူးတဲ့ မောင်တွေ ဘယ်လိုကြောင့် ကျုပ်အပေါ် အချိုးတွေ အပြောင်းကြီးပြောင်းပြီး နှလုံး င်း ဝမ်းဖောင်းနေကြသတဲ့လဲ။ ကဲ ... သူတို့ သိသိမသိသိ ကျုပ်ရဲ့ ပါဝါဒဏ်ကို မခံနိုင်ကြတော့လို့ခင်ဗျ။ အဲဒါက ပွိုင့်ပဲ။ အဓိကအချက်

ကျွန်တော်သည်ပင်လျှင် ခွေးစေးတွေ ပြန်ချိုင်သလိုလို ဖြစ်လာရ ၏ ရာဇဏ္ဍေ့ပျက်စွာ လန့်၍မအော်မိလိုက်ရလေအောင် မနည်းကြီး ထားကာ ထိန်းနေမိရသည်။ ကြာလျှင် ခက်ရချည့်။ ရှုးတောင်ရှူးသွား ည့်ကိန်း။ 'တော်ပါတော့ ... ကိုယ့်လူရယ်။ ဒီလောက်နဲ့ပဲ ရပ်တန်းက တ်ပါတော့'။ ကသောကမျောပင် ပြောမိလိုက်ရ၏။

"ကဲ ... ခုလောက်ဆိုရင် ကျုပ် ဘာကြောင့် တိုက်ထဲမှာ တစ် တ်တည်း အေးအေးဆေးဆေး နေချင်ရသလဲဆိုတာ ရိပ်မိရောပ ... ထောင်မှူးကြီး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့လက်ချောင်းကြီးများကို သူ့အိတ်ထဲသို့ ထိုးထည့်ရင်း ကျွန်တော့်ကို စိမ်းစိမ်းစားစားကြီး ကြည့်နေ၏။ အင်း . . . ဟု အင်းရှည်ကြီး ဆွဲလျှက် အသံပြုမိသေးသော်မှ ဘာစကားမျှ ချက်ချင်းမပြောဖြစ်။

"အထူးသဖြင့် ကျုပ်အကြောက်ဆုံးက ကျုပ်ကိုယ်ကျုပ်ပဲပေါ့ ကိုယ်နဲ့ဘာမှမဆိုင်တဲ့ အဲဒီတန်ခိုးစွမ်းအားဆိုတာကြီး ကျုပ်ကိုယ်ထဲကို ရော လာပြီးကတည်းက ကစားစရာ အသစ်အဆန်းကလေးများရပြီးတာစ က များ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်နဲ့ တစွဲလမ်းလ ဆော့ချင်နေတော့သလို။ ကျုပ်လည်း ဟိုဟာလက်တည့်စမ်းလိုက်ချင်၊ ဒီ ကို အစွမ်းပြလိုက်ချင် ဖြစ်လာလိုက်တာဟာ ကြာတော့ အဲဒါကြီးကို ဘိန်း သလို စွဲနေမိပေါ့ကိုး။ ကျုပ်နာမည်တောင် အူလူးသောင်းထွန်းဆိုတာက ဝိဇ္ဇာသောင်းတဲ့။ မော်ဆရာတဲ့။ တဖြည်းဖြည်း ပြောင်းလာလိုက်တာ ကြည့်တော့။

ပြောင်းဆို ကျုပ်ပါးစပ်က လွှတ်ခနဲလွှတ်ခနဲ ထွက်ထွက်ကျ တတ်တဲ့ စကားတွေကလည်း ဒက်ထိကွက်တိ မှန်နေတတ်တာကိုး . . . ဆရာကြီးရဲ့။ ဟဲ . . . ဟဲ . . . ဟဲ . . . ကျုပ်က ဗေဒင်တွေ၊ နက္ခတ်တွေ လို့ မဟုတ်ပေါင်ဗျာ။ ကျုပ်ဝမ်းထဲက အဲဒီ ဘာမှန်းမသိတဲ့ ဟာကြီးကြော သာပါ။

ဩော် . . . ကြုံတုံးပြောလိုက်ရဦးမယ် ခင်ဗျ။ ကျုပ်ဆရာ ဝမ်း ပေတော့။ ကျုပ်ဆရာရဲ့ အမျိုးသမီးက အခုမွေးမယ့်ဖွားမယ့် ကိုယ်ဝန် ယောက်ျားလေးဗျ။ လာမဲ့သောကြာနေ့မှာ ဖွားလိမ့်မယ်။ ပြီးတော့ ဆရာကို မိလိုဖလို စောင့်ရှောက်ပေးနေတဲ့ ကျုပ်ဆရာရဲ့ဆရာသမား ထော ပိုင်ကလေး ဦးလူလုလည်း နက်ဖြန်သဘက် ပြောင်းမိန့်ရောက်လာ မယ်။ ဒီထက်ဒီ တက်လမ်းရှိပြီး လူကြီးနား နီးနီးကိုပြောင်းရမှာ သိထ

အလိုလေးဗျာ . . . ဝိဇ္ဇာသောင်းကဖြင့် လုပ်ချလိုက်ပြန်ပြီ။ ကံ ကံမကြီး။ မည်သို့မျှ မသေချာမရေရာရှိလှသည့် ဟိုးခပ်လှမ်းလှမ်း အနာဂတ်ကိုပင် ဖမ်းဆွဲ၍ ဟောကိန်းထုတ်နေပြန်ပါပကော။ မည်သို့ပင် စေ၊ သည်တစ်ချီလည်း မော်ဆရာဝိဇ္ဇာသောင်းပဲ မှန်ခဲ့ပြန်လေသည်။

---

စိတ်ကူးသစ်စာပေ



သူ ပြောပြီး၍မျှ တစ်ရက်နှစ်ရက်သာရှိသေး။ ထောင်ပိုင်လေး ဦးလူလုတစ်ယောက် လက်ထောက်ညွှန်ကြားရေးမှူး ရာထူးတိုးမြင့်၍ အင်းစိန် ဗဟိုထောင်ကြီးသို့ ပြောင်းရမတဲ့။ ပြောင်းမိန့်ရောက်လာခဲ့သည်။ အဲ . . . ပြီးလျှင် ထိုအပတ်ထဲ သောကြာနေ့နံနက်ဦး၌ ကျွန်တော့်သားတော်မောင် မိုးလမင်းကို ဇနီးသည်က ဖွားမြင်ခဲ့ပြန်၏။ ကိုင်း . . . ဘယ့်နှယ့်ရှိစ။

မှန်နိုင်လွန်းသည့် ကိုရွှေမော်ဝိဇ္ဇာကြီးကိုကား ဆေးရုံတိုက်မှ လူသူ လေးပါးနှင့် ဝေးနိုင်သမျှဝေးရာ တိုက်နီကြီးဟုခေါ်သည့် ၄-တိုက် (ကြိုး တိုက်) ဘေးအစွန်ခန်းသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး သူ့စိတ်တိုင်းကျ နားအေး ပါးအေး နေစေခဲ့ရကြောင်းကိုကား သူနှင့်ကျွန်တော်မှလွဲ၍ သိသူမရှိခဲ့ပေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၄ |

❑

ခက်တော့လည်းခက်သား။

ဖြစ်ချင်တိုင်းလည်း မဖြစ်ရ၊ မဖြစ်ချင်တာတွေလည်း ဖြစ်ရ။ သူ့ဘာသာသူ နားအေးပါးအေး ရေခဲနှင်းဆောင်းနေချင်၍မှ ကြိုးတိုက်ခန်း အလွတ်တွင် နေခွင့်ပြုပါရန် ကိုယ်တိုင်ဆန္ဒပြုခဲ့သူ ဝိဇ္ဇာသောင်းခများလည်း သူစိတ်ကူးသလို ဖြစ်ခွင့်မကြုံရ။ သူမထင်တာတွေချည်း ဆက်တိုက်ကြုံလာရသည်။

သူနှင့်ပတ်သက်ဆက်နွယ်သမျှ ကိစ္စများသည်လည်း ထောင်လုံခြုံရေးကို တစ်နည်းတစ်ဖုံ ဂယက်ထစေခဲ့သည်ချည်း။

"ထောင်မှူးကြီးရေ ... စိတ်ထဲ ဘယ်နှယ့်မှ မရှိနဲ့နော်။ ဟောဒီ ရက်ပိုင်းမှာ ကျုပ်တို့ထောင်ထဲ ဝမ်းကျတဲ့ဘေးဒုက္ခကြီး ရောက်လာလိမ့်မယ်။ ကျုပ်အာရုံထဲမှာ ကြိုမြင်နေတယ်။ အပျက်အစီး အသေအပျောက်လည်း ရှိတန်သမျှရှိမှာပဲ။ ဘယ်သူမှ ကယ်မရနိုင်ဘူး။ အဲ ... ဆိုးဆိုးဝါးဝါး မဖြစ်လိုက်ဘဲနဲ့ သူ့အလိုလို အေးသွားမှာလည်းရှိရဲ့။ အဲသာ ... ထောင်မှူးကြီး ကြိုသိထားနိုင်အောင်ဟာ ကျုပ်က အသိပေးတာ။ မပြောဘူး ဖြစ်မှာစိုးလို့"





ဝိဇ္ဇာသောင်း သတိပေးဦးခင်၍သာ လိုအပ်ရာရာ ဆေးဝါး၊ ရိက္ခာ၊ အစီအစဉ်များကို လက်မတင်ကလေး အပူတပြင်း ပြင်ဆင်စုဆောင်းခွင့်ရလိုက်၏။ ဘာမျှ မကြာလိုက်။ ရက်ပိုင်းကလေးအတွင်း ကလေး–ကာဘော် ချိုင့်ဝှမ်းဒေသရှိ ဘဝသစ်အလုပ်စခန်းများမှ ကိုယ်အလေးချိန် အလွန်အမင်း နိမ့်ကျနေသည့် (BMI) အကျဉ်းသားရဲဘက်များ အုပ်စုလိုက်ကြီး ပြန်ရောက်လာခြင်းနှင့်အတူ ဝမ်းရောဂါကပ်ဘေး ကျခဲ့၏။

သေလိုက်ကျေလိုက်သည်မှ သောက်သောက်လဲ။ ဟောတစ်သောင်း၊ ဟောတစ်လောင်း။ အတော်ကြီး ဖိဖိစီးစီး အင်တိုက်အားတိုက် ကြိုးကြဝန်းကြ နှိမ်နင်းကုသခဲ့ကြပါသော်မှ ပျက်စီးဆုံးရှုံးမှုနှုန်းက ချောက်ချားလောက်စရာ။ သုံး၊ လေး၊ ငါးရက် အသည်းအသန် ဖြစ်ပျက်လိုက်ပြီး ရုတ်ခြည်း ရပ်တန့်ငြိမ်းအေးသွားခဲ့လေသည်။ ထောင်မှာဖြင့် သေသွားပျက်လုနန်း ပြူးတူးပြာတာဖြစ်၍ ကျန်ရစ်ခဲ့ရတော့၏။

ဝိဇ္ဇာသောင်းကျေးဇူးကြောင့် ကြိုတင်စီမံမှု လက်ဦးခဲ့သဖြင့် တစ်စုံတစ်ရာ အရေးယူခြင်းမခံခဲ့ရ။ သည်လိုတော့လည်း ကိုယ့်လူက ဟုတ်တုတ်တုတ်။

"ကျုပ်ဆရာရေ့ ...။ ကျုပ် ညက တစ်ညလုံး အိပ်လို့မရဘူး။ ထောင်မှာ သွေးထွက်သံယိုကိန်းတွေ မြင်နေရတယ်။ ထောင်ဆူထောင်ထ ဘာမျိုး ဖြစ်လေဦးမလား မသိဘူး။ အဲဒါ ..."

အလိုလေးလေး ...ဝိဇ္ဇာသောင်းတို့ အာရုံရလိုက်သည်များ ဘာကယ့်အရေးတော်ပုံကြီးနှင့်မှ ပက်ပင်းကြီးဖြစ်ရပေတယ်လို့။ မည်သို့ပင်ဖြစ်စေ ဆယ့်ရေးတစ်ရေး ကိုးရေးတစ်ရာ လိုရမယ်ရ ကြိုကြိုတင်တင် မြှူယ်များကို စီမံထားနှင့်လိုက်၏။ တစ်ရက်နှစ်ရက် ဘာသံမျှမကြား။ တုတ်တုတ်ကလေးတောင် မလှုပ်။

ဟော ... ဟင်းချမည်ကြံရုံရှိသေး၊ နယ်အလုပ်စခန်းများသို့ ပို့ရန် ရည်းထားသည့် ညှော်ရဲဘက်များနှင့် ကိုယ့်ထောင်က လက်သမကျော် လူသည်ချပ်ပြား ထောင်မင်းသားများ ပုံစံပုဆိုး၊ အကျီ၊ ပုံစံစောင် အရောင်းအဝယ်အပေါင်အနှံ့ကို အကြောင်းပြု၍ ရိုက်လိုက်နှက်လိုက်၊ သတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်ကြသည်များ တဖြုန်းဖြုန်းရယ်တဲ့မှ တာအုန်းအုန်း။ လူအသေအပျောက် မရှိခဲ့သော်မှ ခေါင်းပေါက်ထိပ်ကွဲ အမြီးလိမ်ဖင်စောင်းတွေနှင့် ထောင်ဆေးရုံရောက်လိုက်ကြသည်မှာ အောတိုက်လို့။

"ဆရာရေ ... မဟုတ်မဟပ်တာတွေကို မြင်နေရပြန်ပြီဗျာ။ မကြာခင် ကျုပ်တို့ကြိုးတိုက်က ကြိုးသမားနှစ်ယောက်ကို ကြိုးပေးဖို့ အမိန့်ရောက်လာလိမ့်မယ်။ အင်း ... အုန်းထွန်းနဲ့ ဟို ... ဝင်းမြင့် ကောင်ကလေးတို့ ဖြစ်မှာပဲ။ ကျုပ်မျက်စိထဲ သူတို့နှစ်ယောက်ကိုပဲ ထင့်ထင်လင်းလင်းကြီး မြင်မြင်နေရတယ်"

မှန်ပြန်တာပါပဲ။ ရက်တစ်ပတ်အတွင်း မနှစ်မြို့ဖွယ် ထိုအရေးထိုကိစ္စကြီးကို စဉ်တိုက်ဆက်တိုက်ကြီး ဆောင်ရွက်ခဲ့ကြရသည်။ ထောင်တစ်ထောင်လုံးငြိမ်။

သည်သို့ဖြင့် ဝိဇ္ဇာသောင်း ကြိုကြိုပြောလေသမျှ လွဲသည်မရှိသည့်အခါ သူ့ဥစ္စာ ဟုတ်များဟုတ်လေ်ရော့သလားဟု ဝေတေဝေ မှောင့်မှောင့်ရောင့်ရောင့်တွေ ဖြစ်လာရတော့သည်။ ဝိဇ္ဇာသောင်းတစ်ယောက် သူပြောသလို စိတ်တန်ခိုးစွမ်းအင်တွေ တကယ်ရနေလေသလား။

"အဲဒါ ခက်နေတာ ... ကျုပ်ဆရာရဲ့။ အခု ကျုပ်ထောင်ကျ,ကျလာသမျှက တစ်ခုမှ ကျုပ်လိမ်လည်ခဲ့တာ မဟုတ်မမှန်ပြောခဲ့ လုပ်ခဲ့တာတွေ မပါဘူးရယ်။ ကျုပ်ဝမ်းဗိုက်ထဲက သူ့အလိုလို သိနေတဲ့အတိုင်း ဒက်ထိကွက်တိ လုပ်ခဲ့တာချည်းပဲ။ အဲ ... တရားကောင်းတော့ စောင်းသလိုလိုလို့ ပြောနေကြသလိုမျိုးပဲထင်ပ။ ကျုပ်ပြောတာတွေက သေွးထွက်အောင်မှန်လွန်းနေပြန်တော့ လူတွေက မယုံနိုင်ကြပြန်ဘူး။ လူဆိုတာမျိုးဟာ အဲသလောက် မမှန်ရဘူးတဲ့။ ကဲ ... မခက်လား။ ကျုပ်ကပဲ တမင်အကွက်ချလီဆယ်လုပ်ကြပြန်သတဲ့။ အဲသာနဲ့ ကျုပ်လည်း ထောင်ထဲရောက်ရပြန်ရော။ ဟီး ... ဟီး ... ဟီး ..."

"ခင်ဗျားကို ထောင်မချဘဲ လွှတ်ပေးအောင် ရုံးမင်းကို စိတ်မညှို့ခဲ့ဘူးလား မော်ဆရာရဲ့။ ခင်ဗျား ဝေလ်ပါဝါတွေကို အဲဒီလိုနေရာမှာ မသုံးဘဲ ဘယ်ချောင်သွားထိုးထားသတုံး"





"ပြောရော့မယ် ကျုပ်ဆရာက။ ကျုပ်ကိုယ်တိုင်ကလည်း လူတွေသူတွေနဲ့ဝေးဝေး ထောင်ထဲမှာနေရရင် ကောင်းရော့အောက်မေ့လို့ မလုပ်ဖြစ်ခဲ့သာလည်း တစ်ကြောင်းပလေ နော ...။ အဲ ... နို့ပေတဲ့ ကျုပ်မို့ စိတ်မညှို့မိစေနဲ့။ ညှို့များညှို့မိပလားဆိုမှဖြင့် အဲဒီအခေါက်မှာ တရားခွင်မှာတင် အမှုပြတ်ပြီး တရားသေလွှတ်တာချည်းပဲ"

ဟောဗျ ... ဟုတ်လည်းဟုတ်သည့် ဝိဇ္ဇာသောင်းကြီးပါလား။ သူ့တာနှင့်သူတော့ ဟုတ်ပေ့ဖြစ်၍နေသည်။

ဤမျှသာပဲလားတဲ့။ မဟုတ်သေးပါ။ အခြားထောင့်အရေး၊ ထောင့်အရာ ထွေလာကမာတွေမှာလည်း သည်ကိုယ်တော်ကြီးကို ပြေးပြေးအပ်ရသည်မျိုးရှိခဲ့၏။

'ကျုပ်လူ မော်ဆရာရေ့ ... ၂–တိုက်မှာ တိုက်ခန်းဖောက်ဖို့ ကြံနေသလိုလို သတင်းသိုးသိုးသန့်သန့်ကြားတယ်။ အဲဒါ ဘယ်သူတွေများဖြစ်နိုင်မတုံး။ လုပ်စမ်းပါဦး'ဟု တစ်မျိုး၊ 'ကိုင်း ... ဝိဇ္ဇာသောင်းရေ ထောင်ကျနဲ့ အချုပ်ဆောင်တွေဘက်မှာ နံပါတ်ဖိုးတွေ ပြန့်နေသတဲ့ဗျို့။ ဘယ်အကောင်တွေရဲ့ လက်ချက်များတုံး။ အာရုံခံစမ်းပါဦး။ ကျုပ်လူရေ့' ဟုတသွယ် ခုတင်ခု ဒုက္ခပေးရလေ့ရှိမြဲ။ ဘယ်သောအခါမျှ ညည်းညူခြင်းသည်မရှိ။ ပြုံးဖြဲဖြဲရယ်ကျဲကျဲ သူ့နဂိုစတိုင်ကြီးအတိုင်း ဒက်ခနဲဒက်ခနဲ မြင်သမျှတွေ့သမျှ ပြောချတာတ်ဆဲ။ မှန်လည်း မှန်နိုင်လွန်းပါပေ့။

တစ်ခါတွင်တော့ လူပါးပုလင်းထိ ဒူးနှင့်မျက်ရည်သုတ်ကိန်း ကြုံခဲ့ရသည်။ ကျောက်ကြီးစိုးမြင့်၊ နွားကြီး၊ နွားလေး၊ ခေါ်တောတို့ လူသိုက်ပြစ်ဒဏ်တိုက်ကိုဖောက်၍ ညအချိန်ထွက်ပြေးကြဖို့ ကြံစည်ကြိုးပမ်းရာမှာ သင်းကြီးက အခါပေးခဲ့သတဲ့ဗျာတို့။ ထောင်ပြေးမှု၊ ကြံရာပါ၊ အားပေးကူညီမှုဖြင့် တကယ့်အလုံတိုက်ထဲ ၁၄ ရက် ညွှာင်းခဲ့ရသည်။

'ကျုပ်လူရာ ခင်ဗျားမို့ပဲ မဟုတ်ကဟုတ်က ရှာရှာဖွေဖွေ လုပ်ရက်ပလေ။ ဒီကိစ္စမျိုးကို ကြိုသိခဲ့ရင်တောင်မှ ခင်ဗျားက ကျုပ်ကို ချက်ချင်းလက်တို့လိုက်ရမှာ။ အခုတော့ ကျုပ်လူကပါ အလိုတူအလိုပါ' ဟု စိတ်ခင်မှက်မှက်နှင့် အငေါ်တူးမိသည်ကိုပင်လျှင် သင်းတို့အကြံ မအောင်မြင်နိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဒီက သိနေလို့ပါ ... ထောင်မှူးကြီးရယ်။ ပြီးတော့ ခင်းတို့ကို ဘယ်လိုတားတား ကျူပ်စကားကို နားမဝင်တဲ့အပြင် 'ဆင်သွားရင်လမ်းဖြစ် သတဲ့။ ခင်းတို့က ကျုပ်ကို စိန်ခေါ်[illegible]ခဲ့တယ်။ အဲဒါနဲ့ပဲ အသာကြည့် နေလိုက်တာ။ အလုံတိုက်ထဲရောက်တော့လည်း ပိုပြီး နားအေးပါးအေးနေ ရတာပ မှတ်ဘူးလား' တဲ့။ ရယ်ကျဲကျဲဖြင့် နားဝင်လှအောင် လျှောက်လဲ ချက် ပေးခဲ့သေးသည်။

ဟော ... ယခုဖြင့် အဲသည်ဝိဇ္ဇာသောင်းတစ်ယောက် သေရှာ ပတဲ့။

✿ ✿ ✿

# [ ၅ ]

❑

"ဆရာရေ ... ဆရာ"

"ဟဲ့ ... အော်ကြီးဟစ်ကျယ်နဲ့ ဘယ်လိုဖြစ်လာပြန်တာတုံး ... ကောင်ရဲ့၊ ငါက ဒီမှာ ..."

တပည့်ကျော် ကံလှတစ်ယောက် သုတ်သီးသုတ်ပျာ ပေါက်ချလာ သည်။ ခွေးတလုံးလုံး ဘိုသီဘတ်သီ ဖြစ်လာပုံထောက်လျှင် ကေန္တ ကေန္တ၊ တစ်ခုခု ပေါက်တိပေါက်ရှာတွေ ပါလာခဲ့ပြီ။

"ဝိဇ္ဇာသောင်းလေ သိလား ဆရာ"

"အေးပါ ... ဟုတ်ပါပြီ။ ဝိဇ္ဇာသောင်းပဲ ရှောဘရားသားပြသွား တာ ဘာကြာသေးတုံး။ အဲဒီတော့ ..."

"ဆရာ့အတွက် စာကလေးတစ်စောင် ရေးထားရစ်ခဲ့သတဲ့။ ပြီး တော့ သူ့အိပ်ရာလိပ်ထဲက မှတ်စုရေးထားတဲ့ ဘုတ်အုပ်ကလေးတစ်အုပ် ကိုလည်း တွေ့ခဲ့ကြသတဲ့ဆရာ။ အဲဒါ ဒေါက်တာဦးအေးချို့က ဆရာ့ကိုပဲ လိုက်ပါဆိုပြီး ကျွန်တော်နဲ့ လူကြုံပါးလိုက်တယ်။ ဒီမှာရော ..."

ပြက္ခဒိန်စာရွက်ဟောင်းနောက်ကျောမှာ ခဲတံတုံးတုံးဖြင့် ဖိရေး ထားသော ပဲညှောင့်ပေါက်လက်ရေး ကဘောက်တိကဘောက်ချာများကို ည်းကြီး ပြူးပြဲဖတ်ရ၏။ ဘာတဲ့ ...။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ထောင်မှူးကြီးရေ ...။

ဘာတန်ခိုး ဘာသိဒ္ဓိတွေပဲရရ အချိန်တန်တော့လည်း အလောင်းကောင်ကြီးဘဝ လက်ဗလာနဲ့ သေကြရတာချည်းပါပဲဗျာ။ ကျုပ်ပြောခဲ့သလို ကျုပ်လည်း ဒီထောင်ကြီးထဲမှာပဲ ကိစ္စပြီးမ်းရပြီပေါ့။ ကျုပ်အတွက်ရည်စူးပြီး သပိတ်သွတ် အမျှအတန်းဝေပေးဖို့ ကျုပ်ဆရာကိုပဲ အားကိုးလိုက်ပါရစေ။

ဩော် ... ဒါနဲ့ ကျုပ်မမာနေတုန်းမှာ ကျုပ်အာရုံတွေက ပိုထက်မြက်လာသဗျ။ ငြိမ်းကာနီးဆီမီးတိုင် ဟုန်းခနဲ ထတောက်သလိုနေမှာပေါ့လေ။ အဲဒီမှာ ကျုပ် မြင်ခဲ့သိခဲ့ရသမျှတွေကို ဘုတ်အုပ်ထဲမှာ ရေးထားတယ်။ တစ်ဘဝကူးခါနီး ကျုပ်ရဲ့လက်ဆောင်ပလေ နော ..."

ရင်ထဲမှာ ဘယ်လိုမှမကောင်း။ ဆိုင်းဆိုင်းဆို့ဆို့ မှိုင်းမှိုင်းညို့ညို့ချည်း။ လက်တစ်ဖဝါးမရှိတရှိ မှတ်စုစာအုပ် နွမ်းနွမ်းဖတ်ဖတ်ကလေးကို တဖျပ်ဖျပ် လှန်ကြည့်နေမိ။

အလို ... အလို ... ဘာတွေပါလိမ့်။

ယခုလတ်တလော ထောင်အတွင်းမှာ ဂိုဏ်းဖွဲ့ကျူးလွန်နေကြသည့် ဘိန်းအဖြူအမည်း၊ ဘောလုံး(ခ) စိတ်ကြွဆေးဖြန့်နေသည့် ထောင်ကျူိုးများ၏စာရင်း၊ ညတိုင်ညတိုင် ထောင်ကျဆောင်၊ အချုပ်ဆောင်၊ အိပ်စင်များအောက်၌ ပုန်းလျှိုးကွယ်လျှိုး ညလုံးပေါက် ဖဲကစားကြသည့် ညမင်းသားများစာရင်း၊ အိပ်ဆောင်အလိုက် မိလ္လာချောင် ကွန်ကရစ်ခုံကြီးရှိ အုတ်ချပ်များကိုခွာ၍ သိုဝှက်သိမ်းဆည်းထားသည့် သိန်းဂဏန်းချီသော ငွေမည်းများ၏ သိုက်စာအညွှန်း၊ တောင် ယာများအတွင်း မြေကျင်းတူး၍ ဖွက်ထားသည့် တရားမဝင်ပစ္စည်းများနေရာ၊ ကြိုးတိုက်ခန်းမှထွက်ပြေးဖို့ လျှို့ဝှက်သွင်းထားသည့်ကြိုးနှင့် သံချိတ်များဝှက်ထားရာနေရာ၊ ကြံစည်သူများအမည် အို ... သဗ္ဗန်ပေါင်း စုံတကာ စေ့ပါလေရော။ နောက်ထပ်တစ်ပတ်နှင့် မီးခိုးကြွက်လျှောက် အရေးယူ၍ မဆုံးတော့။ 'သင့်ခယူ ... မော်ဆရာ ဝိဇ္ဇာသောင်းရေ့'။

✿ ✿ ✿

# [ ၆ ]

❑

ကြာတောင် ကြာခဲ့ပါပြီ။

ဌာနရင်ခွင်က ခွာလာခဲ့သည်ပင်လျှင် ဆယ်စုနှစ် တစ်စုစွန်းစွန်း ရှိမည်။ ထောင်အကြောင်း ထွေထွေရာရာကလေးများကို စာတိုပေစ ရေးရင်း ရင်ခွင်ဟောင်းကို အလွမ်းဖြေနေခဲ့မိရသည်ပင် ကြာပေါ့။

ဘဝတစ်ကွေ့၌ ကြုံခဲ့တွေ့ခဲ့ရဖူးသည့် အုံ့ဩဘနန်း လူထူးဆန်းတစ်ယောက်လို လူကြီးကို တစ်ခါတစ်ခါ လှစ်ခနဲ သတိတရရှိလွန်းလှသည်။ အတွဲ ...

"ဒီမယ် ... ကျုပ်ဆရာ။ ကျုပ်ဆရာ ဘယ့်ကလောက် အားကြီးခဲ့လုပ်လုပ် ထောင်သက်က ကုန်နေပြီရောဗျ။ ထောင်မှူးကြီးထက် ပိုမဖြစ်သေးဘူး။ ဒီနှစ်မကုန်ခင် ကျုပ်ဆရာ ဒီအလုပ်က ရုတ်တရက် အငြိမ်းစားရောက်နိုး မြင်တယ်။ သိလား။ ဒါပေသိ သိပ်လည်း စိတ်မပူပါနဲ့ဗျ။ ကျုပ်ဆရာရင်ထဲမှာ ခွေထားခေါက်ထား ထိုးသိပ်ပစ်ထည့်ထားရတဲ့ စာရေးဆရာဖြစ်ဖို့ စိတ်ကူးကဖြင့် အဟုတ်တကယ် ဖြစ်လာလိမ့်ဦးမယ်။ ချမ်းတောင့်ချမ်းသာမဖြစ်တောင် ဘဝသစ်မှာ ကျုပ်ဆရာ ပျော်မှာပါ။ အေးအေးချမ်းချမ်းပေါ့ပါ။ ဟဲ ... ဟဲ ... ဟဲ ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

သည့်စကားလေးက ဝိဇ္ဇာသောင်း ကျွန်တော့်ကို နောက်ဆုံး ပြော ဖြစ်ခဲ့သည့်စကား။ မည်သို့ဖြစ်ဖြစ်၊ ဥမမယ်စာမပြောက် စာရေးသမား ခွင့် ကြုံနေရပြီဖြစ်၍လည်း ဝိဇ္ဇာသောင်းကြီးကို လွမ်းလိုက်မိရသေး။

"အင်း ... ဒီလူကြီး ဘယ်ဘဝရောက်ပြီး ဘာတွေဖြစ်နေသေ တယ်မသိ"

ကောင်းရာသုဂတိလားပါစေသား ... ဝိဇ္ဇာသောင်းရေ။

မေတ္တာဖြင့်

**လေယျမင်းညွှင်**



www.burmeseclassic.com

❑

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က တကယ်ဖြစ်ပျက်ခဲ့သော အဖြစ်အား နေရာဒေသမှလွဲ၍ လူအမည်များ ပြောင်းလဲ၍ ဖော်ပြခြင်းဖြစ် သည်။

လမင်းကြီးကား ဝိုင်းဝိုင်းစက်စက်၊ မြည့်မြည့်ဝဝကြီးသာလျက်ရှိ၏။

သုသာန်တစပြင် တစ်ပြင်လုံး၏မြင်ကွင်းမှာ လရောင်အောက်တွင် ချောက်ချားဖွယ်ရာ ပကတိဖြစ်နေလေသည်။

တောရွာကျေးလက်သုသာန်ဖြစ်၍ စည်းစနစ်မရှိ အစီအစဉ်တကျ မဟုတ်ပဲ လူသေအလောင်းများကို မြှုပ်နှံထားကြသည်မှာ မြေပုံတွေ ဖြ ကျဲလျှက်ရှိ၏။

သည်ပထ်ဝန်းကျင်မှာကား ရွာတွေများလှသည်။ ဆိပ်ကြီး၊ ကျောင်း ကုန်း၊ ဂျမား၊ ဆန်စိမ်းကုန်၊ ကရင်ချောင်၊ ရခိုင်ချောင်၊ ထော်ဝက်၊ ရွာသစ် စသောရွာတွေမှ လူများသေလျှင် သည်သုသာန်မှာပင် လာရောက်သင်္ဂြိုဟ် လေ့ရှိကြသည်။

သုသာန်သင်္ချိုင်းဆိုတာ မသာချသည့်အချိန်လောက်ပဲ လူရှိတတ် သည်။ မသာချပြီးလျှင် လူသူကင်းရှင်းသွားတော့သည်။ ဒါတောင်မှ မသာ ချချိန် နေ့လယ်ဆယ်နှစ်နာရီ နောက်ပိုင်းလေးမှာတင်ဖြစ်၏။

---

စိတ်ကူးသစ်စာပေ



မသာကလည်း ဤသင်္ချိုင်းမှာ အမြဲမပြတ် ရှိနေသည်မဟုတ်။ တစ်လတစ်ကြိမ်၊ တစ်ပတ်တစ်ကြိမ်ဆိုသလိုမျိုးသာ ရှိတတ်သည်။

ဗိုလ်ချုပ်ကျေးရွာတောင်ပိုင်း ကုလားကုန်းနှင့်နီးသဖြင့် ကုလား ကုန်းသင်္ချိုင်းဟူ၍ အလွယ်တကူပင် ခေါ်ဆိုထားကြသည်။ ကုလားကုန်းဆို သည့်အတိုင်း ယခင်က လယ်ကုလား၊ ကွင်းကုလားများသေဆုံးလျှင် မြှုပ်နှံ သင်္ဂြိုဟ်ရာ သင်္ချိုင်းဖြစ်ခဲ့သည်။

ခုတော့ ဗမာသင်္ချိုင်း၊ ကုလားသင်္ချိုင်း ရောသွားခဲ့လေပြီ။

ဗိုလ်ချုပ်ရွာမှာ သင်္ချိုင်းကြီးတစ်ခုရှိသည်။ ရွာကကြီးလွန်းသဖြင့် ၎င်းသင်္ချိုင်းနှင့်သူပင် နေရာလပ်မရှိအောင် မြေပုံနှင့်ဂူများဖြင့် ပြည့်နှက်နေ သည့်အပြင် ပဲခူးစု၊ ထန်းပင်ကုန်း၊ မြို့မတောင်ရပ်ကွက်ကြီးတွေမှ သူများ ကိုပါ ဗိုလ်ချုပ်ရွာသင်္ချိုင်းမှာ လာရောက်သင်္ဂြိုဟ်ကြရ၍ ထိုသို့ ဗိုလ်ချုပ်ရွာ သင်္ချိုင်းနှင့် မဆန့်ရင်ကာဖြစ်နေခြင်းဖြစ်၏။

ယင်းကြောင့်ပင် ဗိုလ်ချုပ်ရွာ ရွာသစ်ပိုင်းမှ လူတွေသေလျှင်လည်း ဤရာကုလားကုန်းသင်္ချိုင်းမှာပင် လာရောက်သင်္ဂြိုဟ်လေ့ရှိတတ်သည်။

ပတ်ဝန်းကျင်ရွာတွေက များသဖြင့် ကုလားကုန်းသင်္ချိုင်းမှာ ပို၍ပင် မြေပုံများ၊ အုတ်ဂူများ များပြားလာပြန်သည်။

ကုလားကုန်းဆိုသည့်အတိုင်း လယ်ကွက်နှင့် ကုန်းကမူတွေကြား မှာ သူက အထီးတည်းတည်နေ၏။ မိုးရာသီ၌ပင် ရေမမြုပ်နိုင်အောင် ကုန်း မြင့်သည်။ ကုက္ကိုပင်ကြီးတွေ၊ ညောင်ပင်ကြီးတွေ အုပ်ဆိုင်းလျက် မှိုင်းညို့ နေ၏။

သင်္ချိုင်းပတ်ဝန်းကျင်မှာ လယ်ကွင်းအချို့ရှိသော်လည်း သင်္ချိုင်းနှင့် ဝေးသည်။ ဝါးရုံတောကြီးတွေ၊ အနမ်းပင်ကြီးတွေ အုပ်ဆိုင်းနေသော ခြုံ နွယ်ကြီးတွေက သင်္ချိုင်းနှင့် ခပ်လှမ်းလှမ်းမှာ တည်နေ၏။

ချိုးထောင်၊ ငှက်ထောင်ကုလားတွေပင် သင်္ချိုင်းနှင့်နီးစပ်ရာ တော အုပ်များဘက်သို့ ညဘက်လာလေ့မရှိအောင် လူက ညဘက်အချိန်ဆိုလျှင် ဘုံးဝ ပြတ်နေတတ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကုလားကုန်းသချိုင်းမှာ ညည လူလူမလာရဲအောင်လည်း ထိုအချိန်က နာမည်ကြီးသည်။

ယခုလို အောင်ချမ်းသာရပ်ကွက်ကြီး မပေါ်သေး၍ လူတွေမှာလည်း ကိုယ့်ရွာကိုယ့်အစုနှင့် ကိုယ်နေကြ၍ တောဆန်လျက်ရှိကြသေးသည်။

"သချိုင်းနားသွားပြီး မရှိမသေမလုပ်ကြနဲ့နော်။ အမေ့ မဖဲဝါက ကြမ်းတယ်။ အားလုံး မသာပေါ်ကုန်မယ်"

အင်မတန် လက်သရမ်းတတ်သော ခြေဆော့လက်ဆော့နိုင်သော နွားကျောင်းသားလေးများကို မိဘတွေကပင် ယင်းသို့ပြောထားကြရသည်။

ထိုသို့ ပြောယူရလောက်အောင်လည်း ကုလားကုန်းသချိုင်းက ကြမ်းသည်ဟု ဆိုကြသည်။ ဘယ်သူစခဲ့လေသည် မသိ။ သချိုင်းစောင့်ဆိုလျှင် မဖဲဝါဟူ၍ အမည်တပ်ကြသည်။

ဦးဆစ်တိုဆိုတဲ့ လူကြီး ကုလားကုန်းသချိုင်း အနောက်ဖက် ချောင်းရိုးအစပ်တွင် ငါးပက်ရာမှ အန္တရာယ်မလွယ်နိုင်၍ အပေါ့အလေးသွားခဲ့ရာမှ သချိုင်းစောင့် အမေမဖဲဝါကို တောင်းပန်တိုးလျှိုးခြင်းမပြု၍ သူ့အိမ်သို့ပြန်အရောက် အောင့်တယ်အောင့်တယ်ပြောပြီး သေဆုံးသွားသည်။ ဤကုလားကုန်းသချိုင်းမှာ မသာချခဲ့ရသည်မှာ ရက်ပိုင်းပဲရှိသေးသည်။

သချိုင်းစောင့်ကို ဘယ်သူကစတင်၍ အမည်တပ်ခဲ့သည်မသိ။ မဖဲဝါဟု ခေါ်လေ့ရှိသည်မှာ အဆန်းဖြစ်နေ၏။ ဒါကလည်း သူ့ခေတ် သူ့အယူအဆနှင့်သူ ဖြစ်လာခြင်းမျိုးဖြစ်လေသည်။ မဟုတ်ဘူး။ ဟုတ်သည်ဟု မည်သူမျှ ငြင်းခုံနေလေ့မရှိ။

"မင်းတို့အားလုံး အသင့်ပြင်ထားကြရမယ်။ ဒီညသန်းခေါင်ယံ ကုလားကုန်းသချိုင်းမှာ မင်းတို့ကို ဆရာပွဲတက်ပြီး တုတ်ပြီး ဓားပြီး ဆေးပြီး ထိုးပေးမယ်။ မင်းတို့ထဲက လက်ရွေးစင်တပည့်တွေ ငါရွေးထားတဲ့အတိုင်း ဆရာနဲ့ လိုက်ခဲ့ကြ"

ဆရာဦးစက္ကက သူ့တပည့်တွေကို လပြည့်နေ့မနက်က သိုင်းသင်ပေးရင်း အတိအကျ မှာကြားခဲ့ခြင်းဖြစ်၏။





ဦးစက္ကသည် ထိုစဉ်က သန်လျင်တစ်ပိုင်တွင် အင်မတန်ကျော်ကြားသော သိုင်းဆရာကြီးဖြစ်၏။

ဓားပြီး၊ ဒုတ်ပြီး ကိုယ်ခံပညာ အင်မတန် စွမ်းသည်ဟူ၍လည်း နာမည်ကြီးနေသော ဆရာကြီးဖြစ်၏။

ခေတ်ကာလအားဖြင့် ၁၉၅၀ခုနှစ်းကျင်ဖြစ်၍ ငွေတစ်မတ်၊ ငါးမူး အကြွေစေ့သုံး၍ရသောခေတ်ဖြစ်၍ ဆရာကြီးဦးစက္ကထံမှာ သိုင်းသင်လျှင် ဆန်တစ်ပြည်၊ ငွေငါးမတ် (တစ်ကျပ်နှင့်တစ်မတ်)သာ ပေးရသည်။

ထိုသို့ ဆန်တစ်ပြည် ငွေငါးမတ် ဆရာကြီးဦးစက္ကကို ကန်တော့လျှင် ဆရာကြီးဦးစက္ကက သိုင်းပညာတစ်ပိုင်းစာ ခုနစ်ရက်တိတိ သင်ပေးသည်ဖြစ်၏။

ခုနစ်ရက်ပိုင်းဟူ၍ အထင်မသေးနှင့်။ ထိုခုနစ်ရက်လုံးလုံး တစ်နေ့မှ မနားဘဲ သင်ပေးသဖြင့် သိုင်းကွက်အခေါ်အားဖြင့် ဆယ့်ခြောက်ကွက်လောက် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သွားမည်ဖြစ်သည်။

"ဆရာက အဲဒီဆယ့်ခြောက်ကွက်ကို မင်းတို့တတ်အောင် နည်းနည်းလမ်းပြ သင်ပေးတာနော်။ ကျွမ်းကျင်ပြီး ပွဲဝင်နိုင်အောင် မင်းတို့ မပြတ်လေ့ကျင့်မှုဖြစ်မယ်။ ဆရာ့ဆီမှာ သိုင်းသင်ထားတယ်။ ငါ သိုင်းတတ်တယ်ဆိုပြီး အထင်ကြီးမနေကြနဲ့။ အမြဲမပြတ်လေ့ကျင့်နေမှ အသုံးကျမှာ နားလည်ကြလား"

ဆရာဦးစက္ကက သူ့တပည့်များကို အမြဲမပြတ် လေ့ကျင့်နိုင်အောင် ဤသို့ အမြဲတမ်းမှာတတ်သည်။ ဆရာဦးစက္ကသည် သာမာန်အချိန်များတွင် ယာလုပ်ကိုင်သော ယာသမားကြီးဖြစ်၏။ သူက တွံတေးဘက်မှာ သူ၏ တောင်ယာလုပ်ကိုင်သော မြေရှိသည်။

နွေရာသီ ခြေခင်းလက်ခင်းသာသောအခါ သူ၏တောင်ယာခင်းကို မိသားစုနှင့်လွှဲထားပြီး နီးစပ်ရာရွာတွေ လှည့်လည်၍ သိုင်းပညာသင်ကြား ဆရာက သန်လျင်ဘက်ကမ်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com



သန်လျင်ဘက်ရောက်လျှင် သူ၏လက်ရင်းတပည့် သိုင်းဆရာ ကိုအောင်ဒင်ကြီးအိမ်တွင် တည်းတတ်သည်။

ကိုအောင်ဒင်က ဆန်စိမ်းကုန်းမှာနေသည်။ ရာသီကုန်သီးနှံများကို စိုက်၍ သန်လျင်ဈေးသို့ ဖောက်သည်သွင်းသည်။ သူ့ဝါသနာအရ စီးမြင်းတွေ မွေးထားသည်။

သူ၏ မြင်းတွေကို နွေရာသီရှင်ပြုအလှူများအတွက် သီးသန့်ဈေးနှင့် ငှားရမ်းတတ်သည်။ ရန်ကုန်မှ ရုပ်ရှင်သမားတွေလာလျှင်လည်း ရုပ်ရှင်ရိုက်ရန်အတွက် ငှားရမ်းတတ်သည်။

ကိုအောင်ဒင်လည်း သိုင်းဆရာတစ်ယောက်မို့ သူ့ခြံထဲမှာ သိုင်းသင်ပေးလေ့ရှိသည်။ သို့သော် သူ့ဆရာကြီးဦးစက္ကလို ရွာစဉ်လှည့်လည်၍ မသင်။ သူ့ဆရာကြီး ဦးစက္ကရောက်လာလျှင်သာ ကိုအောင်ဒင်ဆီမှ မြင်းတစ်စီးဖြင့် သန်လျင်ဘက်ရှိ ကျေးရွာတွေကို လှည့်ပြီး သိုင်းသင်ပေးတတ်သည်။

ထိုသို့ သိုင်းသင်ပေးရာတွင် ရွာခံတပည့်တစ်ယောက်ဖြစ်စေ၊ ဆရာကြီးဦးစက္ကနှင့် အဆက်အသွယ်ရှိသူတစ်ဦးဦးကဖြစ်စေ လူအနည်းဆုံး ဆယ့်နှစ်ယောက်ပြည့်အောင် စုပေးရသည်။ ထိုသို့ ဆယ့်နှစ်ယောက်ပြည့်လျှင် ဆရာဦးစက္ကလာရောက်ပြီး ရွာခံအိမ်မှာတည်း၍ ခုနစ်ရက်၊ ဆယ့်လေးရက်၊ နှစ်ဆယ့်တစ်ရက်၊ တစ်လ စသည်ဖြင့် တည်းခိုကာ သိုင်းပညာ အတတ်သင်ပေးမည်ဖြစ်၏။

ခုနစ်ရက်နှင့် ဆယ်ခြောက်ကွက်ရလျှင် စမ်းသပ်စာမေးပွဲ လုပ်သည်။ သိုင်းကွက်အပြည့် ကစားကြရခြင်းဖြစ်၏။ တုတ်သိုင်းဆိုလျှင် တုတ်သိုင်း။ ဓားသိုင်းဆိုလျှင် ဓားသိုင်း၊ အလစ်အဟာမရှိ ဆရာကျေနပ်မှုရှိအောင် ကစားနိုင်ပါက အောင်မှတ်ရပေမည်။

ကစားသည်ဆိုရာမှာ တစ်ယောက်တည်း ကစားရသည်မဟုတ်။ နှစ်ယောက်တွဲကစားရသည်။ တစ်ယောက်နှင့်နှစ်ယောက်၊ တစ်ယောက်တည်းနှင့် သုံးလေးယောက် အမျိုးမျိုး အတိုက်ကစားကြရခြင်းဖြစ်၏။





ထိုမှ ကျွမ်းပြီဟုယူဆလျှင် ဆရာနှင့် ကစားရသည်။ ဆရာနှင့် တိုက်ခိုက်ရသည်။ ဆရာက အဆင့်အလိုက် အမျိုးမျိုးစမ်းသည်။ ဆရာ၏ အစမ်းကို စိတ်ကျေနပ်မှုရှိအောင်ရပါမှ ထိုတပည့်ကို ဆရာက တစ်ဝိုင်းထွက်၊ နှစ်ဝိုင်းထွက် စသည်ဖြင့် သူသင်ယူတတ်မြောက်ထားသော ပညာအဆင့်အရ သတ်မှတ်ပေးသည်။

အောင်လက်မှတ်ပေးခြင်းပင်ဖြစ်၏။

ထိုသို့ အောင်လက်မှတ်ပေးရာတွင် တစ်ဝိုင်းထွက်၊ နှစ်ဝိုင်းထွက် ခုနေ၍ 'အလံရ'ဆိုတာလည်းရှိသည်။ အလံရလျှင် ကျွမ်းကျင်အဆင့်ကို ရမည်။

ထိုသို့ အဆင့်သတ်မှတ်ရာတွင် ဆရာကြီးဦးစက္ကကိုယ်တိုင် လက်ဖြင့် ခေါင်းသားပေါ်တွင် စုတ်ထိုး၍ ဆေးမင်ကြောင်နှင့် သတ်မှတ်ပေးခြင်းဖြစ်၏။

သိုင်းပညာရပ်အနေဖြင့် တစ်ပတ်၊ နှစ်ပတ်၊ တစ်လသင်၍ ပညာပြီးဆုံးသည်ဟုမရှိ။ အမြဲမပြတ်သင်ယူ လေ့ကျင့်နေရသော ပညာဖြစ်ပြီး ဆရာကြီးကိုယ်တိုင်က 'ပညာဆုံးခန်းတိုင်သွားသည်ဟူ၍မရှိဟု' သူ့တပည့်တွေကို ပြောထားတတ်သည်။

ယင်းကြောင့်ပင် ဆရာကြီးဦးစက္ကမှာ တစ်နှစ်ပတ်လုံး တပည့်တွေ ရှိနေပြီး ထိုတပည့်တွေထဲမှ တပည့်ဟောင်းများကို အဆင့်မြင့်သိုင်းပညာရပ်များ တိုး၍တိုး၍ သင်ပေးရလေ့ရှိတတ်သည်။

တစ်နေ့ ...

တစ်နေ့ သန်လျင်ဘက်သို့ရောက်လာလျှင် တပည့်အသစ်တွေကို သင်ပေးရသလို တပည့်ဟောင်းတွေကိုလည်း ပညာထပ်နွှေးပြီး ဆရာဖြစ်အဆင့် တက်ပေးရသူတွေ ပေးရသည်။

ထိုအထဲမှ အထူးချွန်ဆုံးတပည့်တွေက ဓားပြီး တုတ်ပြီးဆေးများ ထိုးလိုလျှင်လည်း ဆရာက တပည့်အဆင့်အတန်းနှင့် ပညာကို ကြည့်ရှုပြီးမှ ဓားပြီး၊ တုတ်ပြီး ဆေးထိုးပေးရန် ဆုံးဖြတ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း လက်ရင်းတပည့်များဖြစ်သော မောင်လှဖြူ၊ မောင်သိန်းပု၊ မောင်ညီတွတ် သုံးယောက်က ယမန်နှစ်က ဆရာဖြစ်အဆင့်ရပြီးနောက် ဓားပြီးတုတ်ပြီးဆေး ယခုနှစ်ထိုးပေးရန် ပြောထားသဖြင့် သူတို့သုံးယောက်ကို ဓားပြီး တုတ်ပြီးဆေးထိုးပေးရန် ဆရာကြီးဦးစက္ကု စီမံရတော့သည်။

အမှန်တော့ ဓားပြီးတုတ်ပြီးဆေးထိုးရသည်မှာ လွယ်သောအလုပ်မဟုတ်။ လူမလွယ်၊ ဆေးမလွယ်၊ အလုပ်မလွယ် မလွယ်သုံးပါးရှိ၏။

လူမလွယ်ဆိုသည်မှာ ဆေးထိုးခံမည့် တပည့်၏စိတ်နေစိတ်ထားကို သုံးသပ်ရမလွယ်ခြင်းဖြစ်၏။ ပင်ကိုစိတ်က သူတစ်ပါးအား အနိုင်ကျင့်နှိပ်စက်လိုသောသူ ဟုတ်မဟုတ် ဆုံးဖြတ်ရမလွယ်ခြင်းဖြစ်၏။ ထိုသူမျိုးကို ထိုးပေးမိပါက အဆိပ်ပင် ရေလောင်းဖြစ်တတ်သည်။

ဆေးမလွယ်ဆိုတာက အာဠာဝကတီလူးဆေးထိုးပေးရတာ မလွယ်ခြင်းဖြစ်၏။

သိဒ္ဓိမြောက်အောင် ဆရာကိုယ်တိုင်ကလည်း သီလရှိရမည်။ ကံငါးပါးကို စောင့်ထိန်းရမည်။ ဆေးအထိုးခံရမည့် တပည့်တွေကလည်း ကံငါးပါးကို စောင့်ထိန်းထားကြရမည်။

ကံငါးပါးဆိုတာက သူများအသက်ကို မသတ်ခြင်း၊ သူများပစ္စည်းဥစ္စာကို မခိုးမယူခြင်း၊ သူများသားမယားကို မပစ်မှားခြင်း၊ လိမ်ညာဖျားယောင်းပြောဆိုမှုမပြုခြင်း၊ အရာရာကို မှားယွင်းကျူးလွန်တတ်သော သေရည်သေရက်ကို မသောက်စားခြင်းဆိုသော အမှုကိစ္စများကို မကျူးမလွန် မဖောက်မဖျက် စောင့်ထိန်းရပါမည်ဟူသော ကတိသစ္စာကို ဆေးအထိုးခံမည့်တပည့်က ခံယူရမည်ဖြစ်၏။

ထိုသို့သော ကတိသစ္စာကို ခံယူထားသူသည် ကတိသစ္စာ ခံယူထားသော ကံငါးပါးမှ တစ်ပါးပါး ဖောက်ဖျက်ကျူးလွန်သည်ရှိသော် ဆေးထိုးပေးသောဆရာလည်း အပြစ်ရှိ၍ ဆေးထိုးခံသောတပည့်လည်း ဒုက္ခရောက်တတ်လေသည်။

စိတ်ကူးသစ်စာပေ



တုတ်ပြီးဓားပြီး ဆေးထိုးသည့်အလုပ် မလွယ်ဆိုခြင်းမှာ တကယ်လုပ်ဆောင်ရသည့်အခါ အခက်အခဲတွေအများကြီး၊ ရင်ဆိုင်ဒုက္ခတွေ ကြုံတွေ့လာရမည့် အနှောင့်အယှက်တွေကလည်း ပေါ်လာတတ်၍ဖြစ်၏။

ဆေးထိုးရမည့်နေရာကို ရွေးရမည်မှာ သင်္ချိုင်းကုန်းဖြစ်ရမည်၊ အချိန်မှာ ညသန်းခေါင်လည်း ဖြစ်ရမည်။ လပြည့်လကွယ်ညမျိုးလည်း ဖြစ်ရမည်။

ထို့ကြောင့် အလုပ်လုပ်ရမည်မှာ မလွယ်ဟုဆိုခဲ့ခြင်းပင် ဖြစ်လေသည်။ ထိုမလွယ်သုံးပါး အခက်အခဲများကို ဆရာကြီးဦးစက္ကုက သူ၏တပည့်များကို သဘောပေါက်အောင်ရှင်းပြပြီးမှ ဆေးအထိုးခံမည့် တပည့်သုံးယောက်ထံက ကတိသစ္စာပြုချက်တွေ ရသောအခါ လပြည့်ညသန်းခေါင်ယံအချိန်၌ အာဠာဝက တုတ်ပြီး ဓားပြီးဆေးထိုးရန် ကုလားကုန်းသင်္ချိုင်းသို့ လပြည့်နေ့ ညအချိန်မှာ အရောက်လာခဲ့ကြရခြင်းဖြစ်၏။

တခြားလူတွေမသိအောင် တုတ်ဓားအစုံဖြင့် သင်္ချိုင်းကုန်းကို ညမှောင်သည်နှင့် တပည့်သုံးယောက်နှင့် ဆရာဦးစက္ကု အကူအဖြစ် ဆရာဦးစက္ကု၏တပည့်ရင်း ကိုအောင်ဒင်တို့ငါးယောက်ပဲ တိတ်တဆိတ်လာခဲ့ကြခြင်းဖြစ်၏။

တုတ်၊ ဓားကိုယ်စီနှင့် ဖြစ်နေကြ၍ ရွာမှအထွက် ကင်းသမားတွေ၊ အပ်လုံခြုံရေးတွေနှင့်တွေ့ပြီး အမေးအမြန်းထူမှာကိုလည်း စိုးရိမ်ရသေးသည်။

သင်္ချိုင်းကုန်းသို့ လယ်ကွင်းများကိုဖြတ်၊ တောလမ်းကိုကျော်ပြီး သွားကြရသည်။ ပေါက်တူး၊ ဂေါ်ပြား၊ ငန်းဖျားတူရွင်း၊ စည်းကြိုး၊ အမဲသားဆန်လုံး သယ်ဆောင်လာခဲ့ရသည်။

သင်္ချိုင်းကိုရောက်လာသည့်အခါ မနားကြရဘဲ အချိန်ယူ၍ တွင်းများတူးကြရသည်၊ နေ့လယ်နေ့ခင်းက တူးထားလျှင်ဖြစ်သော်လည်း လူတွေမြင်သွားလျှင် ဟိုမေးဒီမေးလုပ်ကြမှာစိုး၍ မြင်မြင်ထင်ထင်တူးထား၍ မဖြစ်သောကြောင့် ညအခါ အားချင်းတူးကြရခြင်းဖြစ်၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းတွင် မြေတူးကြရာမှာ ကာယကံရှင်ဖြစ်သော လူဖြူ၊ သိန်းပု၊ နီတွတ်တို့မှာ ကိုယ့်ဖော့ဖြင့်ကိုယ် ကိုယ်တွင်းကိုယ်တူးကြရလေသည်။ မောင်နီတွတ်မှာ လူပုံကချောချော၊ မင်းသားရုပ်ဖြစ်၍ သချိုင်းမြေကြီးတူးရာတွင် မောင်သိန်းပုနှင့် လူဖြူတို့လို ခရီးမတွင်သဖြင့် လက်ထောက်ဆရာ အောင်ဒင်ကြီးက ကူ၍ တူးပေးနေရသည်။

ဆရာကြီးဦးစက္ကကတော့ ကျင်းသုံးကျင်းပတ်လည်မှာ စည်းခြားတိုင်တွေစိုက်ပြီး ကြိုးတား၊ ဂါထာမန္တာန်တွေ ရွတ်ဆိုရင်း သူ့အလုပ်နှင့်သူ အလုပ်ရှုပ်နေ၏။

သန်လျင်မြေမှာ ဂဝံမြေများဖြစ်၍ တကယ်တမ်း တူးကြသောအခါ လွယ်လွယ်နှင့်တူး၍မရ။ လူတစ်ယောက် မတ်တတ် လည်ပင်းမြုပ်အောင် တူးရမည့်အဖြစ်မို့ ပင်လည်း ပင်ပန်းလှသည်။

မောင်နီတွတ်တူးရသောတွင်းမှာ ခက်သလောက် မောင်လူဖြူနှင့် မောင်သိန်းပုတို့ တူးရသောတွင်းမှာ လွယ်သလိုဖြစ်လာသည်။

"ငါက ဘုန်းနဲ့ကံနဲ့ လာတဲ့ကောင်ကွ။ ငါတူးတဲ့တွင်းက မြေပြော့လား မသိဘူး။ လွယ်လိုက်တာ လျှောခနဲ လျှောခနဲပဲ"

"အေးကွ ... ငါ့တွင်းကလည်း မင်းလိုပဲ။ ဒီအတိုင်းဆိုရင် တွင်းနှစ်တွင်းက နှစ်နာရီကြာအောင် တူးရမှာမဟုတ်ဘူး ... အဲ ... ဟာ .."

"ဘာဖြစ်တာလဲ လူဖြူ"

"ဟာကွာ ... မြေကြီးထဲမှာ လူရိုးတွေပေါ်လာတယ်။ ဟာ ... သစ်သားစတွေ၊ အခေါင်းပျဉ်အဆွေးတွေနဲ့တူတယ်။ ပုပ်စော်ကလည်း နံလာပြီ။ ထွီ ... ဝေါ့ ..."

လူဖြူတူး၍ပေါ်နေသော မြေကြီးထဲမှာ လူရိုးတွေ၊ ပျဉ်ချပ်အဆွေးစတွေပါလာသည့်အပြင် ပုပ်စော်ကလည်း နံလာ၍ ပျို့တက်လာခြင်းဖြစ်၏။ လူဖြူတူးသောတွင်းကဲ့သို့ သိန်းပုတူးသောတွင်းမှာလည်း မကြာခင် တွင်းဟောင်းဖြစ်မှန်း သိသာလာသည်။

---

စိတ်ကူးသစ်စာပေ



"ဟာ ... ငါ့တွင်းမှာလည်း လူရိုးတွေပေါ်လာပြီ။ လေးပေလောက်ရှိပြီမှ ဘယ်လိုလုပ်ကြမလဲ"

သူတို့နှစ်ယောက်စကားကြောင့် ဆရာကြီးဦးစက္ကမှာ အလုပ်လုပ်ရာကနေ လှမ်းကြည့်ပြီး ...

"ခုလောက်တူးပြီးမှတော့ တွင်းသစ်ထပ်တူးဖို့ မကြံကြနဲ့။ စည်းခြားပြီးပြီ၊ အချိန်လည်း မရှိဘူး။ နေရာထပ်ရွှေ့တူးလို့ မဖြစ်ဘူးကွ။ အောင်ဆက်တူး။ သန်းခေါင်ယံတိတိ အချိန်ကျတာနဲ့ ကွက်တိအစီရင်ကို ...”

မောင်သိန်းပုနှင့် မောင်လူဖြူတို့မှာ မတတ်သာတော့ဘဲ သချိုင်းတွင်းဟောင်းကြီးကို ဆက်၍တူးရလေတော့သည်။

မောင်နီတွတ်မှာ ပင်ပင်ပန်းပန်းနှင့် တူးနေရသော်လည်း တွင်းသစ်ဖြစ်နေ၍ အပင်ပန်းခံရကျိုးနပ်သည်ဟု စိတ်မှာတွေးရင်း ခရီးတွင်အောင် ...တ်တူးနေရသည်။

တွင်းများကိုတူးပြီးချိန်မှာ ညဆယ့်နှစ်နာရီ သန်းခေါင်ယံအချိန် ...နီးလာသဖြင့် မောင်လူဖြူ၊ မောင်သိန်းပု၊ မောင်နီတွတ်ကို သူတို့တူး...သော တွင်းထဲကိုဆင်းစေပြီး လည်ပင်းဖော်စေ၍ တွင်းနှုတ်ခမ်းပေါ်...ခေါင်းကိုတင်ထားစေကာ ယူလာသော အမဲသားစိမ်းတုံးကို ပါးစပ်မှာ...ဖြင့်ကိုက်ထားခိုင်းပြီး ဆရာဦးစက္ကက ဂါထာမန္တာန်များရွတ်ဆို၍ နဖူး...၌ အာဋာဝကဆေး ထိုးပေးရတော့သည်။

ဆေးထိုးစဉ် ဦးခေါင်းဖျား တွန့်ရုပ်မသွားစေရန် လက်ထောက်...ရာ ကိုအောင်ဒင်ကြီးက ခေါင်းများကို ကိုင်ထားပေးရသည်။ ဆေးထိုး၍ ...ပြီးမှာ သူတို့သုံးယောက်သား မျက်လုံးတွေမှာ စူးစူးရဲရဲ နီမြန်းလာကာ ...စိတ်ပျောက်သလို ဖြစ်သွားကြသည်။

"ဝုန်း ..."

"ဝုန်း ..."

"ဝုန်း ..."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကဘယ်လို ဖြစ်သွားသည်မသိ။ သုံးယောက်စလုံး တွင်း ထဲမှာ တစ်ကိုယ်လုံး ဦးခေါင်းပေါ်ရုံမြုပ်နေရာက ရုတ်ခနဲ ခုန်၍ထွက်လို ကြရာ တွင်းပေါ်သို့ ရောက်သွားကြလေသည်။

"အောင်ပြီ . . . အောင်ပြီ . . အောင်ပြီ . . ."

ဆရာကြီးဦးစက္က၏ အောင်မြင်ဝင့်ကြွားသော အသံကြီးဖြင့် ထ အော်လိုက်သံကြီးမှာ ကုလားကုန်းသချိုင်းအတွင်း ထစ်ချုန်းသွားလုမတတ် ဖြစ်သွားရလေသည်။

တွင်းပေါ်ခုန်တက်၍ ရောက်နေသော မောင်နီတွတ်၊ မောင်လူဖြူ မောင်သိန်းပုတို့သုံးယောက်သား၏ ပါးစပ်မှာကိုက်ထားသော အမဲသား တုံးများမှာ သူတို့သုံးယောက်ပဲ ကိုက်ဖြတ်ဝါးစားမိသည်လား၊ ခုန်ရင်း ပြုတ်ကျသွားသည်လား မသိ။ ပါးစပ်တွင် လုံးဝရှိမနေကြတော့ချေ။

လူတစ်ကိုယ်လုံး ဦးခေါင်းပေါ်ရုံမြုပ်ထားရာက ငါးပေကျော်ကျော် မြေကျင်းထဲမှ လွတ်လွတ်ကျွတ်ကျွတ် တွင်းပေါ်ခုန်၍ တက်နိုင်လိုက်ခြင်း ကြောင့် မောင်နီတွတ်တို့မှာ ဆရာကြီးဦးစက္က၏ အာဋာဝက တုတ်ပြီးဓားပြီး ဆေးကို ယုံကြည်အားထား၍ သွားကြလေသည်။

"ကံငါးပါး သစ္စာဆိုထားတာကိုတော့ မမေ့ကြနဲ့နော် ငါ့တပည့် တွေ။ ကဲ . . . ကဲ . . . တွင်းတွေ မြေကြီးပြန်ဖို့ပြီးရင် ရွာထဲ ပြန်ကြ အောင်"

ဆရာကြီးဦးစက္ကက သတိပေးမှ မောင်နီတွတ်တို့လူစုမှာ သူတို့ တူးထားသောတွင်းများကို ခြေရာလက်ရာမပျက်အောင် မြေကြီးပြန်၍ဖို့ကြ သည်။

ဆရာကြီးဦးစက္ကမှာ ထိုနှစ်တစ်နွေလုံး သန်လျင်ဘက်တွင် တပည့် သစ်များစုဆောင်းထားရာ ရွာများသို့လှည့်လည်ပြီး သိုင်းပညာများ သင် ပေးနေရသောကြောင့် မောင်နီတွတ်၊ မောင်လူဖြူတို့ မောင်သိန်းပုတို့ ထိုင်ရာ အောင်ချမ်းသာသို့ ပြန်၍ဦးမလှည့်နိုင်ဘဲ ရှိနေတော့သည်။

စိတ်ကူးသစ်စာပေ



သို့ရှိနေရာမှ ညောင်သုံးပင်ကျေးရွာရှိ သိုင်းတပည့်ကြီး ကိုစော သိမ်း၏ ပိဿတည်း၍ ရွာမှလူငယ်များအား သိုင်းသင်ပေးနေစဉ် ဆရာကြီးဦးစက္က ထံ ထက်ထောက်တပည့် ကိုအောင်ဒင်ရောက်လာကာ သတင်းတစ်ခု သယ် ဆောင်လာသည်။

"ဆရာကြီး . . . နီတွတ်နဲ့ လူဖြူ၊ သိန်းပုတို့သုံးယောက် ဘုရားပွဲ မှာ ရဲရိုင်ချောင်ကကောင်တွေနဲ့ ရန်ဖြစ်တာ လူဖြူ ဓားခုတ်ခံရလို့ ဆေးရုံ တက်နေရတယ် ဆရာကြီး"

"ဟေ . . . လူဖြူက ဘာဖြစ်လို့ ဓားခုတ်ခံရတာလဲ။ သူနဲ့အတူ အာဋာဝကဆေးထိုးထားတဲ့ မောင်နီတွတ်တို့ မောင်သိန်းပုတို့ကော ဘာဖြစ် သွားသေးလဲ"

"နီတွတ်တို့ သိန်းပုတို့ကတော့ ဘာမှဖြစ်မသွားကြပါဘူး ဆရာကြီး။ လူဖြူပဲ ဓားခုတ်ခံရတာ။ သူက အရက်သောက်တယ်လေ။ ဆရာကြီးဆီ မှာ ခံခဲ့တဲ့ ကံငါးပါးစောင့်ထိန်းပါ့မယ်ဆိုတဲ့ ကတိသစ္စာပျက်တာကို ဆရာ ကြီးရဲ့"

"ဒီလို ကတိသစ္စာပျက်တဲ့ကောင် အခုတ်ခံရတာ နည်းတောင် နည်းသေးတယ်။ သချိုင်းမှာ ကိုယ့်ရွှေအိတ်တွင်းကိုယ်တူးတဲ့ ကောင်မျိုးပဲကွ"

ကျော်မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

# တစ်ခါတုန်းကကျွန်တော့်ဆရာတွေ



[ ၁ ]

❑

လွန်ခဲ့သောနှစ်ပေါင်း (၃၀)ခန့်က ကျွန်တော်သည် ကျောင်းဆရာအဖြစ် ပညာရေးဌာနတွင် ဆယ်စုနှစ်တစ်ခုကျော် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုသို့ တာဝန်ထမ်းဆောင်စဉ်အတွင်း လွန်စွာချစ်ခင်ဖွယ်ကောင်းသော၊ လွန်စွာပေတေကြသော၊ လွန်စွာ နောက်ပြောင်ပျော်ရွှင်တတ်ကြသော ဆရာပေါင်းစုံကို ကြုံတွေ့ခဲ့ရပါသည်။

ထိုသူတို့အထဲမှ ကျွန်တော် ချစ်ခင်တန်ဖိုးထားခဲ့မိသော ဆရာများအကြောင်းကို ရေးသားတင်ပြလိုပါသည်။ ထိုဆရာများထဲမှ အချို့မှာ လူ့လောကကြီးထဲမှ ထွက်ခွာသွားကြပြီဖြစ်သော်လည်း အချို့မှာတော့ ယခုအချိန်ထိ သက်ရှိထင်ရှား ရှိနေဦးမည်ဖြစ်ပါသည်။ ထိုသူများကို အမှတ်ရလွမ်းဆွတ်မိသောကြောင့် ဤဝတ္ထုကို ရေးလိုက်ရပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ။ ၂ ။

❑

ဟံသာဝတီအနောက်ခြမ်း မုတ်ကျွန်းတိုက်နယ်ရှိ သာယာကုန်း ဟူသောရွာကလေးတွင် တည်ရှိသော မူလတန်းကျောင်းကလေးတွင် ကလေးများ၏ တဖတ်ဖတ်သံ၊ တကျက်ကျက်သံတို့ဖြင့် နေ့တစ်နေ့ကို ဂုဏ်ကျက်သရေရှိစွာ ဖြတ်သန်းလျက်ရှိနေပါသည်။ ကျောင်းမှာ ယခင်ပြည်တော်သာ စီမံကိန်းအရ ဆောက်ထားသော ကျောင်းဖြစ်သော်လည်း ကျောင်းသားနှစ်ရာခန့်ရှိသဖြင့် ကျောင်းနှင့်ကျောင်းသားက အပြည့်ဖြစ်နေကြသည်။

ကျောင်းသားနှစ်ရာခန့်ရှိသော်လည်း သင်ကြားပေးသည့်ဆရာမှာ ကျောင်းအုပ်ကြီးဖြစ်သူ ကျွန်တော်နှင့် လက်ထောက်ဆရာကလေးတစ်ဦး ပေါင်း နှစ်ဦးသာရှိသည်။ ထိုခေတ်ထိုအချိန်က ကျောင်းတိုင်းတွင် ကျောင်းဆရာ၊ ဆရာမကို လုံလောက်အောင် ခန့်ထားပေးနိုင်ခြင်း မရှိသေးသောကြောင့် ကလေးဗဟိုပြုသင်ကြားရေးမဟုတ်ဘဲ ဆရာဗဟိုပြုသင်ကြားရေး စနစ်ဖြင့်သာ စခန်းသွားနေကြရသည်။

ဆရာသိပ္ပံမောင်ဝ၏ ရွာကျက်သရေဆောင်းပါးထဲမှ ဆရာတေထက်တော့ ကျွန်တော်ကသာသည်။ ကျွန်တော့်မှာ လက်ထောက်ဆရာ တစ်ယောက်ရှိနေသောကြောင့် ဖြစ်သည်။ သို့သော် ကျောင်းသားနှစ်ရာခန့်





… တတ်အောင်သာမက အစစအရာရာ ဆုံးမပဲ့ပြင် သွန်သင်ရသောကြောင့် လွန်စွာမှ ပင်ပန်းကြသည်။ သို့သော် အနန္တဂိုဏ်းဝင်ဆရာဟူသော … ဖြင့် ပင်ပန်းမှုကိုဘေးချိတ်၍ ဆရာတပည့်နှစ်ဦး ပျော်ရွှင်စွာပင် တာဝန် … ဆောင်နေခဲ့ကြသည်။

ယနေ့လည်း နံနက် ၉း၃၀ နာရီ ကျောင်းတက်၊ ဘုရားရှိခိုး၊ ကျောင်းခေါ်ချိန်ခေါ်ပြီးနောက် မိမိတာဝန်ယူရသော အတန်းများကို လှည့်လည်သင်ကြားပြီး စားပွဲတွင်ထိုင်၍ အဖြေလွှာများ စစ်ဆေးနေစဉ် ...

"ဆရာကြီး ... ဆရာကြီး ..."

"ဟေ ... ဘာလဲကွ"

"ဟိုမှာ ကျောင်းထဲကို လူကြီးနှစ်ယောက် ဝင်လာတယ်"

ကလေးတစ်ယောက်က လာပြောသဖြင့် ကျွန်တော် ကျောင်းရှေ့ … ကြည့်လိုက်ရာ ...

"ဟိုက် ..."

ကျွန်တော် ထိုင်နေရာမှ ကမန်းကတန်းထလိုက်ပြီး ဝင်လာသူ … ဦးကို သွားကြိုလိုက်သည်။

"ကြွပါ ... ဆရာကြီး၊ ကြွပါ"

ဝင်လာသူနှစ်ဦးမှာ ကျွန်တော်တို့မြို့နယ် ပညာရေးမှူးနှင့် မူလတန်းကျောင်းအုပ်ကြီးတို့ဖြစ်သည်။ မြို့နှင့်အလှမ်းဝေးကွာလှသော ကျောင်းကလေးသို့ မြို့နယ်အကြီးအကဲ ပညာရေးမှူးကိုယ်တိုင် လာရောက်သောကြောင့် ကျွန်တော် အံ့အားလည်း သင့်သွားသည်။

ပညာရေးမှူးနှင့် ဆရာတစ်ဦးကို နေရာပေးပြီးနောက် ...

"ဆရာကြီး ... ကျွန်တော့်ဆီကို လာတာပဲလား။ ဘာကိစ္စတွေ … ရှိလို့လဲ"

"ထန်းပင်ကုန်းရွာကို သွားမလို့ကွ။ အဲဒီရွာက ကျောင်းကို စစ်ဆေးရင်းနဲ့ လမ်းမှာလည်း ကျတဲ့ကျောင်းတွေကို ဝင်ရအောင်။ အဲဒါ … တို့ဝင်ခဲ့တာ"

"ဆရာကြီးကိုယ်တိုင် လာတယ်ဆိုတော့"

www.burmeseclassic.com



"အေး ... ဟုတ်တယ်။ အဲဒီရွာက ကျောင်းဆရာတစ်ယောက်ကို ကျောင်းသားမိဘတစ်ဦးက တိုင်ထားလို့ အဲဒါသွားစစ်မှာ"

"အဲဒီရွာကို မင်းကလိုက်ပို့ကွာ။ ကျောင်းကိုတော့ မင်းလက်ထောက်နဲ့ လွှဲထားခဲ့။ တစ်ရက်နှစ်ရက်ပဲ ကြာမှာပါ"

"ဟုတ်ကဲ့ပါ ... ဆရာကြီး။ ကျွန်တော် လိုက်ပို့ပါမယ်။ ဒါထက် ဆရာကြီးတို့ မနက်စာစားဖို့"

"မလိုဘူး။ ငါတို့ စားလာခဲ့ပြီ"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

ကျွန်တော်လည်း ယူစရာရှိသည်တို့ကို ပြင်ဆင်ယူဆောင်၍ ဆရာကြီးတို့နှစ်ဦးနှင့်အတူ ထွက်လာကြသည်။ စပါးရိတ်သိမ်းနေချိန်ဖြစ်၍ လှည်းလမ်းမပေါက်သေးသောကြောင့် ကုန်းကြောင်းသွားရသည်။ ကျွန်တော် တာဝန်ကျသောရွာမှ ထန်းပင်ကုန်းရွာသို့ ခြေလျင်သုံးနာရီခန့် လျှောက်ရမည်ဖြစ်သည်။ ကျွန်တော်တို့သုံးဦးသား စကားတပြောပြောဖြင့် လျှောက်လာခဲ့ကြသည်။

မြို့နယ်ပညာရေးမှူးအမည်က ဦးဝီလျံတင်ဦးဖြစ်သည်။ ခရစ်ယာန်ဘာသာကို ကိုးကွယ်သူလူမျိုးခြားဖြစ်သည်။ မည်းမည်းဝဝ၊ ထိပ်ပြောင်ပြောင် ဖြစ်သည်။ လူကလည်း ထောင်ထောင်မောင်းမောင်းဖြစ်သည်။ ဘာသာခြားလူမျိုးခြားဖြစ်သော်လည်း ဗုဒ္ဓဘာသာကို ကျွန်တော်တို့ထက် ပိုနားလည်သည်။ လွန်စွာပျော်တတ်ပြီး လက်အောက်ငယ်သားများကို အလွန်အလိုလိုက်သူဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့မြို့မှ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများက ဆရာကြီးကို ချစ်ကြသည်။

ဆရာကြီးနှင့် ပါလာသူ မူလတန်းကျောင်းအုပ်ဆရာကြီးမှာလည်း လွန်စွာပျော်တတ်ပြီး ခပ်တည်တည်ဖြင့် ကွက်ကျော်ရိုက်တတ်သည်။ သူ့ကြောင့် ဒုက္ခရောက်ခဲ့ရသော ဆရာကြီးများစွာ ရှိခဲ့သည်။ သို့သော် သူက ပျော်စေပျက်စေ နောက်ပြောင်ခြင်းသာဖြစ်ပြီး အချိန်မီ ပြန်လည်ဖြေရှင်းတောင်းပန်တတ်သူဖြစ်သည်။ ဆရာကြီးနှင့် ပေါင်းမိပြီး ဆရာကြီးဦးဝီလျံတင်ဦး၏ လက်စွဲဖြစ်နေသည်။





ထိုမူလတန်း ကျောင်းအုပ်ဆရာကြီးအမည်မှာ ဦးသောင်းရွှေဖြစ်သည်။ တစ်ခါက ဆရာဦးသောင်းရွှေက ပညာရေးမှူးအလစ်တွင် မြို့နယ်ပညာရေးမှူး၏ တံဆိပ်တုံးအဝိုင်းကိုရိုက်၍ တွဲဘက်အလယ်တန်းကျောင်းအုပ်ကြီးထံ စာတစ်စောင်ပို့လိုက်သည်။ စာတွင် လက်ထောက်ဆရာမတစ်ဦးကို စာပေး၍ ထိုဆရာမက တိုင်သဖြင့် ခုံရုံးဖွဲ့စစ်ဆေးမည်ဖြစ်ကြောင်း။ ထို့ကြောင့် ယနေ့နေ့လယ် နှစ်နာရီခန့်တွင် မြို့နယ်ပညာရေးမှူးရုံးသို့ တက်ရောက်ရန်ဟူ၍ ရေးသားထားသည်။

စာလက်ခံရရှိသော ဆရာကြီးမှာ အူတူတူအတတနှင့် ပင်စင်ယူခါနီးတစ်ဦးဖြစ်သည်။ ထိုစာကို တကယ်ထင်၍ နေပူကျဲတဲကြီးတွင် ထီးတစ်ချောင်းကိုဆောင်း၍ မြို့နယ်ရုံးသို့ ရောက်ရှိလာသည်။ သူတာဝန်ကျသော ရွာကျောင်းနှင့် မြို့နယ်ရုံးကို နှစ်နာရီခန့် လမ်းလျှောက်လာရသည်။ ရုံးသို့ရောက်သောအခါ ချွေးသီးချွေးပေါက်ကျပြီး မောဟိုက်နေသည်။ ခေတ္တအမောဖြေပြီးနောက် ပညာရေးမှူးထံ ဝင်ရောက်ပြီး ...

"ဆရာကြီး ... ကျွန်တော် ရောက်ပါပြီခင်ဗျ"

"ဘယ်လို ... ဦးဇော်မြင့်"

"ကျွန်တော် လာအစစ်ခံတာပါခင်ဗျ"

"ဘာ ... လာအစစ်ခံတယ် ဟုတ်လား"

"ဟုတ်ပါတယ် ... ဆရာကြီး။ ကျွန်တော့်ကို တိုင်ထားတယ်ဆိုလို့ပါ"

ပညာရေးမှူးဖြစ်သူ ဆရာကြီးဦးဝီလျံတင်ဦး ဇဝေဇဝါဖြစ်သွားသည်။

"ခင်ဗျားကို တိုင်ထားလို့ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ။ ဟောဒီမှာ ခေါ်စာလည်း ပါပါတယ်"

"ကဲ ... ကဲ ... ပြစမ်းပါဦး ခင်ဗျားရဲ့စာ"

ပညာရေးမှူးမှ ဦးဇော်မြင့်ထံမှစာကို ယူကြည့်လိုက်သောအခါ အပေါ်တံဆိပ်တုံးအဝိုင်းသာ ပါပြီး ပညာရေးမှူးလက်မှတ်နှင့် တံဆိပ်တုံး



www.burmeseclassic.com

www.burmeseclassic.com



မပါ။ သူ့ရှေ့တွင်ထိုင်နေသော ဆရာကြီးကို ကြည့်လိုက်သောအခါ တကယ် ထင်မှတ်၍ လာအစစ်ခံသော မျက်နှာငယ်လေးနှင့်။ ဆရာကြီး သဘော ပေါက်လိုက်သည်။ ဒီလိုကိစ္စမျိုးကို သောင်းရွှေတစ်ယောက်သာ လုပ်သည်။ စိတ်ထဲတွင် ရယ်လည်း ရယ်ချင်သည်။ မမေးမြန်း၊ မစူးစမ်းဘဲ နေပူကျဲထဲ တွင်လာခဲ့သော ဆရာဦးဖော်မြင့်ကိုလည်း သနားမိသည်။ သို့သော် မျက်နှာ ကို တည်တည်ထား၍ ...

"ဒီထဲကအတိုင်း ခင်ဗျားကရော ပေးမိလို့လား"

"မပေးမိပါဘူး ... ဆရာကြီးရယ်၊ ကျွန်တော်လည်း ပင်စင်ယူ တော့မှာပါ"

"ဒါဆို မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး ... ဆရာကြီး"

"မဟုတ်ရင်လည်း ပြီးရော။ ကဲ ... ခင်ဗျားပြန်တော့"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

ကိုသောင်းရွှေ ဒုက္ခပေးခဲ့သောထိုဆရာကြီးမှာ နေပူထဲမှာပင် ထီး ကလေးကိုဆောင်း၍ ပြန်သွားတော့သည်။ ပညာရေးမှူး ဆရာကြီးမှာ ရယ် ချင်စိတ်ကို မျိုသိပ်၍ ...

"ဟေ့ ... တင်ဋ္ဌေး၊ တင်ဋ္ဌေး"

"ဗျာ ... ဆရာကြီး"

"ရော့ ... ဟောဒီစာကို ဖိုင်ထဲသိမ်းလိုက်စမ်းကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

စာရေးကလေး မောင်တင်ဋ္ဌေးက စာကိုဖတ်ကြည့်ပြီး ...

"ဆရာကြီး ... ဒီစာကို ကျွန်တော် ဘယ်ဖိုင်ထဲထည့်ရမှာလဲ"

"အရိုင်ဖူးပေါ့ ... အရိုင်ဖူး"

"ဗျာ ... ဆရာကြီး"

"အရှူးဖိုင်ကိုပြောတာပေါ့ ... အရှူးဖိုင်"

စိတ်ကူးသစ်စာပေ



"လုပ်တဲ့လူကလည်း လူတစ်ဖက်သား ဒုက္ခရောက်မရောက် မသိ လုပ်တယ်။ အလုပ်ခံရတဲ့လူကလည်း ဟုတ်မဟုတ်၊ နည်းနည်းလေးမှ မစဉ်း စားဘဲ ယုံလွယ်တယ်။ ဘယ်လိုလူတွေလည်း မသိပါဘူး"

စာရေးလေး ကိုတင်ဋ္ဌေးမှာတော့ တခွိခွိဖြင့် ရယ်ရင်း ဆရာကြီး ရှေ့မှ ပြေးထွက်လာခဲ့တော့သည်။

ကိစ္စက ထိုမျှနှင့် မပြီးသေး။ တစ်ယောက်စကားတစ်ယောက်ဖြင့် ဆရာဦးသောင်းရွှေ၏ စနက်မှန်းသိသွားသောအခါ ဆရာဦးဖော်မြင့်က သူ့ ကို ဒီလုပ်ရပါမည်လားဆိုပြီး ဦးသောင်းရွှေကို ထိုးမည်ဆိုပြီး လိုက်ရှာ သည်။ ရှောင်နေ၍ မတွေ့သောအခါ မြို့နယ်ပါတီယူနစ်နှင့် မြို့နယ်ကောင်စီ သို့ သွားရောက်တိုင်သဖြင့် ဦးသောင်းရွှေမှာ မနည်းပင် လိုက်တောင်းပန် ခဲ့ရသည်။ သူက ထိုသို့သော လူစားမျိုး။

ယခုလည်း ထိုဆရာနှစ်ဦးနှင့် ကျွန်တော်တို့ ကျောင်းတစ်ကျောင်း ကို စစ်ဆေးရန် ထွက်လာကြပါပြီ။ ဘာတွေကောက်ရိုးပွေ့ကြတော့မည်မသိ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❑

ကျွန်တော်တို့သုံးဦး စကားတပြောပြောဖြင့် လျှောက်လာကြရာ တစ်နာရီခန့်အကြာတွင် တော်ပြာကျေးရွာသို့ ရောက်ရှိလာခဲ့ကြသည်။ ကျွန် တော်တို့ စစ်ဆေးရေးသွားမည့်ရွာသည် ထိုရွာကိုကျော်သွားရမည်ဖြစ်သည်။ ရွာထိပ်သို့ရောက်သောအခါ ဆရာဦးသောင်းရွှေက ...

"ဆရာကြီး ... ရောက်တုံးရောက်ခိုက် ဒီရွာက မူလတန်းကျောင်း လေးကိုပါ ဝင်စစ်သွားပါလား"

"ကောင်းသားပဲ ... ဝင်လိုက်လေ"

"ဆရာကြီး ... ဟို ... ဟို ..."

"ဘာလဲကွ ... ကိုရဲနိုင်ရ"

"ဘာမှမဟုတ်ပါဘူး ... ဆရာကြီး။ ဒီဘက်ကို ဆရာကြီး မရောက်ဖူးတော့ သူကလည်း ဝင်စေချင်လို့ပါ"

ဘေးမှ ဆရာဦးသောင်းရွှေက ဝင်ပြောလိုက်ပြီး ကျွန်တော့် မျက်စိတစ်ဖျက်မှိတ်ပြလိုက်သည်။ အင်း ... ဒင်းကတော့ စဖောက်လာ ပြီ။





ပညာရေးမှူးခေါ်ဆောင်၍ ကျွန်တော်တို့သုံးယောက်သား ကျောင်း ...တက်သွားလိုက်သည်။ ကျောင်းပေါ်တွင် ဆရာမလေးနှစ်ဦးက ကျောင်း ...ကို စာသင်လျှက်ရှိသည်။ ပညာရေးမှူးလာသည်ဆို၍ ဆရာမလေး ... ပျာယာခတ်သွားသည်။ ဆရာကြီးက ...

"ဆရာမလေးတို့ ဘာမှမလုပ်ကြနဲ့။ ဆရာကြီးလည်း ခရီးကြုံလို့ ...ာင်းကို ဝင်စစ်တာ"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

ဆရာကြီးလည်း မေးစရာရှိတာမေး၊ မှာစရာရှိတာတို့ကို မှာကြား ...ကျောင်း၏ 'က' စာရင်းစာအုပ်၊ 'ခ' စာရင်းစာအုပ်၊ ငွေစာရင်းစာအုပ်၊ ...ိသော စာအုပ်များကို ယူဆောင်စေပြီး စစ်ဆေးပြီးကြောင်း တံဆိပ်တုံး ...၍ လက်မှတ်ထိုးတော့သည်။ ဆရာကြီးတံဆိပ်တုံးမှာ ...

**(ဝိလျှံတင်ဦး)**

**မြို့နယ်ပညာရေးမှူး**

**ကော့မှူးမြို့နယ်။**

ဖြစ်ပြီး ၎င်းအပေါ်မှ ဆရာကြီးက လက်မှတ်ရေးထိုးတော့သည်။ ...ဆိပ်တုံးကို မြင်သောအခါ ကျောင်းမှ ဆရာမလေးနှစ်ဦးမှာ အံ့အား ... မျက်လုံးပြူးသွားပြီး ...

"ဆရာကြီး ... ဟို ... ဟို ..."

"ဘာဟိုလဲ ... ဆရာမလေးတို့ရဲ့။ မင်းတို့ကျောင်းကို ဆရာကြီး ...ဆေးတာ အားလုံးကျေနပ်တယ်။ သင်ကြားရေးရော၊ စာရင်းဇယား ...ာ အားလုံးပြည့်စုံတယ်"

"ဟုတ်ကဲ့ပါ ... ဆရာကြီး။ ဒါပေမဲ့ ကျွန်မတို့ကျောင်းက ..."

"ကဲ ... ကဲ ... တော်ပြီ။ ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့။ ...ရဘူး။ ဆရာကြီးတို့ သွားတော့မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

ပြောပြောဆိုဆို ဆရာကြီးက နှုတ်ဆက်၍ ကျောင်းပေါ်မှ ဆင်း ...တော့သည်။ ဆရာမလေးနှစ်ဦးမှာတော့ မျက်လုံးအဝိုင်းသားဖြင့် ကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာဦးသောင်းရွှေမှာ ဆရာကြီးနောက်မှ တခွီခွီရယ်ရင်း လိုက်ပါသွားသည်။ ကျွန်တော်လည်း ရယ်ချင်စိတ်ကို မျိုသိပ်၍ ထိုရွာမှအထွက် တာလမ်းပေါ်သို့ရောက်သောအခါ မျိုသိပ်မထားနိုင်တော့ဘဲ ...

"ဆရာကြီး ... ဆရာကြီး ..."

"ဟေ့ ... ဘာလဲ ... ကိုရဲနိုင်"

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော်တို့ ကော့မှူးမြို့နယ်အပိုင် မဟုတ်ဘူး။ ကွမ်းခြံကုန်းမြို့နယ်အပိုင် ... ဆရာကြီးရဲ့"

"ဟေ ... ဟုတ်လား"

"ဟုတ်တယ် ... ဆ ... ဆရာကြီး"

"ကောင်းကြရောကွာ။ ဟော့ကောင် ... သောင်းရွှေ မင်း ငါ့ကို တမင်သက်သက် ချောက်တွန်းတာမဟုတ်လား"

"မဟုတ်ပါဘူး။ ဆရာကြီးကလည်း၊ ကြုံတုန်း ဝင်စေချင်လို့ပါ"

"ဘာကြုံတုန်းလဲကွ။ ငါ့လုပ်ပိုင်ခွင့်ကို ကျော်သွားပြီ။ မင်းကတော့ ငါ့ကို အလုပ်ပြုတ်အောင် လုပ်နေတာပဲကွ"

"မဟုတ်ပါဘူး ... ဆရာကြီးရယ်။ ဟိုက ပညာရေးမှူးက [illegible] အစား ဝိုင်းကူစစ်ပေးလို့ ဆရာကြီးကို ကျေးဇူးတောင်တင်ဦးမှာပါ"

"မင်းပြောလိုက်ရင် အဲဒီအတိုင်းပဲ။ ဟိုကောင်လေး ... ကိုရဲနိုင်လည်း မင်းနဲ့အတူတူပေါင်းပြီး ငါ့ကိုချောက်တွန်းတာ"

"မဟုတ်ပါဘူး ... ဆရာကြီး။ အတွေ့အကြုံသစ် ရစေချင်လို့ပါ"

"တော်ပါတော့ ... ကိုယ်တော်တို့ရယ်"

"ဟီး ... ဟီး ... ဟီး ..."

ကျွန်တော်တို့ ရယ်ရင်း ကန်သင်းရိုးအတိုင်း လျှောက်လာကြသည်။ အတန်ကြာသောအခါ ဆရာဦးသောင်းရွှေက ကန်သင်းရိုးဘေးမှ ဂဏန်းကျစ်စာခဲများကိုကောက်ယူ၍ လယ်ကွင်းထဲရှိ ကောက်လှိုင်းများကို ပစ်ပေါက်





နေတော့သည်။ ဆရာကြီးက မျက်စိနောက်လာ၍လားမသိ ...

"ဟော့ကောင် ... သောင်းရွှေ ကလေးမဟုတ် ဘာမဟုတ်နဲ့ ဘာဖြစ်လို့ ကောက်လှိုင်းတွေကို ခဲနဲ့ပေါက်နေရတာလဲ"

"ကျွန်တော်လက်တည့်တာကို ပြချင်လို့ပါ။ ဆရာကြီးတောင် ကျွန်တော့်လို မှန်အောင်ပစ်နိုင်လို့လား"

"အောင်မာ ... ဘာကြောင့် မပစ်နိုင်ရမှာလဲ။ တက္ကသိုလ်မှာတုန်းက လုံးတပ်ပစ် ချန်ပီယံကွ"

"မယုံဘူး ... ဆရာကြီးရာ။ ဒါဆို ဆရာကြီးနဲ့ကျွန်တော် အပစ်ပြိုင်မယ်။ ဟိုရှေ့က ကောက်လှိုင်းကိုတွေ့လား အဲဒါကို ထိအောင်ပစ်မယ်"

"လုပ်လိုက်လေကွာ ... ကြာသလားလို့"

ဆရာဦးသောင်းရွှေက ဆရာကြီးကိုစိန်ခေါ်ပြီး ခဲလုံးဖြင့် ကောက်လှိုင်းကို ပစ်လိုက်သည်။ မထိ လွဲသွားသည်။ ထို့နောက် ဆရာကြီးက ခဲလုံးတစ်လုံးကိုကောက်၍ ပစ်လိုက်ရာ ကောက်လှိုင်းကို ထည့်တည့်ပင် ထိမှန်သွားသည်။

"ဘုတ် ..."

"ဟာ ... ဆရာကြီးက တော်တော်လက်နီးတာပဲ"

"နီးမှာပေါ့ကွ ... ကုလားဟာကို"

ထိုစကားပြောပြီး နှစ်ယောက်သား ဟားတိုက်ပြီး ရယ်ကြတော့သည်။

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ခစ် ... ခစ် ... ခစ် ..."

ကျွန်တော် ကြောင်သွားသည်။ ပထမတော့ သူတို့ပြောစကားတွေကို နားမလည်။ အတန်ကြာ စဉ်းစားပြီးတော့မှ ကျွန်တော် သဘောပေါက်သွားသည်။ ထိုအခါမှပင် ကျွန်တော်လည်း အားရပါးရ ရယ်တော့သည်။

www.burmeseclassic.com



"ဟား ... ဟား ... ဟား ..."

လက်နီးတယ်ဆိုတဲ့စကားကို ပြောင်းပြန်ယူတော့ ( )နက်ထ ကိုပြောတာ။ အဲဒီတော့ တစ်ယောက်က ချက်ချင်းပြန်ပြောတာ ကုလ တဲ့။ ကုလားဆိုတော့ အသားမဲတာပေါ့။ တော်တော်လည်း ကျတဲ့လူတွေ

ကျွန်တော်တို့သုံးဦးသား စကားတပြောပြောဖြင့် လာခဲ့ကြရာ ပင်ကုန်းကျေးရွာသို့ မွန်းလွဲ ၁ နာရီခန့်တွင် ရောက်ရှိလာခဲ့တော့သည် သုံးဦးသားရွာထိပ်တွင် အပန်းဖြေနေကြရာမှ ခေတ္တကြာသောအခါ ဆ ဦးသောင်းရွှေက ...

"ဆရာကြီးတို့ ဒီမှာအမောဖြေပြီး အေးအေးဆေးဆေး လိုက်ခဲ့ ပါ။ ကျွန်တော် ကျောင်းကို အကျိုးအကြောင်း အရင်သွားပြောထားမယ် တစ်ခါတည်း အဆင်သင့်ဖြစ်နေအောင်လို့"

"အေး ... အေး ... ဒါလည်း ကောင်းသားပဲ။ ငါနဲ့ ကိုရဲ နောက်ကလိုက်ခဲ့မယ်"

"ဟုတ်ကဲ့ ... ဆရာကြီး"

ပြောပြောဆိုဆို ဆရာဦးသောင်းရွှေ ရွာထဲသို့ ဝင်သွားတော့သည် သူ့ကို အရိုင်လွှတ်သာလွှတ်လိုက်ရသည်၊ ဘာတွေ ဇရုတ်သုတ်ခ လုပ် မည်မသိ။ ကျွန်တော်တို့ဆရာနှစ်ဦး ခေတ္တကြာသောအခါ ရွာထဲသို့ ဝင် ခဲ့ကြတော့သည်။

✿ ✿ ✿

[ ၄ ]

❑

ရွာထဲသို့ ကျွန်တော်တို့နှစ်ဦး ဝင်လာ၍ လေးငါးအိမ်ခန့်ကို ကျော် လွန်လာသောအခါ အမျိုးသမီးသုံးလေးဦးခန့် ထွက်လာပြီး ...

"အရာကြီး ... ကျွန်မတို့အိမ်ကို အရင်ဝင်ပါ"

"ကျွန်မတို့အိမ်ကိုလည်း ဝင်ပါဦး ... အရာကြီး"

"ဟဲ့ကောင်မ ... ငါ့အိမ်ပြီးမှ ညည်းအိမ်ကို လာလိမ့်မယ်။ ငါ့အိမ် မှာ ဂုန်နီအိတ်ခွံတွေစုထားတာ အများကြီးပဲ"

"အောင်မာ ... ငါ့အိမ်မှာလည်း ဒန်အိုးဒန်ခွက်အဟောင်းတွေ အများကြီးပဲအေ့"

"အရာကြီး ဈေးကောင်းပေးမယ် မဟုတ်လား"

ထိုမိန်းမများ၏ပြောစကားကြောင့် ကျွန်တော်တို့နှစ်ဦး ကြောင် သွားကြသည်။ လူမျိုးခြားဖြစ်သော ပညာရေးမှူးဆရာကြီးကို ဒေသအခေါ် (အရာကြီး) ကုလားလူမျိုးများကိုခေါ်သော စကားဖြင့် အပြိုင်အဆိုင်ခေါ်၍ ဂုန်နီအိတ်ခွံနှင့် ဒန်အိုးဒန်ခွက်အဟောင်းများကို ရောင်းမည့်အကြောင်း ပြောနေကြသည်။ ထို့ကြောင့် ကျွန်တော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... နေကြပါဦး။ ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ"

"ဂုန်နီအိတ်ခွံနဲ့ ဒန်အိုးဒန်ခွက်တွေ ရောင်းမလို့လေ"

"အဲဒါကို ဘာကြောင့် ကျုပ်တို့ကို ခေါ်ရောင်းနေတာလဲ"

"ဟောတော့ ..."

"ခုန လူတစ်ယောက် ရွာထဲဝင်လာပြီး ကျုပ်တို့အိမ်ရှေ့က အော် သွားတယ်။ ခဏနေရင် ဂုန်နီအိတ်ခွံနဲ့ ဒန်အိုးဒန်ခွက်အဟောင်းတွေ တဲ့ ကုလားကြီးတစ်ယောက်နဲ့ သူ့တပည့်တစ်ယောက် နောက်ကလိုက် လိမ့်မယ်။ သူက အဲဒါတွေကို ဈေးကောင်းပေးဝယ်လိမ့်မယ်။ ခင်ဗျား ရောင်းချင်ရင် စောင့်နေဆိုလို့ ကျွန်မတို့ စောင့်နေကြတာ"

"ဟုတ်တယ်လေ။ ကျွန်မတို့လည်း အဲဒါတွေရောင်းမလို့ စော နေတာ။ ဘာလဲ ... ဂုန်နီအိတ်ခွံဝယ်တဲ့ အရာကြီးမဟုတ်လား"

ကျွန်တော် အတော်ပင် စိတ်ပိန်သွားသည်။ ပညာရေးမှူးဖြစ် ဆရာကြီး၏မျက်နှာကို ကြည့်လိုက်တော့ မျက်နှာကြီးရဲ၍ ငိုမလို ရယ်မ မျက်နှာဖြစ်နေသည်။ အင်း ... ဆရာဦးသောင်းရွှေတို့ကတော့ လုပ်ချလိုက် ပြန်ပြီ။

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်က ကျောင်းအုပ်ဆရာပါ။ ဟိုဆရာ ကြီးက မြို့နယ်ပညာရေးမှူးပါ။ အခုလည်း ခင်ဗျားတို့ရွာကကျောင်း ဝင်စစ်ဆေးဖို့လာတဲ့ ပညာရေးအဖွဲ့တွေပါ"

"ရှင် ..."

"ဟောတော် ..."

"ဒါဆို ဂုန်နီအိတ်ခွံဝယ်တဲ့ အဖွဲ့မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး ... အစ်မတို့ရယ်"

"ဆောရီး ... ဆောရီး ..."

အမျိုးသမီးများမှာလည်း ၎င်းတို့၏ အိမ်ခြံဝင်းအတွင်းသို့ ပြန်ဝ သွားကြသည်။

"သောင်းရွှေကတော့ တော်တော်ဒုက္ခပေးတဲ့ကောင်ကွာ"





ပြောပြောဆိုဆို ဆရာကြီးက ရှေ့ကထွက်သွား၍ ကျွန်တော် နောက် မှ လိုက်သွားလိုက်သည်။ သူ့လို မြို့နယ်အဆင့်လူကြီးကို ဂုန်နီအိတ် ဝယ်သည့်ကုလားအဖြစ် နောက်ပြောင်ခဲ့သော ဆရာဦးသောင်းရွှေကို စိတ် တော့မရပါ။ သူ့အတွက်ကတော့ ရိုးနေပြီဖြစ်သည်။ ၁၀ မိနစ်ခန့် က်ပြီး ထန်းပင်ကုန်းကျေးရွာ၏ စာသင်ကျောင်းသို့ ရောက်ရှိလာခဲ့ပါ သည်။

ကျောင်းတွင် ဆရာကြီးအမှူးပြုသော ဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားများက စောင့်ကြိုနေကြသည်။ ဆရာကြီးနှင့် ကျွန် တော်တို့အဖွဲ့လည်း စာရင်းဇယားမှစ၍ စစ်ဆေးစရာရှိသည်များကို စစ်ဆေး ကြသည်။ အတန်ကြာသောအခါ ဆရာကြီးက တတိယတန်းကို သင်ကြား ပေးသော ဆရာအား ခေါ်ခိုင်းလိုက်သည်။

မကြာမီ အသက် (၂၅) နှစ်ခန့် အဝတ်အစား ဘိုသီဘတ်သီနှင့် ဆရာတစ်ဦး ဆရာကြီးရှေ့သို့ ရောက်ရှိလာသည်။ အသားဖြူဖြူနှင့် လူရည် သန့်တစ်ဦးဖြစ်သော်လည်း ဖြစ်သလို ကြုံသလိုနေတိုင်ဟန်ရှိပြီး လောက ကြီးကိုပါ အရွဲ့တိုက်နေသကဲ့သို့ ဖြစ်နေသည်။ ဆရာကြီးက ...

"ကဲ ... ကဲ ... ဆရာလေးထိုင်၊ ဆရာလေးနာမည်က ဦးသန်း အောင်နော်"

"ဟုတ်ပါတယ် ... ဆရာကြီး"

"ရပ်ရွာထဲကရော ဆရာလေးကို ဘယ်လိုခေါ်ကြသလဲ"

အတန်ကြာ ငိုင်နေသည်။ ထို့နောက် မျက်နှာကိုအောက်ငုံ့ပြီးမှ ..

"ကိုယ် ... ကိုယ်တော်ကြီးလို့ ခေါ်ပါတယ်"

"အဲဒါ ဘာကြောင့်ခေါ်တယ်ဆိုတာ သိလား။ ဆရာလေးက အရက် တစ်အားသောက်နေတယ်ဆို။ ပြီးတော့ ကျောင်းချိန်မှာပါ သောက် တယ်ဆို။ အဆိုးဆုံးကတော့ ဆရာလေးရဲ့ ကျောင်းသားတွေကိုယ်တိုင်က ဝယ်ပေးကြတယ်တဲ့။ အဲဒါကို ငါ့ညီက အတန်းထဲမှာသောက်ပြီး သင်တယ်တဲ့။ အဲဒီသတင်းတွေ ငါ့ဆီရောက်လာလို့ ငါ မင်းတို့ကျောင်း လာစစ်ရတာပါ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးသန်းထိုက်အောင် (ခေါ်) ကိုယ်တော်ကြီးမှာ မျက်နှာ အောက်ငုံ့ထားပြီး မည်သည့်စကားကိုမှ ပြန်မပြောတော့ချေ။ ဆရာကြီး မည်သို့မေးမေး ပြန်မပြောတော့ချေ။

ထို့ကြောင့် ပညာရေးမှူးဖြစ်သူက ၎င်းသင်ကြားနေသော အတန်း ကျောင်းသားကျောင်းသူများကို ကိုယ်တိုင် သွားရောက်မေးမြန်းတော့သည်

"ကဲ ... တပည့်တို့၊ မင်းတို့ဆရာလေး အရက်တွေသောက်တယ် ဆို"

"မသောက်ပါဘူး ... ဆရာကြီး"

"မင်းတို့က ပိုက်ဆံစုပြီး အရက်ဝယ်ပေးရတယ်ဆို"

"မဟုတ်ပါဘူး ... ဆရာကြီး"

"အတန်းထဲကိုပါ အရက်ယူလာပြီး သောက်တယ်ဆို"

"မသောက်ပါဘူး ... ဆရာကြီး"

"မညာကြနဲ့နော်၊ ဆရာကြီးကို အမှန်အတိုင်း ပြောကြပါ"

"မညာပါဘူး ... ဆရာကြီး၊ အမှန်အတိုင်းပြောတာပါ"

ဆရာကြီးက မည်သို့ပင်မေးမေး ကလေးအားလုံးက ဘူးခံကြ သည်။ တပည့်များက သူတို့ဆရာကို လွန်စွာ ချစ်ကြဟန်တူပါသည်။ တစ် ကျောင်းတည်း စာသင်နေကြသော ဆရာမများအား မေးမြန်းကြည့်တော့လည် အားလုံးက ထိုဆရာဘက်မှလိုက်၍ မဟုတ်ကြောင်း ပြောဆိုကြသည်။

ကျောင်းအုပ်ဆရာကြီးကို စစ်ဆေးကြည့်တော့လည်း သူ့ဆရာလေး ဘက်က တစ်ပြားမှမလျော့။ ထို့ကြောင့် မြို့နယ်ပညာရေးမှူးလည်း ဆောင် ရွက်စရာကိစ္စများကို ဆောင်ရွက်၍ ကျောင်းဆင်းလိုက်တော့သည်။ အချို့ ကိစ္စရပ်များ ရှိသေးသောကြောင့် ထိုနေ့ညကို ထိုရွာမှာပင် အိပ်ကြသည်။ ညနေစာထမင်းကို ကျောင်းအုပ်ကြီးဖြစ်သူမှ ဧည့်ခံကျွေးမွေးသည်။ ညနေစာ စားပြီးနောက် ရေနွေးကြမ်းဝိုင်းတွင် ဆရာကြီးက ကိုယ်တော်ကြီးခေါ် ဆရာ သန်းထိုက်အောင်အကြောင်းကို မေးမြန်းတော့သည်။





"ကဲ ... ကဲ ... ကျောင်းအုပ်ကြီး၊ ခင်ဗျားဆရာလေးအကြောင်း ပြောစမ်းပါဦး။ သူ့ရဲ့ (SURVICE BOOK) မှာကြည့်တော့ အလုပ်ဝင်တာ တစ်နှစ်ကျော်ပဲ ရှိသေးတယ်"

"ဟုတ်ပါတယ် ... ဆရာကြီး။ အဲဒီဆရာလေးက ကျွန်တော် တို့ရွာကိုရောက်တာ တစ်နှစ်ကျော်ကျော်ပဲ ရှိပါသေးတယ်။ ရွာကိုပြေးတဲ့ ကားလေးနဲ့ပါလာပြီး ရွာဦးကျောင်းမှာနေရင်းနဲ့ ကျောင်းမှာ ဆရာလိုတယ် ဆိုလို့ ဆွဲခန့်ဆရာ ဝင်လုပ်တာ။ မော်လမြိုင်ဘက်ကလို့ ပြောတာပဲ။ ပညာ အရည်အချင်းတောင် သူတက္ကသိုလ်တက်ခဲ့တဲ့ ကျောင်းသားကတ်နဲ့ ဘွဲ့ လက်မှတ်အရ အင်္ဂလိပ်စာကို မဟာတန်းအထိတက်ခဲ့တယ်လို့ သိရပါတယ်"

"ဗျာ ... အင်္ဂလိပ်အဓိကနဲ့ မဟာအထိ ရခဲ့တယ်"

"ဟုတ်တယ် ... ဆရာ။ ကျွန်တော်က ဒီဘွဲ့နဲ့မြို့မှာ ဒီပြင်အလုပ် ကောင်းတွေ လုပ်ပါလားဆိုတော့ အဲဒါမလုပ်ချင်လို့ ဒီကိုရောက်လာတာ လို့ပြောပြီး ဘာမှမေးလို့မရတော့ဘူး"

"ဘယ်သူနဲ့မှလည်း စကားမပြောဘူး။ ရတဲ့လစာကိုတော့ ဆင်းရဲ သဲ့ကလေးတွေအတွက် လိုတာအကုန်သုံးတယ်။ ကျန်တာကို အရက်သောက် တယ်။ ထမင်းကိုတော့ ကျောင်းသားမိဘတွေက အလှည့်ကျ ပို့ကြတယ်။ သူက ထမင်းထက် အရက်ကို ပိုသောက်တယ်"

"စာအသင်အပြကျတော့လည်း အလွန်တော်တယ်။ သူ့တပည့် တွေက သူ့ကို သိပ်ချစ်ကြတယ်။ သူ့ကို တစ်ယောက်ယောက်က ပြောရင် ကလေးတွေကလည်း လုံးဝမခံကြဘူး။ သူ အရက်သောက်ပြီးရင် ဘယ် သူ့ကိုမှ ဒုက္ခမပေးဘူး။ တစ်နေကုန် စာသင်တော့တာပဲ။ အဲ ... အရက် မသောက်ရရင်တော့ စာလည်းမသင်ဘူး။ ထိုင်ငိုင်နေတာပဲ"

"ဒါဆို သူ့တပည့်တွေက အရက်စုဝယ်ပြီး တိုက်တယ်ဆိုတာက ရော"

"ဟုတ်တယ် ... ဆရာကြီး။ သူ အရက်မသောက်ရလို့ ငိုင်နေ တာကို သူ့တပည့်တွေကတွေ့တော့ သူတို့ မုန့်ဖိုးလေးတွေကိုစုပြီး အရက် ဝယ်ပြီးတော့ သူတို့ချစ်တဲ့ဆရာကို တိုက်ကြတယ်။ ကျွန်တော်သိတော့ ကျွန်

www.burmeseclassic.com



အကြောင်းပြောပြီး မလုပ်ဖို့တားတော့ သူ့ရော၊ ကလေးတွေကရော လိုက်နာကြပါတယ်။ ကျောင်းမှာတော့ မလုပ်ကြတော့ဘူး"

"ဒါပေမဲ့ သူ အရက်မသောက်ရလို့ ငိုင်နေပြီလို့ကြားရင် သူ့တပည့်တွေက မနေကြဘူး ... ဆရာကြီး။ အရက်စုဝယ်ပြီး အိမ်ကိုသွားပို့တာပဲ။ ကျွန်တော်လည်း ကျောင်းမှာမဟုတ်တော့တာရယ်၊ ပြောမရတော့ရယ်ကြောင့် ကြည့်နေလိုက်ရတယ်"

"အေးဗျာ ... ဆရာကြီးရယ်။ ဒီလို ပညာတတ် လူရည်သန့်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် နစ်မွန်းအောင် ဘာကြောင့်လုပ်နေရသလဲ မသိဘူး"

"ဟုတ်မယ် ... ဆရာရေ၊ သူ့ပုံစံက ဒွေးကြီးမျိုးကြီးထဲကပဲ တစ်ခုခု နာကြည်းချက်ကြောင့် ဒီလိုဖြစ်နေရတာဖြစ်မယ်"

"အေးဗျာ ... ပညာတတ်ကျောင်းဆရာတွေ ရှားပါးနေတဲ့ အခုလိုအချိန်မှာ ဒီလိုကျေးရွာလေးမှာ ကျောင်းဆရာ လာလုပ်နေတာကို ကျေးဇူးတင်ရမှာ။ ဒါပေမဲ့ အခုလိုအတိုင်းကြီးထားလို့လည်း မဖြစ်ပြန်။ တစ်ခုခုတော့ စဉ်းစားပြီး လုပ်ကြတာပေါ့ဗျာ"

ကျွန်တော်တို့အုပ်စုလည်း ညဦးနက်ပြီဖြစ်၍ လူစုခွဲပြီး အိပ်ရာဝင်ခဲ့ကြတော့သည်။ အိပ်ရာကို ဝင်ခဲ့ရသော်လည်း အတွေးထဲတွင် ကိုယ်တော်ကြီးခေါ် တပည့်များချစ်သော ဆရာလေးဦးသန်းထိုက်အောင်၏ပုံရိပ်က တရစ်ဝဲဝဲနှင့်။

✿ ✿ ✿

## [ ၅ ]

❑

နောက်တစ်နေ့နံနက် အိပ်ရာထပြီးနောက် ကျောင်းအုပ်ဆရာကြီးဇနီးမှ စီစဉ်ပေးသော ကောက်ညှင်းပေါင်း ငါးခြောက်ကြော်တို့ဖြင့် နံနက်စာစားရင်း စကားပြောနေကြသည်။ အဓိကကတော့ ဆရာလေးဦးသန်းထိုက်အောင် အကြောင်းပင်ဖြစ်သည်။

ကျွန်တော်တို့လူစု စကားကောင်းနေစဉ် ခြံဝမှခေါ်သံ ကြားလိုက်ရသည်။

"ဆရာကြီး ... ဆရာကြီး ..."

"ဟေ ... ဘာလဲကွ"

"ဒီမှာ ဆရာကြီးကို တွေ့ချင်လို့တဲ့။ ဧည့်သည်တွေပါလာတယ်"

"လာပါ ... လာပါခင်ဗျ။ ထိုင်ကြပါ"

ဝင်လာသူ ဧည့်သည်ဆိုသူနှစ်ဦးကား အသက်(၄၅)နှစ်ခန့်ရှိ ဖြူဖြူခန့်ခန့် အမျိုးသမီးတစ်ဦးနှင့် အသက်(၂၅)နှစ်ခန့်ရှိ ညိုညိုချောချော မိန်းကလေးတစ်ဦးတို့ဖြစ်ကြသည်။ အိမ်ရှင်ဆရာကြီးက နေရာထိုင်ခင်းပေးပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ရေးနွေးကြမ်း သောက်ကြပါဦး။ ကောက်ညှင်းပေါင်းတွေလည်း စားပါဦး။ ပြီးတော့ အကျိုးအကြောင်း ပြောတာပေါ့"

"ဟုတ်ကဲ့ပါရှင်"

မြို့နယ်ပညာရေးမှူး ဆရာကြီး၊ ရွာခံဆရာကြီးနှင့် ကျွန်တော်တို့ အားလုံးဝင်လာသော အမျိုးသမီးနှစ်ဦးကို ဝိုင်းကြည့်နေကြသည်။ ခေတ္တအကြာ ဆရာကြီးက . . .

"ဒီက ဂျီညီမတို့က ဘယ်ကလာကြတာလဲကွယ့်"

"ဒီလိုပါ . . . ဆရာကြီး၊ ကျွန်မတို့ မော်လမြိုင်က လာခဲ့ကြတာပါ။ ကျွန်မက ဒီရွာကျောင်းကိုရောက်နေတဲ့ မောင်သန်းထိုက်အောင်ရဲ့ အစ ပါ"

"ဟေ . . ."

"ဟင် . . ."

အားလုံး အံ့အားသင့်ကုန်ကြတော့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဒီရွာကလေး၌ ဆရာလေးဦးသန်းထိုက်အောင်နှင့် ပတ်သက်နေသူများ လာဆုံနေကြတော့သည်။

"ဘယ်လို . . . ဆရာလေး ကိုသန်းထိုက်အောင်အမေ . . . ဟုတ်လား"

"ဟုတ်ပါတယ် . . . သူ့အမေ ဒေါ်ခင်နှင်းဖြူပါ။ ဒီကမိန်းကလေးကတော့ သားရဲ့ချစ်သူ ဒေါက်တာသီတာဝေပါ"

"ဗျာ . . . ဆရာလေးရဲ့ အမေနဲ့ ချစ်သူ ဟုတ်လား"

"ဟုတ်ပါတယ် . . . ဆရာတို့ရယ်။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကတည်းက သားလေး အိမ်ကထွက်သွားတာ ဘယ်လိုမှ စုံစမ်းလို့မရခဲ့ဘူး။ သူထွက်သွားကတည်းက ကျွန်မရော၊ ဟောဒီသမီးလေးရော မျက်ရည်နဲ့ မျက်ခွက်ပဲ။ နောက်တော့ ဒီရွာကလေးမှာရှိတယ်ဆိုလို့ လိုက်လာကြတာ။ ရန်ကုန်ကနေ စက်လှေစီးလုံးငှားပြီး လာကြတာ ည(၁၀)နာရီလောက် ရောက်လာကြတယ်။ ညနက် ခရီးပန်းလို့ သားလေးနဲ့တွေ့ပြီး ဒီမနက်မှ ဆရာကြီးတို့နဲ့ လာတွေ့တာပါ"

စိတ်ကူးသစ်စာပေ



အမျိုးသမီးနှစ်ဦးစလုံး မျက်ရည်များ ကျနေကြသည်။ ဝမ်းသာ၍ [illegible] ဝမ်းနည်း၍လားမသိ။

"ကဲ . . . ကဲ . . . အစ်မကြီး၊ အဖြစ်အပျက်ကို ကျွန်တော်တို့နားလည်အောင် ပြည့်ပြည့်စုံစုံ ပြောပါဦး။ ဘယ်လိုဖြစ်လို့ ဆရာလေးက ဒီရွာရောက်ပြီး ပေတေနေရသလဲဆိုတာကို"

"ဟုတ်ကဲ့ . . . ကျွန်မပြောပြပါ့မယ်"

"ကျွန်မတို့က မော်လမြိုင်မြို့ပေါ်ကပါ။ သူ့အဖေရှိစဉ်ကတည်းက [illegible]တန်းသွားတဲ့ စက်လှေကြီးနှစ်စီးထောင်ထားပြီး စီးပွားရေးလုပ်တာ [illegible]သက်မပြောနဲ့ နောက်တစ်သက်တောင် စားလို့မကုန်ပါဘူး။ သူ့အဖေ [illegible]သွားခဲ့တာတွေက . . .။

သားလေးကလည်း သိပ်လိမ္မာတယ်။ သူ့ဖခင်ကိုလည်း သိပ်ချစ်[illegible]။ စာလည်း တော်တယ်။ ဆယ်တန်းအောင်တုံးက ဆေးတက္ကသိုလ်[illegible]မှတ်မှီပေမဲ့ သူဝါသနာပါတဲ့ အင်္ဂလိပ်စာအဓိက တက်ခဲ့တယ်။ ဟောဒီ [illegible]ချစ်သူသမီးလေးနဲ့လည်း ငယ်သူငယ်ချင်းတွေပါ။

သူ နောက်ဆုံးနှစ်ရောက်တဲ့အချိန်မှာ သူ့အဖေ ကျွန်မခင်ပွန်း [illegible]သွားခဲ့တယ်။ သားလေးက သူသိပ်ချစ်တဲ့အဖေ ဆုံးသွားတော့ အရမ်း[illegible]ထိခိုက်သွားတယ်။ အဲဒီကစပြီး ငူငူငိုင်ငိုင် ဖြစ်သွားတယ်။ ကျွန်မလည်း [illegible]ကို လိုလေသေးမရှိ ပံ့ပိုးပေးပါတယ်။ ဒါပေမဲ့ သားလေးရဲ့ရင်ထဲက [illegible]ရာကို မပျောက်စေခဲ့ပါဘူး။ ပိုဆိုးသွားတာက ကျွန်မရဲ့ မိုက်မဲမှုကြောင့်[illegible]။ ကျွန်မအပြစ်တွေပါ။

သားလေးအဖေဆုံးပြီး တစ်နှစ်ကျော်ကျော်ကြာတော့ ကျွန်မတို့[illegible]ငန်းမှာ မန်နေဂျာလုပ်တဲ့ ကိုသိန်းဝင်းဆိုသူနဲ့ ကျွန်မ အိမ်ထောင်[illegible]ပြုလိုက်တယ်။ မန်နေဂျာကိုသိန်းဝင်းကလည်း လူပျိုကြီးပါ။ သူ့အဖေ[illegible]ကတည်းက သစ္စာရှိတဲ့ လူယုံတော်ပါ။ သားလေးကိုလည်း သိပ်[illegible]တယ်။ ဒါပေမဲ့ ကျွန်မနဲ့ အိမ်ထောင်ပြုပြီးတဲ့နောက်ပိုင်း သားလေးက [illegible]သူကို လုံးဝကြည့်မရတော့ဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုလည်း စကားမပြောတော့ဘူး။ မှော်လမြိုင်မှာ မနေ တော့ဘူးဆိုလို့ ရန်ကုန်မှာ တိုက်ခန်းတစ်ခန်း ဝယ်ပေးပြီးထားတယ်။ အ မှာ (၃) လလောက်ပဲနေပြီး ပျောက်သွားတာ။ ဘွဲ့လက်မှတ်၊ မှတ်ပုံတင် အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ပျောက်သွားလိုက်တာ တစ်နှစ်ကျော် ကြာတယ်။ ဘယ်လိုမှ ရှာမရဘူး။ အခု ဒီမှာရှိတယ်ကြားလို့ လိုက်လာတာ ဒီမှာ ဒီလိုဖြစ်နေတာကိုမြင်တော့ ကျွန်မကိုယ်ကျွန်မ ပိုပြီး စိတ်မကောင်း ဖြစ်မိတယ်။

သူ့အဖေသေတာ ကျွန်မကြောင့်လို့တောင် ထင်သွားတယ်နဲ့ တယ်။ ကျွန်မကလည်း နောက်အိမ်ထောင်ပြုလိုက်တာကိုး။ ဒါကြောင့် သ လေးတွေ့ရင် စိတ်သန့်သန့်နဲ့ ပြန်ခေါ်လို့ရအောင် နောက်အိမ်ထောင်ဖြစ် ကိုသိန်းဝင်းကို စက်လှေတစ်စီးပေး၊ နားလည်အောင်ပြောပြီး ကွာရှင်းခဲ့ ဒါတွေအားလုံး သားလေးကိုပြောပြပြီး ပြန်ခေါ်ပေမဲ့ သားလေးက မလို ဘူးလို့ ငြင်းနေတယ်ဆရာ။

ဆရာတို့ ဝိုင်းပြောပေးကြပါဦး။ ကျွန်မရင်ခွင်ထဲကို သားလေး ပြန်ထည့်ပေးကြပါဦး ... ဟီး ... ဟီး ... ဟီး ...''

ပြောပြောဆိုဆို ဒေါ်ခင်နှင်းဖြူမှ ချုံးပွဲချ၍ ငိုင်ငိုတော့သည် ဘေးမှ ဆရာလေးဦးသန်းထိုက်အောင်၏ချစ်သူ ဒေါက်တာသီတာဝေကလည် တရှုံ့ရှုံ့နှင့် မျက်ရည်များကျနေတော့သည်။ ကျွန်တော်တို့ကလည်း ဘာပြေ ရမှန်းမသိတော့။ အတန်ကြာတော့မှ မြို့နယ်ပညာ ရေးမှူးဖြစ်သူ ဆရာကြီး က ...

''ကဲ ... ကဲ ... ဒေါ်ခင်နှင်းဖြူ မငိုပါနဲ့။ ဟုတ်ပါတယ်။ ကိုသ ထိုက်အောင်ဟာ ခင်ဗျားတို့နဲ့ပဲ ပြန်လိုက်သွားသင့်ပါတယ်။ ပညာရေးဌာန ဆရာတစ်ယောက်လျော့သွားလို့ ကျွန်တော် စိတ်မကောင်းဖြစ်ပေမဲ့ သူ့အ သာယာသွားအောင် ကျွန်တော် ခင်ဗျားတို့နဲ့ ပြန်လိုက်အောင် တိုက်တွ ပေးပါ့မယ်''

''ဟုတ်ကဲ့ပါ ... ဆရာကြီး။ ကျေးဇူးတင်ပါတယ်''





''ကဲ ... ဒါဆို ဆရာလေးဦးသန်းထိုက်အောင်ကို သွားခေါ်လိုက် ဦး''

''ဟုတ်ကဲ့ပါ ... ဆရာကြီး''

အိမ်ရှင်ဖြစ်သော ကျောင်းအုပ်ဆရာကြီးက ကိုယ်တိုင်ပင် သွား ခေါ်လိုက်သည်။ အတန်ကြာသောအခါ ဆရာကြီးနှင့်အတူ ဆရာလေး ဦးသန်း ထိုက်အောင် ခေါင်းငိုက်စိုက်ဖြင့် ပါလာသည်။ ဆရာကြီးက အကျိုးအကြောင်း ပြ၍ ပြန်လိုက်သွားရန် ပြောသော်လည်း ဆရာလေးက လက်မခံ။ ကလေး ပညာရေး နှောင့်နှေးမည်စိုး၍တဲ့။

''ကဲ ... ဆရာလေးရာ၊ မင်းအစား ဆရာတစ်ယောက် ငါ မဖြစ် ဒီရွာကိုပြောင်းပေးမယ်ကွာ''

''ဆရာကြီး ... တကယ်ပြောတာလား''

''တကယ်ပြောတာပါ ... ငါ့ညီရယ်''

''မင်း ဒီရွာနဲ့ ဒီကကလေးတွေကို ဘယ်လောက်သံယောဇဉ်ရှိ သလဲဆိုတာ ဆရာကြီးသိပါတယ်။ မင်းမှာလည်း အမေနဲ့ချစ်သူ ရှိသေး သယ်လေကွာ။ ဒီထက်ပိုပြီးတော့လည်း တိုင်းပြည်အတွက် အလုပ်အကျွေး ပြုဦးမယ်။ မင်း ကလေးတွေကို သံယောဇဉ်ရှိရင် အခု သူတို့တက်နေတဲ့ ကျောင်းက ဟောင်းနေပြီ။ မင်းအမေနဲ့တိုင်ပင်ပြီး ကျောင်းအသစ်ဆောက် လှူလိုက်ကွာ။ အဲဒါက ပိုအကျိုးရှိပါတယ်''

''လှူပါ့မယ် ... ဆရာကြီး။ သားစိတ်ချမ်းသာဖို့ အရေးကြီးပါ ယ်''

''ဟုတ်ကဲ့ပါ ... ဆရာကြီး။ ဒါဆို ကျွန်တော် ပြန်လိုက်သွားပါ့ တော့မယ်''

ပြန်လိုက်မည်ဆို၍ မိခင်ဖြစ်သူနှင့် ချစ်သူတို့၏မျက်နှာမှာ ဝင်းထိန် သွားပြီး ဝမ်းသာအားရ ဖြစ်ကုန်ကြတော့သည်။

ထို့နောက် ဆရာကြီးက ...

''ကဲ ... ကဲ ... ပြန်မယ်ဆိုရင် ကျောင်းမတက်ခင်ပြန်ကြ တော့။ ကျောင်းတက်ချိန်ဆိုရင် ကလေးတွေကြောင့် ပြန်နိုင်မှာမဟုတ်ဘူး''

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... ဆရာကြီး"

"ဆရာကြီးကို ကျွန်မတို့ ကန်တော့ခဲ့ပါတယ်"

အားလုံးထိုင်၍ ကန်တော့ကြသည်။

"အေးပါကွယ် ... သာဓု ... သာဓု ... သာဓု"

ပညာရေးမှူးဖြစ်သူ ဆရာကြီး၏မျက်လုံးအိမ်မှလည်း မျက်ရည်များ စီးကျနေသည်။ ဝမ်းသာကြည်နူး၍ကျသော မျက်ရည်များပင် ဖြစ်လိမ့်မည်။

✿ ✿ ✿

| ၆ |

❑

ထိုကိစ္စများဖြစ်ပေါ်ခဲ့ပြီး သုံးလခန့်အကြာတွင် ကျွန်တော်သည် ဘောကမ္မူးမြို့၏ မြို့နယ်ပညာရေးမှူးရုံးသို့ ကိစ္စတစ်ခုဖြင့် ရောက်သွားခဲ့သည်။ ကျွန်တော့်ကိုမြင်သောအခါ မြို့နယ်ပညာရေးမှူး ဆရာကြီးက သူ့ရုံးခန်းအတွင်းသို့ ခေါ်ဆောင်၍ မင်္ဂလာဆောင်ဖိတ်စာတစ်ခုကို ထုတ်ပေးလိုက်သည်။ ကျွန်တော်လည်း ဖိတ်စာကို ကြည့်လိုက်သောအခါ ...

မောင်သန်းထိုက်အောင် M.A (Eng)

နှင့်

ဒေါက်တာသီတာဝေ M.B.B.S (Rgn)

တို့၏ မင်္ဂလာညည်ခံပွဲဟူ၍ တွေ့လိုက်ရသည်။ ကျွန်တော်က ဆရာကြီးမျက်နှာကို မော့ကြည့်လိုက်သောအခါ ...

"ဟုတ်တယ် ... ကိုယ်တော်ကြီးရဲ့ မင်္ဂလာဆောင်ဖိတ်စာ။ သူတို့နှစ်ယောက်စလုံး လာဖိတ်သွားတာ။ မင်းကိုလည်း လာဖြစ်အောင် လာခဲ့ဖို့ ဖိတ်သွားတယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ထန်းပင်ကုန်းရွာအတွက်ကော ... ဆရာကြီး"

"အေး ... အဲဒီရွာ မူလတန်းကျောင်းပြန်ဆောက်ဖို့အတွက်လည်း ကျသင့်ငွေ(၁၅)သိန်းကိုလည်း လှူသွားတယ်။ ဒီနေ့ကျောင်းဖိတ်ရင် ပြ ဆောက်ဖို့ လုပ်နေကြပြီ"

"သူ့အစား ဆရာတစ်ယောက် ပေးမယ်ဆိုတာရော"

"အေး ... အဲဒီကျောင်းကို ငါ အစားတစ်ယောက် ခန့်ပေးလိုက် ပြီ။ သူက အခုတော့ မော်လမြိုင်ကောလိပ် အင်္ဂလိပ်စာဌာနမှာ ဆရာလု နေတယ်တဲ့"

"ဟုတ်ကဲ့ ... ဆရာကြီး၊ သူ့အတွက် ဝမ်းသာပါတယ်"

"အေးပေါ့ကွာ ... လူတော်တစ်ယောက် လူကောင်းဖြစ်သွား အပြင် တိုင်းပြည်အတွက် အားထားရတဲ့ လူတစ်ယောက်ဖြစ်သွားတာ ပို ဝမ်းသာရမှာပေါ့"

"မင်းကရော မိန်းမ မယူသေးဘူးလား"

"ကျွန်တော့်ကို ယူမဲ့လူမှမရှိသေးတာ ဆရာကြီးကလည်း ..."

"ဟောကောင် ... မဟုတ်တာတွေ မပြောနဲ့။ မင်းကိုလည်း အရှိ ဖူးထဲ ထည့်လိုက်ရမှာလား"

"အဲဒီ အရှိင်ဖူးထဲတော့ မထည့်ပါနဲ့ ဆရာကြီးရယ်။ ကိုသောင် ရွှေကိုသာ ထည့်လိုက်ပါ။ ဒါမှ သူများကို ဒုက္ခမပေးနိုင်မှာ"

"ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ..."

ဝင်းနိုင်(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

ကျွန်တော်သည် တောတောင်များအတွင်း ဝင်ရောက်ကာ သာ
ကောင်ပေါင်းစုံကို ပစ်ခတ်သတ်ဖြတ်နေသော မုဆိုးတစ်ယောက်ဆိုသော်
လည်း ကိုယ်မကျွမ်းသည့် ရောဝတီတိုင်း မိန်းမလှကျွန်း (မျောက်တစ်ရာ
ကျွန်း)တွင် ပစ်ခတ်နေကျ သားကောင်ကို ပစ်ခတ်သည့်တိုင် ရေမြေသဘာ
မတူသည့်အပြင် ပေါက်ရောက်ရာ အပင်တို့အကြား လိုက်လံပစ်ခတ်သည်
ဖြစ်ရသည့်အတွက် အခက်အခဲများအကြားမှ အနိုင်ယူ အဆုံးသတ်ခဲ့ရ
သည်ဆိုလျှင် ...

✿ ✿ ✿

| ၂ |

ဘိုကလေးမြို့၏ ဟိုမှာဘက် အရှေ့ဖျားကျေးရွာနေ တူမောင်ဖြစ်သူ မောင်တင့်ဇော် (ရေမှုဆိုး)ကလေး အရေးပေါ်ကိစ္စနှင့် လာရောက်ခေါ်ဝင်သည့်အတွက် သေနတ် (၂) လက်ကို ယူဆောင်ကာ ဘိုကလေးမြို့နယ်သို့ စတင်ထွက်ခဲ့သည့် ခရီးပင်။

နှစ်ဦးသား ရန်ကုန်မှ ညနေ (၄) နာရီတွင် စတင်ထွက်ခဲ့သော တမ္ဗဝတီသင်္ဘောကြီး ဘိုကလေးမြို့ကို ဆိုက်ကပ်တော့ မနက်ပိုင်း အရုဏ်တက်တွင်ပင်။ အရှေ့ဖျားရွာမှ မောင်တင့်ဇော်အစ်ကိုများက ပဲ့ထောင်နှင့် လာရောက်စောင့်နေသည့်အတွက် မနက်စာကို ဗိုက်ဖြည့်လိုက်ကြပြီး ဗလရဲကျော်စက်တပ်လှေဖြင့် တပြန့်တပြောကျယ်ဝန်းရှည်လျားသော မြစ်နဒီအတိုင်း ထွက်လာခဲ့ကြပေသည်။

မြစ်ကြီးရောသည် ပုသိမ်မြစ် (ငဝန်မြစ်)၊ သက္ကတောင်မြစ်၊ ရွှေမြစ်၊ ပြန်မေလော့မြစ် (ပြန်မလှတ်မြစ်)၊ ပြင်စလူမြစ်၊ ရောဝတီမြစ်(ရောမြစ်)၊ ဘိုကလေးမြစ်(ကဒုံကနိမြစ်)၊ ဖျာပုံမြစ်၊ သံဒီမြစ်နှင့် တိုးမြစ်ဆိုသည့် မြစ်ခွဲပေါင်းများစွာ ဖြာထွက်လျက် ပင်လယ်ကြီးအတွင်း စီးဝင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြစ်ခွဲပေါင်းစုံတို့၏ အဆုံးသတ်နေရာသည် နက်ရှိုင်းကျယ်ပြောလှသော ပင်လယ်ရေပြင်ကြီးပင် ဖြစ်ပေသည်။ ထိုပင်လယ်ပြင်ကြီးဝန်းကျင်ရှိ ရပ်ဝန်းဒေသများသည် ထိုပင်လယ်ရေပြင်ကြီးနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေကြသဖြင့် ပင်လယ်ကမ်းခြေဒေသများပင် ဖြစ်ပေသည်။

ထိုပင်လယ်ပြင်ဝန်းကျင်ဒေသများသည် မြစ်ဝကျွန်းပေါ်ရေလုပ်သားများတို့၏ ကျက်စားရာ ဒေသများလည်း ဖြစ်ကြသဖြင့် ထိုဒေသများရှိ ရေလုပ်သားတွေကို မြစ်ဝကျွန်းပေါ် ပင်လယ်ရေလုပ်သားများဟူ၍ ခေါ်ကြသည်။ ထိုဝန်းကျင်ဒေသများရှိ ပင်လယ်ရေလုပ်သားများ ကျက်စားရာဒေသဖြစ်သဖြင့် ထိုကဲ့သို့ ခေါ်ကြဟန်ပင်။ ဗလရဲကျော်စက်တပ်လှေသည် တစ်နေရာတွင် ရပ်တန့်ကာ ရေအလျဉ်ကို စောင့်ဆိုင်းနေစဉ် ငါးပုတင်းဟင်း ကြယ်ငါးကြော်နှင့် အရက်ကို သောက်စားနေရင်း ကျွန်တော်က ...

''နေပါဦး ... ကုလားနဲ့မြင်းရဲ့၊ ငါတို့ရောက်လာအောင် မစောင့်ဘဲ ဘိုကလေးထိ လိုက်ကြုံရတယ်လို့ကွာ။ မင်းတို့ ပင်ပန်းတာပေါ့။ အိမ်ကပဲ စောင့်နေရောပေါ့ဟ''

ကုလားနှင့်မောင်မြင်းတို့ လာကြိုသူနှစ်ဦးက ကျွန်တော်ကို လာခေါ်သည်မှာ မောင်တင့်ဖော်၏ယောက်ဖနှင့် ကျွန်တစ်ယောက်က အစ်ကိုရင်း ဖြစ်သည်။ သို့အတွက် မေးလိုက်ခြင်းပင်။ သူတို့ ပြန်ဖြေလိုက်သည်က ...

''ပုံမှန်အတိုင်း လိုင်းကောင်နဲ့ အရှေ့ဖျားကို စီးမယ်ဆိုရင် ညနေ (၅) နာရီလောက်မှ ဘိုကလေးက ထွက်မယ်။ မိုးလင်းမှ အရှေ့ဖျားကိုရောက်မယ်လေ။ ခုလို လာကြိုလိုက်တော့ ည(၁၀)နာရီလောက် ရွာကိုဝင်မှာမို့ လာကြိုရတာပါ''

''အေးပါ ... ဒီည ရွာကိုဝင်တာနဲ့ မနက် ရွာကိုဝင်တာပဲ ကွာတာမို့လားကွာ။ မင်းတို့ပင်ပန်းမှာစိုးလို့ စေတနာနဲ့ ငါ ပြောလိုက်မိတာပါ''

ကျွန်တော့်စကားဆုံးတော့ မောင်မြင်းက ...

''ကျွန်တော်တို့မိသားစု အဲသလို တွက်ပါတယ်။ ဒါပေမဲ့ လေးလေးရဲ့အစ်ကိုကြီးက ဘယ်လိုမှ လက်မခံဘူး။ ခုချက်ချင်း ဘိုကလေးမှာ သွားကြိုပြီး မင်းတို့ကိုယ်တိုင် ဒီကောင်ကို အရောက်ခေါ်လာဖို့နဲ့ ဘိုကလေးကိုမှ





သတ်မှတ်ချိန်ရောက်မလာရင် မင်းတို့ကိုယ်တိုင် ရန်ကုန်လိုက်ပြီး အပါခွဲခေါ်လာဖို့ လွှတ်လိုက်တော့ ကျွန်တော်တို့လဲ ဖခင်တစ်ယောက်ဆန္ဒအလို ပြည့်ဖို့က ဘိုကလေးကို လိုက်လာရတာပါပဲ။ ခုလို မတွေ့ခဲ့ရင် မနက်ဖြန် ရန်ကုန်ကိုတက်ပြီး လေးလေးကိုခေါ်ပြီး အမြန်ပြန်ရမှာမို့ ထွက်လာခဲ့ကြရတာပါ''

''နေစမ်းပါဦးဟ ... တင့်ဖော်က ငါ့ကို ဘာမှမပြောဘဲ သေနတ်နဲ့ပြီး လိုက်ခဲ့ပါလို့ အဖေက မှာတယ်ဆိုလို့ လိုက်ခဲ့ရတာ။ ဘာအကြောင်းအကြောင်းမှ မပြောဘူး။ ခု မင်းတို့အခြေအနေကို ကြည့်ရတာက တစ်ခုခုဖြစ်နေတဲ့ပုံပဲ။ အဲဒါ ဘယ်လိုကြောင့်လဲဆိုတာ ငါ့ကိုလည်း ပြောကြစမ်းပါဦးကွ။ လိုက်သာလာရတယ် ဘာမှန်းကို မသိရဘူး''

''လေးလေး ... သိလ္လာဆိုတဲ့ ရွာကလေးကို မှတ်မိသေးလား''

''ဟိုလေကွာ ... သစ်ရွက်စိမ်းလို့ အမည်တွင်တဲ့ ကရင်နဲ့ မြန်မာရောနှောပြီး နေကြတဲ့ ကျွန်းပေါ်က ရွာကလေးကို ပြောတာလား''

''ဟုတ်ပါ့ ... ဟုတ်ပါ့။ ဒါဆိုရင် ဝါးချောင်းဆိုတဲ့ရွာကိုရော မှတ်မိသေးလား''

''အဲဒီရွာက ဟိုတစ်ချိန် ကွန်မြူနစ်တွေ ကြီးစိုးတဲ့အချိန်က အညာသားမိသားစုကို ရွာခံကရင်တွေက သတ်မယ်ဆိုပြီးလုပ်တော့ မြန်မာတွေက သက်မခံလို့ လူကြီးတွေညှိနှိုင်းကြပြီး ဝါးတွေပေါက်တဲ့ ကျွန်းကလေးကို ပို့ထိုက်လို့ သွားနေကြရတဲ့ အညာစု(ဝါးချောင်း)ကို ပြောတာလား''

''ဟုတ်တယ် ... လေးလေးရဲ့''

''အဲဒါ ဘာဖြစ်လို့လဲ ဆက်စမ်းပါဦးဟ ... ကောင်ရ''

''ပြောပါ့မယ်လေ ...။ အဲဒီ ရေလမ်းကြောအတိုင်း အဖေ့နှမအငယ်ခင်အုန်းမြင့် လှေလှော်ပြီး ကြွေးသွားတောင်းရင်း မိကျောင်းက အမြီးနဲ့ရိုက်ပြီး ဆွဲချသွားတာ သေရောဆိုပါတော့။ ရက်လည်သပိတ်သွတ်တဲ့နေ့မှာ ဆွမ်းကြွေးကိုလာတဲ့ အညာစုက ကိုစောကြီးဆိုသူကိုလည်း ဒေါ်လေးကို မျိုး အမြီးနဲ့ရိုက်ပြီး အကိုက်ခံလိုက်ရပြန်တယ်လေ။ အဲဒါကြောင့် လက်စားချေဖို့အတွက် ခေါ်ခိုင်းလိုက်တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို စောစောကပြောရင် လိုအပ်တဲ့ သေနတ်ယူခဲ့မှာပေါ့ကွာ။ ခုတော့ နှစ်လုံးပြူးနဲ့ ပွိုင့်တူးတူးနှစ်လက်ပဲ ယူလာခဲ့မိတယ်။ ရတော့ ရမ တယ်လေ။ မဖြစ်ရင် ဖြစ်အောင်လုပ်ရတော့မှာပေါ့"

"ကဲ ... ဒါဆိုရင် စားလိုက်ကြရအောင်။ (၇)နာရီ ရေတက်ဦး နဲ့ လိုက်သွားကြရအောင် ပြင်ကြကွာ"

ကျွန်တော်တို့ ပွဲထောင်ထက်တွင် ထမင်းစားလိုက်ကြသည်။ အမှောင်ထုက မင်းမူလာသလို ရေတက်ဦးမို့ လှိုင်းကြက်ခွပ်တို့အကြား လှူး လှူးလွန့်လွန့်နှင့် ခုတ်မောင်းလာခဲ့ကြပေသည်။

ချိုတဲ့သော လရောင်အောက်တွင် ကြယ်တာရာအစက်အပြောက် တို့နှင့် တပြန့်တပြောကျယ်ဝန်းရှည်လျားသော မြစ်နဒီကြောတွင် ခုတ်မောင်း လာခဲ့ကြရင်း ကျွန်တော့်ကို လာရောက်ခေါ်ခဲ့သည့် ရွာခံရေမှုဆိုးလေး မောင်တင့်ဇော်က ...

"လေးလေး ... ဟိုဟာက ကဒုံကနီ၊ ဟိုဟာက အမာ၊ ခွေးချောင်း အဖြတ်၊ ဂေါ်ဒူတောင်တန်း၊ ဇရက်ကြီး(ခ)သန္တာကျွန်း၊ မိန်းမလှ (မျောက် တစ်ရာကျွန်း) စသည့် နေရာတွေရောက်တိုင်း လက်ညှိုးထိုးကာ ပြသနေ သော်လည်း ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရသလို မှတ်လည်း မမှတ်မိသည် က အမှန်။

ည (၃)နာရီသာသာခန့်တွင် အရှေ့ဖျားရွာချောင်းတွင်းဆီသို့ ချိုး ကွေ့ဝင်လိုက်တော့ ချောင်းကမ်းဘေး ရွာတန်းရှည်ဆီမှ လင်းကြက်တွန်သံ တို့ကို ကြားနေရပေသည်။ ချောင်းကား ပေ(၃၀)နီးပါး ခပ်ကျဉ်းကျဉ်းနှင့် စက်ရှိန်ကိုလျှော့ကာ အသာတိုးဝင်လာခဲ့သည်။ ကမ်းစပ်တို့တွင် လမု၊ ခရာ ခနီ၊ ငှက်ကြီးတောင်၊ မြက်ရိုင်း၊ ဗူး၊ အုန်း၊ သမဲ့၊ ကနစိုး၊ ပျဉ်းမ၊ မဒမ ရေမနေပင်တို့ ရောထွေးစီတန်းကာ ပေါက်နေကြသည်။ နံနက်ခင်းမိုးလင်း တော့မည်မို့ အရှေ့ဘက်မှ လင်းအရုဏ်တို့နှင့်အတူ အရှေ့ဖျားချောင်းရေ သည် ကောင်းကင်မှ တိမ်ပြာတို့ရောကာ ပတ္တမြားရောင်ပင် စွန်းထင်းနေပေ ပြီ။





ဝင်ခဲ့သော အရှေ့ဖျားချောင်းသည် ပင်လယ်ကြီးကို ဘေးစွယ်တစ် ရာမှ တိုးဖောက်ဝင်ရောက်စီးဝင်နေသလို ပင်လယ်ပြင်ကြီးသည် လှိုင်း ကြက်ခွပ်များနှင့်အတူ ရေခိုး၊ ရေငွေ့တို့အကြား ခတ္တာကျွန်းကြီးကို ခပ်ရေး တွေ့မြင်နေရသည်။

လရောင်ချို့တဲ့စွာမို့ အမှောင်ထုကြီးအတွင်း တစ်ညလုံး ပျင်းရိငြီး ငွေ့စွာ မောင်းနှင်ဖြတ်သန်းလာခဲ့သည်။ အရှေ့ဘက် ပင်လယ်ပြင်ကြီးထက် တွင် တိမ်မကာန်းတို့ အုံကျင်းဖွဲ့နေကြသည်။ စက်တပ်လှေဦးခန်းမှ လတ် သော ပင်လယ်လေကို တစ်ဝကြီးရှူလိုက်ရင်း ငေးမောကြည့်နေမိပေ သည်။

ရွာထိပ်သို့တိုင် ရောက်ခဲ့ပေပြီ။ အိမ်များမှာ ချောင်းနံဘေးတွင် တန်းကာ ဆောက်လုပ်ထားကြသည်မို့ ရွာတန်းရှည်ပုံအသွင် ခြံချင်းဆက် က် အိမ်ကလေးတွေကို ကျော်လာရင်း လှမ်းကြည့်လိုက်ရာ အိမ်နောက် ာတွင် ပုစွန်ဝယ်သည်။ ငါးသလောက်ဝယ်သည်။ ငါးစည်ပေါင်းဝယ် ည် စသည့် ဆိုင်းဘုတ်ကလေးတွေကို ချိတ်ဆွဲထားသည်ကိုလည်း တွေ့ က်ရသည်။ အိမ်တိုင်းလိုလို လျှပ်စစ်မီးနှင့် ငါးဖမ်းစက်လှေ (၃)စီး ဆိုက် ထားရာဆီသို့ ဦးတည်ကာ လှူကူးတံတားအနီးရောက်တော့ စက်ရှိန်ကို ာကာ မီးလှမ်းထိုးလိုက်သည်နှင့် ...

"ဟေး ... တင့်ဇော် ... ဟိုမှုဆိုး ပါခဲ့လားကွ"

ဆိပ်ခံတံတားပေါ်မှ လှမ်းမေးလိုက်သည့် အစ်ကိုကြီးဦးတင်ငွေ ကြောင့် မောင်တင့်ဇော်က ...

"ပါလာတယ် ... အဖေ။ လေးလေး ပါလာတယ်"

စက်တပ်လှေပေါ်မှ ပစ္စည်းများအိမ်ပေါ်သို့ တင်ပြီးချိန် အစ်ကိုကြီး င်ငွေ၊ ဇနီးဒေါ်ကျင်ရီ၊ သားများနှင့် သမီးများက အားရဝမ်းသာ နွေး ာ ကြိုဆိုကြသည်။ အစ်မကြီး ဒေါ်ကျင်ရီက ကျွန်တော့်ကိုတွေ့တော့ ပါအောင် ငိုကြွေးနေသည့်အတွက် ချော့မော့ရသေးသည်။ သူ က်မ ခင်အုန်းမြင့် မိကျောင်းစားခံလိုက်ရသည်ကို ပါးစပ်မှ တမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



တတ ပြောဆိုနေသည်။ မိသားစု ဝိုင်းဝန်းချော့မော့ရင်း အတန်ကြာသော် အစ်ကိုကြီးဦးတင်ငွေက ...

"ကဲ ... မှဆိုး အခြေအနေကို သိပြီမို့လား။ ဘာသေနတ်ရှေ ပါလဲ။ ဒီမှာတော့ ငါးဖမ်းပိုက်တွေချည်းမို့ မင်းတူကို လွှတ်အခေါ်နိုင်လိုက် ရတာပဲ"

အစ်ကိုကြီးဦးတင်ငွေ စကားကြောင့် ကျွန်တော်က သေနတ်များ ထည့်ထားသော သေတ္တာပြားလေးကို လက်ညှိုးထိုးပြလိုက်ရင်း ...

"သုံးလက်ပါလာတယ် ... အစ်ကိုကြီး၊ ပစ်ချင်တဲ့အကောင် ပစ်ရ ရမှာပါ"

ကျွန်တော်က သေနတ်သေတ္တာလေးကို ဖွင့်ပြလိုက်တော့ သူ လှမ်း ကြည့်လိုက်ရင်း ...

"မင်းပြောတော့ (၃)လက်ဆို၊ (၂) လက်ထဲ တွေ့ပါလားကွ"

သူ့အပြောကြောင့် ကျွန်တော်က ချိုင်းကြားတွင်လွယ်ထားတဲ့ နိုင်း အမ်အမ်ပစ္စတိုကလေးကို ထုတ်ပြလိုက်တော့ ...

"အဆာပြေ ဗိုက်ဖြည့်လိုက်ကွာ။ ပြီးတော့ အိပ်ပြီး အနားယူလိုက် ကြ။ ညနေမှ မင်းတူတွေ ပင်လယ်ကမ်းခြေ လိုက်ပို့နိုင်းမယ်"

ဗိုက်ဖြည့်စားသောက်လိုက်ပြီး အိပ်စက်အနားယူလိုက်ပေသည်။ တစ်ညလုံး အိပ်ရေးပျက်ထားသဖြင့် ညနေ(၃)နာရီလောက်မှ နိုးလာသည်။ ရေမိုးချိုးပြီးတော့ အစ်ကိုကြီးဦးတင်ငွေက ဘီယာနှင့် ဧည့်ခံသည်မို့ ဘီယာ သောက်ပြီး အမြည်းစားလိုက်လုပ်နေစဉ် ...

"ဟင်းတွေက ငါးတွေချည်းပဲကွ။ ဒီအသားကတော့ သွေးအား ကောင်းတယ်။ များများစားစမ်း"

သူအစားခိုင်းသဖြင့် ကျွန်တော်က တစ်တုံး ခပ်စားသည်။ အမဲ သားဟင်းဟု ထင်သည်။ ခပ်ချဉ်ချဉ်နှင့် အမဲသားတုံးကို စားနေရသည် အတိုင်းမို့ ...

"ဒီအရှေ့ဖျားမှာ အမဲသား ဘယ်ဈေးဝယ်ရလဲ ... အစ်ကိုကြီး"

---

စိတ်ကူးသစ်စာပေ



"ဒီအရပ်က အမဲသားမစားကြဘူး။ ရှောင်တယ်။ ဝက်သားက သော့ တစ်ပတ်တစ်ကြိမ်လောက် ပေါ်ရောင်းကြတယ်ကွ"

"ဟင် ... ဒါဆို ဒီဟင်းက အမဲသားဟင်း မဟုတ်ဘူးလား"

"ကြိုကြိုဖန်ဖန်ကွာ။ အဲဒါ လင်းရှူးသား။ မှဆိုးက လုပ်ချလိုက်ရင် သောက်တစ်လွဲက စပြီ"

"ဟင် ... အဲဒါ လင်းရှူးသားလား။ အမဲသားလိုပဲနော်"

တစ်ခါမှ မစားခဲ့ဖူးသည့် လင်းရှူးသားအား ကျွန်တော်က အမဲ သားအထင်ဖြင့် စားနေသည်ကို သူတို့မိသားစုက ကြည့်ရင်း တအံ့တသြ ဖြစ်နေကြသည်။ အော် ... ကိုယ်မစားဖူး၊ မပစ်ခဲ့ဖူးသည့် ပင်လယ်ရေပြင် အတွင်းမှ သားကောင်၏အသားကို ခုမှ စတင်စားဖူးခဲ့သူ မဟုတ်လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

"အရှေ့ဖျားကျေးရွာ"

အရှေ့ဖျားရွာဆိုသည်က ယခင်ရွာဟောင်းမဟုတ်။ ယခုမှ အသ
တည်ဆောက်ထားသည့် ရွာသစ်ဖြစ်သည်။ ရွာဟောင်းမှာ ပင်လယ်
နှင့်နီးပြီး ဒီရေတက်လျှင် အိမ်များပင် မြုပ်လုနီးပါးမို့ ထိုရွာကိုစွန့်ကာ
ရွာ၏ နောက်ကျောခရာတောများအတွင်း ချောင်းရိုးကို ကျောပေးကာ တည်
ဆောက်ထားကြသည့် ရွာသစ်ဖြစ်သည်။ ပင်လယ်ကမ်းခြေနှင့် သိပ်မဝေး
(၆)ဖာလုံခန့်သာ။

ထိုချောင်းကလေးကို ကျောပေးကာ ရွာသူရွာသားများ၏ အဓိက
လုပ်ငန်းသည် ပင်လယ်ပြင်အတွင်း ငါးဖမ်းထွက်သည့် အလုပ်၊ လယ်
ယာမစိုက်၊ ပဲ၊ နှမ်း၊ ငရုတ်မစိုက်။ သူတို့လုပ်ငန်းက ပင်လယ်သို့ထွက်
ပင်လယ်သယံဇာတပစ္စည်းများ အလျှံအပယ်ရရှိနေကြသဖြင့် ငွေက ရှိ
သည်။ ငွေရှိနေတော့လည်း အခြားလိုအပ်သည့် ပစ္စည်းတို့က ဝန်းကျင်တွ
လိုသလို ဝယ်ယူသုံးစွဲလို့ ရနေသည် မဟုတ်ပါလား။ ဆရာဝန် မရှိ၊ ဆေး
မရှိ၊ ရေလုပ်သားတို့ဘဝမှာ ထိုနေရာတွင် နေထိုင်၊ ညားကြ၊ မွေးမြ
သေကြ မဟုတ်ပါလား။ (ဟိုယခင် အချိန်ကာလက ဖြစ်ပါသည်။)





ပင်လယ်ရေပြင်ကြီးနှင့် တစ်ဆက်တည်းရှိနေကြသည့် ပင်လယ်
ရေလုပ်သားတို့သည် ပင်လယ်တွင်းမှ သယံဇာတပစ္စည်းတို့ကို ရှာဖွေနေ
ကြသော်လည်း လွယ်လွယ်နှင့် ရသည်တော့မဟုတ်။ အိမ်ထောင်ရှင်ခင်ပွန်း
ဖြစ်သူတို့ကပင် ပင်လယ်ပြင်၏ ရေဒဏ်လှိုင်းဒဏ် နေ့စဉ်နှဲအမျှ အသက်လု
ဘာ လှုပ်ရှားရုန်းကန်နေကြရသည်။

ထိုကဲ့သို့ အသက်ချင်းယှဉ် ရင်ဆိုင်အနိုင်လုနေကြရင်း သူတို့
ဘဝသည် ပျော်ရွှင်မှုကို ရနေသလို ခံစားမှု၊ ပျော်ရွှင်မှုတစ်ခုခုကို ရနေကြ
သည်။ တစ်ခါတစ်ရံ ဟစ်ကြွေးရှိုက်ငိုနေသလို တစ်ခါတစ်ရံ စတုမဟာရာဇ်
နတ်မင်း၏ မိဖုရားကဲ့သို့ ပျော်ရွှင်ကြည်နူးနေကြသည်ကိုလည်း တွေ့ရသည်။
သူတို့ကိစ္စကိုတော့ ပင်လယ်ရေပြင်ကြီးကတော့ ဂရုမစိုက်၊ သူတို့၏ လှိုင်း
ထမ်းပိုးကြီးများဖြင့်သာ ရုန်းကန်တွန်းလှန်နေကြရသည်က ပင်လယ်ရေလုပ်
သားကြီးများ၏ ဘဝပင် မဟုတ်ပါလား။

ပင်လယ်ရေလုပ်သား မိသားစုဘဝအမောသည် သူနှင့်မဆိုင်။ ပူ
ဆွေးငိုရှိုက် ပျော်မြူးနေကြသည်ကိုလည်း သူမသိ၊ သူဂရုမစိုက်။ သူ့အလုပ်
ဟာ သူ၏ လှိုင်းတံပိုးကြီးတို့ဖြင့် တလိမ့်လိမ့်မြင့်တက်ကာ တစ်ဆင့်ပြီးတစ်ဆင့်
ကမ်းခြေဘက်ဆီရောက်အောင် လာနေကြသည်။ ကမ်းစပ်နှင့် နီးကပ်လာ
သောအခါ မြွေနဂါးကြီးတို့ပုံနှယ် ပါးပျဉ်းကြီးတွေကို မာန်ပါပါထောင်ကြသည်။

ကမ်းစပ်ကို ရောက်သောအခါ သူတို့၏ လှိုင်းခေါင်းဖွေးဖွေးကို
ခုန်းခနဲရိုက်ခတ်လိုက်ပြီး ပင်လယ်ပြင်ကြီးဘက်ဆီသို့ အမြှုပ်တစီစီဖြင့် ပြန်
လည်ပြေးဆင်းသွားကြပြန်သည်။ ထိုကဲ့သို့ဖြင့် သူတို့လုပ်ငန်းစဉ်ကို နေ့စဉ်၊
ရေတက်ချိန်၊ ကျချိန်တိုင် လုပ်နေကျ၊ သူ့အလုပ်ကို သူပျက်ကွက်မှုမရှိ။
သူတို့၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းပင်။

ကျွန်တော်က ဘီယာသောက်လိုက်၊ အမြည်းစားလိုက် လုပ်နေ
စဉ် ...

"လေးရေ ... ရွာဟောင်းဘက် လျှောက်ကြရအောင်။ ဘဲဥများ
သည်းဖူးရင်း ပင်လယ်ကမ်းခြေ အခြေအနေ အကဲခတ်ရင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ...ကောင်းသားပဲ သွားလိုက်ကြရအောင်။ သေနတ် ဖို့ လိုမလား"

"မလိုသေးပါဘူး။ သွားကြမယ်"

အိမ်မှထွက်ပြီး တာရိုးအတိုင်း လျှောက်လိုက်ကြသည်။ ရွာ ဆီရောက်တော့ ဘုန်းတော်ကြီးကျောင်းရှိရာ ညာဘက်ကို ချိုးကွေ့ပြီး လျှောက်လမ်းအတိုင်း သွားလိုက်တော့ လမ်းဘေးဝဲယာတွင် ပင်လယ်ကမ်း ခြေတွင် ပေါက်ကြသော လမု၊ သမဲ့၊ ဖျူး၊ ခရာ၊ ရေချင်းယား၊ ဗိတ်စွယ် သင်ပေါင်း၊ ဓနိ စသည့် အပင်များပေါက်နေကြပြီး ရင်ခတ်ပန်းနွယ် အခြားသော နွယ်ပင်များကလည်း ရှုပ်ထွေးကာ လမ်းပေါ်ကိုင်းညွတ်နေ ချောင်းဖြတ်တံတား (သစ်သားခုံးတံတား) ကို ကျော်လိုက်သောအခါ ကိုင်း တောနှင့် ကျူတောကြီးကို တွေ့ရသည်။ နှစ်ဦးသား ဖြတ်ကျော်လိုက် ညာဘက်က ရွာဟောင်းနှင့် ဘယ်ဘက်က မူလတန်းကျောင်းကို တွေ့လိုက်ရသည်။

မူလတန်းကျောင်းမှဝင်ပြီး ကျော်လိုက်တော့ ဘုန်းတော်ကြီးကျောင်း နှင့် ညနေဆည်းဆာအောက်တွင် အရောင်တလက်လက်နှင့် မှန်စီရွှေချစေတီတော် ကလေး အဝန်းအဝိုင်းဆီ ရောက်လာကြသည်။

ပင်လယ်ရေပြင်အတွင်းမှ ခက်ကြမ်းကြမ်းတိုက်ခတ်သည့် လေ ကြောင့် စေတီတော်၏ ဆည်းလည်းသံတို့က ညီးညီးညံညံ။

စေတီတော်အတွင်းမှ ပင်လယ်ပြင်ဆီ လှမ်းကြည့်လိုက်တော့ သဲ သောင်ပြင်ဖွေးဖွေးနှင့် ပင်လယ်ရေပြင်ကြီးက မိုးကုတ်စက်ဝိုင်းကြီးဆီ တိုင်။ သဲသောင်ပြင်ထက် ရိုက်ခတ်လာသည့် လှိုင်းတံပိုးတို့ ပင်လယ်ပြင်ကြီး ဆီ ပြန်အဆင်း၊ သဲပေါ်တွင် ကျန်ရစ်သည့် အကောင်ငယ်ကလေးတွေ တပျော်တပါး လိုက်လံကောက်စားနေသည့် ငှက်ကုလားဖျင်း၊ ငဟစ်၊ ငှက် ကြီးဒုံးစပ်၊ ခရုစုပ်၊ ဝန်ပိုနှင့် အခြားရေပျော်ငှက်အုပ်က တပျော်တပါး အစာကောက်စားသောက်နေကြသည်။ နှစ်ဦးသား စေတီတော်အား ဖူးမြော် ကန်တော့လိုက်ကြပြီး ပင်လယ်ကမ်းခြေဘက် ဆင်းလိုက်ကြသည်။





ပင်လယ်ရေပြင်ကြီးထက်ဆီ လှမ်းကြည့်လိုက်တော့ စက်တပ်လှေ များ လုပ်ငန်းသိမ်းကာ အနားယူရန် ပြန်လာကြဟန်ထင့်။ စိတ်တွင်းက ညည်း ...

"ပိုက်ကြီးပိုက်ငယ် နှစ်သွယ်ဝမ်းဖြူ၊
ကြီးငယ်ဟူသား ဗိုက်ဖြူမှုးခင်း၊
ရကွင်းခိုင်းဝန်း လက်မတန်းနှင့်၊
ရင်ထွန်းလင်းဖက် ယက်သဲ့ဗူးတင်း၊
ကြီးငယ်တွင်းမှ ပိုက်ကွင်းနှစ်လုံး၊
မြုံးလည်း နှစ်လီ တပသီဇာ သာရကာထက်
မိုန်းစက်ကွန်ကြီး တသီးရင်ကွဲ ..."

စသည့်ရေပြင်မှာ လှေယာဉ်နှင့် လူးလာလှုပ်ရှားနေကြရသော ငါးသည်တို့၏ ငါးဖမ်းလုပ်ငန်းအကြောင်း၊ ပိုက်ကြီးများအကြောင်းကို သိရလိုက်မိသည်။

သဲသောင်ပြင်အတိုင်း လျှောက်လှမ်းလိုက်ကြရင်း ကျောက်ဆောင် တစ်ခုကို လွန်လိုက်သည်နှင့် ပင်လယ်ကွေ့(ချိုင့်)တစ်ခုရှိရာဆီ ရောက်လာ သည်။ ပင်လယ်လိပ်ကလေးတို့ လှိုင်းအပုတ်တွင် ရောပါလာသည်။ ဖမ်းယူ ရေထဲ ပြန်ချပေးလိုက်သည်။ ဂုံညင်းဒိုးခန့်ရယ်သာ။

"ငါ့သေနတ်လေးယူခဲ့ရင် စောစောကတွေ့တဲ့ ငှက်အုပ်ထဲက သုံး ကောင်လောက် ဟင်းစားရတာပေါ့ကွာ"

ကျွန်တော့်အပြောကြောင့် မောင်တင့်ဇော်က ပြန်ကြည့်ရင်း ပြုံး သည်။ ကြွားလုံးထုတ်နေသည် အထင်လားတော့ မသိ။ ပြန်မေးလိုက် သည်က ...

"လေးလေးက မုဆိုးဆိုတော့ သောင်ပြင်အထက်က ခရာတောထဲ ကြည့်ပါဦး။ အကောင်တွေများ ပစ်လို့ရမလဲလို့ ဆိုတာကို"

"ငါ့အထင်ပြောရရင် ညပိုင်းမီးထိုးပစ်မယ်ဆို တောဝက်၊

www.burmeseclassic.com



ကြောင်နဲ့ ခွေးအတွေ့ပစ်လို့ ရမယ်ထင်တယ်။ ဒါပေမဲ့ တောတိုးပစ်ရမယ် ဆိုတော့ ခရာဆူးတွေကြား တိုးဝင်ပစ်ရမှာမို့ သိပ်မလွယ်ဘူးကွ''

''ခဲဝါကောင်တွေလည်း အားကြီးပေါတယ်''

''မင်းတို့အရပ်က ခွေးအကို ခဲဝါလို့ ခေါ်သလား။ အဲဒီကောင် ပစ်လို့ရရင် စားတဲ့လူကော ရှိသလားကွ''

''ဟာ ... ရှားပါးပစ္စည်းပဲ။ အရှင်ဖမ်းလို့ရရင် ဆိုင်ကယ်နဲ့တောင် လဲကြတဲ့လူတွေ ရှိတယ်။ သူ့အသားက ဈေးကောင်းတယ်လေ''

''ဟုတ်လား ... မင်းသဘောက ဘယ်လိုလဲ ပြောပါဦး''

''ဒီလိုလုပ်လေ ... ပြန်ကြမယ်။ ပြီးရင် ဆိုင်ကယ်ယူပြီး သဲသောင် ပြင်မှာ မောင်းကြည့်ကြတာပေါ့''

''သဲသောင်ပြင်မှာ ဆိုင်ကယ်စီးလို့ ရရဲ့လားကွ''

''သဲအခြောက်ပေါ်တော့ မရဘူး။ လှိုင်းပုတ်ပြီး ရေစိုနေတဲ့ သဲပေါ် တော့ စီးလို့ရတယ်''

''အေး ... ကောင်းတယ်။ လေတိုက်တာ ချမ်းတောင်လာပြီ''

''ရွာထိပ်က စားသောက်ဆိုင်မှာ ဝင်ပက်လိုက်ကြတာပေါ့။ အိမ် ရောက်မှ စားမယ်''

အပြန်လမ်းတွင် ရွာလယ်ရှိ ရင်အေးသိမ့်ဆိုသည့် စားသောက် ဆိုင်ဆီသို့ ရောက်လာခဲ့ကြသည်။ နှစ်ဦးသား ဆိုင်ထဲဝင်လိုက်တော့ စားပွဲ များတွင်ထိုင်ကာ သောက်သုံးနေသူများတို့အကြည့်က ကျွန်တော်တို့ဆီ ရောက် လာသည်။

''မောင်တင့်ဇော် .. ဒီမှာ လာထိုင်ကွာ။ ညည်သည်ပါခေါ်။ မင်း တို့အပြန်ကို ငါဒီက စောင့်နေတာ''

''ဟာ ... ကိုတင်ထွန်းပါလား''

ပြန်လည်နှုတ်ဆက်ရင်း ထိုစားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။ ကျွန် တော်က ထိုင်လိုက်ရင်း နှုတ်ဆက်သူကို လှမ်းကြည့်လိုက်သည်။ ငါးဖမ်း





သည့်အလုပ်သမား မဟုတ်သလို၊ စက်လှေသမားလည်း ဟုတ်ဟန်မတူ။ ဝတ်ဆင်ထားသည်က စပို့ရှပ်အစိမ်းရောင်၊ ဘောင်းဘီရှည်၊ ငါးကျပ်သားခန့် လည်ပင်းမှ ရွှေဆွဲကြိုး၊ လက်တွင် ဟမ်းချိန်း၊ လက်ချောင်းများတွင် (နီ စိမ်းပြာကျောက်)များနှင့် လက်စွပ်သုံးကွင်းဝတ်ထားပြီး ဝီစကီ၊ ဆော်ဒါ ရေခဲအပြင် ကြက်သားကင်၊ ကြက်ဥဟတ်ဖရိုက်၊ ကုန်းဘောင်ကြီးကြော် တစ်ပွဲနှင့် စားသောက်နေသည်။ ကျွန်တော်တို့နှစ်ယောက် ဝင်ထိုင်လိုက် တော့ ဂက်စ်မီးခြစ်ကိုကောက်ယူပြီး မီးခြစ်လိုက်ရာ အနီးသို့ စားပွဲထိုးကလေး ပြေးချလာသည်ကို တွေ့လိုက်ရသည်။ ပါးစပ်ကလည်း ...

''အပြင်းလား၊ အပျော့လား၊ လိုတာမှာကြ ... မောင်တင့်ဇော်''

''အပြင်းပဲ ပေး၊ အမြည်းက ငါးမန်းတောင်ပေးကွာ''

သူ လိုအပ်သည်ကို မှာလိုက်ပြီး ထိုကလေးထွက်သွားစဉ် ...

''ဒီအစ်ကို့နာမည်က ကိုတင်ထွန်းတဲ့။ ငါးဖမ်းစက်လှေ (၃) စီး ပိုင်တယ်လေ။ ဒီလေးလေးက ကျွန်တော်ပြောနေတဲ့ ဦးလေးမောင်ဆိုတာ ပေါ့ဆိုးပါပဲ။ ခု အဖေ့ညီမ မိချောင်းဆွဲခံရလို့ အဖေအတင်းခေါ်ခိုင်းလိုက်လို့ လိုက်လာတာပါ''

သူ မိတ်ဆက်ပေးသည်မို့ ကျွန်တော်တို့နှစ်ဦး လိုလိုလားလား လက် ဆွဲနှုတ်ဆက်လိုက်ကြသည်။ မှာထားသည့်ပစ္စည်းများ ရောက်ပြီမို့ ဖန်ခွက် အတွင်းထည့်၊ ဆော်ဒါရေခဲရောကာ (၃)ဦးသား 'ချီးယား'လိုက်ကြသည်။ ထိုစဉ် သူက ...

''ကျွန်တော် မောင့်တင့်ဇော်ပြောလို့ နာမည်ကြားဖူးတာ ကြာပါပြီ။ သူချင်းခုမှ ဆုံကြရတာပါ။ မိတ်ဆွေရင်းလို သဘောထားပါနော်။ မိကျောင်း ကို လိုက်ပစ်မယ်ဆိုလို့ စိတ်ဝင်စားတာနဲ့ ဒီမှာညှိခံရင်း မိတ်ဆွေဖွဲ့ဖို့ စောင့်နေတာပါ။ အထူးသဖြင့် မုဆိုးအလုပ်ကို ဝါသနာပါပြီး တစ်ခါမှအတွေ့ အကြုံမရှိပါဘူး။ မောင်တင့်ဇော် ... မင်းတို့သွားရင် ငါလည်းလိုက်မယ်။ ပွဲထောင်နဲ့ စားဖို့၊ သောက်ဖို့ ငါတာဝန်ထားကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . အစ်ကို၊ အဖေ ဘယ်လိုစီစဉ်ထားလဲ မသိဘူး သူနဲ့ညှိပြီး အကြောင်းပြန်ပါ့မယ်။ ကျွန်တော့်အထင် မနက်ဖြန်တောင် ဖြ ချင်ဖြစ်မယ်"

"အေး . . . ငါပြန်ရောက်ရင် စီစဉ်ထားလိုက်မယ်ကွာ"

ကျွန်တော်တို့ ဝိုင်းသိမ်းတော့ ညပင် မှောင်နေပေပြီ။ အိမ်ပြ ရောက်တော့ ပြန်ဝင်လာကြသည့် စက်လှေသံများကို ချောင်းရိုးအတွင်း ကြားနေရသည်။ အိမ်ရောက်တော့ သေနတ်ကလေး၊ ကျည်ခါးပတ်နှင့် လ နှိပ်မီးကိုယူကာ ပင်လယ်ကမ်းစပ်ဆီ ထွက်ခဲ့ကြပေသည်။

✿ ✿ ✿

| ၄ |

❑

ရွာဦးဘုန်းတော်ကြီးကျောင်းမှ ပင်လယ်ကမ်းခြေထိ ဆိုင်ကယ် ဦးနှိုးလားတော့ဖြင့် မသိ။ သိပ်မကြာလိုက်။ သဲသောင်စပ်ကိုရောက်တော့ ခင်တင့်ဇော်က . . .

"လေးလေး . . . ကိုတင်ထွန်းကို ဖုန်းဆက်လိုက်ဦးမယ်"

အိတ်ကပ်အတွင်းမှ လက်ကိုင်ဖုန်းကိုထုတ်ကာ သူတို့ချင်း ပြော ကြသည်။ ညမီးထိုးပစ်ခတ်မည့်အကြောင်း၊ အကောင်ပစ်လို့ရလျှင် ထမ်း ဆက်မည့်အကြောင်း၊ အပေါင်းအသင်းများဖြစ်ကြသည့် သိန်းဝင်း၊ မြတ် တန်၊ ဝင်းနိုင်နှင့် မြင့်ထွန်းတို့ကိုပါ အသိပေးထားစေလိုကြောင်း၊ ပစ်ခတ် သည့်အကောင်ကို ယနေ့ည ချက်ပြုတ်စားကြဖို့ အသင့်ပြင်ဆင်ကာ င့်နေကြဖို့လိုကြောင်းနှင့် စသည်စသည်တို့ပင်။

အပြန်အလှန်ပြောနေကြသည်မှ တော်တော်နှင့် မပြီး။ သူတောင်း ပြောဆိုနေသည်က ညပိုင်းမီးထိုးပစ်မည်မို့ အသိမပေးပဲ ခုမှ ပြောရခြင်း ခွင့်လွှတ်ပါရန် တောင်းပန်တိုးလျှိုးနေသည့် စကားများ။

သူ့ကိစ္စပြီးတော့ ကျွန်တော့်ကိစ္စကို ဆက်ကြရပြန်သည်။ မပြော င် မဖြစ်သည်မို့ . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဆိုင်ကယ်မောင်း။ အဓိက မီးထိုးဖို့က ကမ်းခြေနဲ့ တော တန်းဘက်ကို အဓိကမီးထိုးဖို့ပဲ။ မီးရောင်အောက်မှာ ဘယ်လိုအကောင်ရဲ့ မျက်လုံးရောင် ပြန်ဟပ်တာကိုတွေ့တွေ့ ဆိုင်ကယ်ကို ရပ်၊ စက်မသတ်နဲ့ ငါ အောက်ကိုဆင်းပြီး သားကောင်ရဲ့မျက်လုံးကို မီးနဲ့ထိုးပြီးတော့မှ ဆိုင်ကယ် မီးငြိမ်းလိုက်။ စက်မသတ်နဲ့နော်။ ငါအဆင်သင့်ပြီးလို့ မင်းကို အချက်ပြ လိုက်တော့မှ စက်သတ်လိုက်။ နေရာမှာ ငြိမ်ငြိမ်နေ၊ ပျာယာခပ်မနေနဲ့။ ငါ ဆက်လှုပ်ရှားသွားမယ်။ မှတ်ထားနော်။ နောက်ထပ် မင်းကို ပြန်ပြောနေဖို့ အချိန်မရဘူး၊ မှတ်မိလား"

သူက သိရှိကြောင်း ခေါင်းညိတ်ပြနေသဖြင့် ကျွန်တော်က သေနတ် ကလေး မဂ္ဂဇင်းအတွင်း ဟောလိုးကျည်တောင့်များချည်းထည့်ကာ ပြောင်း ရင်းတွင် တစ်တောင့်ထိုးကာ ဆိုင်ကယ်နောက်မှ ထိုင်၍ ထွက်ခဲ့ကြပေသည်။

မှိုင့်တူးတူးကျည်တွင် ဟောလိုးကျည်တောင့်ဆိုသည်က ထိပ်ဖူး တွင် အခေါင်းပေါက်ပါသည့် ကျည်ဆံမျိုးပင်။ ပစ်ခတ်လိုက်သည့်အခါ သား ကောင်ကို ထိမှန်ပြီး ကိုယ်တွင်းကို ဖောက်ဝင်သွားသောအခါ အရိုးနှင့်ထိ လျှင် ထပ်မံပြီး တစ်ဆင့်ကွဲသည့်အတွက် အထိနာစေသည့် ကျည်ဆန်မျိုး။

လှိုင်းပုတ်သံများနှင့်အတူ ဆိုင်ကယ်မောင်းနှင်နေစဉ် မီးရောင် ကြောင့် သဲသောင်ပြင်ထက် လိုက်လံအစာရှာနေသည့် အကောင်များ အထိတ်တလန့်ဖြစ်ကြကာ ပြေးလွှားကြရင်း အထက်ပိုင်း ခရာတောကြီး အတွင်း ပြေးဝင်ပျောက်ကွယ်သွားကြသည်ကိုလည်း တွေ့နေရသည်။ တဖြည်း ဖြည်း (ချိုင့်) ဆီသို့အရောက် ဟိုဘက်အစွန်းတွင် နီညိုရောင်မျက်လုံးတစ်စုံ ကို ဆိုင်ကယ်မီးရောင်ဖြင့် ပြန်လည်ရောင်ပြန်ဟပ်နေသည်ကို တွေ့လိုက် ကြရသည်။ သားကောင်က အမှတ်မထင်တွေ့မြင်လိုက်ရသည့် ဆိုင်ကယ်မီး ရောင်ကို တအံ့တသြ စူးစိုက်ကြည့်နေသည့်အသွင်။ မီးရောင်ကြောင့် ကောင် လုံးပေါ်ပင် မြင်နေရသည်။ ကြီးမားသည့် တောကြောင်ကြီးတစ်ကောင်။

ဆိုင်ကယ်ကိုရပ်ကာ မီးထိုးထားသည်မို့ မီးရောင်ဘေးကပ်က မှဆိုးအူးထောက်ထိုင်လိုက်ပြီး မျက်လုံးနှစ်လုံးကြား ပစ်မှတ်ထားကာ မောင်း ခလုတ်ကို ဆွဲဖြုတ်ချလိုက်ပေသည်။

---

စိတ်ကူးသစ်စာပေ



'ဖြန်း ..."

"ဂရား ..."

"ဖြန်း ..."

သေနတ်ပေါက်ကွဲသံကလေးက ပင်လယ်ရေမျက်နှာပြင်ကို ဝါးခြမ်း ခြားနှင့် ရိုက်လိုက်သည့်အခါ ထွက်ပေါ်လာသည့်အသံမျိုးနှယ်။ ကျည်ဆန် ထိမှုက ပစ်မှတ်ထားရာ မျက်လုံးအစုံကြားဖြတ်ဖောက်ကာ ဦးနှောက်ကို ခွဲသွားဟန်ထင့်၊ လူတစ်ရပ်ခန့်အပေါ်ကို ခုန်တက်လိုက်ပြီး သဲပြင်ထက် အားတိုက်ပြန်ကျကာ နာနာကြည်းကြည်း လူးလိမ့်အော်ဟစ်နေစဉ် စခန်း သိမ်း နောက်တစ်တောင့် ပစ်လွှတ်လိုက်တော့မှ အသက်ပျောက်ငြိမ်သက် သွားပေသည်။

မောင်တင့်ဇော်က ဆိုင်ကယ်နှင့် ထိုးကပ်သွားလိုက်ပြီး သဲပြင်တွင် ဆိမ့်မြုပ်နေသည့် သစ်တုံးတစ်တုံးနားကပ်၍ ဒေါက်ထောက်ပြီး သားကောင် ကြီးကို တအံ့တကြကြည့်ရှုရင်း ...

"လေးလေး ... အဲဒါ ဘာကောင်ကြီးလဲ ဟင် ..."

"တောကြောင်ကြီးလေကွာ။ ကြောင်မြင်းဆိုတာ အဲဒီအကောင် ပဲ။ ကြီးလိုက်တဲ့အကောင်၊ ဖောင်းမွေးတွေ ထောင်နေတာ"

ကျွန်တော့်အပြောကြောင့် အားရဝမ်းသာဖြင့် ဆွေ့ဆွေ့ခုန်နေ သည့်ကြားက အတင်းပင် ပွေ့ဖက်နေရှာသည်။ ပင်လယ်ရေလုပ်သား (ရေ ဆိုး) ဆိုသော်လည်း ယခုလို ပင်လယ်စာကိုအမှီပြုပြီး ကမ်းစပ်တွင်နေသည့် အကောင်မျိုးကို တွေ့ဖူးဟန်မတူပေ။

"လေးလေး ... အကောင်ကြီးတော့ ဘယ်လိုပြန်သယ်ကြမလဲ"

"ကိုတင်ထွန်းဆီ ဖုန်းဆက်ကွာ။ သူ့လူတွေ လာသယ်ခိုင်းလိုက်။ သူတို့ စီစဉ်စရာတွေကိုလည်း ကြိုတင်ပြင်ဆင်ထားလို့ ရတာပေါ့။ ဟုတ်ဘူး လား"

ကျွန်တော့်စကားကြောင့် လက်ကိုင်ဖုန်းကိုထုတ်ကာ အပြန်အလှန် အားရဝမ်းသာ ချိန်းဆိုနေကြသည်။ သူတို့အလာကို စောင့်စားကြရပြီး သည်။ ကျွန်တော့်တွင် အတွေးတစ်ခုဝင်လာသည်မို့ ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်း ...သေနတ်ပစ်တတ်လားကွ"

"ဟင့်အင်း ...မပစ်တတ်ဘူး ...လေးလေး"

"ဒါဆိုရင် ငါ ပြောပြမယ်၊ ဟောဒီဟာက သေနတ်ရဲ့ နောက်ချိန်ခွက်လို့ ခေါ်တယ်။ ဟောဒီသေနတ်ထိပ်က အတံလေးက ရှေ့ချိန်သီးလို့ ခေါ်တယ်၊ မှတ်ထား။ မင်း ပစ်ချင်တဲ့အရာက ပစ်မှတ်လို့ခေါ်တယ်။ ဒါကြောင့် (နောက်ချိန်ခွက်၊ ရှေ့ချိန်သီး၊ ပစ်မှတ်ထားရာ) တစ်တန်းတည်း ချိန်လိုက်ပြီး အဲဒီသုံးခု တစ်ဖြောင့်တည်းကျပြီဆိုရင် ပစ်ခလုတ်ကို ဆွဲဖြုတ်လိုက်ရင် ကျည်ဆန်ထွက်သွားတာပဲပေါ့ကွ။ ဒါ အကြမ်းနည်းပဲ ချိန်ကြည့်စမ်း"

သေနတ်ကို ပေးလိုက်သဖြင့် သူက ယူပြီး ချိန်ကြည့်နေသည်။ ကျွန်တော်က လက်နှိပ်မီးဖြင့် သစ်ငုတ်အားထိုးပြကာ ချိန်နိုင်းလိုက်သည်။ အတန်ကြာတော့ ...

"အိုကေပြီ ...လေးလေး၊ ဘယ်သေနတ်မျိုးမဆို ဒီလိုပဲ ချိန်ရသလားဟင် ..."

**"အကြမ်းအားဖြင့် ဒီလိုပဲ သတ်မှတ်ထားတယ်ကွာ။ သူတို့ အလာ**ကိုစောင့်ရင်း သားကောင်တွေ့ရင် မင်းပစ်၊ ငါ မီးထိုးပေးမယ်"

ကျွန်တော်ယူဆောင်လာသည်က သေနတ် (၂) လက်၊ တစ်လက်ကို သူပစ်ခတ်စေချင်သည့် ရည်ရွယ်ချက်နှင့် အရေးပေါ် သေနတ်ပစ်နည်း သင်ပေးခြင်းပင်ဖြစ်သည်။ မိကျောင်းကိစ္စ ကျန်သေးသည်မဟုတ်ပါလား။ မီးကိုမှိတ်ကာ ပင်လယ်လှိုင်းပုတ်သံကို နားခံရင်း သူတို့အလာကို အမှောင်တွင်း စောင့်စားနေလိုက်ကြသည်။

**"အူး ....အူး ...အူး ..."**

ခပ်လှမ်းလှမ်းဆီမှဆိုသော်လည်း ပင်လယ်လေနှင့်မို့ အတန်ဝေးသောနေရာဆီမှ ခွေးအ,အုပ် အူသံများကို ကြားလိုက်ရသည်မို့ ...

"ဟော ...ခဲဝါတွေ အော်သံကြားလား"

"အေး ...ကြားတယ်။ မင်း အသင့်ပြင်ထား။ ငါမီးထိုးပေးမယ်။ မင်းပစ်ရမယ်နော်"





သူ့ကို မှာကြားလိုက်သလို ကျွန်တော်ကလည်း လိုရမည်ရ ချိုင်းကြားမှ ပစ္စတိုသေနတ်ကို ဆွဲထုတ်မောင်းတင်ရင်း ...

"အဲ့ဒီအတိုင်း ဆက်သွားရင် ဘာရွာရှိလဲကွ"

"နောင်မီးရွာပဲ။ ရန်ကုန်ကို ကားနဲ့ တိုက်ရိုက်သွားလို့ရတယ်လေ။ နဲ့ ဒီအကောင်ယူသွားပြီး သူတို့အိမ်မှာ ချက်ပြုတ်ကြမယ်။ မိုးအလင်းကြမယ်နဲ့တူတယ်။ သူ့အိမ်မှာ အမျိုးသမီးတစ်ဦး တွေ့လိမ့်မယ်။ သေသေချာချာ ကြည့်ထားနော်"

"ဟာကွာ ...ငါက ဘာလို့ကြည့်ရမှာလဲ။ ငါ့မှာ သားနဲ့မယားရှိတာ"

"လေးလေးကို အဲသလိုမျိုးကြည့်ခိုင်းတာမဟုတ်ဘူး။ အဲဒီကလေးမကျွန်တော်နဲ့ လိုက်၊ မလိုက် ကြည့်ခိုင်းတာ လေးလေးရဲ့"

သူ့အပြောကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။ အကြည့်တို့ကိုလည်း သဲသောင်ပြင်ထက်ဆီ ပို့လိုက်သည်။ ချို့တဲ့သော လရောင်အောက် သဲသောင်ပြင်ထက်တွင် ခပ်သေးသေး အကောင်အုပ်တစ်အုပ် ကျွန်တော်တို့ရှိရာ (ချိုင့်) ဘက်လာနေသည်ကို ခပ်ရေးရေးတွေ့လိုက်ရသဖြင့် တံတောင်ဖြင့်တို့ထိကာ သတိပေးလိုက်ပြီး အသင့်စောင့်နေလိုက်သည်။ ဝါးနှစ်ရိုက်ခန့်အကွာရောက်တော့မှ လက်တွင်ကိုင်ထားသည့် လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးလိုက်ရာ အမှတ်မထင်ပေါ်ထွက်လာသည့် မီးအလင်းရောင်ကြောင့် တန့်သွားပြီး ရပ်တန့်ကာ မီးရောင်ထွက်ပေါ်လာရာဆီသို့ တအံ့တသြ စူးစိုက်ကြည့်နေသည့်အတွက် ...

"ဖြန်း ...ဖြန်း ..."

"ဒိုင်း ..."

သူ့သေနတ်ကလေး ပစ်လိုက်သံကြောင့် ခဲဝါ (၂) ကောင် သဲသောင်ပြင်ထက် ငိုက်ကျသွားစဉ် ကျွန်တော်က ပစ္စတိုဖြင့် လှမ်းပစ်လိုက်လေသည်။ သေနတ်သံများကြောင့် ခဲဝါအုပ်မှာ ရှေ့မတိုးဘဲ နောက်ကြောင်းပြန်လှည့်ပြေးထွက်သွားသည်ကို မီးရောင်ဖြင့် မြင်တွေ့လိုက်ရပေသည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ပစ်သည်က ထိုအုပ်ကို ထိမှန်ဖို့ထက် ခြောက်လှန့်မောင်းထုတ်ဖို့ ဦးတည်သည် မဟုတ်ပါလား။ မောင်တင့်ဇော်ပစ်လို့ ရသဖြင့် ပျော်လို့ ဖြစ်နေသည်ကို သတိပြုလိုက်စဉ်၊ နောက်ကျောဘက်မှ ဆိုင်ကယ်မီးကို လိုက်ရသည်နှင့်အတူ အသံကိုပါ ကြားလိုက်ရပေသည်။

"ဟာ ... ကြီးလိုက်တာ၊ ဘာကောင်ကြီးလဲကွ"

"အဲဒါ ကြောင်မြင်းလို့ခေါ်တယ်။ ခဲဝါက ဟိုဘက်မှာ၊ နှစ်ကော ပဲ ... ဝင်းနိုင်"

"ကြီးလှချေလားကွ၊ အယ်ဖေးရှင်းခွေးလောက်ကြီး၊ ဒါ ကြော လား"

"ကြောင်မြင်းပါ ဆိုမှကွာ။ မင်းတို့ဆိုင်ကယ်သုံးစီး၊ တစ်ကော စီတင်ကြ၊ သွားကြမယ်"

တင်ထွန်း၊ သိန်းဝင်း၊ မြတ်မင်းဟန်တို့က ဆိုင်ကယ်နောက်ထ တင်ကာ ကြိုးနှင့်ချည်လိုက်ပြီး ပြန်ခဲ့ကြပေသည်။ ကိုတင်ထွန်းအိမ်ရော တော့ ည (၁၁) နာရီပင် ထိုးပေပြီ။

သူတို့တစ်ရွာလုံး ပင်လယ်ရေမှုဆိုးများဖြစ်ကြသဖြင့် ကုန်းတွင် ပိုင်းတွင် ကျက်စားသောသားကောင်တို့ကို စိမ်းနေကြဟန်။ မြေပြင်တွ ဘေးတိုက်လဲကျ အသက်ပျောက်နေသည့် ကြောင်မြင်း၏ သေနတ်ဒဏ် သွေးအလူးလူးနှင့် ဝါကြန့်ကြန့်သွားစွယ်ကြီးကို ဖြဲထားသောအကောင်နှ ခဲဝါကောင်တို့ကို တအံ့တသြ လာရောက်တိုးဝှေ့ကြည့်နေကြသည့် လူအ ထဲ မောင်တင့်ဇော်ကြည့်ခိုင်းသည့် မိန်းကလေးလည်း ပါဝင်နေသည်မဟုတ် ပါလား။

သူမ၏ မျက်နှာကလေးကို မီးရောင်နှင့် စူးစူးစိုက်စိုက်ကြည့် မြင်လိုက်ရပြီး စိတ်တို့ပင် ရှိန်းရှိန်းမြမြ ဖြစ်သွားမိ၏။ ပင်လယ်ကမ်းခြေ တံငါရွာကလေးပေါ်တွင် လမင်းကလေးက ဝင်းပသာယာစွာ ရောက်လာသည့် အသွင်။

---

စိတ်ကူးသစ်စာပေ



သြော် ... မိုးကောင်းကင်ထက်မှ လမင်းကလေးသည် အရှေ့ဖျား တံငါရွာရှိ လူတွေအကြား လာပြီး ဝင်းဝင်းပပ သာလျက်ရှိချေပြီတကားဟု တွေးထင်နေစဉ် သူမက တောကြောင်ကြီးကိုကြည့်လိုက်၊ ခဲဝါတွေကိုကြည့် လိုက်၊ ကုလားထိုင်တွင်ထိုင်နေသည့် ကျွန်တော့်ကို ကြည့်လိုက်ပြီး အိမ်ပေါ် သို့ တက်သွားသည်။ ထိုအခြေအနေကို လှမ်းကြည့်နေသူက မောင်တင့်ဇော် ပေသည်သာ။

ထူထူထဲထဲ မိုးပြာရောင်ဘက်လုနေသော ချိတ်ထဘီ အပေါ် အောက်ဝမ်းဆက်နှင့်ဆံနွယ်တို့ကို နောက်ကျောဘက်ဆီသို့ ဖြန့်ချထားသည့် သူမအသွင်က ယဉ်သကို။ အတွင်းက လက်တိုအင်္ကျီကလေးအပေါ် မိုးပြာ ရောင်အနွေးထည်ကလေးကို လွှမ်းထားသည်မို့ အဝတ်ကင်းသော သူမ မျက်နှာ၊ လည်တံ၊ လက်တံ၊ ခြေတံတို့ကို မြင်တွေ့နေရခြင်းအားဖြင့် အသား အရည်က ဝင်းမွတ်ပြီး ဖြူဖြူဖွေးဖွေးနှင့် ရွှေရည်သမ်းလျက်။ လုံးဝန်း သွယ်ပြောင့်စွာ လှပနေသည်။ အောက်ခံဖြူဖြူကလေးအပေါ် ပြာပြာကလေး က ထပ်လျက်။ မျက်ဝန်းက လဲ့လဲ့ပြာပြာ၊ မျက်ခုံးအစုံကလည်း ခုံးခုံး မျက်တောင်ကလည်း ကော့ညွတ်ရှည်လျားသေး၊ နှာတံကလေးက သေးသေး သွယ်သွယ်နှင့် ဖြောင့်တန်းကာ စင်းနေပြီး နှုတ်ခမ်းက ရဲရဲစိုစို။

သူမကား မမျှော်လင့်ဘဲ တံငါရွာလေးမှ မြန်မာရေမှုဆိုးတွေကြား ထဲတွင် လာနေရသည်၊ သူမအလှက အရှေ့ပိုင်းမဆန်။ အနောက်တိုင်း ဆန်သည့် အလှမျိုး။ အရပ်အမောင်းက မြန်မာမိန်းကလေးတို့၏ အရပ်မျိုး မိမ့်မမြင့်နှင့် အချိုးတကျ နွဲ့နွဲ့နှောင်းနှောင်း။

နှုတ်ခမ်းက နုနုဖူးဖူး။ အပေါ်နှုတ်ခမ်းက ခပ်ပိပိမို့ (က)ပုံသဏ္ဌာန် အချိုးကျသလို သူမ၏ ထူးခြားလှပမှုက မြန်မာဆန်ဆန် ဝတ်စားဆင်ယင်မှု၊ မောင်တင့်ဇော်ပင်မဟုတ် ကျွန်တော့်ရင်ကိုပါ ဆွဲလှုပ်သွားသည်ကအမှန်။

ထိုအလှမျိုးကို ပိုင်ဆိုင်ထားသူမို့ ကျွန်တော် ငေးမောကြည့်နေ စဉ် ...

"မောင်တင့်ဇော် ... အိမ်ပေါ်မှာ ဘီယာသွားယူကွ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တောကြောင်ကို အရည်မချွန်း။ ရေနွေးဖျော၊ အမွေးတွေ ခြစ်ပစ်နော်၊ အရေခွံပါထည့်ချက်မှ စားလို့ကောင်းမှာကွ"

သူ့အဖွဲ့သားတွေက ရင်ကိုခွဲ၊ အတွင်းကလီစာတွေထုတ်၊ ခုတ်ထစ်ပိုင်းဖြတ်ပြီးမှ အချက်ခိုင်းနေပြန်သည်။

"မြွတ်မင်းဟာန်၊ ဝင်းနိုင်နဲ့ သိန်းဝင်းတို့က ချက်ကြကွာ"

မိုးပြဒယ်ကြီးနှင့် ချက်ပြုတ်ဖို့လုပ်နေကြစဉ် ချောင်းအတွင်းမှ စက်လှေမောင်းဝင်လာသံကို ကြားလိုက်ရသည်။ အတန်ကြာတော့ လူ (၃) ဦး ပျာယာသလဲဝင်လာသည်ကို တွေ့လိုက်သည်နှင့်အတူ ကိုတင်ထွန်းက ...

"ဟ ... ကိုညိုမြှင့်။ ဘယ်လိုဖြစ်ပြီး ဒီအချိန်ကြီးမှ ရောက်လာကြရတာလဲဗျ"

"ဟာဗျာ ... ပြောတောင် မပြောချင်ဘူး။ မနက်တစ်ယောက် ညတစ်ယောက် မိကျောင်းဆွဲခံရတယ်လေဗျာ။ ဦးတင်ငွေဆီ ဖုန်းဆက်အကူအညီတောင်းတော့ သူ့ညီမုဆိုးတစ်ယောက် ဒီကိုရောက်နေတယ်ဆိုလို့ အကူအညီတောင်းရအောင် လာခဲ့တာဗျ"

"ဟုတ်လား ... ဘယ်ရွာကလဲ၊ ဘယ်သူတွေလဲဗျ"

"သီလွာရွာက ဟိုလင်မယားဗျာ။ မိန်းမက ဆုမွန်ဦးတဲ့။ ယောက်ျားက မင်းကြည်လှိုင်တဲ့လင်မယား"

"ဘယ်လိုဖြစ်တာလဲဗျ။ ပြောပါဦး"

"မိန်းမလုပ်သူက ချောင်းမှာဆင်းပြီး အဝတ်လျှော်နေတုန်း ရေစီးနဲ့ မျောပါလာတာကို သစ်တုံးထင်ပြီး ဆက်လျှော်နေတာ အမြီးနဲ့ ရိုက်ဆွဲချသွားတာဗျ။ သူ့ခင်ပွန်း မင်းကြည်လှိုင်ကသိတော့ လှေတစ်စီးနဲ့ လုံကိုင်ပြီး ချောင်းရိုးလိုက်ရှာတာဗျ။ ဝါးချောင်းရောက်တော့ သစ်လဲပင်ကြီးနားရပ်ပြီး အခြေအနေကြည့်နေတုန်း သစ်မြစ်တွေနောက်က အမြီးနဲ့ရိုက်ပြီး ဆွဲချသွားတာပဲဗျ"

"ဒါဆိုရင် သီလွာရွာနဲ့ ဝါးချောင်းကြောမှာပေါ့"

"ဟုတ်ပါတယ် ... မုဆိုးဆိုတဲ့သူက ဘယ်မှာလဲ"





ကျွန်တော့်ကို လက်ညှိုးထိုးပြလိုက်သဖြင့် ကိုညိုမြှင့်ဆိုသူက ကျွန်တော့်ကိုကြည့်ရင်း ...

"ကြောက်လန့်ပြီး ရေထဲတောင် မဆင်းရဲကြသလို ကျွဲတွေ၊ နွားတွေ ရေသောက်ဖို့တောင် ခက်နေပါတယ်။ အကူအညီပေးပါနော်"

သူ့စကားကြောင့် ကျွန်တော်တို့ ခေါင်းချင်းဆိုင်လိုက်ကာ တိုင်ပင်လိုက်တော့ ဆုံးဖြတ်ချက်က ယခုပင် လိုက်သွားကြရန်ဟူသတည်း။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

❑

သည်ခရီးက ကျွန်တော်နဲ့ မောင်တင့်ဇော်အပြင် ကိုတင်ထွန်းနှင့် သူ့ရဲဘော်များဖြစ်ကြသည့် 'ကိုဝင်းနိုင်၊ ကိုသိန်းဝင်း၊ မြတ်မင်းဟန်' တို့ လိုက်ပါကြသည်။ ပွဲထောင်ကို 'မောင်တင့်ဇော်' မောင်းပြီး အခြားသော ချက် ပြုတ်ရေးကိစ္စအဝဝတို့ကို (၃) ဦးက တာဝန်ယူကြမည့်အတွက် အခြားလူ မခေါ်တော့။ ကိုညိုမှိုင်းတို့ လာရောက်ခေါ်ကြသူတို့နှင့်မို့ လူက (၉)ဦးတိတိ။

အိမ်တွင် ချက်လို့မပြီးသေးသော တောကြောင်သားကို အိုးနှင့် ထည့်ကာ ခွဲ၍ယူပြီး ပွဲထောင်ထက်တွင် ဆက်လက်ချက်ပြုတ်ကြရင်း ထွက် ခဲ့ကြသည့်အချိန်မှာ ည(၁)နာရီပင် ထိုးနေပေပြီ။ ပွဲထောင်ကလေးက ချောင်း အတိုင်း ခပ်မှန်မှန်မောင်းလာသည်။ တစ်ချက်တစ်ချက် ပွဲထောင်ဦးပိုင်း ကို လှိုင်းရိုက်သံများကိုတော့ ကြားနေရသည်။ တဖြည်းဖြည်း ရွာများဆီ ကိုရောက်တော့ ရွာဘက်ဆီ လှမ်းကြည့်မိသည်။ အတော်အလှမ်းဝေးပြီး ရွာဟောင်းဘက်ဆီမှ အုန်းပင်တန်း၊ လမုတန်းတို့ကြား 'အောင်တော်မူစေတီ တော်' ကလေးကို ဖူးမြော်မြင်တွေ့နေရသည်။

ပင်လယ်ကမ်းစပ်တွင် ဆိုက်ကပ်ထားသည့် 'လှေ၊ စက်တပ်လှေ၊ ဈွန်း၊ ဂါ၊ ဂျမ်းကောင် စသည့် ကမ်းဝေး၊ ကမ်းနီးစက်လှေများ ညှိအိပ် ရပ်နားနေကြသည်။ ထွက်လာခဲ့ရာ ချောင်းဘေးဝဲယာတို့တွင် 'လမု၊ ခရာ





ညို၊ ငှက်ကြီးတောင်း၊ ကြက်ရိုင်း၊ ဖျူ၊ အုန်း၊ သမဲ့၊ ကနစို၊ ပျဉ်းမ၊ အမ' ပင်ကြီးများနှင့် ချုံနွယ်ပင်များတို့က ပိန်းပိတ်နေကြသည်။

ပင်လယ်ပြင်ကြီးသည် ရောဝတီမြစ်အပါအဝင် အခြားသော မြစ်ခွဲ ချောင်းများစွာ စီးဝင်စီးမျောနေပြီး ရေချိုနှင့်ရေငန် ရောနေသည့်မို့ မြစ်ကြောင်း များတစ်လျှောက် အန္တရာယ်ပေးနိုင်သော မိကျောင်းတို့ရန်က ရှိနေသည်။ တစ်ခါတစ်ရံ ပင်လယ်ပြင်ကြီးအတွင်းမှသော်လည်းကောင်း၊ မိကျောင်းမွေး မြူရေးစခန်းတို့မှ လွတ်ထွက်လာကာ ချောင်းရိုးအတိုင်းဝင်ပြီး ဒုက္ခပေး တတ်ကြသည်ကို ကြားဖူးနားဝရှိသော ကျွန်တော်က ...

"ကိုညိုမှိုင်း ...အဲဒီမိကျောင်းက ဘယ်က ဝင်လာတာလဲဗျ"

"ပင်လယ်ပြင်ကြီးက ချောင်းမြောင်းတွေနဲ့ ဆက်စပ်နေကြတယ် ဆိုတော့ မတွေးတတ်တော့ဘူးဗျ မှဆိုးရဲ့"

"ဒါနဲ့ မိကျောင်း ဘယ်နှစ်မျိုးရှိလဲ၊ သိသလား"

"ကျွန်တော် သိသလောက်တော့ နှစ်မျိုးဗျ။ ခေါင်းတိုနဲ့ ခေါင်းရှည် ပဲ။ သည်ကြားထဲ ဖွတ်မိကျောင်းဆိုတာလည်း ရှိပြန်သေးတယ်လေ။ ခေါင်း ရှည်မျိုးက အကောင်ကြီးပြီး အားကြီးရန်လိုတတ်တယ်ဆိုပဲ။ ဖွတ်မိကျောင်း ကလည်း အဲသလိုဆိုးတဲ့အကောင်ဆိုပဲဗျ။

ခုကိစ္စက ကျွန်တော့်အထင် ခေါင်းရှည်မျိုးဖြစ်ချင်ဖြစ်၊ အဲသလို မဟုတ်ရင် ဖွတ်မိကျောင်းလို့ ထင်တာပဲ။ အရမ်းဆိုးလွန်းလို့ ခုအချိန် ရွာ တွေတောင် ပျက်လုနီးဖြစ်နေတယ်ဗျ။ ရွာသားတွေလည်း ထိတ်လန့်ချောက် ချားနေကြတယ်။

မနေ့ကပဲ ကြည့်လေ ...။ မယားဖြစ်တဲ့ ဆုမွန်ဦးက ရေဆင်း ဆိပ်တားမှာ အဝတ်ထိုင်လျှော်နေတုန်း သစ်တုံးပုံစံနဲ့မျောလာတဲ့ မိကျောင်း က အမြီးနဲ့ရိုက် ကိုက်ချီသွားတာကို လိုက်ရှာတဲ့ သူ့ယောက်ျား မင်းကြည် လှိုင်ကို အမြီးနဲ့ရိုက် ကိုက်ချီဆွဲချသွားတာ မနက်နဲ့ညနေ တစ်နေ့တည်းပဲ လေ။ ဒီလောက်ရဲတင်းတော့ ဖွတ်မိကျောင်းဖြစ်ဖို့ များတယ်။ သူ့လုပ်ရပ် က ဒီချောင်းအတွင်း အထက်နဲ့အောက်မှာပဲ စုန်ဆန်သွားရင်း ဒုက္ခပေးနေ ပုံဗျ"



www.burmeseclassic.com

www.burmeseclassic.com



တောကြောင်သားနှင့် ထမင်းကျက်ပြီမို့ ညလယ်စာစားလိုက်ကြသည်။ ခရီးကိုဆက်ခဲ့ရာ 'သိလ္လာဆိုသည့်ရွာ' ကလေးဆီသို့ရောက်လာသည်။ ထိုရွာဝင်ရောက်သတင်းပို့ပြီး 'ဝါးချောင်းရွာ' ဘက်ကို ခရီးဆက်ခဲ့ကြသည်။ ထိုရွာကား 'မင်းကြည်လှိုင်'ကို အမြီးနှင့်ရိုက် ကိုက်ချီဆွဲယူသွားသည့် နေရာ မဟုတ်ပါလား။

ဝါးချောင်းရွာ (သို့) အညာစုရွာကလေးသည် သိလ္လာရွာကဲ့သို့ ကျွန်းပေါ်တွင် တည်ရှိသည့်ရွာဆိုပေမဲ့ အနောက်ရိုးမကြီးနှင့် တစ်ဆက်တစ်စပ်တည်း ရှိနေသည်မို့ သားကောင်ပေါင်းစုံကိုလည်း တွေ့ရသည်။ ဝါးရုံတောကြီးများ ပေါက်ရောက်သည့်နေရာ၊ ရွာနှင့်ချောင်းအကြား ပင်လယ်ကမ်းခြေများတွင် ပေါက်ရောက်ကြသည့်အပင်များ ပေါက်နေကြသည်မို့ တောတထူထပ်လွန်းသည်။

ကျွန်တော်တို့ပဲ့ထောင် ကမ်းခြေတွင်ဆိုက်ကပ်တော့ ရွာသူရွာသားများ လာရောက်နှုတ်ဆက်ကြသည်။ ကိုညိုမှိုင်းက ရွာသားများအကူအညီဖြင့် ကမ်းနဖူးတွင် ကန်တော့ပွဲတစ်ပွဲကို ပြင်ဆင်စေကာ ချောင်းစပ်တွင် အမွှေးတိုင်၊ အလင်းတိုင်၊ ဆေးပြင်းလိပ်များကို မီးတို့ကာ တောင်းခံပသလိုက်သည်။

ထိုအချိန်တွင် ကျွန်တော်က နှစ်လုံးပြူးသေနတ်၊ ချိုင်းကြားမှ (နိုင်းအမ်အမ်) ပစ္စတိုနှင့် ကျည်ဆန်တို့ကို ကိုတင်ထွန်းကိုပေးသလို မောင်တင့်ဇော်ကိုလည်း ပွိုင့်တူးတူးနှင့် ကျည်ခါးပတ်ကို ပေးလိုက်သည်။ ကိုညိုမှိုင်းတို့အဖွဲ့သားများကတော့ 'သလွတ်'များ ကိုယ်စီကိုင်ဆောင်လျက်။

''တင့်ဇော် ... ပဲ့ထောင်ကို ငါမောင်းမယ်၊ သေနတ်သမားတွေက ရှေ့ကနေကြ''

ကိုဝင်းနိုင်က ပြောလိုက်ပြီး ပဲ့ထောင်ကို စက်နှိုးလိုက်သည်။ ထိုအချိန် ချောင်းဖျားဘက်ဆီမှ ရူးရူးဝါးဝါး အော်ဟစ်လိုက်သံ ကြားလိုက်ရသည်က ...

''မိကျောင်းကြီး ကိုက်သွားပြီ ... ကယ်ကြပါ၊ ကယ်ကြပါဗျို့''

''ကိုဝင်းနိုင် ... အသံကြားရာဆီ အမြန်မောင်း''





ကျွန်တော် ပြောလိုက်သည့်စကားအဆုံး ကိုတင်ထွန်းကလည်း-

''ဟာ ... ရဲတင်းလိုက်တဲ့ အကောင်ကြီးကွာ၊ တောက် ...''

ပဲ့ထောင်စက်ရှိန်က တဖြည်းဖြည်း မြင့်တက်လာပြီး အရှိန်နှင့် ...ပြေးလွှားနေသည်။ လှမ်းအော်ဟစ် အကူအညီတောင်းနေသူနားရောက်တော့ ...ရှိန်လျှော့ရင်း ...

''ဘယ်မှာလဲဗျ ... မိကျောင်းကိုက်သွားတယ်ဆိုတာ''

''စောစောက အဲ့ဒီတံတားပေါ်မှာ ရေချိုးဖို့လုပ်နေတဲ့သူကို အမြီး...က်ပြီး ဆွဲချကိုက်ခဲ့နေတာဗျ''

''ခု ဘယ်ရောက်သွားပြီလဲ၊ ဘာမှလည်း မတွေ့ပါလား''

''ဟိုမှာလဲနေတဲ့ ကညင်ပင်ကြီး အမြစ်တွေဘက်ကို ဆွဲသွားတာ ... သေပြီလား၊ ဘာလားတော့ မသိဘူး၊ အကောင်ကြီးတယ်ဗျို့၊ နည်း...ကြီးမဟုတ်ဘူး''

ပဲ့ထောင်ကို သစ်လဲပင်ကြီးဘက် တိုးကပ်သွားလိုက်သည်။ 'ထို...ချိန် ရွာတွင်းဆီမှ မိန်းမသုံးလေးယောက်လောက် အော်ဟစ်ငိုယို ပြေးဆင်း...ကြသည်ကိုလည်း တွေ့လိုက်ရသည်။ ရေဆင်းတံတားအတိုင်း ပြေးဆင်း...ကြသည်မို့ သစ်လဲပင်ကြီးနားအရောက် မြစ်ဆုံအကြားမှ ရေများ ပလုံစီ...ထလာသည်ကို တွေ့လိုက်ရသည်။ ထိုသို့ ပွက်ထလာသော ရေဝဲ့က ...ကြောင်းဘက်ဆီ ရွေ့လျားသွားသည်ကို တွေ့လိုက်ရသဖြင့် ကိုတင်ထွန်း ...

''ဝင်းနိုင် ... ရေစီးကြောင်းအတိုင်း လိုက်၊ စက်ရှိန်မြှင့်၊ ပစ်ဖို့ ...သင့်လုပ်ထားကြ''

သူ ပြောလိုက်သည်။ ကျွန်တော်တို့ကလည်း အခွင့်အရေးရပါက ...ခတ်ရန် အသင့်အနေအထားမို့ သလွတ်ကိုင်အဖွဲ့ကလည်း အသင့်။ ...ရှိန်ကို အားဖြည့်လိုက်သဖြင့် ရှန်းကန်ထွက်သွားသောအရှိန်ကြောင့် ...တန့်နေရာယူထားကြသော ကျွန်တော်တို့ အခြေပျက်သွားကြသည်။ ဝရုန်း...ကား ဖြစ်သွားကြသည်မို့ မနည်းပြန်ထိန်းပြီး အသားကျတော့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသည့် ရေပန်းရေဖွားတို့က အတော်အလှမ်းဝေးရာဆီသို့ ရောက်နေ ပြီမို့ စက်ရှိန်ထပ်မြှင့်ကာ အနောက်က အမိလိုက်ပြန်သည်။

မိကျောင်းကြီးကား ရေစီးကြောင်းအတိုင်း ပြေးနေသည်မို့ မြန် လွန်းသည်ဟု ပြောရမလို။ ကျွန်တော်တို့ကလည်း စက်ရှိန်ကို တိုးမြှင့်ပြီး လိုက်နေသည်မို့ သူ့ကို နောက်ကလိုက်ပြီး ခြောက်လှန့်မောင်းနှင်နေသည့် အသွင်။ ပစ်ခတ်ဖို့ ချိန်ရွယ်သော်လည်း အကောင်ကို မမြင်ရ။ သူ့လှုပ်ရှား မှုကြောင့် ရေပန်းရေဖွားကိုသာ မြင်နေရသည်။

အတန်ကြာတော့ အသက်ရှူရန်အတွက် ခေါင်းပိုင်းကို ဖော်လိုက် သည်။ အဖုအထစ်များနှင့် ခေါင်းရှည်မျိုးမို့ အတော်ကြီးမားသည့် အကောင် ကြီးပင်။ ပစ်ခတ်ရန် ချိန်ရွယ်လိုက်သည့်အခါ ပဲ့ထောင်ဦးပိုင်းကို လှိုင်းရိုက် လိုက် သည့်အတွက် လှေက ယိုင်သွားပြီး အချေပျက်သွားသည်မို့ မပစ်ခဲ့ လိုက်ရ။

မိကျောင်းကြီးကား ကြီးမားပြီး ရှည်သည်။ (၉) တောင်နီးပါးရှိ ပင်။ တစ်ကိုယ်လုံး နီညိုရောင်နှင့် အမဲကွက်များပါပြီး ဝမ်းဗိုက်က ဖြူရော ရော်။ ကျွန်တော်တို့ ပဲ့ထောင်ထက် ကယိမ်းကပါးဖြစ်ကာ ယိုင်ထိုးနေကြရာ ဟန်ချက်ညီအောင် ထိန်းနေကြရသည်။ လက်ထဲတွင် သေနတ်များကိုင် ထားကြသော်လည်း ပစ်ခတ်လို့မရသလို သလွတ်ကိုင်သမားတို့ကလည်း ပဲ့ ထောင်နောက်မှဖြစ်နေ၍ ဘယ်လိုမှ ပစ်ခွင့်မရ။

မိကျောင်းကြီးသည် သူ့ရေစီးကြောင်းအတိုင်း ပြေးလွှားရာသို့ ရန်သူ က လိုက်လာပြီဟူသော အတွေးကို ဝင်သွားဟန်ထင့်။ ဘယ်ဘက်ချောင်း ကွေ့ရှိရာဆီသို့ ချိုးကွေ့ကာ ဦးတည်လိုက်ပြီး ဝါးနှစ်ရိုက်စာ အကွာအဝေး တွင် ရေပေါ်သို့ ပြန်ပေါ်ကာ နောက်ကြောင်းဆီသို့ ပြန်လည်ကူးခတ်ပြေး လွှားနေပြန်သဖြင့် ပဲ့ထောင်နောက်ကျောဆီ ပြန်ရောက်သွားပြန်သည်။ ဇ စဉ် ကိုတင်ထွန်းက…

"ဝင်းနိုင် … နောက်ကြောင်းပြန်လှည့် ပြေးပြန်ပြီ။ ပြန်ကွေ့ ပြန်ကွေ့"

စိတ်ကူးသစ်စာပေ



အရေးပေါ် လှမ်းအော်ဟစ်သတိပေးလိုက်သည်မို့ စက်ရှိန်ကိုလျှော့ ချကာ နောက်ကြောင်းကို (ဂ)ဂယ်ကွေ့ ပြန်ကွေ့လိုက်ပြီး ပြေးဝင်လာသော လှိုင်းပုတ်ဒဏ်ကြောင့် လှေလွန့်တိမ်းစောင်းသွားသဖြင့် ကျွန်တော်တို့အား လုံး ယိုင်ထိုးသွားကြပြန်သည်။

"စက်ရှိန်မြှင့် … နောက်က တစ်ထပ်တည်းလိုက်"

ပဲ့ထောင်ကိုကွေ့ပြီး ရေဆန်ကိုပြန်တက်နေရသည်မို့ စက်ရှိန်ကို မြှင့်ကာ အတန်ကြာကြာလိုက်တော့မှ မိကျောင်းနှင့် ပဲ့ထောင်မျဉ်းပြိုင် ကြောင်းလို ရေကြောင်းက ဖြစ်ပေါ်လာသည်။

ထိုအချိန်မိကျောင်းကြီးက ညာဘက်ရေဆွဲကြောင်းမှ မြစ်ကြောင်း ပြောင်းကာ၊ ဘယ်ဘက်ရေစီးကြောင်းရှိရာဆီသို့ ထိုးကပ်ဖို့ ကြိုးစားနေပုံ သည်။ မကြာမီ မိကျောင်းကြီးမှာ ရေစီးကြောင်းအတွင်းဝင်လိုက်ပြီး ရေ အလျှင်ကို အားပြုကာ ကူးနေသည်မို့ စက်လှေတစ်စီးနှယ် သူ့ပြေးနှုန်းက အကောင်းနေသည်။ ရေပေါ်တွင် ကိုယ်လုံးကိုဖော်ကာ ဘေးတိုက်အနေ အထားနှင့်မို့ ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ပစ်ခလုတ်ကို ဆွဲဖြုတ်ချ လိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင် မောင်းခလုတ်ကို ဆွဲညှစ်လိုက်ချိန် ရေထဲကို ငုပ်သွားသည့်အချိန်နှင့် တိုက်ဆိုင်သွားသည်မို့ ပစ်ချက်က ထိရောက်မှု မရှိ ဖြစ်သွားရပြန်သည်။

"တောက် …"

မခံချိမခံသာဖြစ်သွားသည်မို့ တက်တစ်ချက်ခေါက်လိုက်မိသည်။ ထိုအချိန် ရေထဲသို့ ငုပ်လျှိုးသွားသော မိကျောင်းမှာ ရှေ့ရေစီးကြောင်းတွင် ပေါ်ပေါ်လာပြန်သည်။ ကျည်သစ်တစ်တောင့် လဲထည့်လိုက်၏။ ရှေ့မှပြေး လွှားနေသော မိကျောင်းသည် ကမ်းစပ်တွင် ထူထူထဲထဲပေါက်နေသည့် ပင်များ ရှိရာဘက်ဆီသို့ ချိုးကွေ့ကာ ကုန်းထက်ပြေးဝင်ဖို့ ဦးတည် လိုက်ပြန်သည်။ ထိုအချိန် …

"ဒိုင်း … ဒိုင်း …"

"ဖန်း … ဖန်း …"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း . . . ဖောင်း . . ."

ဘေးတိုက်အနေအထားနှင့်မို့ ကျွန်တော်တို့ (၃)ဦးစလုံး ပစ်သွင်းလိုက်ကြသည်။ ကျည်ခဲလုံးတို့က မိကျောင်းကြီးကိုယ်ထည်နေရာအနှံ့ ဝင်သွားကြသည်။ ရေထဲတွင် သွေးများက ရဲခနဲ ထွက်ပေါ်လာသည်ကို တွေ့လိုက်ကြရပြီး လူးလွန့်ရင်း ရေထဲငုပ်သွားပြန်သည်။ ဘယ်ကိုငုပ်သွားမှန်း မသိသဖြင့် လိုက်ကြည့်ရာ အတန်ကြာတော့ 'ဝါးချောင်းရွာ ရေဆင်းတံတား အနီးတွင် ပေါ်လာပြီး ချောင်းကျဉ်းရှိရာဘက်ဆီ ကူးသွားပြန်သည်။

"ဝင်းနိုင် . . . ကွေ့ . . . ကွေ့ . . . ပြန်ကွေ့၊ ချောင်းကျဉ်းဘက်ကို ဦးတည်"

ကိုတင်ထွန်းက လှမ်းအော်ပြောလိုက်သဖြင့် ချောင်းကျဉ်းရှိရာဘက်ဆီသို့ ပဲ့ထောင်ဦးကို ကွေ့ချလိုက်ရာ စိတ်တွေလှုပ်ရှားပြီး စက်ရှိန်ကိုလည်း မလျှော့လိုက်မိသည့်အတွက် အရှိန်ပြင်းစွာ ချောင်းကလေးကမ်းခြေကို ဝင်ဆောင့်ပြီး မြေပြင်ထက်ဆီ ထိုးတက်သွားသဖြင့် ပဲ့ထောင်ထက်ရှိ ကျွန်တော်တို့ ကုန်းထက်ဆီသို့ လွင့်စင်ထိုးတက်သွားကြသလို၊ နောက်ပိုင်းဆီသို့လည်း လွင့်စင်ကျကုန်သည်။ ကျွန်တော်ကိုယ်တိုင် သေနတ်က ပဲ့ထောင်ထက်မှ လွင့်ကျခဲ့သဖြင့် ချုံတောထဲမှ အတင်းထကာ ပဲ့ထောင်တွင်းကျန်ခဲ့သည့် သေနတ်ကို လှမ်းကောက်ယူလိုက်ရသည်။ ထိုစဉ် . . .

"ကျွန်တော့်ကို ထိသွားပြီဗျို့။ ကူကြပါဦးဗျ . . . ကျွတ် . . . ကျွတ် နာလိုက်တာ"

နောက်ပိုင်း ရေထဲသို့ လွင့်ကျသွားကြသည့်အုပ်စုထဲမှ အော်ဟစ်ပြောဆိုသံ ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်တော့ ကိုညီမှိုင်း ရှုံ့မဲ့မဲ့ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် . . .

"ဘာနဲ့ထိသွားသလဲ ကိုညီမှိုင်း"

"လမုငုတ်တွေပေါ် ပစ်ကျတာဗျ။ ဖင်ကို စူးသွားပြီဗျ။ လာကူကြပါဦးဗျာ။ ကျွတ် . . . ကျွတ် . . . နာလိုက်တာ"

သူ ညည်းတွားနေပေမဲ့ ကျွန်တော်တို့ ကူမနေနိုင်အား။ မိကျောင်းကြီး ဘယ်ကိုရောက်သွားသည်ကို လှမ်းကြည့်လိုက်စဉ် 'လှမ၊ လမဲ့' ဖျာ





ခရာတို့ရောနေသည့် ချုံတောကြီးအတွင်း တိုးဝင်နေသည်ကို တွေ့လိုက်ရသဖြင့် သေနတ်ကို မောင်းတင်ကာ ပြေးလိုက်သွားမိပေသည်။ ထိုအချိန် ကိုညီမှိုင်းကို 'ရေထဲတွင် လဲကျနေကြသည့်' ကိုသိန်းဝင်း၊ မြတ်မင်းဟန်၊ ဝင်းနိုင်'တို့က ဖေးမကာ ဆွဲထူနေကြသည်ကို သတိပြုလိုက်မိပေသည်။

ကျွန်တော့်နည်းတူ ကိုတင်ထွန်း၊ မောင်တင့်ဇော်တို့ကလည်း သေနတ်ကိုယ်စီကိုင်လျက် ပြေးချလာကြသည်။ (၃) ဦးသား လူပြန့်ကာ ချုံတောအတွင်း ရှာကြည့်ပြန်သည်။ ရှာလို့မတွေ့။ ကျွန်တော်နှင့် မောင်တင့်ဇော် ချုံတောနေရာအနှံ့ ကုန်းကုန်းကွကွ ရှာဖွေနေစဉ် ကိုတင်ထွန်းက ခြောက်လုံးပြူးကို ညာဘက်မှကိုင်ကာ ချောင်းကမ်းပါးကမ်းခြေဆီထိ လိုက်သွားနေသည်ကို တွေ့လိုက်ရသည်။

"ဒီကုန်းပေါ်ကိုတက်ပြီး ခရာတောကြီးထဲ တိုးဝင်သွားတာ ကျွန်တော် သေသေချာချာ မြင်လိုက်တယ် . . . လေးလေး"

မောင်တင့်ဇော်က သူ့အမြင်ကို လှမ်းပြောလိုက်သည်မို့ ကျွန်တော်တို့ (၂) ယောက် ကိုတင်ထွန်းရှိရာ ချောင်းအခြေသို့ တိုးကပ်သွားလိုက်ကြသည်။ မိကျောင်းကြီးတက်သွားသော နေရာကား ရေမရောက်ကုန်းပိုင်းဖြစ်သည်။ သုံးဦးသား အရှုပ်တောကြီးအတွင်း ရှာဖွေကြသည်။ အစရှာလို့ကမရ။ ရေထဲတွင် သူ့ကိုယ်မှထွက်ကျသည့် သွေးတို့ကိုမြင်ကာ သတိရလိုက်သည်မို့ . . .

"သွေးစက်ကို ကြည့်စမ်း။ တွေ့ရင် သူ့လမ်းကြောင်းအတိုင်း လိုက်မယ်"

အတန်ကြာကြာ (၃) ဦးသား ချုံတောထဲ တိုးဝှေ့ရှာနေစဉ် ကိုတင်ထွန်းထံမှ . . .

"ဒီမှာ သွေးစက်လမ်းကြောင်းဗျို့။ အရှုပ်တောကြီးအတွင်း တိုးဝင်သွားတယ်"

သုံးဦးသား လူပြန့်စုကာ သွေးစက်လမ်းကြောင်းအတိုင်း ထိုးဝင်လိုက်သွားကြရာ မိကျောင်းကြီး၏ သွေးစက်နှင့်ရွှံ့ကြောင်း မိုက်ကိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို အထင်အရှား တွေ့လိုက်ကြရသည်။ တစ်နေရာတွင် သွေးအိုင်ကြီး တစ်ခု။

"အပုပ်နံ့ရတယ်၊ သတိထားကြနော်"

ကျွန်တော်တို့နှာခေါင်းထဲ ပုပ်အဲ့အဲ့ ညှီစို့စို့အနံ့များ တိုးဝင်လာသဖြင့် သူတို့အား သတိပေးပြီး ချုံနွယ်တောကြီးအတွင်း တိုးဝင်ရှာဖွေခဲ့ကြရာ သွေးစက်လမ်းကြောင်းသည် ဗျူးပင်များချည်း စုဝေးပေါက်နေပြီး အောတွင်ကနစိုး၊ မဒမ၊ ခရာ၊ ပင်လယ်အုန်း၊ ကျနာ၊ ကံ့ပလာ၊ သမဲ့ပင်တို့ ရောထွေးပေါက်ရောက်နေသည့် အရှုပ်တောကြီးအတွင်းဆီမှ ...

"ဝိုး ....ဝေါ့ ...ဝီ ...ဝီ ...ဝီ ..."

တထိတ်တလန့် ထပျံသော အသံကြီးကို ကြားလိုက်ရသဖြင့် သေနတ်နှင့် ထိုးချိန်လိုက်ကြရင်း ကြည့်လိုက်ရာ ကြီးမားမဲနက်သည့် 'ယင်မဲရိုင်း' ကောင်အုပ်ကြီး ထပျံလိုက်သည့်အသံဖြစ်မှန်း သိလိုက်ကြရသဖြင့် အခြေအနေကို အကဲခတ်လိုက်ရာ ဘာကိုမှတော့ မတွေ့ရသေး။ သို့သော် အပုပ်နံ့က ထိုအရှုပ်တောထဲမှလာသလို၊ အနံ့က ပိုမိုပြင်းထန်လာသည်ကြောင့် ထပ်မံကြည့်လိုက်ရာ ထိုအကောင်တို့က တစ်နေရာတွင် စုနားလိုက်ထပျံလိုက်ဖြစ်နေသည်မို့ (၃) ဦးသား တိုးဝင်ကြည့်ရှုလိုက်ရာ ...

"ဟာ ...ဟိုလင်မယား အလောင်းပါလား"

မောင်တင့်ဇော်က ပြောလည်းပြော၊ နေရာတွင် ထိုးအန်ချလိုက်သည်မို့ သူ့ကို ကျွန်တော်တို့ လှမ်းကြည့်သလို အနံ့ထွက်ရာ ဝိုင်းအုံစားသောက်နေကြသည့် ယင်မဲရိုင်းများဆီ ကြည့်လိုက်ရာ ခွေခွေခေါက်ခေါက် အရိုးအဆစ်များ ကျိုးကြေနေသည့်အပုံကို တွေ့လိုက်ရသဖြင့် အသေအချာ ကြည့်လိုက်ရာ တစ်ဦးက ခေါင်းတွင် ဆံပင်ရှည်များနှင့်ဖြစ်ပြီး တစ်ဦးက ဘိုကေပုံအသွင်မို့ အမျိုးသားနှင့် အမျိုးသမီးအလောင်းများ ဖြစ်ပုံရပေသည်။

မိကျောင်းဆိုသည့် အကောင်မျိုးက ဖွတ်မိကျောင်းများကဲ့သို့ သားစိမ်းငါးစိမ်းကို ချက်ချင်းမစားကြ၊ အရိုးအဆစ်နှင့် အသားတွေကို ကိုက်ခဲခြေမွပြီး အပုပ်ခံကာ မျိုချကြသည့် အကောင်မျိုး။ ထိုစဉ် ...





"ဟောဒီမှာ သွေးစက်တွေ၊ ခြောက်တောင် မခြောက်သေးဘူး"

ကိုတင်ထွန်း လှမ်းပြောလိုက်သဖြင့် အလျင်အမြန် သူ့အနီးသို့ သွားကြည့်လိုက်ရာ မှန်နေသည့်အတွက် ကျွန်တော်က ...

"ဟုတ်တယ် ...အဲဒီသွေးစက်က စောစောက အကိုက်ခံရတဲ့လူရဲ့ သွေးဖြစ်မယ်။ အသေအချာ ရှာကြစမ်း"

ချုံတောကို ဖြဲခွဲရှာနေစဉ် အတန်ကြာတော့ နောက်ကျောဘက်ဆီမှ

"ဗျမ်း ...ဗျမ်း ...ဝုန်း ...ဝေါ ..."

ကျယ်လောင်သည့်အသံကြီးကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ကြရင်း ...

"ဘာလဲဟ ...ဘာကောင်ကြီးလဲ"

ချုံတောကြီးအတွင်းမှ လူးလူးလွန့်လွန့် ထိုးထွက်လာသည့် အကောင်ကြီးကို တွေ့လိုက်ကြရသဖြင့် ...

"ဟာ ...ပြေးကြဗျို့ ပြေးကြ ..."

မောင်တင့်ဇော်က ကြောက်လန့်တကြား အော်ဟစ်ကာ နောက်ကြောင်းကို ပြန်ပြေးသည်။ လှမ်းကြည့်လိုက်ရာ ရောမမိကျောင်းကြီးသည် အရှုပ်တောကြီးအတွင်းဆီ ကျွန်တော်တို့ (၂) ဦးစီ ပါးစပ်ကြီးကို ဖြဲဟကာ ချဉ်းဝင်လာသည်ကို တွေ့လိုက်ကြရသဖြင့် နှစ်ဦးစလုံးက ...

"ဒိုင်း ...ဒိုင်း ..."

"ဖောင်း ...ဖောင်း ...ဖောင်း ..."

ကျွန်တော်က မိကျောင်းပါးစပ်ကြီးအတွင်း နှစ်ချက်ဆင့်ကာ ပစ်သွင်းလိုက်သလို ကိုတင်ထွန်းကလည်း ပစ်သွင်းလိုက်ရင်း စခန်းသိမ်း ပစ်လိုက်ကြပေသည်။ လူသားစားမိကျောင်းကြီးဘဝကား မလှမပနှင့် ချုပ်ငြိမ်းသွားသည်ကို တွေ့မြင်လိုက်ကြရပေသည်။ ထိုစဉ် ...

"ဟင်း ...ဟင်း ..."

ယမ်းနံ့၊ သွေးညှီနံ့၊ အပုပ်နံ့များအကြားမှာ လူညည်းသံကို ကြားလိုက်ရသဖြင့် (၂) ဦးသား သွားရောက်ကြည့်လိုက်ရာ ခြေထောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးတွင် မိကျောင်းကိုက်ခံထားရသဖြင့် သွေးထွက်လွန်ကာ မြေပြင်ထက် မှော့မှော့သာ ပုံလျက်လဲနေသည့် လူတစ်ဦးကို တွေ့လိုက်ရသည်။

ဝါးချောင်းရွာသူရွာသားများကို လှမ်းခေါ်လိုက်ပြီး စောင်ပုခက်ဖြင့် ထိုလူအပြင် ဖင်ကို သမှဲ့ငုတ် စူးဝင်ခြင်းခံလိုက်ရသော 'ကိုညိုမှိုင်း' ကိုပါ ပဲ့ထောင်ပေါ်ထမ်းတင်၍ ဘိုကလေးမြို့နယ်ဆေးရုံသို့ ဆေးဝါးကုသခံရန် ထွက်ခွာလာခဲ့ကြပေတော့သည်။

လူသားစားမိကျောင်းကြီးကို ရွာသားများထံ အပ်နှံခဲ့ရာ နောက်ပိုင်းတွင် 'သိလ္လာနှင့် ဝါးချောင်း(အညာစု)အကြောတွင် မိကျောင်းရန် အေးငြိမ်းသွားပေသည်။

လှနာများ တင်ကာလာရင်း ပဲ့ထောင်ထက်တွင် မောင်တင့်ဇော်ကို ကပ်ပြီး မေးလိုက်မိသည်က ...

"မင်းကောင်မလေးနာမည် ဘယ်လိုခေါ်လဲကွ"

"ငွေနှင်းယမုန်တဲ့ ... လေးလေး"

"အာ လာလာ ... နာမည်နဲ့ လူနဲ့ လိုက်တယ်ကွာ"

လေးမောင်



www.burmeseclassic.com

www.burmeseclassic.com

## | ၁ |

ကမ္ဘာလောကကြီးတွင် မှီတင်းနေထိုင်ကြသော သတ္တဝါအမျိုးအစားများနှင့် ပတ်သက်၍ 'ကုန်းနေ ကိုးကုဋေ ရေနေ ဆယ်ကုဋေ' ဆိုသော ဆိုရိုးစကားရှိပေသည်။ ၎င်းဆိုရိုးစကားအတိုင်း အမှန်ဆိုပါက ကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြသောသတ္တဝါ အရေအတွက်မှာ မနည်းလှပါချေ။

ယနေ့လက်ရှိ ကမ္ဘာပေါ်တွင် အသက်ရှင်ရပ်တည်နေသော ကုန်းနေသတ္တဝါပေါင်းမှာ အရေအတွက်အားဖြင့် ကိုးကုဋေပြည့်အောင် ရှိလိမ့်မည်ဟု ကျွန်ုပ် မထင်ပါချေ။ ထိုအရေအတွက်ထဲ၌ ကမ္ဘာပေါ်တွင် မျိုးတုံးပျောက်ကွယ်သွားပြီးဖြစ်သော ဒိုင်နိုဆောကဲ့သို့ သတ္တဝါကြီးများကို ထည့်သွင်းတွက်ချက်ထားလေသလား၊ ကျွန်ုပ်တို့၏မျက်စိဖြင့် မြင်နိုင်စွမ်းမရှိသည့် ပိုးမွှားများ၊ ရောဂါကူးစက်စေသောပိုးများ၊ ဘက်တီးရီးယားကဲ့သို့ အခြားသတ္တဝါ၏ ခန္ဓာကိုယ်ထဲတွင် အသက်ရှင်နေသည့် ကပ်ပါးကောင်များ ရောပါလေသလားဟု ပေါက်ပေါက်ရှာရှာ တွေးတောမိပေသည်။





မည်သို့ပင်ဆိုစေ ကျွန်ုပ်၏မိတ်ဆွေကြီး ကိုဟာသ်၏ အတွေ့အကြုံအရ လူတို့အနေဖြင့် မှတ်တမ်းမတင်ရသေးသော သတ္တဝါအမျိုးအစားများလည်း ရှိနေသေးကြောင်းကို သိရှိနိုင်ပေသည်။

ကျွန်ုပ်၏မိတ်ဆွေကြီး ကိုဟာသ်က သူတွေ့ကြုံခဲ့ဖူးသော သတ္တဝါသေးများအကြောင်းကို ကျွန်ုပ်အား အောက်ပါအတိုင်း ပြောပြခဲ့ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၂

❑

ကိုဟသ်ာ၏အတွေ့အကြုံမှာ သူ့အသက် ၇ နှစ် ၈ နှစ်အရွယ် အတွေ့အကြုံဖြစ်ပါသည်။ ကိုဟသ်ာ၏ဇာတိချက်မြှုပ်မှာ တောင်ပိုင်းရှမ်း နယ်မှ မြို့ငယ်လေးတစ်ခုဖြစ်ပါ၏။

ကိုဟသ်ာ၏မိဘများသည် ငါးရက်တစ်ကြိမ် ဈေးနေ့ကျသော ရွာများတွင် လိုက်လံဈေးရောင်းသော ဈေးသည်များဖြစ်ပါသည်။ ရှမ်း နယ်ရှိ မြို့ငယ်နှင့် ရွာများ၌ ဈေးနေ့ကို ငါးရက်တစ်ကြိမ် သတ်မှတ်ထား သည်။ ကိုဟသ်ာ၏မိဘများက ဈေးနေ့ကျသော မြို့ရွာများကို အလှည့် ဈေးရောင်းထွက်ခြင်းဖြစ်ပါသည်။

ကိုဟသ်ာမှာ တစ်ဦးတည်းသောသားဖြစ်၏။ နွေရာသီကျောင်း ရက်များတွင် မိဘများက ဈေးထွက်သည့်နေရာများသို့ ကိုဟသ်ာကိုပါ သွားတတ်သည်။

ထူးဆန်းသောဖြစ်ရပ်နှင့် တွေ့ကြုံခဲ့သည်မှာ ကိုဟသ်ာ ၂ နှစ် နွေရာသီတွင်ဖြစ်ကြောင်း မှတ်မိနေသေးသည်။ ထိုနှစ်က အရေ အဝယ်ကောင်းပြီး မိဘများမှာ ငွေရွှင်သောကြောင့် ကိုဟသ်ာကို ရွှေလက် ကလေးတစ်ကွင်း ဝယ်ဆင်ပေးထားခဲ့သည်။





လက်စွပ်ကလေးက အနည်းငယ်ချောင်နေသောကြောင့် ဝတ်လို့ ရပေ။ ကိုဟသ်ာအဖေက ကိုဟသ်ာ၏လက်သူကြွယ်နှင့် အံကိုက်ဖြစ်အောင် ကွင်းအောက်ဖက်တွင် အပ်ချည်ကြိုးများဖြင့် ရစ်ပတ်ပေးသည်။ အပ်ချည် ကြိုးရစ်ပတ်၍ ကွင်းကို အနည်းငယ်ကျဉ်းသွားအောင် ပြုလုပ်လိုက်မှသာ ကိုဟသ်ာ၏လက်သူကြွယ်နှင့် အံကိုက်ဖြစ်ပြီး ဝတ်လို့ ရသွားပေတော့၏။

တစ်နေ့တွင် ငါးရက်တစ်ဈေးကျသော ရွာကြီးတစ်ခုသို့ ဈေးရောင်း ထွက်ခဲ့လေသည်။ ထိုရွာကြီးမှာ ကျောက်ဂူလိုဏ်ခေါင်းများ ပေါများသော အရပ်တွင်ရှိသည့် ကျေးရွာကြီးတစ်ရွာဖြစ်ပါသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ကျောက်တောင်များ ဖုံးလွှမ်းနေသည်။ တောင်များအတွင်း လှိုဏ်များ၊ လိုဏ် ခေါင်းများရှိသည်။ တရားကျင့်သည့် သူတော်စင်များ တရားစခန်းဝင်တတ် သော လှိုဏ်မြောင်လိုဏ်ဂူများဖြစ်ပါ၏။

ကျောက်တောင်တစ်ခုတွင် လိုဏ်ခေါင်းတစ်ခုတွေ့၍ အတွင်းသို့ ဝင်သွားပါက မည်သည့်အခါမှ လမ်းဆုံးရောက်သည်အထိမသွားနိုင်ဟု ဆိုရိုး အားရှိသော လိုဏ်ခေါင်းကြီးများဖြစ်ပါ၏။ စူးစမ်းလေ့လာသူများသည် ဓာတ်စီကျင်မာတ် မရ၍လည်းကောင်း၊ ယူသွားသော ရိက္ခာပြတ်လပ်၍ လည်းကောင်း၊ မီးထွန်းညှိရန် ခက်ခဲ၍လည်းကောင်း လိုဏ်ခေါင်းအဆုံး ရောက်မီ ပြန်ထွက်လာရမြဲဖြစ်လေသည်။

နောင်တွင် ရှေ့မိနောက်မိလူကြီးများက လိုဏ်ခေါင်းများအတွင်း သို့ ဝင်ရောက်စူးစမ်းလေ့လာမှုမပြုကြရန် တားမြစ်ခဲ့ကြသည်။ လိုဏ်ခေါင်းများ အတွင်း လူသားတို့အတွက် အကျိုးရှိဖွယ် တစ်စုံတစ်ရာမရှိနိုင်ဘဲ အန္တရာယ် တွေ့နိုင်သည့်အတွက် တားမြစ်ကြခြင်းဖြစ်သည်။

ထိုအရပ်၌ ဆင်တစ်ကောင်ဝင်သာအောင် ကျယ်သော အပေါက် ရှိသည့် လိုဏ်ခေါင်းများမှသည် ကြွက်တွင်း၊ မွေးတွင်းကဲ့သို့ အပေါက် ငယ်လိုဏ်ခေါင်းများလည်း များစွာရှိလေ၏။ လိုဏ်ခေါင်းများသည် မြေ အောက် မည်သည့်နေရာထိ နက်ရှိုင်းကြောင်း မသိနိုင်သလို၊ မည်သို့သော သတ္တဝါများ မှီတင်းနေထိုင်မှန်းလည်း သိနိုင်သည်မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကိုဟသ်ာလေးသည် မိဘများဈေးရောင်းနေချိန်၌ ဈေးပြ လုပ်ထားရာကွင်းပြင်၏ နောက်ဖက်တွင် တစ်ယောက်တည်း ဆော့ကစား နေသည်ဟု ဆိုသည်။ တောင်ဆင်ခြေလျှောတစ်ခုအနီးမှ သစ်တောအုပ် ထဲတွင် ကစားနေခြင်းဖြစ်ပါသည်။

ညနေခင်း ဈေးသိမ်းချိန်၌ အခြားဈေးသည်များနှင့်အတူ ဈေး ကားဖြင့် ပြန်လာခဲ့ကြသည်။ ထိုအချိန်ထိ ကိုဟသ်ာလက်တွင် စွပ်ထား သော လက်စွပ်အသစ်ကလေး ပျောက်ကျန်ခဲ့သည်ကို မည်သူမှ မသိကြ သေးပါ။ ကိုဟသ်ာကိုယ်တိုင်လည်း မသိ။

ညစာထမင်းစားပြီး လက်များ ဆေးကြောချိန်ကျမှ ကိုဟသ်ာ၏ အမေက သတိထားမိခြင်းဖြစ်သည်။

"ဟဲ့ . . . ဟသ်ာ၊ နင့်လက်စွပ်ရော"

အမေကမေးမှ ကိုဟသ်ာလည်း သူ့လက်တွင် လက်စွပ်မရှိတော့ မှန်း သတိထားမိတော့သည်။

"ကြည့်စမ်း . . . တစ်နေ့လုံး တောတန်းထဲမှာ သွားဆော့နေတာ ပျောက်ကျခဲ့ပြီထင်တယ်။ ဒါကြောင့် လက်စွပ်ကချောင်နေတယ် ကြီးမှဝတ် ပါဆိုတာ မရဘဲ ဝတ်ချင်တာကိုး။ နင့်အဖေကလည်း ကလေးကို အပ်ချည် ကြိုးပတ်ပြီး ဝတ်လို့ရအောင် လုပ်ပေးတယ်။ ခုတော့ ပျောက်ပြီ။ တော်ပြီ နောက် နင့်ကို ဘာမှမဆင်တော့ဘူး"

အမေက နှမြောမြောဖြင့် ကိုဟသ်ာကိုရော၊ ဖခင်ဖြစ်သူကိုပါ တစ်ချိန်လုံး မြည်တွန်တောက်တီးနေတော့သည်။

"နောက်တစ်ပတ်ဈေးနေ့ကျ ကျွန်တော် ပြန်ရှာကြည့်ပါ့မယ် .. အမေရာ"

"တွေ့ပါလိမ့်မယ် . . . အားကြီး။ မြေပတ်ကြားအက်ထဲကျသွားရင် နင် ဘယ်လိုရှာမလဲ။ ပျောက်ပါပြီဟယ်။ နင်နဲ့ ပစ္စည်းကောင်းနဲ့ကို မထိုက် ပါဘူး"

✿ ✿ ✿

| ၃ |

❑

နောက်ငါးရက်မြောက်ဖြစ်သည့် ထိုရွာကြီးတွင် ဈေးနေ့ကျသော နေ့တွင် ကိုဟသ်ာလိုက်သွားကာ သူ့လက်စွပ်ကလေးကို ပြန်ရှာသည်။

ဈေးကွက်ကြီးမှာ ရွာအပြင် ခပ်လှမ်းလှမ်းတွင်ရှိပြီး ဈေးနေ့မဟုတ် သောအခါများ၌ လူသွားလူလာမရှိတတ်၍ ကျပျောက်သောနေရာတွင် ရှိ ကောင်းရှိနိုင်သေးသည်ဟု ကိုဟသ်ာက ထင်သည်။

သူသည် အရင်အပတ်က ကစားခဲ့သောနေရာများသို့ ပြန်သွား ကာ မြေပေါ်အနှံ့ လက်စွပ်ကလေးကိုရှာကြည့်၏။ ကိုဟသ်ာ ကစားခဲ့သော နေရာမှာ အကျယ်ကြီးမဟုတ်ပေ။ သစ်ပင်တစ်ပင်အောက်တွင် မြေတွင်း သေးတစ်တွင်းတူးကာ ဖန်ဂေါ်လီလုံးလေးများကို မြေတွင်းထဲကျအောင် လိမ့် ၍ ကစားခဲ့ခြင်းသာဖြစ်ပါသည်။

ကိုဟသ်ာက သစ်ပင်အောက်တွင် တစ်လက်မမကျန် နေရာအနှံ့ လိုက်ရှာသော်လည်း လက်စွပ်ကလေးကို မတွေ့ပေ။ သူတူးထားခဲ့သော မြေတွင်းလေးပင် အရာမပျက် သည်အတိုင်း ရှိနေသေး၏။

ရှာလို့မောတော့ ကိုဟသ်ာသည် စိတ်ပျက်ပျက်နှင့် သစ်ပင်ကို မှီ ထိုင်နေလိုက်သည်။ လက်စွပ်လေးပြန်မတွေ့၍ ကစားချင် စိတ်လည်းမရှိ တော့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကိုမှီနေရာမှ ကြာတော့ ပျင်းပျင်းနှင့် အိပ်ငိုက်နေရာမှ အိပ်ပျော်သွားလေသည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ အိပ်မှုန်စုံမွှားဖြင့် လန့်နိုးလာချိန်တွင် သူ၏ဦးခေါင်းမှာ မြေကြီးဆီသို့ဦးတည်ကာ ငိုက်စိုက်ကျလျက် ရှိသည်။ ကိုဟသ်ာသည် အိပ်ချင်မပြေသေး၍ ခေါင်းကိုမမော်သေးဘဲ မျက်လုံးကို ခပ်မှေးမှေးသာ ဖွင့်ကြည့်လိုက်သည်။

ထိုအခါ သူ့မျက်လုံးအကြည့်နှင့် တည့်တည့်ဖြစ်နေသော မြေပေါ်၌ မြေကြီးကို လိုက်၍တူးထားသော မြောင်းတစ်ခုသဖွယ် ချိုင့်နေသည့်နေရာလေးကို တွေ့လိုက်ရလေသည်။

မြေတွင်းအခွက်ထဲ၌ ဆော့ကစားနေသော ကလေးလေးတစ်ယောက်ကိုလည်း မြင်လိုက်ရလေ၏။ သူအိပ်မပျော်မီက ထိုနေရာတွင် လူဝင်သာသည့်တွင်း၊ ချိုင့်များ မရှိသည်မို့ မြေချိုင့်ထဲဝင်ကစားနေသော ကလေးလေးကိုကြည့်ကာ ကိုဟသ်ာက အံ့ဩနေလေ၏။

ကလေးလေးမှာ သူ့ထက် တစ်နှစ်၊ နှစ်နှစ်ခန့်ငယ် မည်ထင်ရပြီး မြေတွင်းထဲဝယ် ခုန်ချလိုက် ခုန်တက်လိုက်ဖြင့် ဆော့ကစားနေခြင်း ဖြစ်သည်။ ကလေးငယ်၏ အဝတ်အစားများကတော့ ကိုဟသ်ာတို့ ဝတ်စားသည့် အကျီဘောင်းဘီမျိုး မဟုတ်ပါပေ။ အဝတ်စအဖြူကို ခါးတွင် ပတ်ထားရုံသာ ဖြစ်သည်။ ကိုယ်အပေါ်ပိုင်း၌ အဝတ်အစားမပါပေ။

ကောင်လေးသည် စက်ဝိုင်းသဏ္ဍာန်ကွင်းကြီးတစ်ခုအတွင်းသို့ ခုန်တက်လိုက်၊ ထိုအပေါ်မှ ပြန်ဆင်းလိုက်ဖြင့် ကလေးဘာဝ ဆော့ကစားနေခြင်းဖြစ်သည်။ ကိုဟသ်ာကလည်း ကောင်လေးဆော့ကစားနေသည်ကို အပေါ်စီးမှ အမြင်ဖြင့် ဆီး၍မြင်နေရခြင်းဖြစ်သည်။ ဆော့ကစားနေသော ကောင်လေးသည် ကိုဟသ်ာ အပေါ်မှဆီးကြည့်နေသည်ကို သိပုံမရပေ။

ကိုဟသ်ာက ကောင်လေး ခုန်တက်လိုက်၊ ခုန်ဆင်းလိုက်ဖြင့် ဆော့ကစားနေသော'ကွင်းကြီး' ကို သေချာကြည့်လိုက်မိသောအခါ အံ့ဩသွားမိလေသည်။ ကွင်းကြီး၏ပုံစံမှာ သူပျောက်သွားသော လက်စွပ်ကလေးနှင့် တူနေသောကြောင့်ဖြစ်၏။

---

စိတ်ကူးသစ်စာပေ



ကွင်းကြီးသည် မြေကြီးပေါ်၌ တည့်တည့်ထောင်နေသည်။ လက်စွပ်တွင် ကျောက်ထည့်ထားသောအပိုင်းက မြေကြီးထဲနစ်နေကာ ဖွင့်ပိုင်းက အပေါ်သို့ တည့်တည့်ထောင်နေခြင်းဖြစ်ပါ၏။ သူပျောက်သွားသော လက်စွပ်ကလေးနှင့် တူလှပုံမှာ ကွင်းကြီး၏ ထောင်နေသောထိပ်ဖက်တွင် ကြိုးများဖြင့် ရစ်ပတ်ထားပုံဖြစ်ပါ၏။ အဖြူရောင်ကြိုးများဖြင့် ရစ်ပတ်ထားပုံကလည်း သူ့လက်စွပ်ကလေးကို အပ်ချည်ကြိုးဖြင့် ရစ်ပတ်ထားသည်နှင့် တသွေမတိမ်း တူနေလေသည်။

ကိုဟသ်ာသည် ကြည့်ရင်းကြည့်ရင်းနှင့် ကောင်လေး ဝင်လိုက်ထွက်လိုက် ခုန်ဆင်းလိုက်၊ ခုန်တက်လိုက် ဆော့ကစားနေသော ကွင်းကြီးမှာ သူပျောက်သွားသော လက်စွပ်ကလေးဟုပင် ထင်လာမိလေ၏။

ကိုဟသ်ာက အိပ်ချင်မူးတူးစိတ်များ ပျောက်သွားကာ မျက်လုံးကို ပွတ်သပ်၍ သူမြင်နေရသော မြင်ကွင်းကို သေချာငုံ့ကြည့်လိုက်လေသည်။

ထိုစဉ်မှာပင် မြင်ကွင်းထဲသို့ အသက်ကြီးကြီး ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ပေါ်လာကာ ကောင်လေးကို ဆွဲခေါ်လိုက်သည်ကို မြင်လိုက်ရလေ၏။ ထိုယောကျ်ား၊ မိန်းမစုံတွဲမှာ မြောင်း၏ ဘေးတစ်ဖက် မြေတွင်းလိုဏ်ခေါင်းထဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သူတို့သည်လည်း ကောင်လေးကဲ့သို့ပင် အဝတ်စကို ကိုယ်တွင် ပတ်ရုံပတ်ထားသည့်သဖွယ် ခြုံလွှားထားပေ၏။ မိန်းမကြီးကတော့ အထက်ပိုင်းရင်သားလုံသည်အထိ ရစ်ပတ်ထားပါသည်။

ထိုယောကျ်ားကြီးနှင့် မိန်းမကြီးမှာ ကောင်လေး၏အဖေနှင့် အမေဖြစ်ဟန်တူပြီး ကောင်လေးကို ဆူပြောနေပုံမျိုးဖြစ်ပေသည်။

ကိုဟသ်ာကြည့်နေစဉ်မှာပင် ယောကျ်ားကြီးက အပေါ်သို့ မော့ကြည့်လိုက်လေ၏။ ထိုအခါ လူကြီးနှင့် ကိုဟသ်ာတို့ အကြည့်ချင်း ဆုံသွားကြလေသည်။ လူကြီးက ကိုဟသ်ာကိုကြည့်၍ လန့်သွားဟန်တူလေ၏။

ထို့နောက် မိန်းမကြီးနှင့် ကောင်လေးအား လက်တို့ကာ အပေါ်သို့ လက်ညှိုးညွှန်ပြလိုက်လေသည်။ မိန်းမကြီးနှင့် ကောင်လေးက အပေါ်မော့ကြည့်လိုက်ရာ ကိုဟသ်ာကို မြင်တွေ့သွားလေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့သုံးယောက်သည် အလန့်တကြားဟန်ဖြင့် ယောက်ျားကြီးနှင့် မိန်းမကြီးထွက်လာကြသော လိုဏ်ခေါင်းပေါက်ထဲသို့ ဝင်ပြေးသွားကြလေတော့သည်။

ကိုဟသ်ာသည် သူမြင်ရသော မြင်ကွင်းကိုကြည့်ကာ အံ့ဩနေမိသည်။

လူသုံးယောက် ထွက်ပြေးသွားသည့်တွင် သူ့လက်စွပ်ကလေးနှင့် တူသော ကွင်းကြီးမှာ မြောင်းထဲ၌ ကျန်နေခဲ့ပေ၏။

ကိုဟသ်ာက ကိုယ်ကိုငုံ့ကိုင်းကာ မြေကြီးနား ကပ်၍ ကြည့်လိုက်ပြန်လေသည်။

ထိုအခါ မြေကြီးပေါ်တွင် သလင်းကျောက်ပြားတစ်ခုကို တွေ့လိုက်ရလေ၏။ ဤဒေသ၌ သလင်းကျောက်များမှာ ပေါများလှပေသည်။ သလင်းကျောက်ဆိုသည်မှာ တစ်ဖက်နှင့်တစ်ဖက်ကို ဒိုးယိုပေါက်မြင်သာသော အတွင်းသားတစ်ခုလုံး ကြည်လင်နေသည့် ကျောက်မျိုးဖြစ်ပါသည်။

ကိုဟသ်ာက သလင်းကျောက်ပြားကို လက်နှင့် ကောက်ယူလိုက်သည်။

သည်တွင် ကျောက်ပြားအောက်၌ တွင်းကလေးတစ်ခုဖြစ်နေသည်ကို တွေ့ရပြီး သူပျောက်သွားသော လက်စွပ်ကလေးကိုလည်း တွင်းကလေးထဲ၌ ပြန်၍ တွေ့လိုက်ရပါလေတော့၏။

သူက လက်စွပ်ကလေးကို ကောက်ယူလိုက်သည်။ သူပျောက်သွားသော လက်စွပ်ကလေးအစစ်ပါပင်။ အခုန သူတွေ့လိုက်သော ကောင်လေး ဝင်လိုက်ထွက်လိုက်၊ ခုန်တက်လိုက်၊ ခုန်ဆင်းလိုက်ဖြင့် ဆော့ကစားနေသော ကွင်းကြီးမှာ ဤလက်စွပ်ကလေးပင် ဖြစ်ပါလေ၏။ ကောင်လေးက မှောက်ရက်ကျနေသော လက်စွပ်ထဲမှ ကျောက်သားပေါ်သို့ တက်လိုက်ဆင်းလိုက်လုပ်ကာ ဆော့နေခဲ့ခြင်းဖြစ်ပါသည်။

ကိုဟသ်ာ အံ့ဩသွားသည်။ ကောင်လေးသည် သူ့လက်စွပ်ကွင်းလေးထဲသို့ဝင်၍ ဘယ်လို ဆော့ကစားနေနိုင်ပါသနည်း။ ဤမျှသေးသော





လက်စွပ်လေးထဲ ဝင်နိုင်ထွက်နိုင်သည်ဆိုလျှင် အလွန်တရာသေးငယ်သော လူသေးသေးလေးသာ ဖြစ်ပေလိမ့်မည်။ ဖြစ်နိုင်ပါ့မလား။

ကိုဟသ်ာက သူလက်ထဲတွင်ရှိနေသော သလင်းကျောက်ပြားကို ပြန်ကြည့်လိုက်သည်။ သလင်းကျောက်ပြားသည် လူကြီးလက်တစ်ဝါးအရွယ်သာသာရှိပါ၏။ သလင်းကျောက်မှာ အပြားဖြစ်ကာ အလယ်၌ ကျောက်သား ဖုပြီး ဖောင်းနေပေ၏။

ကိုဟသ်ာသည် ၂ တန်းကျောင်းသားဖြစ်၍ မှန်ဘီလူးသဘော သဘာဝကို နားလည်ပြီးဖြစ်သည်။ မှန်ဘီလူးနှင့်လည်း ဆော့ကစားဖူးသည်။

သူသည် လက်စွပ်ကလေးကို တွင်းထဲသို့ ပြန်ချလိုက်သည်။ ပြီးတော့ သလင်းကျောက်ကို သူတွေ့ခဲ့သည့်အတိုင်း တွင်းထိပ်တွင် ပိတ်၍ ချထားလိုက်သည်။

ထိုအခါ တွင်းထဲမှ လက်စွပ်ကလေးကို အလွန်တရာ ကြီးမားသော အသွင်ဖြင့် မြင်တွေ့လိုက်ရလေတော့သတည်း။

ကိုဟသ်ာက သလင်းကျောက်ကို အပြန်ပြန် အလှန်လှန် ကြည့်လိုက်၏။ သလင်းကျောက်သည် အလယ်၌ဖောင်းပြီး မှန်ဘီလူးသဖွယ်ဖြစ်ကာ တစ်ဖက်မှမြင်ကွင်းများကို အကျယ်ချဲ့၍ မြင်နိုင်စွမ်းရှိကြောင်းကို သိလိုက်ရလေတော့၏။

ကိုဟသ်ာ အံ့ဩမိသည်မှာ သလင်းကျောက်ကို မဟုတ်ပေ။ မှန်ကဲ့သို့ ဒိုးယိုပေါက်မြင်ရသော အရာမှန်သမျှ အလယ်တွင်ခုံးနေလျှင် မှန်ဘီလူးသဖွယ် တစ်ဖက်ကို မြင်ကွင်းများစွာချဲ့၍ မြင်ရမည်ဖြစ်သည်။ သူကိုယ်တိုင်သည် မြေကျင်းလေးထဲမှ လက်စွပ်ကို လူတစ်ကိုယ်စာဝင်သာသည့် ကွင်းကြီးတစ်ခုသဖွယ် မှားယွင်းထင်မြင်ခဲ့ပြီးဖြစ်သည်။

ကိုဟသ်ာအံ့ဩတာက သူမြင်လိုက်ရသော ကောင်လေးနှင့် လူကြီးနှစ်ဦးဖြစ်သော လူသားသုံးယောက်ကိုသာ ဖြစ်ပါသည်။

ကောင်လေးသည် ကလေးဝတ်လက်စွပ်ကွင်းထဲ ဝင်နိုင်သည်ဆိုတော့ သူ့အရွယ်မှာ လက်သည်းခွံအရွယ်ထက်ပင် သေးရပေဦးမည်။ လူကြီးနှစ်ယောက်သည်လည်း အလွန်ဆုံး လက်သည်းခွံအရွယ်ပင်ရှိ ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မှန်ဘီလူးကြားခံကာ မြင်နေရသောကြောင့် ကိုယ်နှင့်ရွယ်တူ လူသားများဟု ထင်မိခဲ့ခြင်းဖြစ်ပါ၏။

မြေကျင်းထဲမှ လူများ၏အမြင်ကို ကိုဟသ်ာက ကိုယ်ချင်းစာ ခံစားကြည့်သည်။ သူက အဆပေါင်းထောင်သောင်းမကာ ချဲ့မြင်နေရ၍ ထိုလူများကို ကိုယ်နှင့်ရွယ်တူဟု ထင်ခဲ့မိသည်။ ဟိုဖက်ကလူတွေရဲ့ အမြင်မှာလည်း သူ့ကို လက်ရှိအရွယ်ထက် အဆပေါင်းထောင်သောင်းမကာ ချဲ့ထွင်မြင်နေမည်မှာ သေချာလှပေသည်။ ထိုလူများသည် သူတို့ထက် အဆပေါင်း သိန်းသန်းမက ကြီးမားနေမည့် ကိုဟသ်ာကို မည်မျှ ကြောက်လန့်သွားကြလေမည်နည်း။ အလန့်တကြား ထွက်ပြေးသွားဟန်များက သိသာလှပေသည်။

ကိုဟသ်ာသည် လူသုံးဦး ဝင်ပြေးသွားသော လိုဏ်ခေါင်းပေါက်ကို ငုံ့ကြည့်လိုက်သည်။ အပေါက်သည် မြေကြီးထဲလျှိုးဝင်သွားကာ ကြွက်တွင်းသဖွယ် ဖြစ်နေပေ၏။ မြေကျင်း၏ ဘေးနှစ်ဖက်စလုံးတွင် မြေကြီးထဲသို့ ဝင်သွားသော လိုဏ်ခေါင်းပေါက်ကို တွေ့ရပေသည်။

ကြည့်ရသည်မှာ မြေအောက်လိုဏ်ခေါင်းလမ်းတွင် သလင်းကျောက်ပြားက ပိတ်ဆို့သွားခြင်း ဖြစ်ဟန်တူသည်။ ထို့ကြောင့်သာ ဖောက်မြင်ရသော ကျောက်သားကြောင့် အောက်မှမြင်ကွင်းများကို မြင်နေနိုင်ခြင်းဖြစ်၏။ ဖြစ်ချင်တော့ သလင်းကျောက်က မှန်ဘီလူးသဖွယ် အလယ်ကခုံးနေ၍ အောက်က မြင်ကွင်းသေးသေးလေးများကို အကြီးချဲ့၍ မြင်နေရခြင်းဖြစ်ပါသည်။

✿ ✿ ✿

| ၉ |

ကိုဟသ်ာသည် ကျောက်ပြားကိုရော၊ လက်စွပ်ကိုရော လက်ထဲဆုပ်ကိုင်ကာ မိဘတွေ ဈေးရောင်းနေသောနေရာသို့ ပြေးလာခဲ့လေသည်။ နေ့လယ်ခင်းဖြစ်ကာ ဈေးပေါင်ကျိုးချိန်မို့ သူ့မိဘများက ပစ္စည်းပစ္စယ်များကို သိမ်းဆည်းကာ ပြန်ဖို့ပင် ပြင်နေကြပါပြီ။

ကိုဟသ်ာက လက်စွပ်ကလေး ပြန်ရှာတွေ့ပြီဖြစ်ကြောင်း အားရဝမ်းသာ ပြောပြလိုက်သည်။ ဆက်ပြီး သူတွေ့ကြုံခဲ့ရသော မြင်ကွင်းအကြောင်းကိုလည်း သူပြောတတ်သလို ပြောပြလိုက်လေ၏။

ဈေးသည်များအားလုံး ကိုဟသ်ာအပြောကို ဝိုင်း၍ နားထောင်နေကြသည်။ တချို့က ယုံဟန်ရှိသည်။ တချို့က မယုံကြ။ ကိုဟသ်ာအမေကတော့ 'ပေါက်ကရတွေ လျှောက်ပြောမနေစမ်းနဲ့' ဆိုကာ လက်စွပ်ကလေးကို ယူသိမ်းထားလိုက်လေသည်။

ကိုဟသ်ာအဖေကတော့ ကိုဟသ်ာယူလာသည့် သလင်းကျောက်ချပ်ကလေးကိုကိုင်ကာ သူ့သားပြောစကားကို စဉ်းစားနေလေသည်။ မှန်ဘီလူးသဖွယ်ဖြစ်နေသည့် သလင်းကျောက်ချပ်ကလေးက ကိုဟသ်ာစကားကို ယုံလောက်စရာဖြစ်နေ၏။ ဖခင်ဖြစ်သူက ကိုဟသ်ာ လိမ်ညာပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တောင် သလင်းကျောက်ချပ်ကလေးကိုပြ၍ သဘာဝကျအောင် ပြော တတ်သည့် သူ့သားအစွမ်းကို သဘောပင် ကျနေသေးသည်။

''ငါ့သား . . . အဲဒီနေရာ အဖေ့ကို လိုက်ပြပါလားကွာ''

''ဟိုတောစပ်လေးမှာတင် အဖေ၊ မဝေးဘူး''

''သွားကြည့်စို့ကွာ''

သူတို့သားအဖနှင့်အတူ စိတ်ဝင်စားသူများပါ လိုက်လာကြသေး၏။ တစ်ဆင့်တစ်ဆင့်အပြောဖြင့် ကိုဟသာ၏အတွေ့အကြုံကို တစ်ရွာ လုံး သိသွားကြသည်။ ဈေးသိမ်းတော့မည့်အချိန်မို့ ဝယ်သူပါးသွားပြီဖြစ်ရာ စပ်စုချင်သူများက ကိုဟသာတို့နောက်သို့ လိုက်သွားကြပြန်သည်။

ကိုဟသာက သူတွေ့ခဲ့ရသော မြေကျင်းကို ပြလိုက်၏။ ကျင်းထဲ သို့ သူကစားသည့် ဖန်ဂေါ်လုံးလေးတစ်လုံးကိုထည့်ကာ သလင်းကျောက် ကို ကျင်းအဝတွင် ချလိုက်သည်။ ပြီးတော့ လူကြီးများကို ကြည့်ခိုင်းသည်။

''အေး . . . ဟုတ်သားဟ''

ဖန်ဂေါ်လီလုံးလေးကို အဆပေါင်းများစွာ ချဲ့မြင်နေရလေသည်။ လူများလည်း အံ့ဩသွားကြ၏။

''ဒါဖြင့် ဖိုးဟသာတွေ့တဲ့လူတွေက အတော်ကိုသေးတဲ့ လူတွေပေါ့ ဟ''

''တောချောက်တာများလားဟယ်''

''နာနာဘာဝ ထင်ပါရဲ့''

''သေးသေးလေးဆိုတော့ မှင်စာဆိုတာလည်း ဖြစ်နိုင်တာပဲ''

တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာ လျှောက်ပြောနေကြသည်။

ကိုဟသာ့အဖေက လူသေးသေးလေးတွေ ဝင်သွားသည်ဆိုသော မြေတွင်းအပေါက်ကို တုတ်တစ်ချောင်းဖြင့် တူးကြည့်သည်။ မြေတွင်းသည် အစပိုင်းတွင် တည့်တည့်ဖြစ်သော်လည်း တူးလေ . . . တူးလေ . . . တွင်း ပေါက်က မြေအောက်သို့ စိုက်ဆင်းသွားသည်ကို တွေ့ကြရလေ၏။

''ဟော့ . . . ဟော့ . . . ဘာလုပ်နေကြတာလဲ။ ဘာလို့ တူးကြည့်နေ ရတာလဲကွ . . . ဟေ''





''ဟော . . . အဘအိုက်စံပါလား''

အသက်ရှစ်ဆယ်ကျော် အဘိုးကြီးတစ်ဦး အနားရောက်လာကာ ဟန့်တားလိုက်ခြင်းဖြစ်လေသည်။

''မတူးကြပါနဲ့ . . . မလုပ်ကြပါနဲ့ သူတို့ဟာသူတို့ နေပါစေ။ သူတို့ ကို မင်းတို့မြင်ရတွေ့ရတော့ရော ဘာအကျိုးထူးမှာလဲ။ ငါတော့ တွေ့ရမယ် လို့ မထင်ပါဘူး။ ကလေးက ကံအားလျော်စွာ မြင်လိုက်ရတာပါ''

အဘိုးအိုက ကိုဟသာ့အတွေ့အကြုံကို ကြားသိပြီးဖြစ်၍ မြေတွင်း ကို တူးနေခြင်းအား ဟန့်တားလိုက်ခြင်းဖြစ်လေသည်။

''ထူးဆန်းလွန်းလို့ပါ . . . အဘအိုက်စံ၊ ကလေးပြောတာ ဟုတ်, မဟုတ် ကြည့်ချင်လို့ပါ''

''ဘာများထူးဆန်းလို့လဲကွယ့်။ ဖိုးဟသာမြင်လိုက်တာ လူပဲမဟုတ် လား။ လူကိုတွေ့တာများ ဆန်းသလားမောင်တို့''

''လူပေမဲ့ ပုရွက်ဆိတ်သာသာ သေးသေးလေးဆိုတာကိုး . . . အဘရဲ့''

''ဟဲ့ . . . ပုရွက်ဆိတ်အရွယ်ဖြစ်ဖြစ်၊ ဆင်အရွယ်ဖြစ်ဖြစ် လူဟာ လူပဲ။ ကိုယ့်လိုလူမျိုးတွေ့တာများ အဆန်းဆိုနေသလား၊ လူမဟုတ်တဲ့ တခြား သတ္တဝါမျိုးဆို နင်တို့ ဘယ်လိုနေမလဲ''

''ဘာကိုဆိုလိုတာလဲ အဘ၊ လူမဟုတ်တဲ့ တခြားသတ္တဝါတွေထဲ မှာလည်း အဲဒီလို သေးသေးလေးတွေ ရှိသေးလို့လား''

အဘအိုက်စံမှာ ရှေ့မီနောက်မီ ဗဟုသုတစုံသော အဘိုးကြီးတစ်ဦး မို့ အားလုံးက ဝိုင်းမေးကြသည်။

''သတ္တဝါဆိုတာ ကြီးချင်လည်း ကြီးမယ်၊ သေးချင်လည်း သေး မယ်။ သူ့သဘာဝနဲ့သူ ဖြစ်တည်နေကြတာပဲ။ သတ္တဝါအမျိုးအစားပေါင်း များစွာရှိတယ်ဆိုတာ ကုန်းနေ ကုန်းကုန်း ရေနေ ဆယ်ကုဋေဆိုတဲ့စကား ကြားဖူးကြရဲ့ မဟုတ်လား''

''ဟုတ်ကဲ့ . . . ကြားဖူးပါတယ်အဘ''



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ပဟာဒီကမ္ဘာကြီး ဖြစ်တည်လာတာ ကြာပဲကြာလှပြီ။ မင်းတို့ ငါတို့က မနေ့တစ်နေ့ကမှ လူဖြစ်လာကြတာ။ တို့တွေနေရလှ အသက် ကိုးဆယ် တစ်ရာဆိုတာ အလွန်ဆုံးပဲ။ ငါတို့မမွေးမီ ကမ္ဘာဦးအစ ပဝေသဏီ ကတည်းက ဒီကမ္ဘာကြီးမှာ သတ္တဝါပေါင်း ဘယ်လောက်ဖြစ်တည်ခဲ့၊ ပေါက် ဖွားခဲ့တယ်ဆိုတာ ဘယ်သူသိနိုင်မတုံး။ မင်းတို့သိတဲ့သတ္တဝါထဲကပဲ မေးကြည့် စမ်းမယ်။ မင်းတို့အထဲမှာ နဂါးကိုမြင်ဖူးတဲ့သူ ဘယ်နှယောက်ပါသတုံး။ ကိန္နရီကိန္နရာကို မြင်ဖူးကြသလား၊ ဂဠုန်ဆိုတဲ့ အကောင်ရော မြင်ဖူးကြ သလားဟဲ့၊ တိုးနယားဆိုတာကော"

"အဲဒါတွေက ပုံပြင်ထဲဇာတ်တော်ထဲက အကောင်တွေမဟုတ်လား အဘရဲ့"

"ဟဲ့ . . . အဲဒီဇာတ်တော်တွေကို ဘယ်သူဟောခဲ့သလဲ။ ငါတို့ ဘုရားဟောခဲ့တာ။ ဘုရားဟောတဲ့ ဇာတ်တော်ထဲမှာပါတဲ့ သတ္တဝါဟာ တကယ် ရှိလို့ပဲပေါ့ . . . ငါလူတို့ရဲ့။ ဒါပေမဲ့ တို့ခေတ်မှာ အဲဒီသတ္တဝါတွေ မရှိကြတော့ ဘယ်သူမှ မမြင်ဖူးကြဘူး။ ကိုယ်မမြင်ဖူးတာနဲ့ အဟုတ်တကယ်မရှိဘူးလို့ လည်း ပြောလို့မရဘူး။ တို့မမြင်ရတဲ့ တို့လူတွေ မရောက်နိုင်တဲ့ ဟိုးမြေကြီး အတွင်းထဲမှာ၊ ရေအောက်ထဲမှာ သတ္တဝါပေါင်းများစွာ ရှိသေးတယ်ကွယ့်။

ဒါကြောင့် ဖိုးဟသ်ာတွေ့တာဟာ မဆန်းဘူးလို့ အဘကပြော တာ။ သူတွေ့တာ လူပဲကွယ့်။ တို့ကိုယ်တိုင်လည်း လူတွေပဲ။ ဘာဆန်းလို့ လဲကွယ်ရို့။ ဖိုးဟသ်ာက မြင်ရမယ့်ကံပါလို့ မြင်လိုက် တွေ့လိုက်ရပြီ။ မင်းတို့ လည်း မြင်ရမယ့်ကံပါရင် တွေ့ရ မြင်ရလိမ့်မပေါ့။ ခုလိုတော့ သူတို့နေတဲ့ နေရာကို တူးလား ဆွလားလုပ်ပြီး မနှောင့်ယှက်ကြပါနဲ့ကွယ်။ သူတို့လည်း ငြိမ်းငြိမ်းချမ်းချမ်း နေချင်ပေမပေါ့။ သူတို့ရဲ့ သီးခြားကမ္ဘာလေးမှာ သူတို့ ဟာသူတို့ နေကြပါစေကွယ်"

✿ ✿ ✿

| ၅ |

❑

"ကျုပ်ရဲ့ အတွေ့ကြုံကတော့ အဲဒါပါပဲ . . . စာရေးဆရာ။ ယုံချင် ယုံ မယုံချင်နေပေါ့။ သက်သေပြစရာဆိုလို့တော့ ကျုပ်မှာ သလင်းကျောက် ချပ်ပဲရှိတယ်"

ကိုဟသ်ာက သူသိမ်းထားသော သလင်းကျောက်ပြားကို ကျွန်ုပ် အား ပြသလေသည်။

သလင်းကျောက်မှာ ကိုဟသ်ာပြောသည့်အတိုင်းပင် အလယ်မှာ ခေါင်း၍ ခုံးနေ၏။ မှန်ဘီလူးသဏ္ဍာန် ဖြစ်ပေါ်နေပေသည်။ ကျွန်ုပ်က ထို နေရာကို ထောင်၍ ပတ်ဝန်းကျင်ရှိအရာများကို လိုက်ကြည့်ရာ အရာအားလုံး ကို အဆပေါင်းများစွာ ပုံကြီးချဲ့၍ မြင်ရပေသည်။

"အဲဒါ ကျုပ် ငယ်ငယ်တုန်းက မြေကြီးပေါ်ကရခဲ့တဲ့ သလင်း ကျောက်ချပ်ပဲ"

"ဒါနဲ့ နောက်ထပ်ရော အဲဒီလို ထူးထူးဆန်းဆန်း သတ္တဝါမျိုးတွေ တွေ့ရသေးသလား"

ကျွန်ုပ်က မှန်ဘီလူးသဖွယ် ထူးထူးဆန်းဆန်း ဖြစ်တည်နေသော သလင်းကျောက်ပြားကို လှေ့လာရင်းမှ မေးလိုက်လေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း အဘအိုက်စံစကားအရ လောကမှာ ထူးဆန်းတဲ့ သတ္တဝါပေါင်းများစွာ ရှိတယ်ဆိုတာကို လက်ခံခဲ့တယ်လေ။ ဒါနဲ့ပဲ ဘဝ တစ်လျှောက်လုံး ရောက်ရာနေရာမှာ စူးစမ်းလေ့လာခဲ့ပါတယ်ဗျာ။ ဒါပေမဲ့ အဘအိုက်စံပြောသလိုပဲ မြင်ရမယ့်ကံပါချိန်မှသာ မြင်ရတာမျိုးထင်ပါရဲ့။ ကျုပ်ရဲ့ကံကလည်း အသက် ၅ နှစ် ၈ နှစ်က လူသေးသေးလေးတွေ မြင် ခဲ့ရပြီးတဲ့နောက် ထူးထူးဆန်းဆန်းမြင်ရဖို့ ကံမပါတော့ဘူး ထင်ပါရဲ့ဗျာ။ မတွေ့ မကြုံရတော့ပါဘူး"

ကျွန်ုပ်သည် ကိုဟသ်ာမြင်တွေ့ခဲ့ရသည့် လူသေးသေးလေးတွေ တာ အမှန်တကယ်ပဲလား။ ထိုစဉ်က ကိုဟသ်ာ အိပ်ချင်မူးတူးဖြစ်နေ၍ အိပ်မက်သကဲ့သို့ ယောင်ယမ်းကာ မြင်မိမြင်ရာ မြင်ခြင်းလေလားဟု တွေး တောနေမိပေသည်။

တကယ်ဖြစ်စေ ... အိပ်မက်ဖြစ်စေ ... ထင်ယောင်ထင်မှားဖြစ် စေ ... အကြောင်းအရာကတော့ ထူးဆန်းသည်မှာ အမှန်ပင်တည်း။

နွေတမာန်



www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

❑

ညမှောင်စပြုရုံလေးရှိသေး၏။ 'ပုတု'ဆိုသော အသက်နှစ်ဆယ် ရှစ်နှစ်အရွယ် မိန်းကလေးတစ်ယောက် မီးရထားသံလမ်းကို ဖြတ်ကူပြီး သံလမ်းဘေးမှာ ဆောက်လုပ်ထားသော ဆန်ကိုဒေါင်ကြီးဆီ အရောက်သွား နေ၏။

ဂိုဒေါင်ဘေးမှာ အလေ့ကျပေါက်နေသော သစ်ပင်ချုံနွယ်တွေ အများကြီး။ အဲ့ဒီနေရာမှာ မီးရထားလမ်းတစ်ဖက်ရှိ လူနေတဲအိမ်ကလေး တွေက လူကြီး၊ လူငယ်တွေ ဝမ်းသွားရာနေရာ။ မီးရထားဝန်ထမ်းလည်း မဟုတ်၊ ရုံပိုင်ကြီးကသနား၍ နေခွင့်ပေးထားသဖြင့် တဲထိုးနေရသော ပုံတူ အလုပ်သမားတွေ စုဝေးနေရာ တဲတန်းပေါ့။

မီးရထား ကုန်တင်ကုန်ချ၊ ရုံပိုင်ကြီးခိုင်းတာ မှန်သမျှကိုတော့ အားလုံး လုပ်ပေးကြရ၏။ အဲ့ဒီတဲတန်းမှာ ပုတုနေတာက တစ်သက်ရှိပြီ ပုတုရဲ့အဘိုး ဦးဓာတ်စက်ဆိုတာ မီးရထားဝန်ထမ်းဟောင်းတစ်ဦးပါ။

ဦးဓာတ်စက်ပင်စင်ယူပြီးတော့ လိုင်းခန်းက နေခွင့်မရှိလို့ မီးရထား ပိုင်မြေထဲမှာ တဲထိုးပြီးနေခဲ့တယ်။ အဲ့ဒီကနေ သားစဉ်မြေးဆက် နေထိုင် လာဖြစ်သွားရော။





ပုတုတစ်ယောက် ဆန်ကိုဒေါင်ကြီးဘေးက ချုံလေးထဲကို ရောက် တော့ အတော်ကြီး မှောင်နေပြီ။ ယူလာတဲ့ဓာတ်မီးကလည်း မလင်းလိုက်၊ ဆင်းလိုက်နဲ့။

ပုတု ဝမ်းသွားချင်နေပြီ။ ချုံပုတ်ကောင်းကောင်းဘေးမှာ ထိုင်ပြီး သွားရတယ်။ ထိုင်ခါနီး ဘေးဘီကိုလည်း ဓာတ်မီးနဲ့ ထိုးကြည့်ရသေး တယ်။ တခြားလူပါပြီးသား အီးပုံတွေ တက်နင်းမိမှာ စိုးလို့ပါ။

ပုတုတို့ဆီကလူတွေက အီးပုံကို မိုင်းလို့ခေါ်ကြတယ်။ မိုင်းနင်းမိ မှာကြောက်လို့ ရှောင်ရတိမ်းရတယ်လေ။ ပုတုဝမ်းသွားရင်းနဲ့ပါလာတဲ့ စက္ကူ ကိုလည်း သေချာခေါက်နေတယ်။

ဆင်းရဲတဲ့ဘဝက ဘာဆိုဘာမှ မလွယ်ပါဘူး။ ဝမ်းသွားချင်ရင် ထောင့် အောင့်ထားရတယ်။ ဝမ်းသွားလို့ရတဲ့နေရာ ကိုက်ငါးဆယ်ကျော် တောကို လျှောက်သွားရတယ်။ ရထားအသွားအလာကိုလည်း ဂရုစိုက်ရသေး တယ်။

ရထားလမ်းမှာ မတော်တဆမှုတွေကလည်း အများသား။ ဖြစ် လိုက်ရင် သေတာချည်းပဲ။ သေတဲ့အပြင် ရထားကြိတ်လို့ အပိုင်းပိုင်း အတစ် တစ်တွေ ဖြစ်ကုန်ရော။ သေတာတောင်မှ အလောင်းမလှတဲ့ဘဝ။

ပုတု တောထိုင်ရင်း လူ့စိတ်သဘာဝအတိုင်း ဟိုရောက် သည် ရောက်တွေ စဉ်းစားမိ၏။ ပုတုက အိန္ဒိယသွေးနှောသည့် မိန်းကလေး အပင်ကောက်ကွေးနှင့် အရပ်ပုပြတ်၏။ အရွယ်ရောက်တော့ အိမ်နီးချင်း ဘတူ ဒူးကြီးဆိုသောကောင်လေးနှင့် အိမ်ထောင်ကျ၏။ ဒူးကြီးက ဒူးရှည် ပြီး အသားလတ်သည့် မြန်မာလူမျိုး။ သူတို့အိမ်ထောင်ရေးက သုံးနှစ် ကျော်သွားပြီ။ ကလေးမရသေး။ ဒူးကြီးက ကလေးလိုချင်၏။ ပုတုကလည်း မွေးမပေးနိုင်။ ဒူးကြီးက ပန်းရံလုပ်သည့် ပန်းရံဆရာ။ မီးသတ်ရဲဘော်ထဲ လည်း ဝင်ထားသေး၏။

ကလေးမမွေးပေးနိုင်၍ ပုတုကို ရန်လုပ်ပြီး အရက်တွေမူးသောက် ၏။ ပုတုကလည်း အရက်သောက်တာမကြိုက်။ လင်မယားချင်း စကားများ



www.burmeseclassic.com

www.burmeseclassic.com



ကာ နပန်းသတ်ကြ၏။ သူ့အမျိုး၊ ကိုယ့်အမျိုးတွေကို ကလော်တုတ်ဆဲပြ၏။ ကြာတော့ မခံနိုင်။ လွန်ခဲ့သည့်တစ်လခွဲလောက်က လင်မယား ယောက်ရန်ဖြစ်ပြီး ဒူးကြီးက ပုတုရဲ့ထိပ်ကို ပိတ်ထု၏။ ပုတု ဒေါသထွက်ပြီး ဒူးကြီးရဲ့ဒူးခေါင်းကို ရေတ်ကျည်ပွေ့ဖြင့် ပြန်ထုပြီး အိမ်ပေါ်က ဆင်းပြေး၏။

တခြားမြို့က အသိမိတ်ဆွေအိမ်မှာ တစ်လခွဲလောက် ကြာသွား၏။ ဒူးကြီးက မပြတ်နိုင်၍ စုံစမ်းပြီး လိုက်ခေါ်၏။ သူများအိမ်နေရတာ မလွယ်။ ဒူးကြီးလာခေါ်တော့ နှစ်ခါမငြင်းဘူး။ ပုတု ပြန်လိုက်လာ၏။ နေ့ ရင်ဖာတိ သပွတ်ကွင်းမြို့ငယ်လေးကို မနေ့ကညနေကမှ ပြန်ရောက်၏။ တစ်ညအိပ်ပြီး ဒီမနက်ကနေ တစ်နေ့ကုန်စားထားတာတွေ မနက်က ဝမ်းမသွားဖြစ်၍ ညနေကျမှ ဝမ်းသွားရခြင်းပင်။

ဝမ်းသွား၍ ပြီးခါနီးမှာ နှာခေါင်းထဲ ပုပ်အဲ့အဲ့အနံ့ဆိုးကြီးဝင်လာ၏။

"ထွီး ... ဘယ်သေနာကောင်တွေက ချေးသေပုပ်၊ ကြောင်သေပုပ်၊ ကြွက်သေပုပ်တွေ လာပစ်ထားသလဲမသိဘူး။ ပုပ်ဟောင်လှိုင်နေတာပဲ"

လေသင့်မှ ပိုနံ့စော်လာ၏။ ကိုဒေါင်ကြီးရဲ့ အောက်ဖက်မှာ အုတ်ဘောင်တန်းတွေ ခံထား၏။ လူကြီးတစ်ယောက် ကိုဒေါင်အောက်ထဲ ဝင်ထိုင်လို့ရလောက်အောင် အမြင့်ရှိ၏။ ကိုဒေါင်အောက်ထဲမှာ မှောင်နေ၏။ တစ်ဖက်က အလင်းရောင်ကိုပင် မမြင်ရတော့။

ကိုဒေါင်အောက် အမှောင်ထဲကနေ တစ်စုံတစ်ရာ တိုးတိုက်ထွက်လာသံကြားရ၏။ လူသူနဲ့ အတော်အသင့်ဝေးပြီး မိန်းမသားတစ်ယောက်တည်းမို့ လန့်ပြီး ကြက်သီးထသွား၏။ ဒူးကြီးကို အဖော်ခေါ်ခဲ့ရင် ကောင်းသား။ ဒူးကြီးကလည်း ဖဲဝိုင်းရောက်ပြီး ဖဲမွှန်၍ ခေါ်၍ရမည်မထင်။ ပုတု ဘာသာ အရဲစွန့်ထွက်လာခြင်းပင်။

အန္တရာယ်ဆိုတာ ကြာကြာလွှယ်ထားလို့မရ။ ထွက်မကျအောင် လမ်းမှာ ကြိတ်မှိတ်တောင့်ခံပြီး အရောက်လာခဲ့ရ၏။ တိုးထွက်လာသော





အကောင်ကို ဓာတ်မီးနှင့် ထိုးကြည့်လိုက်၏။ ဓာတ်မီးက ခလုတ်လျှာကပ်နေ၍ ဖျတ်ခနဲသာလင်းပြီး ပြန်ပိတ်သွား၏။

ခွေးနက်ကျားကြီးတစ်ကောင်။ ဝတိုပြီး လုံးဖြိုးနေ၏။ ကျားပေါက်မှာ တောင့်တင်းသန်မာသော ခွေး။ ဒီခွေးအမည်က 'ကံကောင်း'။ 'ကံကောင်း'ကို 'ပုတု' ကောင်းကောင်းသိ၏။ နောက်ဖက် စားသောက်ဆိုင်အိမ်က မွေးထားသောခွေး။ ဒီခွေးက အစာကောင်း ဘယ်လောက်စားရစားရ လူရဲ့စွန့်ပစ်ပစ္စည်းကို အမြဲလိုက်ရှာစားတတ်၏။ မျိုးမကောင်းတဲ့ခွေး။ ခွေးလေခွေးလွင့်ကပေါက်တဲ့ ခွေးဆိုတော့ ဘယ်လိုသင်သင်မရ။ ဗီဇကိုက လူ့မစင်စားချင်တဲ့ ခွေး။

ပုတု ဟိုယခင်က ဝမ်းသွားတဲ့အခါတိုင်း ကံကောင်းနှင့် မကြာခဏတိုး၏။ ပုတုစွန့်ထားတာတွေကို ကံကောင်းက အပြတ်တွယ်ပြီး ရှင်းသင်းနေကျ။ ပုတုကိုပါ ခင်နေသည့်ခွေး။

"အမလေး ... ကံကောင်းရယ်၊ ငါ့နှယ် လန့်လိုက်တာ။ ငါက ဒီတဲတန်းက လိုက်နောက်ပြောင်ပြီး အစသန်တဲ့ ဖော်မင်းထွေးတို့၊ ကျော်မျိုးတို့ မှတ်နေတာ လက်စသတ်တော့ နင်ကိုး။ ခဏလေးနော် ... ငါပြီးအောင် စောင့်ဦး"

ပုတုက ကံကောင်းခွေးကို စကားလှမ်းပြောလိုက်၏။ ကံကောင်းက ဆိုင်ဆိုင်ကြီး ပြန်ကြည့်နေ၏။ နွေခင်းဖက်တွေ ချုံထဲဝမ်းလာသွားချင်တောင် ယခင်တုန်းက ဖော်မင်းထွေးတို့၊ ကျော်မျိုးတို့က ဘွားခနဲထွက်လာပြီး သရဲခြောက်သလို ခြောက်လှန့်တတ်၏။ အဲ့ဒါမျိုး နှစ်ခါလောက်ကြုံဖူးထား၍ ညဖက်ချုံတိုးတာမြင်ပြီး လိုက်နောက်တယ် ထင်သွားမိ၏။

ကံကောင်းက ပုတုပြောတာကို နားခံမလိုလို့နဲ့ ပုတုအနားကိုကပ်ပြီး အတင်းဝင်စား၏။

"ဟဲ့ ... ဟဲ့ ... ဒီမသာခွေး ... နေပါဦးလို့ပြောနေတာ မရဘူး။ အော် ... ဟဲ့ ... အမလေး ... ယားတယ်ဟဲ့ ... ဘာလို့ ငါတင်ပါးတွေကို လျှာကြမ်းကြီးနဲ့ လျက်နေရတာလဲ။ နင့်လျှာကြီးကလည်း ရေခဲနှင်းထားတဲ့ ကျားလျှာကြီး ကျနေတာပဲ၊ အေးစက်စက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပုတုလည်း အမြန်ထပြီး ထဘီပြန်ချလိုက်ရ၏။ ကံကောင်းကတော့ လက်ကျန် အမြန်ရှင်းနေ၏။ ပုတု ဒေါကန်သွား၏။

''ဒီလောက်တောင် ပြောမရဆိုမရတဲ့ခွေး တွေ့မယ် ဟင်း ...''

တုတ်တွေ၊ ခဲတွေ လိုက်ရှာပြီး ပေါက်မယ်လုပ်တော့ ကံကောင်း မရှိတော့။

''တော်တော်လျင်တဲ့ခွေး ... သူ့လုပ်မှာကျတော့ ကြောက်လိုက်တာ လစ်ခနဲ ပျောက်သွားတယ်။ နောက်တစ်ခါတွေ့လို့ကတော့ နာပြီသာမှတ်''

ပုတုကြိမ်းဝါးပြီး ထဘီပြန်မကာ သန့်ရှင်းရေး လုပ်လိုက်၏။ အီးတောင် ဝအောင်မပါလိုက်ရ။ ကံကောင်းလုပ်လိုက်လို့ ဗိုးလ်ပျက်ပြီး အိမ်ပြန်လာရ၏။ အိမ်ရောက်တော့ ဒူးကြီး ပြန်ရောက်နေ၏။

''ဟေ့ ... မိန်းမ ... ဒီနေ့ ဖဲနိုင်တယ်။ ဗိုင်းသိမ်းပဲကွာ။ မင်း ခေါက်ဆွဲကြော် စားမလား၊ ကုန်းဘောင်ကြီးကြော် စားမလား။ တို့နောက်ဖက်လမ်းမတန်းက ထောင်ကဲဆိုင်က သွားဝယ်ပေးမယ်''

ပုတုလည်း ဝမ်းသာသွား၏။ ဒူးကြီးက အရက်တစ်ခွက် ငုံ့သောက်ရင်း ...

''အခုတော့ နမ်းဖတ်ချဉ်လေးနဲ့ မြည်းထားဦး။ မင်းက ကုလားမဆိုတော့ ကော်ဖီမစ်သိပ်ကြိုက်တယ်။ ငါ ဝယ်ခဲ့မယ်။ မင်းလိုက်ချင်သေးလား''

'''လိုက်မယ်။ ရှင် ဘယ်လောက်နိုင်တာလဲ''

''တစ်ပုလင်းခွဲ''

''တယ်တော်တဲ့ ယောက်ျား။ အဲ့ဒါလေးတွေ ချစ်နေရတာ''

''တော်စမ်းပါ။ ငါရှုံးရင် ဆဲမယ့်ကောင်မကများ''

ပုတု ပါးချိုင့်ကြီးခွက်အောင် ပြုံးနေ၏။ ပါးက အမှတ်ကြီးမှာ ပေါက်နေသော အမွေးတွေကို လက်နှင့်သပ်ရင်း ...

''ဒါနဲ့ ထောင်ကဲကြီးဆိုင်မှာ ကံကောင်းကို လက်ခံထားသေးလား''





''မထားဘူး။ လွန်ခဲ့တဲ့ လေးလလောက်ကတည်းက ထောင်ကဲကြီးက ကံကောင်းကို ပိုင်ရှင်မဲ့ကြေညာထားတာ။ အဲ့ဒီကတည်းက သူ့ဆိုင်ကို အကပ်မခံဘူး။ ကံကောင်းရိုးလာရင် လေးခွနဲ့ပစ်၊ ရေနွေးပူနဲ့ပက်နဲ့ အောင်းထုတ်တော့တာပဲ။ နောက်တော့ ကံကောင်းလည်း မကပ်ရဲတော့ဘူး''

''အဲ့လိုဆိုတော့ ကံကောင်းက သနားစရာ''

''မသနားနဲ့။ ကံကောင်းက အရင်က သိပ်သဘောကောင်းတဲ့ခွေး။ အားသောက်ဆိုင်က စားကြွင်းစားကျန်တွေ အဝအပြဲတီးရလို့ ဝဖီးပြီး အိပ်နေတဲ့ ခွေးပေါလောကြီး။ လူတက်နင်းရင်တောင် ပြန်မကိုက်ဘူး။ အဲ့ဒါနဲ့ ထောင်ကဲကြီးက ကျားရိုးသွေးပြီး အစာထဲထည့်ကျွေးတာ ကျားစိတ်ပေါက်ပြီး လမ်းပေါ်သွားလာနေတဲ့လူတွေပါ ထွက်ကိုက်လို့ ထောင်ကဲကြီးလျော်လိုက်ရတာ မနည်းဘူးလေ။ ကြာတော့ ထောင်ကဲကြီးလည်း မတတ်နိုင်တော့ဘူး။ သူ့ခွေး မဟုတ်ဘူး၊ ကြိုက်တဲ့လူ သတ်လိုက သတ်ပါတော့လို့ ပြောရတဲ့အဆင့် ရောက်ရော''

လင်မယားနှစ်ယောက် အတူလျှောက်ရင်း စကားပြောလာဖြစ်၏။ ထုက

''ကံကောင်းက ငယ်ငယ်လေးတည်းက တစ်ကောင်တည်း မျက်စိသည်ပြီး ထောင်ကဲဆိုင်ကို ရောက်လာတာ။ အဲ့ဒါကို ကီဆောင်ဆိုတဲ့ စားပွဲထိုးလေးက ခေါ်မွေးရာက ထောင်ကဲကပါ ဆက်မွေးထားခဲ့တာနော်''

''ဟုတ်တယ်လေ။ နေပါဦး ... ကံကောင်းအကြောင်း ဘာလို့ အရှုကြီးခွင်ကျယ် မေးနေတာလဲ။ အဲ့ဒီကံကောင်းပေါ့။ မင်းနဲ့ငါနဲ့ကွဲပြီး သုံးဆယ်လောက်နေတော့ ရထားကြိတ်လိုက်လို့ သေသွားပြီ''

''ဟော့တော် ...''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

"ကံကောင်းက သူများသတ်တာ။ သတ်တဲ့ကောင်က ကျောက်ချ ကျော်ဦးဆိုတဲ့ကောင်ပေါ့။ သူ့ကို ကံကောင်းက ကိုက်ဖူးတယ်။ တော်တော် နာသွားတယ်။ အဲ့ဒါကို အတေးအမှတ်ထားပြီး ကံကောင်းပိုင်ရှင်မဲ့သွား တော့ အစာပြပြီး ပိုက်ကွန်နဲ့အုပ်ဖမ်းတာ။ ပြီးတော့ သုံးလေးယောက် ဝိုင်း ချုပ်ပြီး ဆာလာအိတ်ကြီးထဲထည့်၊ ရထားလမ်းမှာ ကြိုးချည်ပြီး သွားပစ် ထားတာ။ ရထားတက်ကြိတ်ခံရပြီး ကံကောင်း သေသွားတာပဲ။ အပိုင်းပိုင်း အတစ်တစ် ဖြစ်ကုန်တာပေါ့"

ဒူးကြီးစကားကြောင့် ပုတု မျက်လုံးပြူးမျက်ဆံပြူးနှင့် ...

"တော် ... မဟုတ်သေးဘူး။ ကံကောင်းကို ခုန တစ်နာရီလောက် မကြာသေးဘူး ဂိုဒေါင်ဘေးက ချုံမှာ ကျုပ် အလေးသွားစွန့်တော့ တွေ့ခဲ့ သေးတယ်။ ကျုပ်စွန့်ထားတာတွေတောင် အတင်းလုစားနေသေးတယ်"

"ဟင် ... အဲဒါဆို ... မင်း ... မင်း ... ခွေးသရဲခြောက်ခံရ တာပဲ။ ကံကောင်းခွေးသေတော့ ခွေးသရဲဖြစ်နေတာနေမှာ။ ကိုတင်ထွန်း ကြီးတစ်ခါ၊ ကိုညိုကြီးတစ်ခါ၊ ညနေဝင်ရီတရောကြီး ကံကောင်းနှစ်ခါခြောက် ခံရတယ်လို့ ပြောဖူးတယ်"





ဒူးကြီးလည်း အံ့သြထိတ်လန့်နေ၏။ ပုတုက ...

"ရှင် ကျွန်မကြောက်အောင် တမင်နောက်ပြောနေတာ မဟုတ် လား"

"ဟာ ... ငါ တကယ်ပြောနေတာ။ ကံကောင်း တကယ် သေ သေဆိုတာ ထောင်ကဲဆိုင်ရောက်ရင် မေးကြည့်လိုက်"

ထောင်ကဲဆိုင်ရောက်တော့ ပုတု မေးကြည့်မိ၏။ ထောင်ကဲက –

"ဟုတ်တယ် ... ရထားကြိတ်ခံရပြီး သေသွားတာ။ ဟိုခွေးမသား သွားခေါ်၊ နှာကောက်၊ အေအိုင်ဒီအက်(စ်)ရုပ်နဲ့ ကျော်ဦးဆိုတဲ့ကောင် လုပ် လိုက်တာ။ ကံကောင်းအတွက် စိတ်မကောင်းဘူး။ ကံကောင်းလည်း အိတ်ထဲ ထိတ်ခံရတော့ ဒေါသတွေထွက်၊ ကျော်ဦးကို ပြန်ကိုက်ချင်စိတ်တွေ စွဲသွား ပြီး မကျွတ်တာနဲ့တူတယ်။

ဟိုတစ်ပတ်က ကျော်ဦး သူ့အိမ်က သူ့အမေကြက်မကြီးပျောက် လို့ လိုက်ရှာတာ ဂိုဒေါင်အောက်ရောက်တော့ ကံကောင်း အတင်းလိုက် ကိုက်တယ်ပြောပြီး မကောင်းတာ ကပ်တယ်ဆိုလား၊ သုံးလေးရက် တိုင်အောင် ဆေးဆရာနဲ့ ကုလိုက်ရတယ်လေ။ ဒီကောင့်တင်ပါးမှာ ခွေးကိုက်ရာကြီး နဲ့ တော်သေးတယ် မသေဘူး။ ဘေးပတ်ဝန်းကျင်က လူတွေကတော့ ဒီ ကောင့်ကို သေစေချင်နေကြတာ"

ပုတုနားထောင်ပြီး ကြက်သီးတွေတုန်ထကာ ခေါက်ဆွဲကြော်ထုပ် ဆွဲပြီး ခပ်သွက်သွက် အိမ်ပြန်လာလိုက်ရ၏။ အိမ်ရောက်တော့ ရေမန်း တွေ၊ ဘာတွေသောက်ပြီး ...

"ကျွန်မ ကံနိမ့်လို့ တွေ့ရတာဖြစ်မယ်။ မနက်ဖြန် ကံမြင့်အောင် ဆိုင်းလျှော်ပစ်ဦးမယ်"

"နင် အမြင်မှားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကံကောင်းနဲ့ အရွယ် တူ အရောင်တူတဲ့ ခွေးလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ကံကောင်းအစစ်ပါတော် ... မျက်လုံးအပေါ်မှာ အမွေးအဖြူ ကွက်ကလေး ပါတာကအစ အကုန်အတူတူပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဆိုရင် ခွေးသရဲခြောက်တာပဲ။ နောက် အဲ့ဒီအချိန် မသွား နဲ့ပေါ့။ ကဲ . . . ခေါက်ဆွဲတွေ စားပစ်လိုက်"

ပုတု ခေါက်ဆွဲသာစားရပေမဲ့ ကံကောင်းဆီကိုသာ စိတ်ရောက် နေမိ၏။ သနားဖို့လည်း ကောင်း၏။ မာန်ဖီပြီး အတင်းလုစားတာ၊ စေ စက်စက်လျှာကြီးနှင့် အပွတ်ခံရတာကို ပြန်တွေးပြီး အသည်းတွေ၊ အူ ယားကုန်၏။

ကြဲကြဲဖန်ဖန် ခွေးသရဲတဲ့။ ပုတု စားသောက်ပြီး အိပ်ပျော်သွား တော့ စိတ်စွဲပြီး အိပ်မက်မက်ပြန်၏။ ကံကောင်းခွေးသရဲက နောက်က အတင်းလိုက်လို့ ပုတုခမျာ အူယားဖားလျား ထွက်ပြေးရကာ လန့်နိုးသွား ၏။

ပြန်မအိပ်ရဲ။ ထိုစဉ်မှာပင် ဆန်ကိုဒေါင်ဖက်က ရှီးရှီးခွေးအူသံနှင့် မတူသော ခွေးအူသံ ချောက်ချားစရာကောင်းတာကြီးကို ဆွဲဆွဲငင်ငင် ကြား လိုက်ရ၏။

မကောင်းဆိုးဝါးကြီး ထအော်အူလိုက်သလိုပင်။ ပုတုကြောက်ပြီး ဒူးကြီးရင်ခွင်ထဲကို အတင်းတိုးဝင်၏။ ဒူးကြီးကလည်း ဖက်အုံးမှတ်ပြီး ပုတု ကို ပေါင်နှစ်လုံးကြားထဲ ဆွဲသွင်းညှပ်ကာ ဆက်အိပ်နေ၏။

✿ ✿ ✿

| ၃ |

❑

ဒူးကြီးက လံဘားလောရှည်အရပ်ကြီးနှင့် ပုတုက ပုတုတုလေး။ ဒူးကြီးရဲ့ ခါးလောက်ပဲမြင့်၏။ လင်မယားနှစ်ယောက် တွဲသွားလျှင် လူကဲ့ ရဲ့စရာကြီးကို ဖြစ်လို့။ ဒီမနက်မိုးလင်းတော့ အမင်္ဂလာသတင်းဆိုးကြီး ကြား လိုက်ရ၏။

**"လူတစ်ယောက် ရထားကြိတ်ခံထားရလို့"**

ကြည့်ရဲတဲ့လူတွေက ပြေးကြည့်ကြ၏။ မကြည့်ရဲသူတွေက သွား မကြည့်ရဲ။ ဂိုဒေါင်နှစ်လုံးကြားနေရာမှာ ကြိတ်ထားခြင်းပင်။ ကံကောင်းခွေး ကို ကြိတ်ထားသော နေရာနှင့် တခေါ်လောက်သာ ဝေး၏။

"ခြေတွေလက်တွေပြတ်၊ ခေါင်းတွေပြတ်။ အသားတစ်၊ အသား ဆိုင်တွေဆိုတာ မြင်မကောင်းဘူး။ သွေးတွေလည်း အိုင်ထွန်းနေတာပဲ"

**"ဒီမြို့ထဲကလူ မဟုတ်ဘူး။ ဒီအနီးဝန်းကျင်ရွာတွေက လူလည်း မဟုတ်ဘူးတဲ့။ နာမည်တောင် မသိတဲ့ လူစိမ်းပဲ။ ရဲက လာကောက်သိမ်း သွားပြီ"**

"အရက်သောက်ပြီး အရက်မူးတော့ သံလမ်းကို ခေါင်းအုံးပြီး အိပ်လိုက်ရာက မေ့ခနဲအိပ်ပျော်သွားတာ ရထားလာတာတောင် မနိုးတော့ ဘဲ ဖြစ်သွားမှာပေါ့"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရထားလာတာ ဒီလောက်ရှုပ်နေတာ နိုးတော့နိုးမှာပါ။ မကော
ဆိုးဝါးတွေက သူ့ခန္ဓာကိုယ်ပေါ်က အတင်းတက်ဖိထားလို့ နေမှာပေါ့အေ"

သွားကြည့်ပြီး တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြ

ဒူးကြီးက ...

"ရထားလမ်းကို ခေါင်းအုံးအိပ်တာ သိပ်အိပ်လို့ကောင်းတာ။ ဘ
ဓာတ်လည်းမသိဘူး။ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားရော၊ သံလိုက်တ
က ဦးနှောက်ထဲက သံလိုက်လှိုင်းတွေကို ဆွဲကပ်ထားလို့ဖြစ်လိမ့်မယ်။ ရှ
လေးပြောဖူးတယ်"

ကိုတင်ထွန်းက မီးရထားလမ်းပိုင်းဝန်ထမ်း၊ သူ ဝင်ပြောလာ

"ဒီကောင် .. ရထားလမ်းပေါ် ထိုင်ကြည့် ရပ်ကြည့်နေရင်လည်
ကြိတ်ခံရမှာပဲ။ ရထားလာတဲ့လမ်းပေါ်မှာ ငါ တစ်ခါ သွားရပ်ကြည့်မိတ
သတိမေ့သလို ဖြစ်နေရော။ ဘေးက လုံ့ဖောက်ကိုင်ဖက် ကိုညိုကြီး
'ဟေ့ကောင် ... ဘေးဖယ် သေချင်လို့လား' ဆိုပြီး ပခုံးပုတ် ကိုင်လှုပ်
ခေါ်သွားလို့ဗျ။ ကံကောင်းလို့ မသေခဲ့တာ။ ရထားသံလမ်းမှာ ခေတ်အဆ
ဆက်ကတည်းက မကျွတ်မလွတ်တဲ့ နာနာဘာဝတွေကများတော့ လူ
ဖမ်းစားမေ့မြောထားလိုက်တာ ... အံ့ရောကွာ"

သူတို့တတွေ ပြောဆိုနေကြတာကို ပုတုနားထောင်ပြီး ရင်တု
ပန်းတုန် ဖြစ်လာ၏။ အမည်မသိ။ ဘယ်ကမှန်း စုံစမ်း၍မရသော လူ
ရထားကြိတ်ပြီးသောအခါ ညဖက်မှောင်နဲ့ ဂိုဒေါင်ဘေးကို အိမ်သာ သွား
မတက်ရဲကြတော့။ ဖော်မင်းထွေးနဲ့ ကျော်မျိုးတို့လို ရွှတ်ကောင်တွေ၊ ဘာ
ဖြစ်လဲ သွားတက်တယ်ဆိုပြီးသွားတာ အော်ပြေးလာရတယ်လေ။

"တောက် ... ခွေးသရဲအပြင် လူသရဲက ထပ်တိုးလာသေးတယ်
ခြောက်လိုက်မယ့်မျိုး"

ဦးညိုကြီးပြောသလို ခြောက်လှန့်ပါတော့၏။ ညရောက်တာနဲ့ တဲ
အိမ်တွေကို ခဲလုံးတွေနှင့် လှမ်းပေါက်၏။ သံလမ်းခင်းတဲ့ ခဲလုံးတွေနဲ့ ပု
ဒိုင်းဆူညံနေ၏။ ဓာတ်မီးနဲ့ သံလမ်းပေါ် လိုက်ထိုးကြည့်လည်း ဘယ်သူ





တွေ့၊ ခဏသာရပ်သွား၏။ လူတွေ ပြန်အိပ်လျှင် ပြန်ပေါက်ပြန်၏။ တစ်ည
လုံး မအိပ်ရ။ ခွေးအူသံဆိုးကြီးကလည်း ကြားတဲ့သူတိုင်း ကျောစိမ့်ဖွယ်ရာ။
အိပ်ဘဲ အမှောင်ထဲကို ချောင်းကြည့်နေသော ပုတုက ...

"ယောက်ျား ... ဒူးကြီး ထချောင်းကြည့်စမ်း၊ သံလမ်းအတိုင်း
ခွေးတစ်ကောင်နဲ့ လူတစ်ယောက် ဟိုဖက်သွားလိုက်၊ ဒီဖက်သွားလိုက်နဲ့
တော့ ..."

"အိပ်စမ်းပါကွာ ... သူ့ဘာသာထားလိုက်"

သိပ်မကြာ၊ ခဲလုံးတွေ ပေါက်တော့၏။ သုံးလေးညအိပ်မရ။ လွတ်
ရာဆိုင်ခန်းတွေ ပြောင်းအိပ်နေကြရ၏။ ဂိုဒေါင်ကြီးအောက်ကို နေ့ခင်း
ကြောင်တောင်ပင် အိမ်သာသွားမတက်ရဲကြတော့။ ကိုယ့်အထုပ် ကိုယ်ပါပြီး
ချုံနက်နက်တူးကာ မြေမြှုပ်နေကြရ၏။

တဲအိမ်လေးတွေရှေ့နောက်ဝဲယာ ပြွတ်သိပ်နေ၍ အိမ်သာဆောက်
လို့မရ။ အကုန်နံစော်ကုန်မှာမို့ မဆောက်ကြခြင်းပင်။ ဖြစ်သလိုနေ၊ ဖြစ်
သလို စားကြသူတွေ ဖြစ်သလို သွား၍မရတော့ စိတ်တွေ ညစ်ကုန်ကြ၏။
နေ့ခင်းဖက် ဗိုက်နာမှာ ကြောက်နေကြ၏။ ညဖက်ကတော့ သံလမ်းဘေး
အမှောင်ထဲ သွားထိုင်ရုံပေါ့။ ဓာတ်မီးသမားတော့ ကြောက်ရ၏။ ဓာတ်မီး
သမားတောင် ည(၁၀)နာရီကျော်ကနေ စတင်ခဲပေါက်ခြောက်လှန့်သည့် မမြင်
ရသည့် အကောင်တွေကို ပိုကြောက်နေရတော့၏။ ရုံပိုင်ကြီးကိုယ်တိုင် လာ
ရောက်စုံစမ်း၏။ သူ့ကိုတောင် ကံကောင်းလို့ ခဲမမှန်တာ။ သူလည်း နောက်
ဖက်ကနေ ပြန်လစ်ပြေးသွား၏။ ထူးခြားဖြစ်စဉ်အနေနှင့် စာရေးပြီး အထက်
ကို တင်ပြလိုက်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

“အောင်မလေး ... ကယ်ကြပါဦး ... ကိုဒူးကြီးရေ ... ကိုဒူးကြီး လုပ်ပါဦးတော့”

ည (၁၀) နာရီထိုး လူခြေတိတ်ချိန်မှာ သံလမ်းဘေး တောထိုင်နေရင်း ပုတုတစ်ယောက် သူ့အိမ်လေးဆီ အော်ပြေးလာ၏။ ဒူးကြီးက ခေါင်းတွေဘာတွေ ဆောင့်မိပြီး တဲထဲက ကုန်းထွက်လာရ၏။ တဲက အမိုးနိမ့်တာကိုး။

“မသာမလန့်လိုက်တာ ... ဘာဖြစ်လာတာလဲ”

“ဟိုမှာ ... သံလမ်းပေါ်မှာ နှစ်ကောင်တွဲကြီး ... နှစ်ကောင်တွဲကြီး”

**“ဘာနှစ်ကောင်တွဲလဲ ... နင့်ဟာက”**

“ခွေးသရဲနဲ့ လူသရဲ။ ခွေးသရဲက သံလမ်းပေါ်က ခုန်ကျော်ပြီး ကျွန်မဆီ ပြေးလာတယ်။ လူသရဲက နောက်ကလိုက်ပြီး လက်ပြပြေးလာတယ်”

“ဘယ်မှာလဲ ... မှန်းစမ်း”





ဒူးကြီးက လက်နှိပ်ဓာတ်မီးနှင့် ထင်းခုတ်ဓားမကို ကိုင်ဆွဲကာ သံလမ်းဖက်ကို ထွက်ကြည့်၏။ လမိုက်ညတွေမှာ ပိုခြောက်လှန့်၏။ လသာ ရက်ဆို သိပ်မခြောက်။ ခြိနားက ကလေးတွေလည်း လမိုက်ညဆို ဘာလန့် မှန်းမသိ၊ တပြုံပြုံ ထအော်၏။ ခွေးသရဲ ၊ လူသရဲ နှစ်ကောင်တွဲမြင်တာကို ဒီနားက လူတွေက နှစ်ကောင်တွဲဟု ခေါ်နေကြတာ မှုနေတဲ့အချိန်များနေ၍ ဒူးကြီး မသိလိုက်။

တစ်လကြာပြီ။ ဒီကိစ္စ ရှင်းလို့မပြီးနိုင်။ ဒီနှစ်ကောင်တွဲ ခဲနဲ့ပေါက် ခြောက်လှန့်မှုတွေကြားက ဗိုက်ကြီးသည်မစန်းဦး သေသွားပြီ။ သူ့နောက် က နှီးနှစ်လုံးစိန်ဆိုသော ငပိန်မ သေပြန်၏။ နောက်တစ်ဖန် ရုံပိုင်ဟောင်း ကိုမောင်စိုး ရှောသွားပြန်၏။ လူအသေအပျောက်တွေ များနေ၏။ ဆက်လက် သေနိုင်သည့်သူတွေလည်း ရှိသေး၏။ လူသိန်းနှင့် ပိုင်ရဲတို့နှစ်ယောက် ဝမ်း တွေလျှောနေ၏။

ဒူးကြီး ဘာမှမတွေ့ရ၍ ဒေါကန်သွား၏။

“ဟော့ ... ကြောက်တဲ့သူကို လိုက်ခြောက်မနေနဲ့။ မကြောက်တဲ့ ငါ့ကို ခြောက်စမ်း။ မင်းတို့ကို ဟော့ဒါပဲထင်တယ်။ ဒါပဲကွ မှတ်ထား”

ဒူးကြီး အော်ဟစ်ဆဲဆို ပွဲကြမ်းတော့လည်း ငြိမ်သက်နေ၏။ ဒူးကြီး သူ့အိမ်ထဲ ရင်ကော့ပြန်ဝင်လာသည်နှင့် လက်ပစ်ခဲတွေ မိုးသီးကြွေသလို ဒူးကြီးအိမ်ဘေး၊ အိမ်အောက်၊ အိမ်အမိုးအိမ်နံရံတွေပေါ် ကျရောက်ကုန် ၏။ ဒူးကြီးတို့လင်မယား ထွက်ပြေးကောင်းလို့သာပေါ့။ သတ္တိကောင်းသော ဒူးကြီးခမျာ အိမ်ပြန်မအိပ်ရဲ။ ဘူတာက ခရီးသည်နားသည့် ခုံတန်းမှာ သွားအိပ်ရတော့၏။

ရုံပိုင်ကြီးက အဖြစ်စုံကို ကြားသိနေရ၍ စိတ်မကောင်း။ အထက် ကို စာတင်ထားတာလည်း ပြန်မကျလာသေး။

“အင်း ... တော်တော်ဆိုးနေပြီ။ ထပ်ပြီး အရေးပေါ်စာတင်မှပဲ ဖြစ်မယ်။ နောက်ဆို သွားနေတဲ့ရထားကိုတောင် ခဲနဲ့ပေါက်မှုတွေ ဖြစ်လာ နိုင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ရုံပိုင်လေးနှင့် ရမဒါတွေလည်း ဝိုင်းဝန်းထောက်ခံကြ၏။ လင်းရဲ့ ကိုင် ရမဒါတွေ ညအချိန်မတော် ရထားသွားလာဖို့ လမ်းဖွင့်လမ်းစီ သွားလုပ်ပေးရ၏။ သူတို့က သူများထက် ပိုအခြောက်ခံရ၏။ နောက်တော့ ညဂျူတီမှာ သုံးယောက်လောက် အဖော်ခေါ်ပြီးမှ သွားရဲတော့၏။ အဲ့ဒီ တောင် သူတို့ကိုပါ ခဲနဲ့လိုက်ထုခံရသေး၏။ ဘယ်သူဘယ်ဝါမှန်းလည်း မမြင် ရ။ ခွေးလိုက်ဆွဲသလိုဖြစ်၍ ပြေးလိုက်ရတာမှ ဘူတာပြန်ရောက်တော့ ခြေ ထောက်တွေကွဲ၊ ဒူးတွေပြဲ။ ဘူတာမီးရောင်အောက်ရောက်တော့လည်း ဘာ ခွေးမှလိုက်မလာ။

"တောက် ... နှစ်ကောင်တွဲကို ဇရဲပို့ပစ်ချင်နေပြီ"

ဂျမဒါတွေ ပိုအထိနာနေ၍ ရုံပိုင်ကြီးလည်း ထူးခြားဖြစ်စဉ်ကို အသေးစိတ်အစီရင်ခံစာရေးပြီး အထက်ကို ထပ်မံတင်ပို့လိုက်၏။

✿ ✿ ✿

[ ၁ ]

❑

ပုတုတစ်ယောက် လန့်ကြောက်ဖျားပြီး ကယောင်ကတမ်းနဲ့ ထမ်းထမ်းသလို ယောင်ယမ်းပြောဆိုနေ၏။

"ခွေးနက်ကြီး ... သရဲကြီး ... အမလေး ... ကိုဒူးကြီး ကယ်ပါဦး ... နှစ်ကောင်တွဲကြီး။ ကလေးတွေကိုပါ ပတ်လိုက်နေပြီ။ ကျွန် ... ကျွန်မကိုလည်း ... လိုက် ... လိုက်နေပြန်ပြီ"

တဲတန်းစုက လူတွေအားလုံး စိတ်ညစ်ကုန်ကြ၏။ ပုတုကို ပရိတ် ရေမန်းတိုက်ပြီး ဘုန်းကြီးတစ်ပါးထံ အပ်နှံကုသလိုက်မှ ပြန်ကောင်းလာ၏။

"သပိတ်မသွတ်ရ၊ အမျှမဝေရ၊ ဘယ်ကလာတဲ့လူမှန်း မသိတော့ ဘာမှလုပ်မပေးဖြစ်ဘူး။ အဲ့ဒီမှာတင် မကျွတ်မလွတ်ဘဲ သူတို့ပရလောက သားချင်း ပေါင်းပြီး သောင်းကျန်းနေတော့တာပဲ။ ဒီအတိုင်း မထားဘူး။ ရုံပိုင်ကြီးက သူစီရင်ဖို့ အထက်ကလုပ်ပိုင်ခွင့် ပေးလိုက်ပြီတဲ့။ ဂျမဒါ ကိုထွန်း သိန်းက ပြောတယ်"

တဲတန်းစုက လူတွေ ဦးညိုကြီးစကားကို စိတ်ဝင်တစား ဖြစ်ကုန် ကြ၏။ တချို့က ...



www.burmeseclassic.com

www.burmeseclassic.com



"ရှုံပိုင်ကြီးက အထက်လမ်းဆရာမှ မဟုတ်တာ။ သူ ဘာလုပ်လို့ ရမှာလဲ"

"ဟကောင်ရ . . . ဒါမျိုးဆိုတာ မင်း မိန့်ပြန်ရတယ်။ အပင်အကြီး ကြီးတွေ ခုတ်မရရင် မင်းအမိန့်အာဏာနဲ့ နှင်လိုက်။ ခုတ်လို့ရရော။ ခုလည်း ဒီအတိုင်းနေမှာပေါ့"

ဦးညိုကြီး စကားကို ဘဝင်ကျတဲ့သူလည်း ကျသွား၏။ ဒူးကြီးက သေသေချာချာ စုံစမ်းပြီး ပြန်ရောက်လာ၏။

"အာရ်ဘီအီး စက်မောင်းတွဲတစ်တွဲပေါ်မှာ ပင့်သံဃာကိုယ်တော် တွေနဲ့ ဘုရားစာ၊ တရားစာတွေ ရွတ်ဖတ်သရဇ္ဈာယ်ဖို့ ပြင်နေကြပြီ။ ဒီနေ့ညနေစောင်းကနေ မိုးချုပ်ခါနီးအထိ ဒီလမ်းပေါ်မှာ ခေါက်တုံ့ခေါက် ပြန် မောင်းပေးပြီး အန္တရာယ်ကင်းပရိတ် ရွတ်ပေးတော့မှာ"

တဲတန်းကလူတွေ ဝိုင်းဝန်းပြီး အားပါးတရ လက်ခုတ်တီးကုန်ကြ ၏။ ဝမ်းသာကုန်ကြ၏။ မကောင်းဆိုးဝါးတွေကြောင့် အိပ်ပျက်ရပေါင်း များ ပြီလေ။ ဘုရားသားတော်တွေ ရွတ်ဖတ်သရဇ္ဈာယ်ရင် ဒင်းတို့ ဘာခံနိုင်မှာ တဲ့လဲ။

ရှုံပိုင်ကြီးကိုယ်တိုင် ပင့်သံဃာတွေကို ဖျော်ရည်ဆက်ကပ်ပြီး ညနေ စောင်းတာနှင့် အာရ်ဘီအီးစက်မောင်းယာဉ်နှင့် လူးလာခေါက်တုံ့မောင်းနှင် ကာ ရွတ်ဖတ်သရဇ္ဈာယ်ပေးကြ၏။

ညနေမိုးချုပ်မှ ရပ်နားသွားကြ၏။ ပင့်သံဃာတွေ ပြန်ကြွသွား တော်မူကုန်၏။ ည ကိုးနာရီခွဲ၊ ဆယ်နာရီလောက်မှ ဖာတ်လမ်းစတတ် သောကြောင့် အဲဒီအချိန်ကို ရင်တထိတ်ထိတ် စောင့်ကြည့်နားစွင့်နေကြ ၏။ ဟိုအိမ်မှာ လူစုစု၊ ဒီအိမ်မှာ လူစုစုနဲ့ပေါ့။

မတော်တဆ ခဲလုံးတွေကျရင် ကာကွယ်ဖို့ ခမောက်တွေ၊ လင်ပန်း တွေ ကိုယ်စီကိုင်ဆောင်ထားကြ၏။ ပုတုတို့လင်မယားလည်း ရင်တထိတ် ထိတ်နဲ့။

"တော် . . . ကိုဒူးကြီး ဘယ်နနာရီ ထိုးပြီလဲတော်"





"လာတော့မယ် . . . အသာနေ၊ ကိုးနာရီခွဲဖို့ သုံးမိနစ်ပဲလိုတော့ တယ်။ ရှုံပိုင်ကြီးတောင် သံလမ်းဘေး ကုက္ကိုပင်အောက်မှာ သူ့အဖော်တွေ နဲ့ ပုတီးစိပ်ရင်း စောင့်ကြည့်နားစွင့်နေတယ်ဟ။ ဒီအချိန်မှာ နင်ဗိုက်မနာ ဘာပဲ ကံကောင်း"

ပုတုက ဒူးကြီးကို မျက်စောင်းပိတ်ထိုးပစ်၏။ ညကိုးနာရီခွဲမို့ ခေါ်ယာတိုင်ကြိုးတပ်ထားသော ရေဒီယို ရွှေ FM က တရားဟောတာ လာ နေလေပြီ။ ဒူးကြီးက တိုးတိုးဖွင့်ပြီး နားထောင်နေ၏။ ခဲနဲ့ထုခံရပြီးတဲ့ နောက် နေ့ပဲ ဒူးကြီး အရက်ဖြတ်လိုက်၏။ အရက်သမား ကံနိမ့်လို့ ခဲထုခံရတာဟု မှတ်ထင်ပြီး ဖြတ်လိုက်ခြင်းပင်။

ညကိုးနာရီခွဲသောအခါ အသံဗလံတွေ ငြိမ်နေ၏။ ရထားအသွား အလာရှိတဲ့အခါကလွဲရင် ညဆယ်နာရီထိုးသည့်တိုင် ဘာခဲလုံးမှ မကျရောက် တော့။ တစ်ညလုံး အေးချမ်းငြိမ်သက်သွား၏။ နောက်နေ့တွေမှာ အဲဒီသတင်း ကို နီးစပ်ရာဆိုင်တွေနဲ့ ဈေးထဲမှာ ပြောဆိုဖြစ်နေကြ၏။ တချို့က . . .

"နင်တို့က လသာရက်ကြီး ဖြစ်နေတယ်လေ။ လမိုက်ညရောက် တဲ့အထိ စောင့်ကြည့်ပါဦး။ တော်ကြာ နှစ်ကောင်တွဲက လမိုက်ညမှ အား ကောင်းပြီး ပြန်ပေါ်လာမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

တဲတန်းကရော၊ ဘူတာက မီးရထားဝန်ထမ်းတွေပါ လမိုက်ည ရောက်တဲ့အထိ စိတ်ရှည်လက်ရှည် ပြန်စောင့်ကြည့်ကြ၏။ လမိုက်ညမှာ အေးချမ်းငြိမ်သက်နေတော့မှ အားလုံး စိတ်ဒုံးဒုံးချ ယုံကြည်လိုက်တော့၏။ ဘာခဲလုံးမှမပေါက်။ ဘာအသံမှမပေး။ ဘာအရိပ်အယောင်မှ မပြတော့။

နှစ်ကောင်တွဲခွေးသရဲနဲ့ လူသရဲဆိုတာ ဒီနားမှာမရှိတော့တာ သေ ချာသွား၏။ မြတ်ဗုဒ္ဓ၏ ပရိတ်တရားအစွမ်းက တကယ်ကို အံ့မခန်း။ အစွမ်း ထက်မြက်လှ၏။ ပုတုတို့လင်မယားလည်း ဘာသာတရားကို ပို၍ ကိုင်းရှိုင်း လာကြ၏။ နောက်တစ်လမှာ ပုတုကိုယ်ဝန်ရှိသွား၏။ သွားစစ်တော့ နှစ်လခွဲဖြစ်နေပြီ။ အရင်ကတည်းက စရှိနေတာဖြစ်မည်။ လူတွေက ပုတု ကိုယ်ဝန်ရှိတာကိုကြည့်ပြီး အမျိုးမျိုး မေးစမ်းလေ့လာကြ၏။ ပုတုက . . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ ဘာတွေဖြစ်လို့ ဒီလောက်မေးနေရတာလဲ"

ဟု ပြန်မေးသောအခါ အားလုံးရဲ့အဖြေကို တစ်ပေါင်းတစည်းတည်း ပြန်ဖြေရမည်ဆိုလျှင် ပုတုဗိုက်ထဲကို ခွေးသရဲသော်လည်းကောင်း လူသရဲသော်လည်းကောင်း၊ ပြန်ဝင်လာမှာကို အသေလန့်နေသောကြောင့် ပါတဲ့။

ညိုမိုး




www.burmeseclassic.com

www.burmeseclassic.com

# | ၁ |

❑

မြို့၏ရာဇဝင်သမိုင်းက ကိုလိုနီနယ်ချဲ့ ကျူးကျော်လွှမ်းမိုးပြီး ကုန်းဘောင်မင်းဆက်ပြတ်၍ မန္တလေးရွှေနန်းမြို့ကြီး စည်ပေါက်လို့ ထီးကျိုးပြီး တိုင်းနိုင်ငံအဝန်းမှာ ပူဆွေးသောကတွေဖုံးလို့ ဆန်ကော်ထဲမှ ဇီးဖြူသီးလိုဖြစ်နေသော ကာလအချိန်တွင် နန်းတွင်းသားတစ်မိသားစုက ပေါင်းလှေကြီးတစ်စီးနှင့် နီးစပ်သူအဖော်အပေါင်း အနည်းငယ်တို့နှင့်ပေါင်းပြီး ဒဂုံမြို့ (ရန်ကုန်)၏တောင်ဘက် အရပ်ဒေသတွင် မြစ်ရေကြောအတိုင်း လိုက်လာပြီး နိုဝင်နားလိုက်ကြသည်။

ထိုအရပ်ဒေသက တံ့တေးတောကြီးတန်းအစွန်း တားလတ်ဆိုသော အရပ်ဖြစ်သည်။ ဇနပုဒ်ရပ်ကျေးလည်းမဟုတ်။ အင်္ဂါစုံသော မြို့ကြီးပြကြီးလည်း မဟုတ်။ ဒါပေမဲ့ အေးချမ်းတိတ်ဆိတ်ပြီး အနည်းငယ်ခေါင်သည်။ ဒေသ၏အုပ်ချုပ်မှုက မြို့စားသီရိဇေယျကျော်ထင်နော်ရထာဟု ဆိုသည်။ နှမ တစ်ကိုယ်မောင်တစ်ယောက်အဖြစ်နှင့် အခြွေအရံများဖြင့်နေသည်ဟု သိလိုက်ကြသည်။ ရေကြောင်း၏အခွန်အကောက်ကို ကြီးကြပ်ရသည်။ မြစ်၏ကမ်းနဖူးတွင် အကောက်ရုံးဖွဲ့၍ အစေအပါးတို့ကို ကောက်ယူပြီး အတွင်းပိုင်းတွင် စံအိမ်ဖြင့် နှမဖြစ်သူ မြတ်မွန်စောနန္ဒာနှင့် နေထိုင်ကြသည်။





ရွှေနန်းမြို့ မန္တလေးမှ ပေါင်းလှေကြီးနှင့် စုန်ဆင်းလာသူ ရဲမက်ဘော်ကြီး ဒွန်းဘော်နှင့်အစုသည်၊ ညောင်စုလှေဆိပ်ပိုင်းတွင် ရရာသစ်ဝါးဖြင့် အိုးအိမ်တည်ဆောက်၍ နေကြလေသည်။ လှေတစ်စီးနှင့် ဒဂုံဘက်ကိုကူး၍ အထမ်းအပိုး အသယ်အမ,လုပ်သူလုပ်၍ ဟင်းသီးဟင်းရွက်ရောင်းသူရောင်း၍ လုပ်ကိုင်စားသောက်နေကြသည်။

ရဲမက်ကြီးဒွန်းဘော်၏ မိသားစုတွင် အိမ်သူမယ်အိမ်ပါနှင့် သမီးငယ်တို့သုံးဦးသာဖြစ်၏။ စားမှု၊ သောက်မှုအတွက် စရိတ်ကျည်းသည်။ အနေကြာပြီး အရပ်ဒေသပါ ရင်းနှီးကျွမ်းဝင်လာပြီး မြို့စားမင်း သီရိဇေယျကျော်ထင်နော်ရထာ၏ စံအိမ်တော်ကိုပင် ဝင်ထွက်ပြုရပြီး ရဲမက်ဟောင်းကြီးဘော်၏သမီး သုစံမယ်ကလေးပင် မြို့စားမင်း၏နှမ မြတ်မွန်စောနန္ဒာအပါးတွင် မကြာခဏ တွေ့မြင်ရသည်အထိ ရင်းနှီးကျွမ်းဝင်နေကြပြီဖြစ်သည်။

ထိုအခါကျမှလည်း ရဲမက်ကြီးဟောင်း ဒွန်းဘော်သည် တားလတ်မြို့ဖြစ်ကြောင်းတချို့ကို သိလာရသည်။ မြို့တားလတ်၏အကြောင်းမှာ . . .

**ဒဂုံ၊ သန်လျင်၊ တားလတ်တို့ကို နယ်ချဲ့လက်ပါးစေ ဖေဇ်တာ၏လက်မှ လွတ်စေပြီး နောက်ဆုံး သီပေါမင်း၏ကာလတွင် အပါးတော်မြို့ဖြစ်သည့် ဦးစံရွှေ၏တူတော်သူကို သီရိဇေယျကျော်ထင် နော်ရထာဟူအမည်ဖြင့် သူကောင်းပြု မြို့စားခန့်အပ်လိုက်သည်။**

မြို့စားမောင်နှမတို့ တားလတ်မြို့ကို ရောက်ရှိကြပြီး မြို့၏အခြေအနေသည် မဲဇာအရပ်တောပွန်း၍ ခေါင်းပါးခြောက်ကပ်သည်မှာ ကျောင်းမရှိ၊ ဇရပ်၊ ဘုရား၊ သိမ်မရှိ။ လူနေအိမ်ခြေ နည်းပါး၍ ရပ်လမ်းလူနေများကြဲပြီး ရေကန်များတူးဖော်ခြင်းနှင့် ကျောင်းသိမ်ဇရပ်များလည်း တည်ဆောက်လိုက်သည်။

သို့သော် အရပ်ဒေသတွင် ဘုရားစေတီရုပ်ပွားဆင်းတုတော်ကားမှ ရှိမနေ၍ မြို့ကိုစနည်းနာလိုက်ရာတွင် မြို့၏အမည်တွင်ခြင်းနှင့် ဆက်စပ်သောအကြောင်းတို့က ပေါ်လာသည်။

www.burmeseclassic.com



သက်ဦးဆံပိုင်မင်းအဆက်တို့တွင် မင်းနားနီး မင်းအပါးခစားရ ေတွက အပြစ်တစ်စုံတစ်ရာ ပြုမိကြလျှင် ရှာပြည်သူတို့၏ အတိုင်အလျှော ခံရသူဖြစ်စေ၊ အပြစ်ရှိသည်မှန်သော်လည်း တစ်ချိန်တစ်ခါက မင်းကို အ ပြုခဲ့၊ မင်းအပေါ် ကျေးဇူးမကင်းသူ၊ မင်းနှင့် အကျွမ်းတဝင် အလွမ်း သူဖြစ်နေခဲ့လျှင် မင်းမိန့်ဖြင့် မသေစေရ၊ မသတ်ထိုက်သူဖြစ်၍ ရှင်ဘု ၏ ဓားလက်နက်ဘေးမှ လွတ်ကင်းစေရန် တွံတေးတောကြီးတန်းဒေသ အံ့စွန် မြစ်ကမ်းနဖူးအရပ်ကို ပို့နှင်ခဲ့သည်။

ဆင်များ၏အရှင် ဥတေနမင်းပင် ဆင်ကျော့ဖူး၏။ ထီးလှိုင် ကျွန်စစ်မင်းလည်း အပို့ခံဖူးသည်။ ရာဇသကြိန်အမတ်လည်း ရောက် သည်။ တရုတ်ပြေးမင်း စစ်ရှောင်ရာအရပ်လည်း ဖြစ်ခဲ့သည်။ မှန် ကောင်း၏ ကိုယ်စွမ်းပြရာအရပ်။ ထိုသူတို့ကပင် အရပ်ဒေသနေရာ၏ ပါးမှုအတိ ဆင်းရဲကြောင့် စိတ်ဝမ်းမကြည်မြဖြစ်ပြီး လူမနေရာအရပ်၊ ကားရာအရပ်၊ ရေချိုမထွက်ရာအရပ်ဖြစ်ခြင်းကြောင့် နောင် ဘုရားရှ သည်အထိ မစည်ကား မသိုက်မြိုက်ပါစေနှင့်ဟု နှုတ်မြွက်ကျိန်စာ ဆို သည်ဟု မြို့စားနှမဖြစ်သူ မြတ်မွန်စောနန္ဒာက သိရှိသွားပြီး အစေအစ ကို အရပ်ဒေသ၏အဝန်းကို လှည့်လည်စုံစမ်းခိုင်းစေလိုက်သည်။

မြို့စားနှမ၏ စေလွှတ်သူတို့အထဲတွင် ရဲမက်တော်ဟောင် ဘော်က အစုအဖွဲ့၏ အကြီးအမှူးဖြစ်သည်။ ဒွန်းဘော်က အသက်အ လေးဆယ်ကျော်သော်လည်း တောင့်တင်းကျန်းမာဖြတ်လတ်သန်မာ၍ ရေး၊ လှံရေး၊ စစ်မက်ရေးလည်း ကောင်းသည်။ ဥပဓိရုပ်လည်း တည် သည်။ မြို့စား၏စံအိမ်တော်မှ အနောက်စူးစူးအရပ်ကို အစုံအစမ်းထွက် သော ဒွန်းဘော်တို့အစုသည် တွံတေးတောကြီးတန်းမှ ငဝန်းမြစ်ကမ် ခရီးအစုန်အဆန် ရောက်ခဲ့ကြသည်။

အပြန်ခရီးတွင် ရွာဓနုပုဒ်များကိုဝင်ရာ သကာလဲ (သီရိသော သည့်ကုန်သည်)၏ သားများဖြစ်သော သဖုသနှင့် ဘလ္လိကညီနောင်နှ ဖခင်ကြီး၏ ကုန်သည်အလုပ်ကို အမွေဆက်ခံ၍ ကုန်ရောင်းအလုပ်ကို





ဒေသတွင် သွားရောက်လုပ်ကိုင်ကြရာ သုံးလောကထွဋ်ထား ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ဘုရားအဖြစ်ကိုရောက်ရှိပြီး ရက်ပေါင်းကိုးဆယ် (၃)လပြည့် ရက်တွင် ကုန်သည်ညီနောင်နှင့် နောက်ပါကုန်သည်တို့ပါ ဖူးတွေ့ရသည်။

သဒ္ဓါတရားထက်သန်သော ကုန်သည်ညီနောင်တို့သည် ပျားမုန့် ဆုပ်၊ မုန့်ကျွတ်ကျစ်တို့ကို ဆက်ကပ်လှူဒါန်းရာ မြတ်စွာဘုရားရှင်က ကုန်သည်ညီနောင်တို့ကို ဘုရား၊ တရား၊ ရတနာနှစ်ပါးနှင့် သရဏဂုံတည် စေပြီး ဆံတော်(၈)ဆူကို ကိုယ်စားတော်အဖြစ် ကိုးကွယ်ဆည်းကပ်ရန် စွန့် ကြဲပေးအပ်လိုက်သည်။

ကုန်သည်ညီနောင်နှင့် နောက်ပါတို့သည် မဇ္ဈိမတိုင်း၊ ဗန္ဓုဝမြို့ တွင် ကုန်များရောင်းချပြီး ဒါးမိုဒါးမြစ်မှ ဟူလီမြစ်ကိုထွက်၍ သမုဒ္ဒရာကမ်း မှ ခရီးလမ်းအတိုင်းပြန်ခဲ့ကြပြီး မွေးရပ်မြေကိုဝင်ကြရာ မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်တော်များ ပါလာသည့်သတင်းစကားကြောင့် လူနေအရပ် ရွာ သိမ်ဓနုပုဒ်တို့က ထွက်ကြိုဖူးမြော်ကြသဖြင့် (နောင်တွင် ထိုအရပ်တို့တွင် ဆံတော်ကြိုစေတီများ တည်ထားကိုးကွယ်ကြသည်။) ရွှေတိဂုံစေတီတော် ကြီးကို သာသနာအစတည်ခဲ့ရသည်။

မြို့စား၏နှမ မြတ်စောနန္ဒာ၏ စေလွှတ်လိုက်သော ရဲမက်တော် ဒွန်းဘော်ကြီးနှင့် အစုအဖွဲ့က ပြန်ရောက်လာကြပြီး အမြင်အကြားအသိတို့ ကို ပြန်ကြားပြောပြရာ သည်တွင် မြို့စားနှမက ယခုအရပ်သည် သာသနာ အစ တိဂုဏ်ပစေတီ၏ ဌာပနာတော်ဖြစ်သည့် မြတ်စွာဘုရား၏ ဆံတော် မြတ်များပင့်ဆောင်ရာ အရပ်ဖြစ်ခြင်းကြောင့် စေတီဘုရားရှိသင့်သည်ဟု ဆုံးဖြတ်၍ အမိန့်ဌာန်ပြုရာ ဆံတော်တစ်ဆူနှင့် ရတနာရွှေတို့ရရှိသဖြင့် မြို့ စား၏ စံအိမ်ဦးထိပ်နေရာတွင် ဆံတော်ရှင် ရွှေစာရံစေတီတော်ကိုတည်ပြီး ရေကန်လေးကန်၊ ကျောင်း၊ ဇရပ်များနှင့် အရန်စေတီများပါတည်ပြီး ယခင် က ဓားလတ်ဟုသတ်မှတ်သည့် အရပ်ဒေသကို ဒလမြို့သမုဒ်၍ မြို့ကျက် သရေဆောင် ဆံတော်ရှင် ရွှေစာရံစေတီ၊ အရန်စေတီ ရွှေစာပျံ၊ ရွှေစာ ရွှေစာချ၊ ရွှေစာတဟုတည်ပြီး ရေကန်များကို အုတ်စီကန်၊ ကျောက်စီကန်၊



www.burmeseclassic.com

www.burmeseclassic.com



မှန်စီကန်၊ လက်ခုတ်ကန်ဟု ရေကန်ကြီးလေးကန်ပါတူး၍ မြို့စားနှမ ကြီး ပမ်းမှုကြောင့် သမိုင်းဝင် မြို့ဒလဖြစ်ခဲ့သည်။

ရဲမက်တော်ဟောင်းဒွန်းဘော်မှာ အရှင်မွေးသဖြင့် နေ့ချင်းကြီး မြို့သူကြီး ဖြစ်ရလေသည်။ ရဲမက်ဟောင်း သူကြီးတစ်ဖြစ်လဲ ဦးဒွန်းဘော် မှာ ဩဇာအာဏာရှိသလို အစစလည်း ပြည့်စုံလာသည်။ သမီးဖြစ်သူ သုစံမယ်မှာလည်း နန်းမြို့တွင် မွေးဖွားခဲ့သူဖြစ်၍ နဂိုအစကောင်းခဲ့၍ နိုင် ထွက်ဆိုသလို အလှအယဉ်တင့်၍ အချောအပြေကပါ ဆင့်လိုက်သည်။

မြို့စားနှမ၏ အကြိုးအပမ်းကြောင့် ဒလမြို့လို့ဖြစ်လာသည့် တံတား တောကြီးတန်းအစွန် ဓားလတ်သည် မင်းနေပြည်တော်မဟုတ်။ ရေကြောင်း အခွန်အကောက်အရပ်ဖြစ်၍ မင်းမှုထမ်းနည်းပြီး ကုန်သည်ရေကြောင်းခရီး သွားမှာသာရှိသည်။ ဒါပေမဲ့ ပန်း၏မွှေးရနံ့သည် လေပြည်လေညှင်းက သယ် ဆောင်သည်။ လှူအလှသတင်းကို လူကဆောင်ယူဖြန့်သည်။ သုစံမယ်၏ အလှသတင်းက တစ်ဖက်ဖြစ်သည့် ဒဂုံမြို့ကို ရောက်ရှိသည်။

ထိုအချိန်တွင် ဒဂုံမြို့က မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ် ကိန်းဝတ်သည့် ရွှေတိဂုံစေတီတော်ကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး တို့လာရောက်ကြ၍ စည်ကားချိန်ဖြစ်သည်။

ခရီးသွားလူငယ်တစ်ယောက်က ဒလမြို့၏ အကောက်ဆိပ်ကိုကပ် ၍ နားလိုက်သော လှေကြီးတစ်စီးနှင့်ပါလာသည်။ လှေရပ်နားပြီး ကြိုးသတ်၍ အားလုံးကို လှေသူကြီးက လိုက်လံကြည့်ပြီး ....

"ဟေ့ ... ဒီသူငယ်၊ ဘယ်အရပ်ကို သွားမှာမို့လဲ။ အခုရောက် တာ ရွှေတိဂုံဆံတော်ရှင်ရဲ့ တစ်ဖက်ကမ်း ဒလအရပ်ကွယ်"

လှေ၏ပေါင်းမိုးထိပ် ပျဉ်ခင်းပေါ်တွင် အဝတ်ထုပ်တစ်ထုပ်၊ ဆောင် ဓားတစ်လက်ကို ဘေးတွင်ချပြီး ထိုင်နေသော လူငယ်ကို မေးလိုက်ခြင်းဖြစ် သည်။

"ဟုတ်ပ ... ဦးကြီးရယ်။ ဒလအရပ်တော့ သိပါရဲ့။ ခရီးဆုံးကို ဘယ်မှာသတ်ရမှန်းမသိလို့ တွေဝေမိနေတာပါ ... ဦးကြီးရယ်"

စိတ်ကူးသစ်စာပေ



"အမောင်က ခရီးအစမှာက အဆုံးခရီးကို မသိလို့လား"

"ဟုတ်ပါ့ ... ဦးကြီးရယ်။ စိတ်မှာခံပြင်းလွန်းလို့ ဝိုင်းတားတဲ့ ကြားက ထွက်လာတာမို့လို့ပါ"

လှေသူကြီးက လူငယ်၏အပြောကို စူးစမ်းလို၍ ပွဲစင်ဘက်ကို ခေါ်လိုက်ပြီး ...

"လာကွယ့် ... အဖန်ရည်သောက်ပြီး ဖြစ်ကြောင်းလေးများ ပြော စမ်းပါဦး။ ဦးကြီး ကြားသိပါရစေကွယ့်"

"ဟုတ်ပါ့ ... ဦးကြီး။ ကျုပ်က မင်းနေပြည် ရွှေမန္တလေးက အထောက်တော် ဖြေနို့ကြီးရဲ့သားပါ။ မျက်နှာဖြူမိစ္ဆာတွေ နန်းမြို့ကိုသိမ်းပြီး ဘဝရှင်မင်းဘုရားနဲ့ မိဖုရားရော၊ အခြွေအရံတွေကိုပါ သိမ်းကြုံးဖမ်းဆီး သွားတာ ဦးကြီးတို့အသိပါ။ အခု အဲဒါကိုမကျေနပ်ကြတဲ့ ရဲမက်တွေနဲ့ ရွာ နေပုပ်သားတွေက ဓားနဲ့တုတ်ကိုင်ပြီး ဒီမျက်နှာဖြူမိစ္ဆာတွေကို တော်လှန် သုတ်သင်တာကို သူပုန်လို့ နန်းတွင်းက ထုတ်ပြန်တယ်လေ။

ကျုပ်အဖက နောက်ပါတွေနဲ့ တစ်နေရာကို အခြေပြုပြီး တော်လှန် တာကို အဖနေတဲ့အရပ်ကို မသိရမလားဆိုပြီး နန်းတွင်းအမတ်တချို့နဲ့ မိစ္ဆာကောင်တွေက ကျုပ်နဲ့အမိကို အတင်းအကျပ် ခေါ်ခေါ်ပြီးစစ်မေးလို့ အမိက စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး ဆုံးခဲ့ရတယ်။ ဒါကြောင့် အနားဝန်း ကျင်က ဝိုင်းတားတဲ့ကြားက ထွက်လာမိတော့ ခရီးဆုံးကို မတွေးမိပါဘူး ဦးကြီးရယ်"

လူငယ်၏ အပြောစကားဆုံးမှ လှေသူကြီးက ...

"အေးကွယ့် ... ဦးကြီးက ဒီမှာနေပြီး လှေနဲ့ကုန်ရောင်းတဲ့အလုပ် ကို လုပ်တယ်။ ရက်ကြာကြာ နားမှာမို့ပါကွယ်။ လှေပြန်ထွက်ရင် ခေါ်ပါ ရဲ့"

"ကျေးဇူးပါ ... ဦးကြီးရယ်"

အကြောင်းပေါင်းသင့်၍ လှေသူကြီးဦးရောင်ပွင့်၏အိမ်တွင် လှေကြီး စီး၍လိုက်လာသော အထောက်တော်ဖြေနို့ကြီးသား ဩဒတစ်ယောက်တည်း နိုမိလေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညြဒက လူရွယ်လူသွက်၊ အကင်းပါး၊ အလိုက်သိသူဖြစ်၍ လေ့သူကြီး၏အိမ်သူ ဒေါ်မြိုင်လှနှင့်ပါ သားအမိကဲ့သို့ပင် ရက်ပိုင်းအတွင်းတွင် ဖြစ်သွားသည်။ သားသမီးမရှိသော လေ့သူကြီးဦးရောင်ပွင့်နှင့် ဒေါ်မြိုင်လှ တို့မှာ ညြဒကို သားတစ်ဦးလို မှတ်ထင်ကြသည်။

လေ့သူကြီး၏ ကိုယ်ရေးကိုယ်တာကအစ ငွေကြေးကိစ္စ၊ လူမှုရေး ရှာကိစ္စတို့ကိုပါ ညြဒက လုပ်ကိုင်ပေးရအောင် လွှဲအပ်ယုံကြည်ခြင်းခံရသည်။ ဒါက မန္တလေးရွှေမြို့က လူသူဖြစ်ခြင်း၊ အထောက်တော် မြေနီကြီးကိုပါ သိရှိခြင်းကြောင့်လည်းဖြစ်သည်။

ရွှေနန်းမြို့တော်မှာ မွေးဖွားခဲ့သော သုစံမယ်က အလှအယဉ်တင့်၍ အချောအပြေနှင့် ရှုတိုင်းတင့်သောသူဖြစ်၍ တည်ခန့်ချောမွေ့သော ညြဒ နှင့် အတွေ့အမြင်များပြီး သံယောဇဉ်နွယ် ရစ်ပတ်မိကြတော့သည်။

"သုမယ် ...ကိုညြဒရင်ထဲမှာ စိုးရိမ်မှုတွေဖြစ်မိတယ်"

"အဘယ်ကြောင့်လဲ ...ကိုညြဒရယ်။ အဖကလည်း အမျက်မထား ပါဘူး။ ဦးကြီးပွင့်ကရော ပြောစရာလား"

"အတို့တွေကြောင့် မဟုတ်ပါဘူး။ ကိုညြဒမှာက အစီးအပွား အလုပ်က မရှိဘူးလေ။ အဲသာကို စိုးရိမ်မိလို့ပါ"

ချစ်သူ ညြဒ၏အတွေးစကားက သုစံမယ်ပင် ငေးငေးငိုင်ငိုင် ဖြစ်သွားမိရသည်။ သူကြီး၏သမီး၊ လေ့သူကြီးအိမ်မှာ မှီခိုနေရသူ၊ မကျိုးနွံ သေသောဘဝနှစ်ခုက ဂဟေဆက်သလို နှစ်ပြားထပ် ပေါင်းစပ်ရန်အရေးက တွေးဆရမည်ပင်ဖြစ်သည်။ ရွှေစာရံဘုရားဝန်းက ခရေရိပ်နှင့် စေတီတော် ကြီးမှ ဆည်းလည်းသံတို့က သာယာကြည်နူးဖွယ်ကောင်းသည်။ ညြဒနှင့် သုစံမယ်တို့က ဦးခြုံတန်ဆောင်းဝတွင် ထိုင်၍ စကားပြောနေသည်။ ဒါကို ငကံနှင့် ငပိုင်းတို့က တိတ်တဆိတ် ချောင်း၍ကြည့်နေကြသည်။

"ဟုတ်တယ် ...ငချိတ်တူ၊ နင်လက်နှေးရင် လေ့သူကြီးအိမ် ဝင်စားကောင်နောက် ပါသွားမယ်နော်"

"ဟုတ်ပါ့ကွာ။ ငချိတ်တူ ...ဟိုအကောင်က နင့်ထက်ကြည့် ပျော်မြင်ကောင်းတာ အသိ"

စိတ်ကူးသစ်စာပေ



အပေါင်းအဖော်နှစ်ယောက်၏ အတွန်းအတိုက်စကားတွေက သုစံမယ်ကို တစ်ဖက်သတ်ကြိုက်နေသော ငချိတ်တူမှာ ရင်တွင်း ကျွဲနှစ်ကောင် ခတ်နေသည်။ မကောင်းသောအကြံကို မကောင်းသူများချင်း ပူးပေါင်းကြံ ရွင် အမြန်ဆုံး အောင်မြင်တတ်သည်။ လယ်ပေါ်ကွင်း ထန်းရည်တဲမှာ ထန်းအိုးငါးလုံးမျှ ကုန်သည့်တွင် ငချိတ်တူ၏ခေါင်းထဲကို အကြံညာဏ်က ဝင် လာသည်။ ဒါကိုပေးကူရမှာက ငကံနှင့် ငပိုင်းတို့ပဲဖြစ်သည်။

သီရိဇေယျကျော်ထင်နော်ရထာနှင့် နမ မြတ်မွန်စောနန္ဒာတို့က ရွှေစာရံစေတီတော်ကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေတော်မူသော ဆရာ တော်ကြီးဦးပဏ္ဍိတအတွက် ကျောင်းတစ်ဆောင်ကို အုတ်ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းရာတွင် လေ့သူကြီးဦးရောင်ပွင့်နှင့် ဒေါ်မြိုင်လှတို့ကပါ လှူဒါန်းပါဝင်သဖြင့် ညြဒက မြို့စား၏လူများနှင့် လုပ်ငန်းကို ဝင်ရောက်လုပ် ကိုင်ပေးရသည်။ ကျောင်းဆောင်အတွက် အုတ်ချရန် မြေတူးရာ မြေတူးသူ တို့ကို ညြဒက ကြီးကြပ်တွန်းဆိုင်းရသည်။

မြေတူးသူများထဲတွင် ငကံ၊ ငပိုင်းနှင့် ငချိတ်တူတို့က ငွေကြေး နှင့် လက်ခစား ဝင်တူးကြသည်။ ကျောင်းဆောင်အုတ်မြစ်အတွက် မြေတူး သူ လူ့အရိုးခေါင်းတစ်စုနှင့် ဝန်ကြီးတစ်ပါး၏ ဝတ်လုံကိုပါ သစ်သားခေါင်း ကြီးတစ်လုံးနှင့် ပေါ်လာသည်။

"ဟာ ...လူသေထည့်တဲ့ခေါင်းအထဲမှာ ဝတ်လုံနဲ့ အရိုးခေါင်း ကွတ"

"ငချိတ်တူ ...အဲဒါ ရွှေပိန်းချ ဝတ်လုံကွ။ ငါတို့အတွက်က ဘဲ"

"ဟုတ်ပါ့ကွာ ...ငကံပြောတာ။ ငချိတ်တူ ...အပေါ်ကို တင်ကွ"

"ဟာ ...ကိုရင်ငချိတ်တူ ...နေ ...နေဦး၊ မြို့စားမင်းကို အကြောင်း လျှောက်ကြားဦးလေ"

"ဟာ ...ဘာအကြောင်း ထောက်နေတာလဲ။ ငချိတ်တူ ... ပြီး တင်ကွာ"

"ဟေ့ ...ငကံ၊ မင်းပါ ဆင်းကွာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညြဒ၏အပြောကို ဂရုမစိုက် အရေးမလုပ်ဘဲ ချော်တူက ဓား ကို အောက်ဆင်းခိုင်းလိုက်သည်။ သုစံမယ်ကလည်း အဖန်ရည်နှင့် အခြား တို့ကို ညြဒအတွက် လာပို့ရာ ...

"ဟ ... ချော်တူ၊ နင့်ကို သုစံမယ်က အဖန်ရည်နဲ့ ထန်းလျက် ဆုပ်ခဲတောင် လာပို့နေပါလား"

"အဟုတ် ... ဟုတ်ပ ... ပိုင်းရယ်။ လှမ်းယူလိုက်ပါ။ ငါ့ ... လေး ပင်ပန်းလို့ပါ"

သုစံမယ်၏ မျက်စောင်းက ချော်တူတို့သုံးယောက်ကို ပြည့်ပြည့် ဝဝ ထိုးလိုက်ပြီး ညြဒကိုသာ ...

"ကိုညြ ... အဖက ထမင်းစားဖို့လာခဲ့လို့ အမှာခိုင်းတယ်"

"ကောင်းပါလေ့ ... သုမယ်။ ဦးကြီးပွင့်ရော ရှိလား"

ညြဒနှင့် သုစံမယ်တို့ စကားပြောနေစဉ် ကံက အဖန်ရေအိုး ... လှမ်းဆွဲယူရာ သုစံမယ်က လက်ကိုဖယ်လိုက်ရာ အဖန်ရေအိုးက ချော်တူ ၏ကိုယ်ပေါ်ကို ပြုတ်ကျသွားကာ ...

"အား ... အမိရယ်"

"ဟာ ... ကိုရင်ချော်တူ"

ချော်တူ၏အော်သံနှင့် ညြဒ၏ စိတ်မကောင်းသံက တစ်ထ ... ထဲဖြစ်ပြီး သုစံမယ်ကပါ မျက်လုံးပြူးသွားသည်။ ပိုင်းက ...

"ဟာ ... ဒါ သုစံမယ် တမင်လုပ်တာ"

"မဟုတ်ဘူး ... မဟုတ်ဘူး"

"ကျုပ် မြင်ပါတယ်။ ကိုရင်ကံ ဆွဲလိုက်လို့ပါ"

ရန်လိုသူကို ရှင်းပြ၍ မရပေ။ ပိုင်းက သုစံမယ်ကို ချော်တူ၏ ... မြေကျင်းထဲကို နောက်မှ တွန်းလိုက်သည်။ အရှိန်လွန်၍ကျရန် ကိုယ်ယို ... သွားသော သုစံမယ်ကို ညြဒက လှမ်းဆွဲထိန်းလိုက်သည်။ မြေကျင်းထဲ ... ချော်တူ၏လက်က မြေဖော်သော သံချွန်ကိုစုံကိုင်ပြီး အောက်မှ ပင့် ... လိုက်သည်။

"အင့် ... အ ..."

---

စိတ်ကူးသစ်စာပေ



"ဟ ... အာ ..."

ချော်တူထိုးလိုက်သော သံချွန်က ညြဒနှင့်သုစံမယ်ကို တံစို့ထိုး ... သလို ထိုးဖောက်ဝင်သွားသည်။ ဘေးမှပါ ရောက်လာကြသည်။ ချော်တူ၏ ... သံနှင့်၊ ပိုင်းတို့ကို မြို့စား၏လူများက ဆွဲ၍ခေါ်သွားသည်။ ဒေါ်မယ်အိမ် ... နှင့် ဒေါ်မြိုင်လှရော သူကြီးဦးဒွန်းဘော်တို့ပါ ရောက်လာကြသည်။ သံစူးချွန် ... အတက်ကြောင့် သုစံမယ် နေရာမှာပင် သေဆုံး၍ ညြဒမှာ လေ့သူကြီးအိမ် ... ရောက်ပြီး ညနေပိုင်းမှ သေဆုံးသွားလေသည်။

ချစ်သူနှစ်ဦး၏ဘဝက ဖြောင့်ဖြူးပြီး နှစ်ဖက်လူကြီးများက တိုင် ... ၍ ကြည်ဖြူထားပါလျက် ဘဝလူကြမ်း၏ လက်ချက်ကြောင့် မီးတစ်ဖို ... တစ်ပုံတွင် သဂြိုဟ်ရ၍ မီးခိုးငွေ့များ အမှုန်အမွှားများ ပေါင်းယှက်သွား ... သည်။ ယခင်ကလည်း ဒဂုံမြို့မှ ချစ်သူမီးခိုးတန်းက သန်လျင်မှ ချစ်သူ ... မီးခိုးတန်းတို့ ပေါင်းဆုံဖူးကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ရန်ကုန်မြို့၏ တစ်ဖက်ကမ်းဖြစ်သည့် ဒလမြို့၏ မြို့ကျက်သ… ဆောင် ရွှေစာရံစေတီတော်ကြီးက သမိုင်းဝင်မြို့ဟောင်း၏ မြို့စားမင်း သ… ဖေယျကျော်ထင်နော်ရထာ၏ နှမမြတ်မွန်စောနန္ဒာ၏ လှူဒါန်းမှု၊ အ… ဒေသသူတို့၏ ပါဝင်လှူဒါန်းမှုနှင့် တည်ထားခဲ့သော ဆံတော်ရှင်စေတီ… သည်။

အချိန်ကာလ လူနေမှုပြောင်းလွှဲသည်နှင့်အတူ စေတီတော်ကြီး… ပြုပြင်လာခဲ့သည်မှာ အမြင့်ဉာဏ်တော်မှ ပေတစ်ရာကျော် ရွှေသင်္ကန်း… ပြည့်ဖြင့် ပို၍ ကြည်ညိုသပ္ပာယ်ဖွယ် ကောင်းလွန်းလှသည်။

ပျော်ဘွယ်လှေဆိပ် (ယခင်က ညောင်စုလှေဆိပ်)တွင် လှေသ… များပြုလုပ်သော လက်သမားဆရာကြီးဦးစံပို၏ အလုပ်ရုံ (သမ္ဗန်ရုံ) တွ… အလုပ်လုပ်သော သာထိုက်ဆိုသည့် လက်သမားလေးက အသားအရေ… ဖြူဖြူ ရုပ်ရည်သန့်သော လူငယ်တစ်ယောက်ဖြစ်၍ အလုပ်ရုံရှင် ဦးစံပို… သမီး ကြည်မှုံဆိုသည့် မိန်းမချောလေးက အလုပ်ရုံထဲတွင် ရှိသူများထဲ… သာထိုက်ကို ပို၍ မျက်နှာသာပေးသည်။





ဦးစံပိုက သမီးဖြစ်သူကို မိတဆိုးဖြစ်၍ အလိုလိုက် အချစ်ပိုသည်။ ကြည်မှုံကလည်း လိမ္မာရေးခြားရှိပြီး ရိုးသားသည်။ နေထိုင်သော ပျော်ဘွယ်လှေဆိပ်နှင့် ရွှေစာရံစေတီကြီးက ခရီးက တစ်ခေါ်လောက်ပဲဝေးသည်။ သမီးဝဥ်က ရွှေစာရံဘုရားဝင်းထဲတွင် လိုက်၍ခေါ်ရသည်။ ကျောင်းအား အလုပ်အားလျှင် ဘုရားဝင်းထဲကို ရောက်ရောက်၍ နေတတ်သည်။

ယခု အရွယ်ရောက်ပြီး အလှသွေးကြွယ်လာသည်တွင် ဖခင်ကြီး က အတော်ပင် ဆိုဆုံးမထား၍ တစ်ခါတစ်ရံမှပဲ သွားသည်။ ထိုတစ်ခါတစ်ရံ က ည လူခြေတိတ်ချိန်မျိုး ဖြစ်ပါသည်။ ဘုရားဝင်းက ကျယ်ပေမဲ့ တန် ဆောင်းကြီးများ၊ ခရေပင်အုပ်အုပ်ကြီးများကြောင့် ည (၈) နာရီ (၉) နာရီ ဆိုလျှင်ပင် ဖြတ်သွားဖြတ်လာ နည်းသည်။

ရေကန်နှစ်ကန်၏ကြားမှ ဖြတ်သွားရသောလမ်း၊ ဘုရားဝင်း၏အဝ တွင် ခြင်္သေ့ကြီးနှစ်ကောင်၏ ရုပ်ထုကြီးကလည်း ကြီးကြီးမားမားများဖြစ် ပြီး လက်ခုတ်ပင်အိုကြီးတစ်ပင်၊ ကုလားမန်ကျည်းပင်အိုကြီး တစ်ပင်တို့က သည်း လမ်း၏ဟိုဘက်ဒီဘက်တွင် ပေါက်နေသည်။

လူပြောသူပြောများပြီး ညဘက်ရှောင်ကြခြင်းမှာ ကုလားမန်ကျည်း ပင်နှင့် လက်ခုတ်ပင်ကြီးကိုခွ၍ ရပ်နေသော တစ္ဆေကြီးရှိသည်ဆိုခြင်းနှင့် ဘုရားဝင်းအဝ ခြင်္သေ့ကြီးနှစ်ကောင်ကြား ထွက်လိုက်သော သရဲကြောင့်ဖြစ် သည်။

သမ္ဗန်ခတ်သော ဦးပွကြီးသည် ညနေပိုင်းတွင် အရက်သောက်ပြီး ဘွဲ့တေးလမ်းနေအိမ်ကိုပြန်လာရာ ကုလားမမန်ကျည်းပင်နှင့် လက်ခုတ်ပင်မှ သရဲထွက်ဆွဲ၍ သမ္ဗန်ခတ်တက်ကြီး ကျကျန်အောင် ထွက်ပြေးခဲ့ရသည်။ အရှုမ မစာကြီးက ရွှေစာရံဘုရားဝင်းထဲမှ ခရေပင်အောက်တွင် အိပ်မည်ဟု ရောက်လာပြီး ထိုင်ရုံပင်ရှိသေးသည်။ အမွေးအမှင်များနှင့် ကြီးမားသော အကောင်ကြီးက ခရေပင်ပေါ်ကိုဆွဲတင်ရာ အရူးမ မစာကြီးမှာ ဝတ်ထား သော ထဘီစုတ်ပင် ကျွတ်ကျန်အောင် ပြေးထွက်၍ လမ်းထဲတွင် လျှောက်၍ အော်ဟစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒလ–ရောဝတီ သင်္ဘောကျင်းမှ ညမိုးချုပ်မှပြန်လာသော အလု သမား သုံးလေးယောက်မှာ ရွှေစာရံဘုရားရှေ့အရောက်တွင် အော်၍ ပြေးကြရသည်။ ထိုမျှ အမည်သတင်းကြီးသည့်နေရာကို ကြည်မွှံက လူ တိတ်မှ တစ်ယောက်တည်းလာသည်။ ဦးစံပိုက သမီးပျောက်ကို လိုက် လျှင် ရွှေစာရံဘုရားဝင်းထဲတွင်ပဲ တွေ့သည်။

ဝိုင်းရှာပေးသူတို့က ကြည်မွှံသည် ဟိုဘဝက ဘာလည်း စောင့်လားဆိုသည်ကို တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ပြောကြသည် ပြောလည်း ပြောစရာပင်။ ကြည်မွှံက အရွယ်ရပြီးအပျိုဖြစ်မှ နေ့နေ့ည ရွှေစာရံဘုရားဝင်းထဲကို ရောက်ရောက်နေသည်။

"မကြည်မွှံ ... ဘုရားထဲကို ဘာသွားလုပ်တာလဲ။ ဘုရား တရားထိုင်တာ အိမ်မှာလုပ်ရင် ရတယ်မို့လား"

"အပေါင်း ... ကိုသာထိုက်က ဘယ်လိုထင့်လို့လဲ။ ဘုရားက ဘ မှာရှိခိုးခိုး၊ တရားဆိုတာလည်း ဘယ်မှာထိုင်ထိုင် ရပါတယ်။ ကျွန်မ အကြောင်းရှိလို့ပါ"

သာထိုက်မှာ ဆက်မေးရန် ခက်သွားသည်။

တစ်နေ့တွင် သာထိုက်တစ်ယောက်တည်း အလုပ်ပြီးသည် ရွှေစာရံဘုရားဝင်းထဲကို ရောက်ရှိပြီး ဘုရားရှိခိုး၍ ဦးမြို့တန်ဆောင်းထဲ ထိုင်နေလိုက်သည်။ တဖြည်းဖြည်းနှင့် အချိန်ကုန်၍ မှောင်လာသည်။ နေသော သာထိုက် မွှေးပျံ့သောရနံ့တစ်ခုကြောင့် မျက်လုံးများစင်းပြီး အိပ်ပျော်သွားသည်။ ဘုရားဝင်းအပြင်မှ အုတ်နစ်ထပ်ကျောင်းဟောင်း က လူတစ်စုထွက်လာသည်။

"ဟေ့ ... မင်း ဘာလာလုပ်တာလဲ။ နောက်တစ်ယောက်က ဒီကျောင်းကို မှတ်မိလား"

"ဟာ ... ဒီကျောင်းကြီးမပြီးခင်က သူတို့ဖြစ်တာလေ"

"အေး ... ဟုတ်တယ်။ ကျောင်းဆောက်ဖို့ အုတ်ဖိနပ်မြေ တော့လေ ..."





မီးရောင်လေးတစ်ခုက တန်ဆောင်းအဝမှ တဖြည်းဖြည်း နီးကပ် လာသည်။ ဘုရားမီးပူဇော်ရန်အတွက် ဖယောင်းတိုင်ကို မီးထွန်းပြီးကိုင်၍ လာခြင်းဖြစ်သည်။

"ဟင် ... သာထိုက်၊ ဒီမှာလာပြီး အိပ်ပျော်နေတယ်"

"ဟာ ... မ ... မကြည်မွှံ၊ ကျွန်တော်"

"ကဲပါ ... ထပါ။ ကျွန်မ ဘုရားကို မီးပူဇော်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

မကြည်မွှံက ဘုရားကို ဖယောင်းတိုင်မီးပူဇော်ပြီး ဘုရားရှိခိုးရာ သာထိုက်ကပါ ဘေးမှဝင်ထိုင်ပြီး ဘုရားရှိခိုးလိုက်သည်။

"ဟင် ... ကိုသာထိုက်၊ ဟိုလေ ... ကြည်မွှံနဲ့ ဟိုအရင်ကလည်း မှာ ဘုရားရှိခိုးဖူးလား"

"ဗျ ... ဟို ... ကျွန်တော်မသိ ..."

"အပေါင်း ... ကြည်မွှံက သိနေတယ်။ ကိုသာထိုက်နဲ့ ဒီဘုရားကို မှာရှိခိုးဖူးတယ်။ အို ... ဟို ..."

မကြည်မွှံက ပြောရင်းနှင့် ရှက်သံပါပြီး ရပ်လိုက်သည်။ သာထိုက် တော့ ဘာရယ်လို့မသိပါ။ အခုန တိုင်ကိုမှီ၍ အိပ်ပျော်နေစဉ်ကလည်း မက်လိုလို စိတ်ထင်သလို ဖြစ်ခဲ့ရသည်။ ယခုလည်း မကြည်မွှံက ထူးထူး ဆန်းဆန်းစကားကို ပြောလာသည်။ စကားမပြောမိကြဘဲ ဘုရားဝင်းတစ် တ် လျှောက်လိုက်ပြီး ...

"မကြည်မွှံ ... ပြန်ကြရအောင်။ ဦးလေးပို စိတ်ပူနေလောက်

"ကျွန်မ ဒီမှာနေရတာ တစ်ခုခုကြောင့်လို့ထင်တယ် ... ကိုသာ ထိုက်ရယ်။ အဲဒါက ဘာမှန်းမသိဘူး။ မလာဘဲလည်း မနေနိုင်ဘူး။ ဟိုက တ်ကျောင်းအဟောင်းကြီးကိုကြည့်ပြီး ကျွန်မ အရမ်းဝမ်းနည်းတယ်"

"ဗျာ ..."

သာထိုက်ကိုပြောလိုက်သော မကြည်မွှံ၏အသံက ဆွေးဆွေး ည် ရှိလွန်းလှသည်။ လရောင်ကမရှိ။ ခရေရိပ်များနှင့် တန်ဆောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



အရန်စေတီများဖြင့်ပါ မှောင်လွန်းလှသည်။ ယောကျ်ားရင့်မကြီးများပင် ထော ရန် စိတ်ကူးမရှိသောနေရာ။ သူက မကြည်မှုံရှိနေ၍ နေနေခြင်းဖြစ်၍ သင် တစ္ဆေခြောက်သည်ဟု နာမည်ကြီးသောနေရာကို မကြောက်မရွံ့လာဝံ့သည် မကြည်မှုံ။ လက်နွေးနွေးတစ်ဖက်က ထိကိုင်လိုက်သဖြင့် သာထိုက်မှာ တွန့် သွားပြီးမှ မကြည်မှုံ၏လက်မှန်းသိပြီး ...

"ဟင် ... မကြည်မှုံ၊ ဘာလဲ"

"ပြန် ... ပြန်မယ် ... ကိုသာထိုက်။ ဟိုလေ ... ကြည်မှုံနဲ့တွေ့ တာကို မပြောပါနဲ့နော်"

"ဟာ ... ဘယ်ပြောရမှာလဲ။ မကြည်မှုံရယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပဲ ကိုသာထိုက်"

သာထိုက် ဘုရားဝင်းထဲမှထွက်ပြီး မကြည်မှုံကို အိမ်ရှေ့ထိ လိုက်ပို့ ပေးလိုက်သည်။ ညက ညတစ်ဝက်ပင် ရှိချေပြီ။ မကြည်မှုံကိုတော့ မေး ပါ။ သူကတော့ အိပ်ပျော်မည်မဟုတ်ကြောင်းကို သိနေသည်။

သာထိုက်နှင့် အလုပ်သမားနှစ်ယောက်အပါအဝင် ဦးစံပိုပါလိုက် ပြီး မိုလ်တထောင် အမှတ်(၃)သစ်စက်တွင် ပကာခြမ်းသစ်သားနှင့် ထင်း သစ်တို့ကို သမ္ဗန်နှင့်သွားဝယ်ရာ သစ်တင်ခြင်း၊ ရေလှည့်မသင့်ခြင်းတို့ကြောင့် အပြန်တွင် ဒလချောင်းရိုးထဲကို ဝင်သည့်အချိန်က ညတစ်နာရီကျော်နေပြီ ဖြစ်သည်။

ဦးစံပိုတို့ အိမ်ကိုပြန်ရောက်သည်တွင် မကြည်မှုံက အိမ်တွင်ရှိ မနေဘဲဖြစ်၍ ဦးစံပိုမှာ မျက်စိမျက်နှာပျက်ဖြစ်နေကြသည်။ အလုပ်သမား နှစ်ယောက်က သစ်များကို သမ္ဗန်ထဲမှ သယ်တင်နေကြသည်။ သာထိုက်က ဦးစံပိုအနားကို ကပ်၍ ...

"ဦးလေးပို ... ကျွန်တော် မကြည်မှုံကို လိုက်ရှာလိုက်မယ်"

"အေး ... အေး ... ဘယ်သူမှမသိပါစေနဲ့ မောင်ထိုက်ရယ်"

"ဟုတ်ကဲ့ ... စိတ်ချပါ ဦးလေးပို"

သာထိုက်က အိမ်ပေါ်မှ လက်နှိပ်ဓာတ်မီးယူပြီး ထွက်လာခဲ့သည်။ လမ်းတစ်လျှောက် မှောင်နေသည်။ ကုလားမန်ကျည်းပင်ကြီးနှင့် လက်ပံ





ပင်ကြီးကို ဖြတ်လိုက်စဉ်မှာပင် သာထိုက်မှာ ကြက်သီးများပင် ထသွားသည်။ ငှက်ဆိုးတစ်ကောင်ကလည်း အော်မြည်၍ပျံသွားသည်။ တစ်ဖက်ကျောင်း ခြံထဲမှ ခွေးဟောင်သံ၊ ခွေးအူသံကိုပါ သာထိုက် ကြားလိုက်ရသည်။

ရွှေစာရံဘုရားဝင်းထဲကို အဝင်တွင် ခရေပင်ပေါ်မှ ငှက်ကလေး များကပင် လန့်၍ ပျံထွက်သွားသည်။ အမှောင်ထဲကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်၍ လှမ်းဝင်လိုက်သည်။ ဒေါ်ထင်တန်ဆောင်း၊ ဦးမောင်ကိုတန် ဆောင်းနှင့် ရွှေစာပျံစေတီကိုပတ်ပြီး ဦးမြို့တန်ဆောင်းဘက်ကို အထွက် တွင် မီးရောင်ကြောင့် မြင်လိုက်ရသည်က အုတ်ကျောင်းဟောင်းကြီး၏ အုတ်လှေခါးဝတွင်မှီ၍ ထိုင်လျှက် အိပ်ပျော်နေသော မကြည်မှုံ။

"ဟင် ... မ ... မကြည်မှုံ"

"အင် ... ကိုဩ"

"မကြည်မှုံ ... မကြည်မှုံ"

"ဟင် ... ကို ... ကိုထိုက်"

မကြည်မှုံက မျက်လုံးဖွင့်ကြည့်ပြီး သာထိုက်၏ရင်ခွင်ထဲကို တိုး ဝင်လိုက်ပြီး ရှိုက်ငင်၍ ငိုလိုက်သည်။

"မကြည်မှုံ ... သတိထား၊ ကျွန်တော်ရှိပါတယ်"

"ဟုတ်ပါတယ် ... ကိုဩရယ်။ သုစံမယ်ကို မေ့မသွားဘူးမဟုတ် လား"

မကြည်မှုံ၏အပြောနှင့် တင်းကျပ်စွာဖက်လိုက်သည့်အတွက် သာ ထိုက်မှာ ဘာပြောရမှန်းမသိအောင် ဖြစ်နေသည်။

"ကိုထိုက် ... အံ့ဩနေလားဟင်။ ဒါမှမဟုတ် ကြည်မှုံကို တစ် မျိုးများ မြင်လား"

"'ဟိုလေ ... ကျွန်တော် ဘာပြောရမလဲ"

သာထိုက်အသံက တိုးတိတ်သွားသည်။ မကြည်မှုံက ပို၍ပင် ခပ် တင်းတင်းဖက်လိုက်ပြီး ...

"ကိုထိုက်ကို အံ့ဩစရာ ပြောပြရမယ်။ ကြည်မှုံက ဟိုဘဝတုန်း က သုစံမယ်ဖြစ်ခဲ့သလို ကိုသာထိုက်ကလည်း ကိုဩဖြစ်ခဲ့တယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည်မှုံ အမြဲအိပ်မက်မက်ခဲ့တယ်။ အဲဒီအိပ်မက်မက်ပြီးရင် ကြည်မှုံလေ ဒီဘုရားဝင်းထဲက အုတ်ကျောင်းဟောင်းကြီးကို မလာဘဲ မနေနိုင်ဘူး။ အများက ပြောကြတယ်။ သရဲခြောက်၊ တစ္ဆေရှိတယ်။ ဥစ္စာစောင့်တွေ့တယ်လို့ ပြောပေမဲ့ ကြည်မှုံမှာ ဘာမှမဖြစ်ဘူး။ ကိုထိုက်မှာ ခါးကနေ ဗိုက်ကိုဆက်နေတဲ့ အနာရွတ်ရှိသလို ကြည်မှုံမှာလည်း ရှိတယ်''

''ဟင် ... ဒါဆို ... ဟို ... ကြည်မှုံက သုစံမယ် ...''

''ဟုတ်တယ်လေ။ ကိုထိုက်က ကိုဩဒပေါ့''

သာထိုက်မှာ ငယ်စဉ်က အိပ်ရာထဲမှာပင် ဗိုက်ကို လက်နှင့်အုပ်၍ သံချွန်စူးတယ်လို့ ပြောခဲ့သည်ကို လူကြီးများပြန်ပြောပြသည်။ တစ်ခါတစ်ရံ အိပ်မက်လိုလိုဖြင့် မြေကျင်းတူးနေရာကို ရောက်တတ်သည်။

ယခု ကြည်မှုံက သေသေချာချာ ပြောနေသည်။ နဂိုကပင် သာထိုက်မှာ ကြည်မှုံကို စိတ်ဝင်စားမှုရှိနေသည်။ အလုပ်ရှင်သမီးဟူသောအသိနှင့် မျိုသိပ်ထားရသည်။ မကြည်မှုံကလည်း စိမ်းစိမ်းကားကား မဟုတ်၍ စိတ်ကို ထိန်းချုပ်ထားနေရသည်။

ယခုတော့ တိုက်ဆိုင်ခြင်းလား။ ဖူးစာရေးနတ်ကပဲ တိုက်တွန်းလေသည်လား မသိပါ။ သာထိုက်၏ရင်ထဲမှ ခံစားချက် မျိုသိပ်ထားရမှုတို့က ပွင့်ထွက်သွားရသလို မကြည်မှုံကလည်း ရင်ကိုဖွင့်ပြ၍ ကြိုလိုက်သည်။

လောကဝန်းကျင်နှင့် ဘုရားဝင်း၊ ကျောင်းဝင်းကြီးက မှောင်မိုက်နေပေမဲ့ သာထိုက်နှင့် မကြည်မှုံတို့မှာတော့ မေတ္တာအလင်းတန်းကြီးက တောက်ပလင်းလက်လို့ နှလုံးသားကို ရှင်းရှင်းလင်းလင်း မြင်နေရပြီဖြစ်သည်။ တစ်ဦးကိုတစ်ဦးမှီတွဲ၍ ရွှေစာရံဘုရားဝင်းမှထွက်ပြီး ပြန်လာကြသည်။

✿ ✿ ✿

[ ၃ ]

❑

နောက်ပိုင်းရက် သိပ်မကြာသောအချိန်တွင် သာထိုက်နှင့် မကြည်မှုံကို ဦးစံပိုကိုယ်တိုင်သဘောတူ၍ အကျဉ်းရုံးပြီး မင်္ဂလာဆောင်ကြလေသည်။

''ကိုထိုက် ... မြို့ဟောင်းသူရဲ့မေတ္တာကို ယုံပြီလား''

''ယုံပါပြီဗျာ။ ကိုထိုက်ကလည်း အလုပ်ရှင်ရဲ့သမီး ဖြစ်နေလို့ပါ။ အစထဲက မြို့ဟောင်းသူမှန်းသိရင် အခုဆိုရင် ကလေးတောင် ချီနေရပြီ''

မကြည်မှုံရဲ့ လက်သီးဆုပ်ကလေးက သာထိုက်၏ကျောပေါ်ကို ကျလာသည်။ တခြားအလုပ်သမားများက အားကျနေသည်။ ဦးစံပိုကလည်း သမီးနှင့်သမက်တို့၏ ကြင်နာမှုကိုကြည့်မြင်ပြီး သမီးအတွက် စိတ်အေးရပြီဟု တွေးလိုက်မိသည်။

ကမာအောင်ချောင်းအတွင်းပိုင်းမှ ၉ နံပါတ် ဆန်စက်အတွက် နဝလီစပါးသယ်ရန် ရော်ဘာသမ္ဗန်တည်နိုင်းသည်ကို လက်ခံလိုက်သည်။ တံကူချ၍ အောက်ခံအခင်းညှိရင်းမှ လိုအပ်သည်များကို အလုပ်သမားနှင့် သာထိုက်ကိုမှာကြားပြီး ရေဆိပ်ကို ဆင်းသွားသည်။ ဦးစံပိုက သားမက်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချသည်။ လုပ်ငန်းရော၊ မိသားကိစ္စများပါ အစစစိတ်ချရသည်။ အသုံး ကို လက်ခံ၍ ပြောရုံသာပြောရသည်။ သာထိုက်က အားလုံးလုပ်နိုင်သည်။

''ကိုထိုက်ရေ . . . ညနေကျရင် ဘုရားကြီးဘက်သွားရအောင်နော်''

''သွားမယ်လေ . . . အမှုံ။ မရောက်တာတောင် ကြာနေပြီ''

ဟုတ်ပါသည်။ မကြည်မှုံသည် သာထိုက်နှင့် မင်္ဂလာဆောင်ပြီး သည့်နောက်ပိုင်းတွင် ရွှေစာရံဘုရားကြီးကို မရောက်ဖြစ်တော့ပေ။ ညက တော့ ထူးထူးခြားခြားပင် အိပ်မက်မက်လိုက်သည်။

''မြို့ဟောင်းသူက အချစ်ဆုံးနဲ့ပေါင်းလိုက်ရတော့ တို့ကို မေ့သွား ပြီပေါ့။ အလှူအတန်းလေးများလုပ်ပြီး အမျှဝေပါဦး။ ဘုရားဝင်းထဲကိုလည်း လာခဲ့ပါဦး''

မကြည်မှုံက အိပ်ရာမနိုးတော့ အိပ်မက်ကို သတိရလိုက်သည်။ ဒါကြောင့် သာထိုက်ကို ဘုရားဝင်းထဲကိုသွားမည်ဟု ပြောခြင်းဖြစ်သည်။

ည၏အမှောင်ထဲတွင် လေအဝေ့နှင့်ပါလာသော ရွှေစာရံစေတီ ကြီး၏ ထီးတော်မှ ဆည်းလည်းသံကလေးက အေးချမ်းမှုကို ပြနေသည်။ ခရေပင်အုပ်အုပ်ကြီးများပေါ်မှ ညငှက်တို့ကလည်း စီစီညံညံနှင့် အိပ်တန်းတက် နေကြတုန်းပင် ရှိသေးသည်။

လက်တွဲ၍လျှောက်လာသော သာထိုက်နှင့် မကြည်မှုံ ဘုရားဝင်း ၏ မုခ်ဝခြင်္သေ့ကြီးနှစ်ကောင်ရှေ့တွင် သာထိုက်၏ဖိနပ်ကို မကြည်မှုံက ငုံ့၍ ကောက်ယူပြီး ဘုရားထဲကို ဝင်လာကြသည်။ အုတ်ကျောင်းဟောင်းကြီး၏ လှေခါးရင်းမှ အရောင်တဖျပ်ဖျပ်နှင့် လင်းလက်သွားသည်ကို သာထိုက် ရော မကြည်မှုံပါ မြင်လိုက်ရသည်။ ထိုင်နေကျဖြစ်သော ဦးခြုံတန်ဆောင်း ကို ဝင်၍ ဘုရားရှိခိုးပြီး ပြန်အထတွင် . . .

''အား . . . ကို . . . ကိုထိုက်ရယ် . . . မူးလိုက်တာ''

''ဟင် . . . ပြန်ထိုင်လိုက်၊ ပြန်ထိုင်လိုက် . . . မှုံ''

''အား . . . မူးတာမှ တော်တော်ကိုမူးတာ . . . ကိုထိုက်ရယ်''

''ခဏနေပြီး သက်သာရင် ပြန်မယ်နော် . . . မှုံ''





''အင်း . . . ပြန်မယ်လေ''

ညအမှောင်မရင့်မီ ပြန်လာကြသည်။ နောက်တစ်နေ့ အရပ်ဝမ်းဆွဲ ဒေါ်တဆုတ်ကိုခေါ်၍ ပြကြည့်ရာ . . .

''ဟဲ့ . . . မောင်ထိုက်၊ နင်တို့ လူတိုးပြီ''

''ဟာ . . . ဝမ်းသာလိုက်တာ ဒေါ်တဆုတ်ရယ်''

''ဟုတ်ကဲ့ . . . ဒေါ်လေးတဆုတ် ကျေးဇူးတင်ပါတယ်''

သာထိုက်မျက်နှာက အပြုံးက မပျောက်အောင် ဝမ်းသာနေပါ သည်။ မကြည်မှုံက မျက်စောင်းထိုး၍ အဖြစ်သည်းရန်ကောဟု ဆိုနေသလို ပင်။ ညအိပ်ရာဝင်ချိန်တွင် သာထိုက်၏အပြောတွေက ကိုယ်ဝန်ဆောင်မိခင် လောင်းတစ်ဦးအနေနှင့် စားသောက်နေထိုင်နည်းများကို ကိုယ်တိုင်ပင် ကိုယ် ဝန်ဆောင်ရသလို ပြောနေသည်။ ခဏအကြာတွင် မကြည်မှုံက နှစ်ခြိုက်စွာ အိပ်ပျော်သွားလေသည်။ သာထိုက်ကတော့ ဝမ်းသာပီတိနှင့် နောက်ကျမှ အိပ်ပျော်သွားသည်။

**''သုစ်မယ် . . . မယ်ကာင်းနဲ့ ဖိုးတိုင်းတို့မောင်နှမက နင်နဲ့ နေချင် တယ်ဆိုလို့ ငါက လိုက်သွားလို့ လွှတ်လိုက်တယ်။ ကောင်းကောင်းမွေးပါ တာ။ ငါတို့က ပစ်မထားပါဘူး''**

''ဟင် . . . မိပုန်းညက်၊ ဟို . . . မယ်ကာင်းတို့ ဖိုးတိုင်းတို့က ငါနဲ့ နေမလို့ ဟုတ်လား''

''မှုံ . . . မှုံ . . . ဘာဖြစ်လို့လဲ၊ အိပ်မက်မက်တာလား''

''ဟူး . . . ကိုထိုက်ရယ်၊ ရေတိုက်စမ်းပါ။ အိပ်မက်ကလည်း ဘာ မှန်းလဲမသိဘူး''

သာထိုက်ခပ်ပေးသော ရေကိုသောက်ပြီး အိပ်မက်အကြောင်းကို ပြောပြရာ **သာထိုက် ပို၍ပင် ဝမ်းသာမိသည်။ မောင်နှမအမြွှာဆိုလျှင် ပို၍** ပင်ကောင်းသည်။

သာထိုက်က အလုပ်ကိုပိုလုပ်သည်၊ ဦးစံပိုက ဘုရားသွား၊ ကျောင်း သွား၊ ဥပုသ်သီတင်းစောင့်နေတော့သည်။ ရော်ဘာသမ္ဗန်နှစ်စီးလည်းပေးရန်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရလိုက်သည်။ တံရူခင်း၍ အောက်အပြားခံပြီး အလုပ်သမားများ၏ ပျဉ်ကပ်ရန်မှာ၍ ဝမ်းပိုက်အောက်တွင် ခုတုံးများ ဝင်ကြည့်စဉ် ...

"ကိုထိုက် ... ထမင်းစားမယ်လေ။ ဒေါက်ထောက်တာကို နိုင်လေ။ လာ ... ထမင်းစားမယ်"

သာထိုက်က သမ္ဘန်ကြီး၏ကိုယ်ထည်အောက်မှ ခုတုံးများကို ဝင်ကြည့်စဉ် မကြည်မွှံက ကိုယ်တစ်ပိုင်းဝင်၍ ထမင်းစားရန် ခေါ်လိုက်ခြင်းဖြစ်သည်။ ထိုစဉ် ပျဉ်ချပ်ကပ်သော အလုပ်သမားက ပျဉ်ချပ်ကို တူနှင့်ထု၍ စေ့အောင်လုပ်လိုက်စဉ် ဘေးတိုက်ကျားကန်ထားသော ဒေါက်တိုင်ကို ခြေကန်မိပြီး ဒေါက်ပြုတ်ထွက်သွားရာ မကြည်မွှံ၏မျက်နှာနှင့် သာထိုက်၏နောက်စေ့ကို ပြင်းထန်စွာ ထိသွားသည်။

"အား ..."

"ဟင် ... အ ...."

"ဟာ ... ဟေ ..."

"ထိကုန်ပြီ"

သာထိုက်က အုတ်ဆက်ပွင့်သွားသလို မကြည်မွှံမှာလည်း မျက်နှာရှေ့တည့်တည့်ကို ထိလိုက်သည့်အရှိန်ပြင်းပြင်းကြောင့် နေရာတွင်ပင် လုံးဝမလှုပ်မယှက် ငြိမ်သက်သွားသည်။

မကြည်မွှံကို သင်္ဂြိုဟ်စဉ် ကိုယ်ဝန်ရှိ၍ ရင်ကိုခွဲပြီး မီးသင်္ဂြိုဟ်လိုက်ရသလို သာထိုက်ကိုလည်း မီးသင်္ဂြိုဟ်လိုက်သည်။ ဦးစံပိုမှာ မိတဆိုးသမီးအလိမ္မာနှင့် နားလည်မှုပြည့်ဝသော သားမက်သာထိုက်တို့ကို ဆုံးရှုံးပြီးနောက် သမ္ဘန်ရုံကြီးဆက်မလုပ်တော့ဘဲ ရောင်းချလိုက်သည်။

ချစ်သူနှစ်ဦး၏ဘဝက ဖြောင့်ဖြူးပြီး သာယာသော အိမ်ထောင်ရေးကလေးကို ဖန်တီးတည်ဆောက်၍မှ မပြည့်စုံသေးမီ ရှေးကြမ္မာဝိဘတ် အဆုံးရေစက်က မပြတ်ပါလာပြီး သက်ခန္ဓာ ပျက်ရသည်။

ဘဝဟောင်းက မေတ္တာ၊ သစ္စာတွေမယွင်းသည့် မြို့ဟောင်းသူ သုစံမယ်လို မိန်းကလေးကိုရော အချစ်ကို ဖြူစင်စွာချစ်တတ်သော ဩဒေါင်






ထူငယ်လေးပါ။ သာထိုက်ဘဝနှင့် မကြည်မွှံလိုဘဝမျိုးနှင့် နောင်ဘဝအဆက်ဆက်မှာ မကြုံစေချင်ပါ။ ရွှေစာရံစေတီတော်ကြီးတွင် ကောင်းမှုကုသိုလ်ပြု၍ ဆုတောင်းခဲ့လေသလားကိုတော့ ဘယ်သူမှ မသိပါ။

ဦးစံပိုကတော့ လူဝတ်ကြောင်ကိုစွန့်၍ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ရွှေစာရံစေတီတော်ကြီး၏ ဘုရားဝင်းထဲမှ ဆရာတော်ကျောင်းတွင် ရဟန်းသံဃာဘဝကို ကူးပြောင်းရင်းနှင့် သမီးနှင့်သားမက်ကို မေတ္တာပို့၍ အမျှဝေလိုက်သည်။

နိုးယဉ့်ထွန်း

www.burmeseclassic.com

www.burmeseclassic.com




|၁|

❑

"ကောင်ကလေး ...''

"ကောင်ကလေး ...''

"ကောင်ကလေး ...''

ဟု အဘိုးအိုက ညင်ညင်သာသာခေါ်နေ၏။ သို့သော် ...

ကောင်ကလေးသည် ဘာမှပြန်မပြောနိုင်သလို ထူးလည်း မထူးနိုင်ပါချေ။ အဘိုးကတော့ ကြင်နာသောမျက်ဝန်း၊ စိုးရိမ်သော မျက်ဝန်းအစုံတို့ဖြင့် ...

"ကောင်ကလေး ...''

"ကောင်ကလေး ...''

ဟု ထပ်တလဲလဲ ခေါ်နေ၏။

ကောင်ကလေးကတော့ ပင်လယ်လှိုင်းများကြားတွင် အတော်ပင် ဝန်းခဲ့ဟန်ရှိ၏။ အဘိုးအို၏ခေါ်သံကို ကြားနိုင်စွမ်းပင် မရှိပါပေ။

အတော်ကြာတော့ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



*ကောင်ကလေး သတိရလာပြီနဲ့တူတယ်။ ခန္ဓာကိုယ်ကလေး တစ်*ချက်တွန့်ပြီး မျက်လုံးကလေးညင်သာစွာ ပွင့်လာ၏။ သို့သော် မကြာလိုက်ပါချေ။ မဟူရာရောင် မျက်လုံးအစုံတို့ကို ဖျော့တော့သော မျက်လွှာတို့က ပြန်လည်ဖုံးအုပ်သွားလေပြီ။

အဘိုးအိုသည်လည်း ကောင်ကလေးအား စိုးရိမ်တကြီး ခေါ်နေသည်ကို ရပ်တန့်လိုက်ပြီး မေတ္တာသုတ်၊ ဓာရဏာပရိတ် စသည်တို့ကို အဆက်မပြတ် ရွတ်ဖတ်နေ၏။

✿ ✿ ✿

# [ ၂ ]

နောင်တစ်ပတ်အကြာတွင်တော့ ကောင်ကလေး အခော်ထူထူ ဆောင်ထောင် လန်းလန်းဆန်းဆန်း ရှိနေပြီ။ ထို့ကြောင့် အဘိုးအိုက ..

"ကောင်ကလေး ..."

"ဗျာ ... အဘိုး ..."

"ကောင်ကလေး ... မင်း ... ဘာတစ်ခုမှ သတိမရဘူးလားမင်းနာမည်ကိုကော"

"ကျွန် ... ကျွန်တော့် ... အမည်က ... ဝေ ... ဝေ ... လွင် ... ဆိုလား "

"ဟော ... ဝေ ... ဝေ ... လွင် ... ဟုတ်လား"

"ဟုတ် ... ဟုတ်တယ်ထင်တယ် ... အဘိုး။ ဒါနဲ့ အဘိုးကဘာဖြစ်လို့ အံ့ဩတကြီး ဖြစ်သွားတာလဲဟင် ... အဘိုး"

"ဘာ ... ဘာမှမဖြစ်ပါဘူး ... ကောင်ကလေးရယ်။ မင်း သတိရလာတာကို အံ့ဩလို့ပါ။ ဒါနဲ့ ကောင်ကလေး မင်းမေ့မြောနေတုန်းက ဘယ်နေရာတွေရောက်ခဲ့ပြီး ဘာတွေ တွေ့ခဲ့သေးသလဲကွ"

"ဟင် ... အဘိုးက ဘယ်ရောက်တယ်ထင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ အဘိုး ဘယ်သိပ့်မလဲကွ။ ဒါပေမဲ့ အဘိုးကြားဖူးသလို ပြောနေတဲ့သူတွေဟာ ထူးဆန်းတဲ့ အတွေ့အကြုံတွေ တွေ့ကြုံတတ်ကြ လို့လေကွာ"

"ဟာ ... အဲဒါတော့ ဟုတ်တယ်အဘိုး"

"ဒါဆို မင်း ထူးဆန်းတာတွေ မြင်ခဲ့တယ်ပေါ့ ... ဟုတ်လား"

"ဟုတ်တယ် ... အဘိုး"

"ဒါဆို ပြောပါဦးကွ"

ဟု အဘိုးအိုက ကောင်ကလေးအား စိတ်ဝင်တစား မေးမြန်းနေ၏။ ကောင်ကလေးက အတန်ငယ် စဉ်းစားဟန်ပြုပြီး ...

"ကျွန်တော် ရောက်ခဲ့တာ"

ဟု ဆိုကာ တွေတွေဝေဝေ ဆွေးဆွေးမြည့်မြည့်လေးဖြင့် အဝေးကို ကြည့်နေ၏။ အဘိုးအိုကတော့ စိတ်ဝင်တစား မေးနေပြန်၏။ ထိုအခါ ကောင်ကလေးက တစ်ဖန် ...

"ကျွန်တော် ရောက်ခဲ့တာ"

ဟု တွေးတွေးဆဆပြောရင်း စကားကို ဖြတ်လိုက်ပြန်မိ၏။ အဘိုးအိုကလည်း သိချင်စောတွေနဲ့ မေးနေပြန်၏။ ထိုအကြိမ်တွင်တော့ ကောင်ကလေးက လေးလံထိုင်းမှိုင်းသော လေသံတို့ဖြင့်မဟုတ်ဘဲ သွက်သွက်လက်လက် ဖြေချလိုက်သည်က ...

"ပန်းသခင်မ ... ကျွန်း ..."

တဲ့။ ထိုအခါတွင်တော့ အဘိုးအိုတစ်ယောက် အံ့သြခြင်းမက အံ့သြရပြန်၏။ ထို့ကြောင့် ...

"ဘာ ... ပန်းသခင်မကျွန်း ... ဟုတ်လား ... ကောင်ကလေး ပန်းသခင်မကျွန်း ... ဟုတ်လား ..."

"ဟုတ်တယ် ... အဘိုး။ ဟုတ်တယ်။ ကျွန်တော်ရောက်ခဲ့တာ ပန်းသခင်မကျွန်းတဲ့"





ဟု ဆိုကာ ကောင်ကလေးက ဟိုး ... အဝေးက ပင်လယ်ပြင်ကြီးကို ငေးကြည့်နေပြန်၏။ ခဏကြာတော့ မျက်လုံးလေးများ အရောင်တောက်လာပြီး လှုပ်လည်း လန်းဆန်းတက်ကြွလာသောပုံဖြင့် ...

"အဘိုး ..."

ဟူ၍ အားပါးတရ ခေါ်လိုက်၏။ ထိုအခါ အဘိုးအိုက ...

"ဘာလဲ ... ကောင်ကလေး"

"ကျွန်တော်ရောက်ခဲ့တဲ့ ပန်းသခင်ကျွန်းကလေ နာမည်နဲ့လိုက်အောင်ကို ပန်းတွေပွင့်တာ ... အဘိုးရဲ့"

ဟု ဆိုသောအခါ အဘိုးအိုက စဉ်းစားချင့်ချိန်ဟန်ဖြင့် ...

"ဟုတ်ရဲ့လား ... ကောင်ကလေးရာ"

"ဟုတ်တယ် ... အဘိုးရဲ့၊ ပြီးတော့ အဲဒီကျွန်းမှာပွင့်တဲ့ ပန်းတွေက အရမ်းကို ထူးဆန်းနေသလိုပဲ"

"ဟေ ... ဘယ်လိုထူးဆန်းသလဲ ... ကောင်ကလေးရဲ့"

"ဘယ်လိုထူးဆန်းသလဲဆိုတော့ ကျွန်တော်တို့ တကယ့်လောကမှာ မမွေးတဲ့ပန်းတွေကလေ ကျွန်တော်ရောက်သွားတဲ့ ပန်းသခင်မကျွန်းမှာ မွေးလိုက်တာမှ သင်းလို့ ... အဘိုးရယ်။ ကျွန်တော့်စိတ်ကို ညှို့ယူနိုင်စွမ်းလည်း ရှိသလို လန်းဆန်းတက်ကြွမှုကိုလည်း ဖြစ်စေတယ် အဘိုးရဲ့"

"ကောင်ကလေး ... မင်း ... ဘာပန်းတွေ တွေ့ခဲ့လို့လဲကွယ်"

"ဟာ ... အဘိုးရာ ... ပန်းတွေက စုံလို့စုံလို့၊ သစ်ခွပန်းတွေကလည်း မျိုးစုံလို့၊ မိုးလုံးပြာ၊ မိုးလုံးမှိုင်း၊ သစ်ခွနက်တွေရော၊ ကရမက်၊ စံပယ်၊ ဖွန်ပန်းတွေရော၊ ကံကော်၊ ဇီဖဝါတွေရော ... အဘိုးရဲ့"

"အတော်စုံတာပဲ ... ကောင်ကလေးရဲ့"

"ဒါတင်မကသေးဘူး ... အဘိုး၊ အဲ ... ပိတောက်တွေကလည်း ဝင်းဝါလို့၊ ပြီးတော့ ချယ်ရီတွေက တစ်တောလုံးကို ပန်းရောင်ပြေးနေသလို ပျဉ်းမပွင့်တွေက ခရမ်းရောင်ကို လွှင့်လို့၊ အဲ ... စိန်ပန်းတွေက ရဲရဲတောက်ပြီး ငုပန်းတွေက ပွင့်နေသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်ကလေး ...မင်းပြောသလိုဆို ပန်းတောကြီး ဖြစ်နေတာပေါ့"

"ဟုတ်တယ် ... အဘိုးရေ၊ ကျွန်တော် ပန်းတောကြီးထဲ ရောက်သွားတာပဲ"

"ဒါနဲ့ ကောင်ကလေး၊ မင်းပြောတဲ့ ပန်းအတော်များများက ကျွန်းပေါ်မှာ ပေါက်လေ့မရှိတဲ့ ပန်းတွေကွ။ ဒါနဲ့ ... ကောင်ကလေးရေ၊ မင်းက အဲ့ဒီကျွန်းကို ပန်းသခင်မကျွန်းလို့ ဘာကြောင့် သိခဲ့တာလဲကွ"

"အဲဒီကျွန်းရဲ့ တစ်နေရာမှ ပန်းသခင်မဆိုတဲ့ ကဗျည်းစာတမ်းနဲ့ ကျောက်စာတိုင် စိုက်ထားတာတွေ့တယ် ... အဘိုးရဲ့။ ပြီးတော့ ကျွန်တော့်စိတ်ထဲက အလိုလို သိနေတယ်။ အဲဒီကျွန်းဟာ ပန်းသခင်မကျွန်းဆိုတာလေ။ ပြီးတော့ ... ကျွန်းဦးမှာ စေတီတစ်ဆူကိုလည်း ဖူးခဲ့ရတယ်"

"ဟော ..."

ကောင်ကလေးရဲ့ အပြောစကားတွေကြောင့် အဘိုးအိုက အံ့ဩနေသလောက် ကောင်ကလေးကတော့ ပြောရင်း အားတွေတက်နေတယ်။ ပြီးတော့ အဲ့ဒီပန်းသခင်မကျွန်းက မွှေးကြိုင်လန်းဆန်းနေတဲ့ ပန်းတွေကြောင့် သူ မေ့မြောရာက သတိပြန်ဝင်လာတာဖြစ်သည်ဟု သူ့ဘာသူ ကောက်ချက်ချနေ၏။ ထိုအခါ အဘိုးအိုက ...

"ကောင်ကလေး ..."

"ဗျာ ... အဘိုး ..."

"အဲဒီပန်းသခင်မကျွန်းကပန်းတွေက အပွင့်တိုင်း လန်းဆန်းနေတာပဲလား"

"ဟုတ်တယ် ... အဘိုးရဲ့၊ အဲ့ဒီပန်းသခင်မကျွန်းမှာ ပန်းအကြွေတွေ မတွေ့ခဲ့ရဘူး။ တွေ့ရသမျှ ပန်းတွေက ဖူးစပွင့်စ ပန်းကလေးတွေလို လတ်ဆတ်နေတယ်။ ပြီးတော့ ပွင့်တဲ့ပန်းတိုင်း မွှေးနေတယ်"

"ဩော် ... ဟုတ်သလား ... ကောင်ကလေး"

စိတ်ကူးသစ်စာပေ



ဟု အဘိုးအိုက တွေးတွေးဆဆပြောနေစဉ်မှာပင် ပင်လယ်မှ လေများ တိုက်ခတ်သောကြောင့် လှိုင်းများက စက်လှေများကို ရိုက်ခတ်လာသဖြင့် တဝုန်းဝုန်းအသံတွေ မြည်နေ၏။ ထို့ကြောင့် အဘိုးက ...

"ကဲ ... ကောင်ကလေးရေ အဘိုး ... ဟိုဘက်ကလှေငယ်တွေကို သွားပြီး သတိပေးလိုက်ဦးမယ်။ မင်းလည်း သတိစိရိယနဲ့ နေနော်။ လှိုင်းလေတွေက ပိုပိုပြီး သန်လာတယ်ကွ"

ဟုဆိုကာ အဘိုးအိုက သောင်စပ်မှတစ်ဆင့် အခြားစက်လှေများဆီသို့ ကူးသွားလေပြီ။

ညဉ့် အတော်နက်လာလေလေ၊ လေက တိုက်ခတ်လာလေလေနှင့် စက်ဖောင်များသည်လည်း ရေပြင်နှင့်အတူ ဟန်ချက်ညီညီ ယိမ်းထိုးရင်း တလှုပ်လှုပ် အရှုရှုပင်။ စက်ဖောင်များပေါ်တွင်ရှိသော ရေလုပ်သားများသည် ပင်လယ်ပြင်တွင် အနေကြာခဲ့ပြီမို့ ရာသီဥတုဒဏ်ကို မတုန်လှုပ်ကြသော်လည်း သတိဝီရိယတော့ ရှိကြ၏။ ထို့ကြောင့် အချို့အချို့သောသူများက အိပ်စက်အနားယူနေကြပြီဖြစ်သော်လည်း အချို့သော လူများကတော့ ပင်လယ်ပြင်ကို နားစွင့်ရင်း တစ်ခါတစ်ရံ အတွေးစများဖြင့် လွင့်မျောနေတတ်ကြ၏။

အတော်ကြာတော့ လှိုင်းလေတို့သည် ငြိမ်သက်စပြုနေပေပြီ။ ထို့ကြောင့် အဘိုးဦးမြတ်သာသည်လည်း ရှုမျှော်မဆုံးနိုင်သော လရောင်အောက်က ပင်လယ်ပြင်ကိုကြည့်ရင်း သူ ပျို့ရွယ်စဉ်က ဂမ္ဘီရနောင်တော်ပြောခဲ့သော ပန်းသခင်မ ဇာတ်လမ်းကို တွေးတောနေမိ၏။

ထိုအပြင် ဂမ္ဘီရနောင်တော်ပြောခဲ့သော ပန်းသခင်မကျွန်းဇာတ်လမ်းတွင် မောင်ဝေလွင်သည်လည်း ဇာတ်လိုက်တစ်ယောက်အဖြစ် ပါဝင်လေသည်။ ယခု အဘိုးအိုတွေ့သော ကောင်ကလေးသည်လည်း သူ့အမည်ကို မောင်ဝေလွင်ဟု တစ်ခါတစ်ရံပြော၍ တစ်ခါတစ်ရံမောင်ညိုလွင်ဟု ပြောနေ၏။ သူသည်လည်း ပင်လယ်ပြင်တွင် အန္တရာယ်နှင့်ကြုံ၍ ဒုက္ခရောက်ခဲ့ပြီး မေ့တစ်ဝက်၊ လျော့တစ်ဝက်ဖြင့်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ဂမ္ဘီရနောင်တော်ပြောခဲ့သော ပန်းသခင်မဇာတ်လမ်းနှင့် ယခု မောင်ဝေလွှင် (ခေါ်) မောင်ညိုလွင်တွေ့ခဲ့သော ပန်းသခင်မကျွန်းကို အဘိုးဦးမြတ်သာအဖို့ ကြားဖူးရုံသာ ကြားဖူး၏။ မောင်ဝေလွှင်ကဲ့သို့ မေ့မြောနေစဉ် သို့မဟုတ် အိပ်မက်ထဲတွင်တောင် သူမမြင်ဖူး။ မောင်ဝေလွှင်နှင့် ဂမ္ဘီရနောင်တော်တို့ ပြောပြချက်အရဆိုလျှင် ပန်းသခင်မကျွန်းသည် အဘိုးအိုနေထိုင်သော ပင်လယ်ရွာနှင့်တော့ သိပ်ပြီး ဝေးလှသည်မဟုတ်။

ခက်နေသည်က ဤပန်းသခင်မကျွန်းအကြောင်းကို ဂမ္ဘီရနောင်တော်ပြော၍ အရင်ဆုံးကြားဖူး၏။ နောက်ပိုင်း ကမ်းခြေရွာမှ အဘိုး၊ အဘွားတချို့ ပြော၍ကြားဖူး၏။ ထို့နောက်ပိုင်း မည်သူမျှ မပြောသည်မှာ အတော်ကြာခဲ့လေပြီ။ ခုတော့ တစ်ဖန် လှိုင်းလေတို့ဖြင့် သင်္ဘောနစ်ရာမှ မျောပါလာသော မောင်ဝေလွှင် (ခေါ်) ညိုလွင်က ပန်းသခင်မဇာတ်လမ်းကို အစဖော်နေပြန်ပြီ။

ထို့ကြောင့် အဘိုးအို ဦးမြတ်သာအဖို့ ပန်းသခင်မကျွန်းသည် တကယ်ရှိသည်ဟု ကောက်ချက်ချလိုက်ချင်၏။

ပြီးတော့ . . .

ဒီပန်းသခင်မကျွန်းရဲ့ ဇာတ်လမ်းကို မောင်ညိုလွင်အား ပြောပြသင့်တော်ပါမည်လား။ မောင်ဝေလွှင်သည် မေ့မြောပြီး ပန်းသခင်မကျွန်းသို့ ရောက်ခဲ့သည်ကိုပင် အစွဲလမ်းကြီး စွဲလမ်းနေ၏။ ပန်းသခင်မကျွန်းဇာတ်လမ်းကို ပြောလျှင် . . .

''အင်း . . . လူငယ်ပီပီ စူးစမ်းရင်း၊ ရှာဖွေရင်း အင်း . . . ဒုက္ခသုက္ခတွေနဲ့ ကြုံလေမလား''

ဟု အဘိုးဦးမြတ်သာ မချင့်မရဲဖြင့် မလှူးသာ မလွန့်သာ ရှိလာ၏။ ထိုစဉ်တွင် ကောင်ကလေး တစ်ရေးနိုးလာပြီး . . .

''အဘိုး . . . မအိပ်သေးဘူးလား။ အတော်ညဉ့်နက်နေပြီပဲ''

ဟု အသိပေးသဖြင့် အဘိုးဦးမြတ်သာသည် စက်ဖောင်ပေါ်ရှိ အိပ်ရာထဲသို့ ဝင်ခဲ့လေတော့သည်။

✿ ✿ ✿

[ ၇ ]

❑

အဘိုးဦးမြတ်သာအဖို့ ပင်လယ်ပြင်သည် သူ့၏ဘဝ၊ သူ၏နှလုံးသားဖြစ်သည်။ သူမွေးဖွားသည့်မှစ၍ ယခု အဘိုးအရွယ်အထိတိုင်အောင် ပင်လယ်ပြင်ကို ချစ်မြတ်နိုးခဲ့သည်။ ပင်လယ်ပြင်ကို မခွဲခွာခဲ့။ ပင်လယ်ပြင်မှာ အလုပ်လုပ်၍ စီးပွားဖြစ်ပြီး သားဖြစ်သူကို ကောင်းမွန်စွာ ကျောင်းထားခဲ့၍ သားဖြစ်သူသည် ရန်ကုန်မြို့ကြီး၌ပင် ကြီးပွားချမ်းသာနေလေပြီ။

သို့သော် . . .

အဘိုးဦးမြတ်သာသည် သားထက် ပင်လယ်ပြင်ကို ပို၍ ချစ်ရှာလေသလား။ ပင်လယ်ပြင်အပေါ် သစ္စာထားရှာသလားတော့ မပြောတတ်။ အဘိုးအရွယ်ဖြစ်သည့်တိုင် ပင်လယ်ပြင်ကို စွန့်ခွာဖို့ တွေးမိပုံမရ။ ပင်လယ်ပြင်တွင် ရေလုပ်သားများကို အုပ်ချုပ်ရင်း အဘိုးပျော်၏။ ရေလုပ်သားများ၏ အခက်အခဲများကို ဖြေရှင်းရင်းလည်း အဘိုးပျော်မိ၏။ ခုလည်း ပင်လယ်ပြင်မှ သူကိုယ်တိုင်ကယ်တင်ခဲ့သော မောင်ဝေလွှင်(ခ)မောင်ညိုလွင်ကို အနိုင်တကြည့်ကြည့်လုပ်ရင်း ပျော်ရွှင်နေပုံပင်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ပင်လယ်ပြင်ရေလုပ်သားများသည် သူတို့ဉာဏ်နှင့် မှန်းနိုင်သော ပင်လယ်ပြင်ကြီး၏ မာယာများနှင့် သဘာဝတရားကြီး၏ ဆန်းကြယ်မှုများကို အဘိုးအား မကြာခဏ မေးတတ်ကြသည်။

တစ်နေ့မှာတော့ ပင်လယ်လုပ်သားတစ်ဦးက ပင်လယ်ပြင်၏မာယာတွေကို မမေး။ ဆန်းကြယ်သော သဘာဝတရားကြီးကိုလည်း မမေး။ သူမေးလာသည်က သူ့အမည်ကိုပင် သူ မောင်ဝေလွှင်လိုလို၊ မောင်ညို့တွင်လိုလို ရေရေရာရာ မမှတ်မိသေးသော ကောင်ကလေးအကြောင်း မေးမြန်းစပ်စုလာ၏။

ထိုအခါ အဘိုးအိုဦးမြတ်သာက သူငယ်ရွယ်နုပျိုစဉ်က ပင်လယ်ပြင်တွင် တွေ့ကြုံကြားသိခဲ့ရသော အဖြစ်အပျက်ကလေးနှင့် ယှဉ်၍ ပြောပြ၏။ ထိုအဖြစ်အပျက်ကား ပင်လယ်ပြင်၏ မာယာများထက် စိတ်ဝင်စားစရာကောင်း၏။ ဆန်းကြယ်သော သဘာဝတရားကြီးအနက်မှ ပို၍ပို၍ ဆန်းကြယ်၏။ ဂမ္ဘီရဆန်၏။ အဘိုးအိုပြောပြသော အဖြစ်အပျက်သည်ကား ...

✿ ✿ ✿

| ၄ |

❑

"ဟာ ... ဟိုမှာ ... မိုးတွေ လေတွေ လာနေပြီ။ အို ... ငါ ဘာလုပ်ရမလဲ။ ဘုရား ... ဘုရား"

"ဝုန်း ... ဝေါ ..."

"ဝေါ ... ဝေါ ... ဝေါ ..."

"ဝုန်း ..."

"ဟာ ... ငါ့ဖောင် ပျက်သွားပြီ။ အို ... ဒီမိတ္တဲ့ ဝါးလုံးတစ်လုံး ကိုင်ထားမှဖြစ်မယ်။ ဘုရား ... ဘုရား ..."

"ဝေါ ... ဝေါ ..."

"ဝုန်း ..."

"အို ... ဘုရား ... ဘုရား ..."

"ဝုန်း ... ဝေါ ..."

"အား ... အား ... ဟင်း ... ငါ ခြေကုန်လက်ပန်းလည်း ကျပြီ၊ ဒီဝါးလုံးလေးကို ဖက်ပြီး အသာမှေးနေဦးမှ"

"ဝုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါ့လက်ထဲက ဝါးလုံးက လွတ်သွားပြီ မဖြစ်ဘူး။ ဝါး လေးရှိရင် မှေးနေလို့ရသေးတယ်။ ရှိသမျှစွမ်းအားလေးနဲ့ ဝါးလုံးလေး ရောက်အောင်ကူးမှ။ အို ... ကူးရင်း ဝါးလုံးက ဝေးဝေးသွားပြီ။ အသ ရှင်ရေးအတွက် ရှိသမျှအင်အားကို သုံးရတော့မယ်။ အား ... ခြေ လက်တွေက မလှုပ်နိုင်တော့။ အား ... အား ... အား ..."

ဤသို့ဖြင့် မောင်မြတ်သာအဖို့ ယေရွှယ်နုပျိုစဉ်က ယေရွှယ်နု သည်ကို အကြောင်းပြု၍ ပင်လယ်ပြင်ကို စူးစမ်းခဲ့ရာ ဆန်းကြယ်သ သဘာဝတရားရှိသော၊ မာယာများသော ပင်လယ်၊ ကမ္ဘာ့ရဆန်သော ပင်လ တွင် အတွေ့အကြုံသစ်များ ရရှိနေလေပြီ။

ခုတော့ ပင်လယ်ပြင်တွင် ဘယ်နှရက် သတိမေ့၍ ဘယ်နှ ထမင်းမစားရသည်ကို သူမသိတော့။ ထို့ပြင် ယခု သူရောက်သော ကျော ဆောင်၌ပင် ဘယ်အချိန်က ဘယ်လိုရောက်နေသည်ကို သူမသိ။ သူသ တော့ ကျောက်ဆောင်ပေါ်၌ သူသည် ပက်လက်အနေအထားနှင့်။ ပင်လ ဂဏန်းကောင်များက သူ့ကိုယ်ပေါ်တွင် ရွရွ ရွရွ ရွရွ နှင့် အသည်း **ချင်စရာ။ သို့သော် ထိုဂဏန်းကောင်များကို ပုတ်ချဖို့နေနေသာသာ သူ့** သူ့လက်များကိုပင် လှုပ်ဖို့ သူ့မှာ အင်အားမရှိ။

သူ၏ အာရုံထဲတွင်လည်း အတွေးများက ဟိုတစ်စ ဒီတစ်စ လာ၏။ ကြာကြာရှည်ရှည်တော့ မတွေးနိုင်ပါ။ တွေးရင်း မေ့မြောသွား ၏။ မေ့မြောနေစဉ် သူ၏အကြားအာရုံ၌ တည်ကြည်သော အသံတစ် ကြားရ၏။ ထိုအသံကတော့ ...

"ဒီနယ်မြေဟာ သစ္စာနယ်မြေ၊ မေတ္တာနယ်မြေကွ ... မောင်မြ သာရဲ့။ မင်းက သစ္စာ၊ မေတ္တာ ကြီးမားတဲ့အတွက် ဒုက္ခမရောက်နိုင်ပါ"

ဟု သူကြားရ၏။ သို့သော် သူသည် မျက်စိမဖွင့်နိုင်။ လှုပ်လ မလှုပ်နိုင်သဖြင့် နေမြဲတိုင်းသာ နေလိုက်၏။

**ခဏကြာသောအခါ မောင်မြတ်သာအား လူတစ်ယောက်က** ရွက်များ ညှစ်ထားသည်ဟု ထင်ရသော အရည်များကို တိုက်၏။ ထို့နော မောင်မြတ်သာ အားရှိသလိုလို ဖြစ်သွား၏။ နောက် ထိုလူသည် ထိုအ





များ မောင်မြတ်သာကို မကြာခဏတိုက်၏။ ဤသို့ဖြင့် နှစ်ရက်ခန့်အကြာ တွင် မောင်မြတ်သာအားအင်များ အတော်အတန် ပြည့်ဝလာလေပြီ။

မောင်မြတ်သာ ထူထူထောင်ထောင် ရှိလာသောအခါ မောင်မြတ် သာ အနီးအနား၌ တစ်နေ့လုံးလုံး မည်သူမျှမရှိ။ သို့သော် ခွဲပြီးသား အုန်း သီးတစ်လုံး၊ မခွဲရသေးသော အုန်းသီးနှစ်လုံးနှင့် သံတုတ်တစ်ချောင်း သူ့ အနီးတွင် တွေ့ရ၏။ ထို့ကြောင့် မောင်မြတ်သာသည် ခွဲပြီးသား အုန်းသီး တစ်လုံးကို သူ အဆင်ပြေသလို စား၏။ ထို့နောက် ထပ်ဆာလျှင် မခွဲရ သေးသော အုန်းသီးကို ကျောက်ဆောင်ပေါ်တင်၍ သံတုတ်နဲ့ ထုစားမည် ဟု စိတ်ကူးထားလိုက်၏။

ထို့နောက် ကျွန်းပေါ်တွင် လူရှိရမည်ဟူသော အတွေးဖြင့် မောင် မြတ်သာ လိုက်လံရှာဖွေ၏။ သို့သော် တစ်ဦးတစ်ယောက်ကိုမျှ မတွေ့။ မောင်မြတ်သာ ဆက်လက်ရှာဖွေပြန်၏။ ကျောက်ဆောင်တစ်နေရာတွင် အခေါင်းပေါက်တစ်ခုကို တွေ့၍ အသေအချာကြည့်လိုက်တော့ အထဲတွင် လိုဏ်ဂူပုံသဏ္ဌာန်ဖြစ်နေ၏။ ဆက်လက်ကြည့်ရှုသောအခါ ...

"ဟာ ... အထဲမှာ ... ဘာပါလိမ့်"

"ဝုန်း ... ဝုန်း ... ဝုန်း ..."

"အရေးထဲ လန့်လိုက်တာ။ ဟင်း ... ကျောက်ဆောင်ကို လှိုင်း က ရိုက်ရသေးတယ်။ ဟာ ... ဟုတ်တယ်၊ အထဲမှာ ... လူ ... လူ .. လူအဖော်တွေ့ပြီပဲ"

အဖော်တွေ့ပြီဟူသော အတွေးဖြင့် မောင်မြတ်သာ ပျော်နေ၏။ သို့သော် ဂူထဲက လူသည် တိတ်ဆိတ်ငြိမ်သက်နေသဖြင့် သူလည်း တိတ် တဆိတ် ပြန်လည်ချောင်းမြောင်းကြည့်သောအခါ အသက် (၄၀)ခန့်ရှိသော လူတစ်ဦး တရားထိုင်နေသည်ကို တွေ့ရ၏။ မောင်မြတ်သာသည် ထိုလူ တရားဖြုတ်လျှင် စကားစမြည်ပြောမည်ဟူသော စိတ်ကူးဖြင့် ဟိုနားဒီနား လျှောက်ရင်း စောင့်ဆိုင်းနေလိုက်သည်။

သို့သော် ထိုလူမှာ တစ်နေကုန်သည်အထိလည်း မလှုပ်။ ၂ ရက် ကုန်သည်အထိလည်း မထ။ ထို့ကြောင့် မောင်မြတ်သာမှာ ကျွန်းပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသော အုန်းပင်ကိုသာ အားကိုးအားထားပြုရင်း ထိုလူ တရားဖြတ်မည့်အချိန်ကို စောင့်ဆိုင်းနေ၏။ ၃ ရက်မြောက်သောနေ့တွင် ထိုလူ တရားဖြတ်၏။

ထိုလူကို မောင်မြတ်သာ စကားပြောကြည့်သောအခါ ...

"စိတ်မပူပါနဲ့ ညီတော်၊ နောင် ၂ ပတ်ကြာရင် ဒီကျွန်းကို စက်လှေ ရောက်လာပါလိမ့်မယ်။ အဲ့ဒီစက်လှေနဲ့ ညီတော် ပြန်လိုက်သွားပေါ့"

"စက်လှေက နောင်တော်နဲ့ အချိတ်အဆက်ရှိတာလား"

"မဟုတ်ပါဘူးကွာ။ သူ့အကြောင်းနဲ့သူ ရောက်လာမှာပါ"

"ဒါ ... ဒါဆို ... နောင်တော်ကရော"

"နောင်တော်က အစီအစဉ်မပြည့်သေးဘူး"

ဟု ထိုလူက အေးဆေးစွာ ပြော၏။ ထိုအခါမှ မောင်မြတ်သာက လှူငယ်ပီပီ စူးစမ်းချင်စိတ် ဖြစ်ပြန်၏။ ထို့ကြောင့် ...

"နောင်တော် ... ညီတော် သတိမရတစ်ချက် ရတစ်ချက်တုန်းက ဒီနေရာက သစ္စာနယ်မြေ၊ မေတ္တာနယ်မြေလို့ နားထဲမှာ ကြားလိုက်ရတယ်။ အဲဒါ နောင်တော်ပြောတာလား။ တကယ်ကော သစ္စာနယ်မြေ၊ မေတ္တာနယ်မြေ ဟုတ်သလား ... နော်တော်"

"ဟုတ်တယ် ညီတော်။ ဒီသစ္စာနယ်မြေ၊ မေတ္တာနယ်မြေအကြောင်း ညီတော့်ကို ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ပြောပါ ... နောင်တော်"

ကျွန်းပေါ်တွင် သူတွေ့ရသော ပုဂ္ဂိုလ်က သူ့ကိုယ်သူ နောင်တော်ဟုပြော၍ မောင်မြတ်သာအား ညီတော်ဟုခေါ်ပြောနေသဖြင့် မောင်မြတ်သာသည်လည်း အလိုက်သင့် ထိုလူပြောသည့်အတိုင်း ခေါ်ပြောနှုတ်ဆက်နေ၏။ ထိုလူက ဆက်လက်ပြီး ...

"ဒီ ... ကျွန်းကနေ ... ဟို အရှေ့တောင်ဘက်တစ်နေရာမှာ ကျွန်းတစ်ကျွန်းရှိသေးတယ် ... ညီတော်။ အဲ့ဒီကျွန်းရဲ့အမည်က ပန်းသခင်မကျွန်းလို့ခေါ်တယ် ညီတော်"

စိတ်ကူးသစ်စာပေ



"ပန်းသခင်မကျွန်း ... ဟုတ်လား နောင်တော်။ နာမည်လေးက လှလိုက်တာ"

"ဟုတ်တယ် ... ညီတော် ... ဟုတ်တယ်။ ပန်းသခင်မကျွန်းတဲ့။ အဲဒီကျွန်းဟာ မာလာနွယ်ဆိုတဲ့ အမျိုးသမီးလေးရဲ့ သစ္စာနဲ့ မေတ္တာကြောင့် အမည်ကို ရခဲ့တာကွယ့်"

"ဟုတ်ကဲ့ ... ဆက်ပြောပါ နောင်တော်"

"အင်း ... ဖြစ်ပုံကတော့ကွာ"

ဟုဆို၍ ထိုပုဂ္ဂိုလ်က အဝေးရှိ ပင်လယ်ပြင်ကို မျှော်ကြည့်ရင်း စကားစကို ဖြတ်လိုက်၏။ ထို့နောက် ...

"တစ်ချိန်က ကမ်းခြေရွာတစ်ရွာမှာပေါ့ကွာ မာလာနွယ်ဆိုတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်။ အဲ့ဒီအမျိုးသမီးလေးဟာ သူနဲ့တစ်ရွာတည်းနေတဲ့ မောင်သော်တာဆိုတဲ့ အမျိုးသားလေးအပေါ်မှာ အင်မတန်ကို ချစ်ခင်မြတ်နိုးခဲ့တာပေါ့ကွာ"

ဟုပြောရင်း ထိုပုဂ္ဂိုလ်က အဝေးသို့ငေးကြည့်နေပြန်၏။ ထို့နောက်မှ ...

"မောင်သော်တာကတော့ မာလာနွယ်အပေါ်မှာ ခပ်စိမ်းစိမ်းပဲကွယ်။ မောင်သော်တာ ဘယ်လောက်ပဲစိမ်းစိမ်း၊ မာလာနွယ်ကတော့ မောင်သော်တာအပေါ်မှာ အမြဲတမ်း အရိပ်တကြည့်ကြည့်နဲ့ပေါ့ကွယ်။ တစ်နေ့ မောင်သော်တာက ညီတော့်လိုပဲ စူးစမ်းရှာဖွေရင်း ပန်းသခင်မကျွန်းကို ရောက်သွားလေရဲ့။ အဲဒီတုန်းကတော့ ပန်းသခင်မကျွန်းလို့ အမည်မရသေးဘူးပေါ့ ... ညီတော်"

"ဟုတ်ကဲ့ ... နောင်တော်။ နောင်တော့်ဇာတ်လမ်းက စိတ်ဝင်စားစရာ ကောင်းမယ်ထင်တယ်"

"ဟုတ်တယ် ... ညီတော်။ သိပ်ကို စိတ်ဝင်စားစရာကောင်းတာ။ ဆက်နားထောင်နော်။ နောက်တော့ ပင်လယ်ရွာကို မုန်တိုင်းဝင်ပါရော။ အဲဒီတော့ မာလာနွယ်တို့ရွာကလေးလည်း ရေထဲပျောက်သွားပြီး မာလာနွယ်က မောင်သော်တာရောက်နေတဲ့ ကျွန်းကို ရောက်သွားပြန်ရောကွယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ထူးဆန်းလိုက်တာ နောင်တော်"

"အေးကွယ် . . . ထူးဆန်းရုံတင်မကဘူး . . . ညီတော်။ မာလာနွယ်က မုန်တိုင်းကြားကနေ ဒုက္ခတွေနဲ့ လွင့်မျောရောက်ရှိသွားတာဆိုတော့ မောင်သော်တာက ကယ်ခဲ့ရတာပေါ့ကွယ်။ အေး . . . အဲဒီတော့ ကျေးဇူးရှင်လည်းဖြစ်၊ ချစ်ရသူလည်းဖြစ်တဲ့ မောင်သော်တာအပေါ်မှာ မာလာနွယ်က အရိပ်တကြည့်ကြည့် ပိုဖြစ်ခဲ့ရတာပေါ့ကွယ်။ မျက်နှာ အညှိုးမခံရှာရှာပေါ့"

ဟု ပြောရင်း နောင်တော်ဆိုသော ပုဂ္ဂိုလ်က အဝေးကိုငေးကြည့်နေပြန်၏။ ညီတော်ဖြစ်သူ မောင်မြတ်သာကတော့ နောင်တော်ဆို သူ၏ ပုဂ္ဂိုလ်ကို အကဲခတ်နေ၏။ ဤပုဂ္ဂိုလ်သည် ဂမ္ဘီရဆန်သော ပုဂ္ဂိုလ်တစ်ဦး ထူးဆန်းသော ပုဂ္ဂိုလ်တစ်ဦးဟု မှတ်ချက်ချပြီး သူ့စိတ်ထဲက ဤပုဂ္ဂိုလ်ကို ဂမ္ဘီရနောင်တော်ဟု အမည်ပေးလိုက်၏။ ထို့နောက် အဝေးကို ငေးမျှော်နေသော ဂမ္ဘီရနောင်တော်အား . . .

"ပြောပါဦး . . . နောင်တော်။ နောင်တော့် ဇာတ်လမ်းကို ဆက်ပြောပါဦး"

"အင်း . . . မာလာနွယ်ဆိုတဲ့ မိန်းကလေးက မေတ္တာကြီးမားတယ် သစ္စာရှိတယ်။ ပညာအမြော်အမြင်လည်း ရှိတယ်။ အဲ . . . အဲဒီ သူ့ရဲ့ မေတ္တာတွေကြောင့်ပဲ။ ပန်းသခင်မကျွန်းဆိုတဲ့ အမည်ပေါ်ထွက်လာခဲ့တာ ပဲကွယ်"

"ဘာကြောင့် ဒီအမည်ရခဲ့တယ်ဆိုတာ ဆက်ရှင်းပါဦး . . . နောင်တော်"

ဟု မောင်မြတ်သာတို့နှစ်ဦး အပြန်အလှန် မေးဖြေနေကြစဉ်မှာပင် လှိုင်းများက ကမ်းစပ်ကို တဝေါဝေါ တဝုန်းဝုန်း တိုးဝင်လာသောကြောင့် ကမ်းခြေဘက်သို့ နှစ်ဦးသား စောင်းငဲ့ကြည့်လိုက်ပြန်၏။ လှိုင်းလေပို့သည် ထူးကဲတိုက်ခတ်နေသည်တော့မဟုတ်။ သာမန်မျှသာ ဖြစ်၍ပြင်းစဉ်မျှသာ ဖြစ်သည်။





ထိုသာမန်မျှဖြစ်သော လှိုင်းသံ၊ လေသံတို့ကို သူတို့နှစ်ဦးငြိမ်ငြိမ်လေး ကြည့်လိုက်ခြင်းသည်သာ ထူးဆန်းနေခြင်းဖြစ်သည်။ သို့သော် လှိုင်းလေတို့နှင့် ပတ်သက်၍ သူတို့တစ်ဦးကိုတစ်ဦး ဘာမှ မေးမြန်းကောက်ချက်ချခြင်းမရှိ။ သို့သော် ခဏကြာတော့ တိတ်ဆိတ်ငြိမ်သက်နေကြ၏။ ထို့နောက် မောင်မြသာက . . .

"ပြောပါဦး . . . နောင်တော်၊ နောင်တော်ရဲ့ ဇာတ်လမ်းကို"

ဟု ဆိုသောအခါ ဂမ္ဘီရနောင်တော်က . . .

"လူတွေရဲ့ ကံကြမ္မာဆိုတာ ဆန်းကြယ်တယ် . . . ညီတော်ရဲ့၊ အဲ . . . ပြီးတော့ အဲ့ဒီဆန်းကြယ်လှတဲ့ ကံကြမ္မာ အတွေ့အကြုံတွေပေါ်မှာ မူတည်ပြီး လူတွေရဲ့ စရိုက်သဘာဝက ပိုမိုထင်ရှားလာတတ်တာ . . . ညီတော်ရဲ့။ အင်း . . . မာလာနွယ်ကတော့ကွာ၊ သစ္စာမေတ္တာကြီးသူပေါ့ ညီတော်"

"ဟုတ်ကဲ့ . . . ပြောပါ နောင်တော်"

"ဒီလိုကွ . . . မာလာနွယ်က သော်တာအပေါ်မှာ အချစ်ကြီးသလို မာလာနွယ်ကို အချစ်ကြီးချစ်တဲ့ သူကလည်း ရှိတယ်ကွ . . . ညီတော်ရဲ့၊ ပြီးတော့ မာလာနွယ်ကို အချစ်ကြီးချစ်တဲ့သူက မာလာနွယ်တို့ရဲ့အိမ်မှာ အလုပ်လုပ်ခဲ့တဲ့ ကောင်ကလေးပဲ။ သူ့နာမည်က ဝေလွင်တဲ့။ တစ်နေ့တော့ မောင်ဝေလွင်ကလည်း ပင်လယ်ရွာကနေ ငါးဖမ်းရင်း မာလာနွယ်တို့ရောက်နေတဲ့ကျွန်းကို ရောက်သွားပြန်ရော . . . ညီတော်"

ဟု ဂမ္ဘီရနောင်တော်က ပြောရင်းဆိုရင်း ကောင်းကင်ကို မော့ကြည့်ပြီး . . .

"ညီတော် . . နောင်တော်ရဲ့ ကျင့်စဉ်တွေ ကျင့်ဖို့ အချိန်ရောက်ပြီကွာ"

ဟုပြောရင်းဆိုရင်း မောင်မြတ်သာဆိုသော ညီတော်အနီးမှ ထသွားလေပြီ။ ထိုအချိန်မှ မောင်မြတ်သာသည် ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်ကို ရှုမျှော်ကြည့်လိုက်၏။ ကောင်းကင်ပေါ်တွင် ထိန်ထိန်သာနေသော လရောင်သည် ကျွန်းတစ်ခုလုံးပေါ်တွင် ဖြာကျလျက် ကြည်နူးဖွယ်အတိ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်မှတိုက်ခတ်လာသော လေပြည်လေညင်းတို့ကလည်း ကျွန်းပေါ်သို့ ဖြည်းဖြည်းချင်း တိုက်ခတ်လာ၏။ ထို့ကြောင့် မောင်မြတ်သာအဖို့ ကျွန်း၏ အလှအပများနှင့် ငြိမ်းချမ်းမှုတို့ကို ခံစားရင်း ကမ်းခြေရွာကလေးကိုလည်း သတိရမိ၏။

ဂမ္ဘီရနောင်တော်ကတော့ မကြာမီသော ကာလအတွင်းတွင် စက်လှေများလာမည်တဲ့။ တကယ်ကောဟုတ်ရဲ့လားဟု သံသယဝင်မိ၏။ ထိန်ထိန်သာနေသော လရောင်နှင့်အတူ မောင်မြတ်သာ အတော်နှင့်မအိပ်ဖြစ်။ ကျွန်းပေါ်တွင် ဟိုလျှောက်၊ ဒီလျှောက်ရင်း အချိန်များကုန်ခဲ့သောကြောင့် ဂမ္ဘီရနောင်တော် ကျင့်စဉ်ဖြုတ်သည့်တိုင် မောင်မြတ်သာ မအိပ်နိုင်သေး။ နောင်တော် ကျင့်စဉ်ဖြုတ်သောအခါ ညီတော်ဖြစ်သူ မောင်မြတ်သာက ...

"နောင်တော် ... ဟို ... ပန်းသခင်မကျွန်းဇာတ်လမ်းကို ဆက်ပြောပြပါလား"

"ညီတော်ရယ် ... ဒီဇာတ်လမ်း ညီတော့်ကို ပြီးဆုံးအောင် ပြောကိုပြောပြမှာပါ ... ညီတော်။ တစ်နေ့နေ့မှာ ညီတော်က အဲဒီပုဂ္ဂိုလ်တွေနဲ့ ပြန်ဆုံဦးမှာ။ အားလုံး အနွယ်တော်တွေလေ။ ခုတော့ အိပ်တော့နော်။ ကျန်းမာရေး ထိခိုက်နေဦးမယ်။ ကျွန်းပေါ်မှာ ဘာမှရှိတာ မဟုတ်ဘူး"

ဟုပြောသဖြင့် မောင်မြတ်သာတစ်ယောက် ဂမ္ဘီရနောင်တော်ကို မလွန်ဆန်ပါ။ ထို့ကြောင့် သူ၏ အိပ်ရာဖြစ်သော ကျောက်ဆောင်တစ်နေရာသို့သွားကာ အသာမှေးရင်း ထိုပန်းသခင်မဇာတ်လမ်းကို သူ့ဘာသာ အမျိုးမျိုး တွေးမိပြန်၏။

✿ ✿ ✿

## | ၁ |

❑

နောက်တစ်နေ့တွင်တော့ ...

မောင်မြတ်သာသည် ကျွန်းစပ်မှထိုင်၍ ငေးမောရင်း မျောပါလာသော ဒိုက်၊ အမှိုက်များကို ငေးကြည့်နေမိ၏။ ထိုနောက် သူ၏အတွေးတွင် ဒိုက်၊ ဒီအမှိုက်များသည် ဘယ်သောင်ဘယ်ကမ်းမှ မျောပါလာ၍ ဘယ်သောင်ဘယ်ကမ်းသို့ ဆိုက်ကြမည်လဲ။ ငါကတော့ ကမ်းခြေရွာမှ ဒီကျွန်းပေါ်မှာ သောင်တင်နေလေပြီ။ အင်း ... ဘယ်သောအခါမှ ကမ်းခြေရွာသို့ ပြန်ရောက်နေလေမည်မသိ။ နောင်တော်ပြောတော့ နောင်နှစ်ပတ်ကြာလျှင် စက်လှေရောက်မည်တဲ့။ သူပြောတာ တစ်ပတ်တောင် ပြည့်တော့မည်ဟု တွေးရင်း ...

ကမ်းခြေရွာကို လွမ်းမိ၏။

ကမ်းခြေရွာတွင် ကျန်ရစ်သော ချစ်သူမယ်ညိုကို လွမ်းမိ၏။ ခုချိန်ဆို မိမိ၏ ချစ်သူမယ်ညိုသည် အလွမ်းဖွဲ့တေးကိုတောင် ဆိုညည်းနိုင်မည် မဟုတ်။ ပါးပြင်တွင် မျက်ရည်ဥတို့ ခိုတွဲနေမည်သာ။ မိမိကလည်း အရာရာတွင် စူးစမ်းချင်သူ။ မိမိချစ်သူမယ်ညိုကလည်း မိမိအား မည်သည့်အခါမှ စိတ်မချ။ မျက်စိအောက်က အပျောက်မခံနိုင်သူ။ သို့သော် မိမိက စူးစမ်းချင်သူပီပီ မယ်ညိုမသိခင် ပင်လယ်ပြင်ကို စူးစမ်းရန် ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မိမိသည် ပင်လယ်တွင် ဒုက္ခတွေ့ရင်း ကျွန်းမှာ သောင်တင်နေလေပြီ။ မယ်ညိုကတော့ မျက်ရည်နှင့် အဖော်ပြု၍သာ နေရလေတော့မည်။

ထိုသို့ တွေးနေစဉ်မှာပင် လှိုင်းလေတို့သည် တဝုန်းဝုန်း တိုက်ခတ်လာပြန်လေပြီ။ မောင်မြတ်သာသည် လှိုင်းနှင့်လေတို့ကို ကြည့်ရင်း တစ်ခါတစ်ရံ အားငယ်စိတ်ဝင်လာသလိုလို။

ကျွန်းပေါ်တွင် သူနှင့် ဂမ္ဘီရနောင်တော် နှစ်ယောက်တည်း။ ထို အထဲတွင် ဂမ္ဘီရနောင်တော်က တစ်ခါတစ်ရံ ပန်းသခင်မကျွန်း ဇာတ်လမ်းကို အခန်းဆက်ပြော၍ တစ်ခါတစ်ရံ တစ်နေကုန် တရားထိုင်၏။ ထို့ကြောင့် တစ်ယောက်တည်းနေရသော နေ့များတွင်တော့ မောင်မြတ်သာ အားငယ်စိတ် ဝင်တတ်၏။

ယခု အားငယ်စိတ်ဝင်နေစဉ်တွင် လှိုင်းလေတို့က ငြိမ်သက်သွားပြန်လေပြီဖြစ်သဖြင့် စိတ်သက်သာရာ ရခဲ့ပြန်၏။ ဤသို့ ဝမ်းနည်းရင်း အားငယ်ရင်းဖြင့် ပင်လယ်ပြင်ကို ငေးကြည့်နေဆဲမှာပင် မောင်မြတ်သာ၏ မြင်ကွင်းထဲသို့ အုန်းသီးခြောက်များ မျောပါလာသည်ကို တွေ့ရ၏။

ထိုသို့ တွေ့ရသော အချိန်တွင်တော့ မောင်မြတ်သာသည် လူငယ် ပီပီ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေသော လူသားပီပီ စားသောက်ရန် အုန်းသီးခြောက်များကို ဆယ်ယူချင်စိတ် ပေါက်လာပြန်၏။ ထို့ကြောင့် ပင်လယ်လှိုင်းများကြားမှ အုန်းသီးခြောက်များဆီသို့ ကူးခတ်ရင်း ကျွန်းပေါ်သို့ ဆယ်တင်ရန် ကြိုးစားနေ၏။ သူ့ဖာနှင့်သူ ကျွန်းဘက်ကို ပြန်လှည့်မကြည့်ဖြစ်။ ကျွန်းပေါ်တွင်တော့ နောင်တော်ဖြစ်သူက သူ့အလုပ် ဖြတ်ပြီးမို့ ညီတော်ကိုရှာရင်း ရေလှိုင်းထဲတွင် တွေ့သောအခါတွင်တော့ …

“ညီတော် … ညီတော် …”

ဟူ၍ တည်ငြိမ်သော အသံဖြင့် ခေါ်နေ၏။ မောင်မြတ်သာ ကမ်းဘက်သို့ ပြန်လှည့်လာသောအချိန်တွင်တော့ နောင်တော်ခေါ်သံကို ကြားရ၏။ ထို့ကြောင့် အုန်းသီးနှစ်လုံးကို ပိုက်ကာ ကမ်းဘက်သို့ ပြန်ကူးလာ၏။ ကမ်းသို့ရောက်သောအခါ နောင်တော်က …





“ညီတော် … ဘာကြောင့် ဒီအုန်းသီးတွေကို လောဘတကြီး ဆယ်ယူနေရတာလဲ။ ကျွန်းပေါ်မှာ အုန်းပင်တွေ၊ အုန်းသီးတွေ ရှိပါသေးတယ်”

“ဟုတ်ကဲ့ပါ … နောင်တော်”

မောင်မြတ်သာက ‘ဟုတ်ကဲ့ပါ … နောင်တော်’ ဟု ဆိုသော်လည်း နောင်တော်ဆိုသည်က …

“လောဘအတွက် အသက်ကိုမစွန့်ပါနဲ့ … ညီတော်။ အရပ်ရှစ်မျက်နှာကို ကြည့်လိုက်စမ်းပါ။ နောင်တော်တို့ ညီတော်တို့အတွက် မှီခိုစရာဆိုလို့ ဒီကျွန်းလွဲရင် အရပ်ရှစ်မျက်နှာမှာ ရေပြင်ပဲရှိတာ”

ဟု တည်ငြိမ်လေးနက်သော လေသံဖြင့် ပြောပြန်၏။ နောင်တော်ပြောကာမှ မောင်မြတ်သာသည် ပင်လယ်ပြင်ကိုကြည့်ရင်း အားငယ်ရပြန်၏။

ထို့နောက် သူဆယ်ယူထားသော အုန်းသီးခြောက်များကို မိမိတို့ နေထိုင်ရာ ကျွန်းတစ်နေရာသို့ သယ်ဆောင်လာခဲ့၏။ နောင်တော်ကလည်း သူ့နောက်မှ လိုက်ပါလာ၏။ နေရာအရောက်တွင် ကျောက်ဆောင်ပေါ်သို့ အုန်းသီးခြောက်ကိုတင်ကာ သံတုတ်နှင့်ထု၏။ အုန်းခွံများ ပွလာသောအခါ အခွံများအား လက်ဖြင့် ဆွဲဖဲ့ခွာ၏။ အခွံများ ကုန်သွားသောအခါ အုန်းသီး ဆန်အား သံတုတ်ဖြင့်ပင် ထုခွဲ၏။ ဤနည်းဖြင့် အုန်းသီးခွဲ၏။

အုန်းသီးအခြောက်ဖြစ်၍ အရေများကို မသောက်။ အုန်းသီးအစို ကိုခွဲလျှင်တော့ ယခင်ကခွဲပြီးသား အုန်းမှုတ်ကို အုန်းရေခံစရာ ခွက်အဖြစ် အသုံးပြု၍ အပေါ်က အုန်းသီးကိုခွဲရ၏။ ဤနည်းဖြင့် ကျွန်းပေါ်တွင် အုန်း သီးကို အာဟာရပြုနေရ၏။

အုန်းသီးခွဲပြီးသောအခါ နောင်တော်ကို ဦးစွာ သုံးဆောင်စေပြီးမှ မောင်မြတ်သာက သုံးဆောင်၏။ အုန်းသီးသုံးဆောင်ရင်း …

“ဟာ … ညီတော် … ညီတော့်ခြေထောက်မှာလည်း ဒဏ်ရာ တွေပါလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... နောင်တော်။ ကျွန်းပေါ်မှာ လှုပ်ရှားနိုင်မှ အုန်းသီးလေးကို အာဟာရအဖြစ် အသုံးပြုရတာ။ စီးစရာဖိနပ်ကလည်း မရှိဆိုတော့ တကယ့်ကို ကျောက်ခေတ်လူသားဘဝကို ရောက်သွားတာလား ... နောင်တော်"

"ဩော် ... ညီရယ် ... မကြာခင် ညီတော်ပြန်ရတော့မှာပါ"

ထိုသို့ ပြောပြသောအခါတွင်တော့ မောင်မြတ်သာ အားတက်ပြန်၏။

ဤသို့ဖြင့် ကျွန်းပေါ်တွင် အားတက်တစ်လှည့်၊ အားလျော့တစ်လှည့်၊ ဝမ်းနည်းတစ်လှည့်၊ ဝမ်းသာတစ်လှည့်ဖြင့် မောင်မြတ်သာတစ်ယောက် တစ်နေ့ဝင် တစ်မိုးချုပ်ခဲ့ရပေတော့သည်။

နောက်မနက်တွင် မောင်မြတ်သာသည် ဂမ္ဘီရနောင်တော်အား ရှာဖွေထားသော အုန်းသီးများသုံးဆောင်ရန် အသင့်ပြင်ဆင်ထား၏။ ပြီးတော့ အုန်းသီးစိမ်း၊ အုန်းသီးခြောက်များစွာ ရှာဖွေထားသည်ကို နောင်တော် တွေ့၍ ...

"ဟာ ... ညီတော် ... တယ်ဟုတ်ပါလား။ အုန်းသီးတွေ အများကြီးပဲကိုး"

"နောင်တော်ရာ ... ဒီကျွန်းပေါ်မှာ အုန်းသီးကို အဓိကထားပြီး စားသုံးနေရတာ။ အုန်းသီးမှမရှိရင် မလွယ်ဘူးလေ။ ဒါကြောင့် ဟိုးအုန်းပင်စုကလေးတွေထဲက အနိမ့်ဆုံးအုန်းပင်က အုန်းသီးတွေကို ခြေထောက်နဲ့ ကန်ချထားတာ ... နောင်တော်"

"အေး ... ငါ့ညီတော်က ကျွန်းပေါ်မှာ အဆင်ပြေအောင်တော့ နေတတ်စားတတ်တာပဲကွ"

"အို ... နောင်တော်ရယ်၊ ဒါကတော့ ဒီကျွန်းကို ခုမှ ရောက်လာတာဆိုပေမဲ့ ညီတော်က ပင်လယ်မှာ ပျော်တဲ့သူ၊ ကျွန်းနဲ့ မစိမ်းတဲ့သူဆိုတော့ အခက်အခဲတွေကိုလည်း ကြိုတင်ပြင်ဆင်နိုင်တယ်။ ခံနိုင်ရည်လည်း ရှိတာပေါ့ ... နောင်တော်။ ဒါနဲ့ နောင်တော်ကရော"





"အင်း ... နောင်တော်ကလည်း ကျွန်းတို့ ပင်လယ်တို့နဲ့ စိမ်းတာ မဟုတ်ပါဘူးကွာ။ ပြီးတော့ နောင်တော်ရဲ့ ကျင့်စဉ်တွေကလည်း နောင်တော့်ကို အကူအညီရပါတယ် ... ညီတော်"

"ဒါနဲ့ နောင်တော် ... နောင်တော်ရဲ့ ကျင့်စဉ်တွေအကြောင်းလည်း ညီတော်သိချင်တယ် ပြောပြပါလား"

"အင်း ... ဒီကျင့်စဉ်တွေကတော့ လျှို့ဝှက်တယ်။ နက်နဲတယ်။ ပြောပြရုံနဲ့ လုံလောက်တာမျိုး မဟုတ်ဘူး ... ညီတော်။ အကြားအမြင်ဟုသုတလည်း ရှိရသလို လက်တွေ့လည်း ကျင့်ဆောင်လိုက်နာနိုင်မှ သိနိုင်တဲ့အရာမျိုး ... ညီတော်ရဲ့။ ဒါပေမဲ့ ညီတော်လည်း ဒါတွေ စိမ်းခဲ့တာတော့ မဟုတ်ပါဘူးလေ။ အခါအခွင့်သင့်ရင်တော့ ပြောရတာပေါ့ ... ညီတော်"

"ဒါဆိုလည်း နောင်တော်ပြောလက်စ ပန်းသခင်မကျွန်း ဇာတ်လမ်းကိုပဲ ပြောပြပါတော့နော်"

ဟု ညီတော်ဖြစ်သူက ပြော၏။ ထိုအခါ ဂမ္ဘီရနောင်တော်က ..

"အေးကွာ ... ပြောမှာပေါ့"

ဟူ၍ ပင်လယ်ပြင်ကို ခေတ္တ ငေးမောနေ၏။ ထို့နောက် ...

"မာလာနွယ်တို့သုံးယောက်က ကျွန်းပေါ်မှာ မဆုံခင်ကတည်းက တစ်ယောက်အကြောင်း တစ်ယောက် သိကြပြီးသားလေ။ ကမ်းခြေရွာမှာ အတူနေခဲ့ကြတာကိုး။ အဲဒီကမ်းခြေရွာမှာကတည်းက မောင်ဝေလွင်က မာလာနွယ်ကို တစ်ဖက်သတ်ချစ်နေမှန်းလည်း မာလာနွယ်က သိတယ်။ သူ မောင်ဝေလွင်ကို ပြုစုစောင့်ရှောက်ရင် မောင်သော်တာက အထင်လွဲမှန်းလည်း သိတယ်။ ဒါပေမဲ့ မာလာနွယ်က သူ့နှလုံးသားရေးရာကို ဘေးအသာထားပြီး မောင်ဝေလွင်ကို ပြုစုစောင့်ရှောက်ခဲ့တယ်"

"ဒါဆို မာလာနွယ်က စိတ်ထားကောင်းတဲ့ မိန်းကလေးပဲပေါ့နော်"

"အေးကွယ် ... မာလာနွယ်က စိတ်ထားကောင်းတဲ့ မိန်းကလေးပဲပေါ့"

www.burmeseclassic.com



"ဒါနဲ့ မောင်ဝေလွင်ကို အတော်ပြုစုခဲ့ရတာလား နောင်တော်"

"ဟုတ်တာပေါ့။ မောင်ဝေလွင်က အတော်နဲ့သတိမရဘူး။ ၂ ရက် ၃ ရက်လောက် မေ့မြောနေတယ်။ သတိရတော့လည်း ခပ်ကြောင်ကြောင်ဖြစ်နေတာကြောင့် ရေထဲ ပြန်ဆင်းသွားမှာစိုးရိမ်လို့ မာလာနွယ်က သူချစ်ရတဲ့ မောင်သော်တာကို ဥပေက္ခာပြုပြီး 'မောင်ဝေလွင်ကို စောင့်ရှောက်ရတာ။ မာလာနွယ် ရင်ထဲမှာတော့ မောင်သော်တာမှ မောင်သော်တာပဲကွယ်'"

"ဪ ... ကျွန်းပေါ်မှာ ဆုံမှဆုံတတ်ပလေနော်"

ဤသို့ ကျွန်းပေါ်တွင် ဂမ္ဘီရနောင်တော်နှင့် ညီတော်တို့ စကားလက်ဆုံ ပြောနေသည်မှာ နံနက်အချိန်မှ နေ့လယ်အချိန်သို့ပင် တိုင်ခဲ့ပြီ။ နံနက်ပိုင်းတွင် လှိုင်းလေတို့က ငြိမ်နေသော်လည်း နေအတော်မြင့်လာသောအခါ လှိုင်းလေတို့၏ တဝုန်းဝုန်း တဝေါဝေါအသံတို့ကို ကြားရလေပြီ။ ဤလှိုင်း ဤလေတို့သည် ဤညီတော်နောင်တော်တို့အတွက် သဘာဝ သံစဉ်များအဖြစ် နာခံ၍ ပျော်နေလေပြီ။

"ဒါနဲ့နောင်တော် လှိုင်းသံလေသံတွေတောင် ပိုပြီး ကျယ်လာပြီ"

"အေးကွယ် ... ဒါဟာ လောကရဲ့ သံစဉ်တွေပေါ့ ... ညီတော်။ အင်း ... ဒီလောကရဲ့ သံစဉ်တွေကြားမှာ လူတွေရဲ့ ဘဝတွေကလည်း လှုပ်ရှားပြောင်းလဲနေကြတာပေါ့ ... ညီတော်"

"ဟုတ်တယ် ... နော် ... နောင်တော်။ လူတွေရဲ့ဘဝတွေဟာ လောကရဲ့သံစဉ်တွေကြားမှာ လှုပ်ရှားပြောင်းလဲနေကြတာနော်။ ဒါနဲ့ နောင်တော်၊ နောင်တော်ပြောတဲ့ ပန်းသခင်မကျွန်းဇာတ်လမ်းဟာလည်း လောက သံစဉ်တွေကြားထဲမှာ လှုပ်ရှားပြောင်းလဲသွားခဲ့တဲ့ ဇာတ်လမ်းပဲပေါ့နော်"

**"အစစ်ပေါ့ ... ညီတော်ရာ၊ အစစ်ပေါ့"**

"အင်း ... နောင်တော်ပြောတဲ့ အဲ့ဒီပန်းသခင်မကျွန်းဇာတ်လမ်းက မပြီးဆုံးသေးဘူးနော်"

"ဒါလား ... ညီတော်ရာ၊ ကဲ ... ဆက်ပြောမှာပေါ့။ ဒီလိုကွာ မောင်ဝေလွင်က ကမ်းခြေရွာမှာကတည်းက မာလာနွယ်ကို တိတ်တခိုးချစ်





ခဲ့တာမဟုတ်လား။ ဒီတော့ လှိုင်းလေကြားမှာ ဒုက္ခရောက်ပြီး စိတ်ကစဉ့်ကလျား ဖြစ်နေချိန် မာလာနွယ်ရဲ့ ပြုစုယုယမှုကို ခံနေရတဲ့အချိန်မှာ သူ့ခံစားချက်တွေက ပွင့်အန်ထွက်ကျလာတာပေါ့"

"ဟုတ်လား ... ဒီတော့ ..."

"ဒီတော့ မာလာနွယ်က ဖြစ်ဖြစ်ခါခါ မငြင်းရက်ခဲ့ဘူးပေါ့ကွယ်။ တကယ်တော့ မာလာနွယ်က မောင်ဝေလွင်အပေါ်မှာ စိတ်ညွတ်နေလို့ မငြင်းရက်တာမဟုတ်ဘူး။ မောင်ဝေလွင်နှုတ်ဖျားက ထွက်လာတဲ့စကားတွေက သူ့ မောင်သော်တာကို ပြောချင်တဲ့စကားတွေနဲ့ အမြဲထပ်တူ ကျနေတာတဲ့"

"ဖြစ်မှဖြစ်ရလေ ... နောင်တော်ရယ်။ ဒါနဲ့ မောင်ဝေလွင်က ဘာတွေပြောလို့လဲ"

"ဪ ... ညီတော်ရယ် ... ချစ်ပါတယ်ဆို ချစ်စကားတွေပဲ ပြောတာပေါ့။ မာလာနွယ်က သူ့အပေါ် ဘယ်လောက် ဥပေက္ခာပြုပြု သူကတော့ မာလာနွယ်ကို အမြဲဂရုစိုက်နေမှာပဲ။ အဝေးတစ်နေရာ ရောက်သွားလည်း ချစ်နေမယ်။ မမမာလာနွယ်အတွက် ဘဝတစ်ခုလုံး ဖြည့်ဆည်းပြီး ချစ်လိုက်ချင်တယ် စသည်ဖြင့် ပြောတာမျိုးတွေပေါ့ကွာ။

အဲ ... အဲဒီလို ပြောတာမျိုးတွေကို ကြားတိုင်း မာလာနွယ်က ရင်ထဲမှာ ... နာ ... နာ ... သွားသတဲ့။ ဘာကြောင့်လဲဆိုတော့ မာလာနွယ်ကလည်း မောင်သော်တာကို အဲဒီလိုမျိုး ချစ်တာကိုး။ ဒါကြောင့် မောင်ဝေလွင်စကားကို ကြားတိုင်း မာလာနွယ်က ရင်နာနေတာတဲ့။ ပြီးတော့ မောင်ဝေလွင်ရဲ့စကားတွေကြားတော့မှ အချစ်ဆိုတာ (ချစ်တယ်)ဆိုတာ ဘယ်လောက် ပင်ပန်းတယ်ဆိုတာကို မာလာနွယ်က သတိပြုမိတာ။ ပြီးတော့ မောင်ဝေလွင်ကိုလည်း ကိုယ်ချင်းစာစိတ်နဲ့ သနားနေမိတာပေါ့။

မာလာနွယ်က သူ့ကိုယ်သူလည်း မောင်သော်တာအပေါ်မှာ ချစ်မိတဲ့အတွက် ဘယ်လောက်ပင်ပန်းတယ်ဆိုတာ အဲ့ဒီတော့မှ သတိပြုမိတယ်။ ဒါပေမဲ့ သူကိုယ်တိုင်ကိုက မောင်သော်တာကို ချစ်ရတာ ဘယ်လောက်ပဲ ပင်ပန်းပါစေ၊ အပင်ပန်းခံပြီး မောင်သော်တာကိုပဲ ချစ်နေချင်တာ။ အဲဒါကလည်း မာလာနွယ်ရဲ့ မပြောင်းလဲတဲ့ ချစ်ခြင်းတရားပဲတဲ့ကွာ ... ညီတော်"

www.burmeseclassic.com



"ဩော် ... နောင်တော်ရယ် ... မာလာနွယ်ကလည်း သနား စရာပါပဲနော်"

"အင်း ... သနားစရာလည်း သနားစရာပါပဲ။ ဖြီးတော့ ဟိုအချစ် လိုမျိုးပဲ"

"ဘယ်အဖြစ်လဲ ... နောင်တော်"

"ဟို ... ဟို ... ကွာ စိန္တကျော်သူ ဦးသြပြောတဲ့ ပြည်ထဲရေး နှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်တယ်ဆိုတာမျိုး"

"ဟား ... ဟား ... ဟား .. နောင်တော်က ရယ်စရာလည်း ပြောတတ်တာပဲနော်"

"ရယ်စရာပြောတာမဟုတ်ဘူး ... ညီတော်ရဲ့၊ တကယ်စဉ်းစား ကြည့်။ သူတို့အဖြစ်က ကမ်းခြေရွာမှာ မုန်တိုင်းတိုက်လို့ ရွာပျက်စီးတာ ကိုလည်း မတွေးအား။ ကျွန်းပေါ်မှာ အစားအစာ ရှားပါးတာကိုလည်း ဂရု မစိုက်နိုင်။ သူတို့အတွက် အချစ်ရေးခက်နေပုံက ဦးသြပြောတဲ့အတိုင်း မဟုတ်လားကွ"

"နောင်တော်ပြောတာလည်း ဟုတ်တယ်နော်"

"ဟုတ်ရုံတင်မကဘူး ... ညီတော်။ ကြာလာတော့ မာလာနွယ် က အဲဒီကျွန်းပေါ်မှာ အသက်မရှင်ချင်တော့ဘူး"

"ဒီလောက်တောင်ပဲလား ... နောင်တော်ရယ်"

"အေးပေါ့ကွယ် ... ကျွန်းပေါ်မှာ အစားအစာကလည်း ရှားပါး တယ်။ ဒါပေမဲ့ မောင်ဝေလွင်က ကျွန်းပေါ်မှာရတဲ့ အစားအစာမှန်သမျှ သူချစ်တဲ့ မာလာနွယ်အတွက် ဦးစားပေးတယ်။ မာလာနွယ်ကလည်း မောင် ဝေလွင်လိုပဲ သူချစ်တဲ့မောင်သော်တာကို ဦးစားပေးတယ်"

"ဩော် ... အချစ် ... အချစ် ... နော် ... နောင်တော်"

"အေးကွယ် ... ဒါပေမဲ့ မာလာနွယ်က ကိုယ်ချင်းစာတရားတော့ အမြဲတမ်း လက်ကိုင်ထားပါတယ်။ မောင်ဝေလွင်ကိုလည်း ညှာတာတယ်။ ခံစားချက်ချင်းက တူတာကိုး။ အဲဒါကြောင့်ပဲ မာလာနွယ်က မောင်ဝေလွင်





ကို မကြာခဏပြောခဲ့တယ်။ ချစ်တယ်ဆိုတာ ချစ်မိတဲ့လူမှာသာ အပြစ်ပန်း နေရတာ။ ဒါကြောင့် သူ့ကို မချစ်ပါနဲ့လို့ပေါ့။ ဒါပေမဲ့ မောင်ဝေလွင်ကလည်း ခွဲမလျှော့ဘူး။ ဒီတော့ မာလာနွယ်အဖို့မှာ မောင်ဝေလွင်ကို ပြစ်ပြစ်ခါခါ ငြင်းလိုက်ဖို့ဆိုတာကလည်း ကျွန်းပေါ်မှာ သုံးယောက်တည်းရှိတာရယ်။ မောင် ဝေလွင် စိတ်ပြန်ဖောက်သွားမှာ စိုးတာရယ်ကြောင့် မပြောရက်ပြန်ဘူး။ အဲ ... အဲဒါတွေကြောင့် ကြာလာတော့ မာလာနွယ် အသက်မရှင်ချင် တော့ဘူးပေါ့ကွယ်'

"မာလာနွယ်က တကယ့်ကို သနားစရာပဲနော်။ သူ့မှာ ကိုယ်ချင်းစာ တရားကို လက်ကိုင်ထားရင်း ချစ်စိတ်ကို မြိုသိပ်ခံစားနေရတာ"

"အင်း ... ဟုတ်တာပေါ့ ညီတော်။ မောင်သော်တာ ကိုယ်တိုင်ကို က မာလာနွယ်ဟာ မောင်ဝေလွင်အပေါ် စိတ်တိမ်းညွတ်နေပြီ ထင်နေတာ"

"ဩော် ..."

"ဒီလိုနဲ့ တစ်နေ့မှာပေါ့။ မာလာနွယ်က မောင်ဝေလွင်ကို ပြော တယ်။ နောက် ၂ ရက်ကြာရင် သူသေရတော့မယ်လို့။ ဒီတော့ မောင်ဝေ လွင်က မျက်စိအောက်ကကို အပျောက်မခံတော့ဘူး။ ဘယ်လိုပဲ မျက်စိ အောက်က အပျောက်မခံပါစေကွာ။ သေခြင်းတရားက သူတို့ကို တကယ် ခွဲပစ်လိုက်တယ်"

"ဟာ ... မာလာနွယ်က တကယ်သေသွားတာပေါ့"

"ဟုတ်တယ် ... ညီတော်၊ ဟုတ်တယ်။ ဒါပေမဲ့ ဒီဇာတ်လမ်းကို ဒီမှာတင် ခဏရပ်ထားဦးမယ်နော်။ ဟိုမှာ လပြည့်ဝန်းကြီးတောင် ပေါ်လာ ပြီ။ တို့ညီအစ်ကိုနှစ်ယောက် စကားပြောကောင်းနေလိုက်တာ။ မိုးချုပ်တာ တောင် သတိမထားမိဘူး။ ဒီညဟာ လပြည့်ညလေ။ နောင်တော်ရဲ့ ကျင့် ဆိုတွေ ဒီညမှာ အထူးတလည် ကျင့်ကြံရဦးမှာ။ ဒါနဲ့ ... အင်း ... မာလာ နွယ်ဆုံးတာလည်း ဒီလို လပြည့်ညမှာပေါ့ ... ညီတော်"

ဟုဆိုကာ နောင်တော်ဖြစ်သူက ပြောပြောဆိုဆိုနေရာမှ ထသွား တော့လည်း ညီတော်ဖြစ်သူ မောင်မြတ်သာ မလွန်ဆန်နိုင်ပါချေ။ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်ကို မော့ကြည့်လိုက်တော့ လပြည့်ဝန်းသည် ဝိုင်းဝိုင်းစက်စက် ပြည့်ဝန်းနေပေပြီ။ လပြည့်ညသည် နှစ်သက်ဖွယ်အတိလည်း ဖြစ်သည်။ မောင်မြတ်သာကတော့ လူနေရပ်ရွာများတွင် ဤကဲ့သို့သော လပြည့်ညများမှာ အထူးတလည် ဥပုသ်သီလဆောက်တည်ကြမည်။ တရားဒေသနာများ နားကြားရမည်ဟု တွေးနေမိ၏။ သူ၏နောင်တော်ကတော့ သူ့ကျင့်စဉ်ကို တိုးမြှင့်ကျင့်ကြံရမည်တဲ့။ မောင်မြတ်သာ၏ ရှေ့တည့်တည့်တွင် တွေ့နေရသော လက်တွေ့မြင်ကွင်းကတော့ ကျွန်းပေါ်တွင်ပေါက်နေသော မြက်ပင်တို့အား လရောင်ဆမ်းထား၍ တဝင်းဝင်းတောက်ပနေသလို ထိုကိုင်းမြက်တို့သည် လေယူရာတိမ်းပြီး ယိမ်းနေသဖြင့် စိန်ရောင်များ တဖျတ်ဖျတ်လက်သကဲ့သို့ လှုပ်ရှားနေသည်ကိုလည်း တွေ့ရသည်။

✿ ✿ ✿

| ၆ |

❑

ဤသို့ဖြင့် မောင်မြတ်သာသည် နောင်တော်ဆိုသည့်ပုဂ္ဂိုလ်၏ ပြောစကားကြောင့် ကျွန်းပေါ်တွင် အုန်းသီးကို အားကိုး၍ အာဟာရပြုကာ သင်္ဘောရောက်လာမည့်နေ့ကို မျှော်နေမိရင်း တစ်ပတ်မျှကြာသွားပေပြီ။ သင်္ဘောနှင့်တူသည့် အရာဟူ၍ ဘာမျှမတွေ့သေးပေ။ ထို့ကြောင့် နောင်တော်၏ ကျင့်စဉ်များကို ခဏခဏ မေးမြန်းစပ်စု၏။

သို့သော် နောင်တော်ဆိုသောပုဂ္ဂိုလ်သည် သူ၏ကျင့်စဉ်များနှင့်ပတ်သက်၍ ရှည်ရှည်ဝေးဝေး ဘယ်တော့မှမပြောတတ်။ ခက်ခဲသည်။ နက်နဲသည်။ လက်တွေ့နှင့်ယှဉ်၍ ပြောမှ သိမြင်လွယ်သည်ဟုသာဆို၍ ရှောင်လွှဲတတ်လေသည်။

သို့သော် ...

ပန်းသခင်မကျွန်း ဇာတ်လမ်းကိုကား မေးတိုင်းပြော၏။ အချိန်မရွေး ပြော၏။ ထို့ကြောင့် မောင်မြတ်သာ၏ ညီတော်က ...

"နောင်တော် ပြောပါဦး ... မာလာနွယ် သေဆုံးတဲ့အကြောင်း။ ဘာကြောင့် မာလာနွယ် သေဆုံးသွားတာလဲ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရုတ်တရက် ဘာကြောင့်မှန်းမသိဘဲ ဆုံးသွားတာ။ ပြီးတော့ကျွ ကျွန်းပေါ်မှာ သုံးယောက်တည်းဆိုတော့"

"အဲ ... အဲဒီတော့ ဟို ... ကိုသော်တာဆိုတာကကော"

"အင်းပြောရရင် ကိုသော်တာဆိုတာက အစကတည်းက မာလာနွယ်ကို သိပ်ပြီး စိတ်ဝင်စားခဲ့တာ မဟုတ်ပါဘူး။ မာလာနွယ်က သာ"

"ဪ ... အဲလိုလား နောင်တော်"

"အင်း ... ဒါတင် ဇာတ်လမ်းက ပြီးမသွားသေးဘူးကွ"

"ဟုတ်လား"

"ဟုတ်တယ် ... ဇာတ်လမ်းက ခုမှစတာကွ"

"ဪ ... ဪ ..."

"မဪနဲ့ကွ။ မာလာနွယ်ဆုံးတော့ မောင်ဝေလွင်က အရူး အမူးဖြစ်ပြီးမာလာနွယ်ရဲ့ မြေပုံပေါ်မှာ ကျွန်းပေါ်က ရသမျှပန်းတွေ စိုက်ပြီး မြေပုံပေါ်မှာ ကျောက်သားနဲ့ ထွင်းပြီး ပန်းသခင်မလို့ မှတ်တိုင် စိုက်ခဲ့တာ"

"ဪ ... ဒါကြောင့် အဲဒီကျွန်းကို ပန်းသခင်မ ကျွန်းလို့ အမည်တွင်ခဲ့တာလား"

"အဲဒါကြောင့် မဟုတ်သေးဘူးကွ"

"ဟာ ... မျက်စိတောင် လည်လာပြီ နောင်တော်"

"မလည်နဲ့ ညီတော် ... မလည်နဲ့။ ဒီလိုကွ။ တစ်ညမှာတော့ မောင်ဝေလွင် အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ မာလာနွယ်ကို သူက ချစ်ရေးဆိုတယ်။ ဒါပေမဲ့ မာလာနွယ်က အပြင်ကလိုပဲ ငြင်းတယ်။ ပြီးတော့ အပြင်က အတိုင်းပဲ ချစ်ရတာ ပင်ပန်းတယ်။ မချစ်ပါနဲ့ပေါ့။ ဒါတင်မက သေးဘူး။ မကြာခင် ဒီကျွန်းပေါ်မှာ ရှိသမျှအပင်တွေ ပွင့်လာတော့မှာ ပန်းကလေးတွေကို မမ မာလာကိုယ်စား ချစ်ပါလို့လည်း ပြောခဲ့တာ"

"အိပ်မက်ထဲကအတိုင်း ပန်းတွေပွင့်ရောလား နောင်တော်"





"ပွင့်တာပေါ့ကွ"

"ဒါကြောင့် ပန်းသခင်မကျွန်း ဖြစ်လာတာလား"

"အင်း ... အပင်တိုင်းပွင့်လို့လည်း တစ်ကြောင်း၊ မာလာနွယ်ရဲ့ မြေပုံပေါ်က ပန်းသခင်မဆိုတဲ့ ကျောက်တိုင်အမှတ်အသားကြောင့်လည်း တစ်ကြောင်းပေါ့ကွာ"

"နောင်တော် ... ဒါနဲ့ အဲဒီကျွန်းပေါ်မှာ ပန်းတွေ ဘာကြောင့် ပွင့်လာတာလဲ"

"အေး ... အဲဒါ မေးသင့်တဲ့ မေးခွန်း။ သိသင့်တဲ့ မေးခွန်းကွ။ သိသင့်တဲ့ မေးခွန်း၊ မင်း ဘာကြောင့်လို့ ထင်သလဲကွ"

"ညီတော် ... မတွေးတတ်ဘူး နောင်တော်"

"ဟင်း ... ညီတော်ကလည်း လွယ်လွယ်လေးကွ။ မာလာနွယ်ရဲ့ သစ္စာနဲ့ မေတ္တာကြောင့်လေ ... ညီတော်ရ။ မာလာနွယ်ရဲ့ သစ္စာနဲ့ မေတ္တာကြောင့်။ မာလာနွယ်ကိုချစ်တာ မောင်ဝေလွင်တင် မကဘူး။ ကျွန်းပိုင်ရှင်ကြီးကပါ မာလာနွယ်ကို ချစ်တာ"

"ဟာ ... နောင်တော်၊ ဇာတ်လမ်းက ဆုံးမလိုလိုနဲ့ ဇာတ်ကွက်တွေ၊ ဇာတ်လက်တက်တွေက အလှည့်အပြောင်းတွေနဲ့ပါလား"

"အင်း ... အဲဒါလည်း လောကရဲ့ ဖြစ်တတ်တဲ့ သဘောတရားတွေပါပဲ။ ဆန်းတယ်လို့ထင်ပေမဲ့ ဖြစ်ပျက်နေတာတွေကတော့ ရိုးရိုးလေးတွေပါပဲကွာ။ ရိုးရိုးလေးတွေပါပဲ။ ဒါနဲ့ ... ညီတော် ဒီညနောင်တော် ကျွဲ့ရ အစီအရင်တွေ အရေးတကြီး လုပ်ဖို့ရှိတယ်။ ဒီဇာတ်လမ်း ဒီမှာတင် ရပ်ဦးမယ် ... ညီတော်။ ညီတော်ပြန်ဖို့ သင်္ဘောရောက်မလာခင် ဒီဇာတ်လမ်း အဆုံးသတ်သွားမှာပါကွာ။ ခုတော့ ခဏသည်းခံလိုက်ဦးနော်"

ဟု ပြောပြောဆိုဆို နောင်တော်ဆိုသူ ထွက်ခွာသွားလေပြီ။ ညီတော်ဆိုသော မောင်မြတ်သာသာလျှင် ထိုင်နေရာမှမထ ကျန်ခဲ့ရင်း အဝေး ပင်လယ်ပြင်ကို ငေးမျှော်လျက်။ ကျွန်းပေါ်ရောက်နေခိုက် သူ ပန်းမှာစိုး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တမင်ဇာတ်လမ်းဖန်တီးပြီး မဆုံးနိုင်သော ဇာတ်ကွက်များဖြင့် သူ့ကို ဖျော်ဖြေနေသလားရယ်ဟူ၍ တွေးနေမိလိုက်၏။ ထိုစဉ်တွင်ပင် …

"ဝုန်း … ဝေါ … ဝေါ … ဝုန်း …"

ဟူသော ပင်လယ်လှိုင်းတို့က ကျောက်ဆောင်ကို ပြေးဝင်ကရော ကျိုးပဲ့သံကြားတော့မှ မောင်မြတ်သာတစ်ယောက် အတွေးနယ်က အသာ ဝင် လွှပ်ရှားနိုင်လေတော့သည်။

❁ ❁ ❁

[ ၆ ]

❑

"နောင်တော်"

"ဘာလဲ ညီတော်"

"နောင်တော်ရဲ့ဇာတ်လမ်းကအဆုံးကောရှိရဲ့လား … နောင်တော်"

"ဟား … ဟား … ဟား … ညီတော်၊ နောင်တော့်ကို စကားနာထိုးနေတာလား။ အင်း … ခု … အခြေအနေအထိတော့ အဆုံးရှိတာပေါ့"

"ဘယ်လိုလဲ … နောင်တော်။ နောင်တော့်စကားကို နားမလည်တော့ဘူး"

"နောင်တော်ပြောတဲ့ ဇာတ်လမ်းက တကယ့်ဇာတ်လမ်းအစစ်ပါ။ ညီတော်က ပုံပြင်ထင်လို့လား။ လူတွေက အစစ်။ ဇာတ်လမ်းက အစစ်ဆိုတော့ အကျွတ်တရားမရမချင်း သံသရာ လည်နေဦးမှာဆိုတော့ ခုအခြေအနေထိပဲ အဆုံးရှိတာလို့ ပြောတာကွ … ညီတော်ရ"

"မယုံလို့လည်း မေးတာမဟုတ်ပါဘူး … နောင်တော်ရာ။ နောင်တော့်ဇာတ်လမ်းကို ပိုပြီး စိတ်ဝင်စားလာလို့ပါ။ ဆက်ပြီး ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကျွန်းပိုင်ရှင်ကြီးက မာလာနွယ်ကိုချစ်တော့ မာလာနွယ်ရဲ့ ဝိညာဉ်ကို သူ့အနားမှာ အမြဲရှိစေချင်တာ။ ဒီတော့ မာလာနွယ်နဲ့ ဒီတော့ မာလာနွယ်နဲ့ ကျွန်းပိုင်ရှင်ကြီးတို့ အပေးအယူလုပ်ကြတယ်"

"ဟုတ်လား ... ဘယ်လို အပေးအယူ လုပ်ကြတာလဲ"

"ကျွန်းပိုင်ရှင်ကြီးက မာလာနွယ်ကို လိုချင်တဲ့အရာ သုံးခုတောင်းလို့ ပြောခဲ့တယ်။ ပြီးတော့ မာလာနွယ်ကို ဒီကျွန်းပေါ်က ဘယ်ကိုမှ ထွက်မသွားရဘူးတဲ့။ မာလာနွယ်က သဘောတူခဲ့တယ်။ သူတောင်းတဲ့အချက် (၃) ချက်ကတော့ ...

၁။ ကျွန်းပေါ်မှာ ဘုရားရှင်ရဲ့ ဓာတ်တော်၊ မွေတော်အစစ်တွေနဲ့ စေတီတည်ပေးဖို့၊

၂။ မောင်သော်တာနဲ့ မောင်ဝေလွင်ကို ကျွန်းပေါ်ကနေ ကမ်းခြေရွာကိုရောက်အောင် အကူအညီပေးဖို့၊

၃။ ကျွန်းပေါ်မှာ ပေါက်တဲ့အပင်တိုင်းပွင့်ပြီး ပန်းတိုင်းမွှေးဖို့ဆိုတဲ့ သုံးချက်ကို တောင်းခဲ့တာ"

"ဒါဆို မာလာနွယ်ရဲ့တောင်းဆိုချက်ကြောင့် ပန်းတွေပွင့်တာပေါ့၊ ဟုတ်လား ... နောင်တော်"

"မဟုတ်သေးဘူး ... ညီတော်၊ မဟုတ်သေးဘူး"

"ဟာ ... နောင်တော့် ဇာတ်လမ်းကလည်း ဟုတ်မလိုလိုနဲ့ ကွေ့ကွေ့သွားတယ်။ ပြောပါဦး ... ဘာကြောင့်လဲ"

"ညီတော်ရာ ... ကျွန်းပိုင်ရှင်ကြီးက အချက် (၃) ချက်အနက် အချက်နှစ်ချက်ကိုပဲ လုပ်ပေးနိုင်ခဲ့တာ။ ဒီအချက်နှစ်ချက်ဆိုတာတောင် မာလာနွယ်ရဲ့ ကုသိုလ်၊ ပါရမီကြောင့်ဆိုရင် မမှားဘူးပေါ့"

"ဘယ်အချက်တွေကို လုပ်ပေးနိုင်ပြီး ဘယ်အချက်ကို လုပ်မပေးနိုင်တာလဲ ... နောင်တော်ရဲ့။ ရှင်းပါဦး"

"နောက်တော့မှ ဆက်ရှင်းတာပေါ့ ... ညီတော်ရာ။ ဒီနေ့တော့ ဒီလောက်ပဲ ညီတော်"





"ဟာ ... နောင်တော်ကလည်း ဒီနေ့တော့ ဒီလောက်နဲ့ အဆုံးသတ်ပါနဲ့ ... နောင်တော်။ ဆက်ပြောပါဦး"

"ညီတော်က ဒီနေ့တော့ အဆန်းပဲ။ ဘာကြောင့် ဆက်တိုက် သိချင်နေတာလဲ။ တော်ရောပေါ့ကွယ်။ သဘော်မလာသေးပါဘူး။ ဒီဇာတ်လမ်းဟာ သဘော်မလာခင် အဆုံးသတ်မှာပါ"

"ဒါပေမဲ့ နောင်တော် ညီတော်က ဇာတ်လမ်းကို သိချင်လှပြီ။ ဆက်ပြောပါနော်"

"ကဲ ... ဒါဆိုလည်း ဆက်ပြောပါ့မယ်။ နားထောင်ပေါ့။ ကျွန်းစောင့်နတ်ကြီးက ဘုရားရှင်ရဲ့ ဓာတ်တော်မွေတော်တွေနဲ့ ကျွန်းဦးမှာ စေတီတည်ထားပေးနိုင်ခဲ့တယ်။ မောင်သော်တာနဲ့ မောင်ဝေလွင်ကို ကမ်းခြေရွာရောက်အောင် ကူညီနိုင်ခဲ့တယ်။ အင်း ... ဒါပေမဲ့ တတိယအချက်ဖြစ်တဲ့ ကျွန်းပေါ်မှာ အပင်တိုင်းပွင့်ပြီး ပွင့်တဲ့ပန်းတိုင်း မွှေးဖို့တော့ ကျွန်းစောင့်နတ်ကြီး မတတ်နိုင်ခဲ့ဘူး"

"ဒါဆို မာလာနွယ်နဲ့ အပေးအယူမဖြစ်ဘူးပေါ့။ နောင်တော်ပြောတော့ ကျွန်းပေါ်မှာ ပန်းတွေပွင့်တယ် မွှေးတယ်ဆို"

"အေးလေကွာ ... အဲဒီပန်းတွေက မာလာနွယ်ရဲ့ သစ္စာ၊ မေတ္တာတွေကြောင့်လို့ပဲ ပြောခဲ့တာ။ ကျွန်းစောင့်နတ်ကြီးကြောင့်လို့ ပြောခဲ့လို့လား"

"နောင်တော်ပြောတာလည်း ... ဟုတ်သား၊ ဆက်ပြောပါဦး။ သစ္စာမေတ္တာကြောင့် ပန်းတွေက ပွင့်ရောလား"

"အင်း ... အဲဒါကလည်း လောကရဲ့ နက်နဲတဲ့ နိယာမ သဘောတရားတစ်ခုပဲကွာ။ သဘာဝတရားကို လူတွေက အရမ်းမဲ့လွန်ဆန်လို့မှ မရတာ။ အရမ်းမဲ့ ပြောင်းလဲပေးချင်လို့လည်း မရဘူး။ ဒါပေမဲ့ သဘာဝတရားဆိုတာ လူတွေအပေါ်မှာမူတည်ပြီး ပြောင်းလဲနေတာ ... ညီတော်"

"နောင်တော့စကားက အဆန်းပဲ။ ရှုပ်လည်း ရှုပ်နေသလိုပဲ။ ညီတော် နားမလည်တော့ဘူး"

"အင်း ... သဘာဝတရားက လူတွေအပေါ်မှာ မူတည်ပြီး ပြောင်းလဲနေတာ ... ညီတော်ရဲ့။ အဲဒါ အမှန်ပဲ။ ဒါပေမဲ့ လူတွေက အဲဒီသဘော



www.burmeseclassic.com

www.burmeseclassic.com



တရားကို နားမလည်ကြဘူး။ ကိုယ့်အပေါ်မှာ မူတည်ပြီး ဖတ်ပြုပြီး ပြောင်းလဲနေတဲ့ သဘာဝတရားကို လူတွေက အလိုမကျဖြစ်ကြဘူး။ အတင်း ပြောင်းလဲပစ်ချင်ကြတယ်။ ကိုယ့်ကိုယ်ကိုယ် မပြောင်းလဲမချင်း သဘာဝက ပြောင်းလဲမသွားဘူးဆိုတာကို သတိမမူကြဘူး။ ပြောရရင် လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားတွေ မပြောင်းလဲသရွေ့ သဘာဝတရားက ဖောက်ပြန်နေမှာပဲ။ လူတွေကောင်းမှ သဘာဝတရားက ကောင်းလာမှာ"

"နောင်တော် . . . ဘာတွေဆိုလိုတာလဲ။ ညီတော် သဘောမပေါက်သေးဘူး"

"ဒီလိုလေကွာ . . . ဒီလို . . .။ မာလာနွယ်ရဲ့ဇာတ်လမ်းကို ပြန်ဆက်ရင် ဒီလိုကွ။ မာလာနွယ်က လူ့ဘဝမှာတုန်းကတည်းက သစ္စာ၊ မေတ္တာကြီးမားတယ်။ ရတနာသုံးပါးကို ယုံကြည်လေးမြတ်မှုရှိတယ်။ ဝိညာဉ်အဖြစ်နဲ့လည်း သူ့ရဲ့ အဲဒီအစွမ်းသတ္တိက ရှိနေဆဲပဲ။ ပြီးတော့ အဲ့ဒီဘဝမှာလည်း သူက မောင်သော်တာကို ချစ်နေတုန်းပဲ။ သူ ကျွန်းစောင့်နတ်ကြီးကို မေ့မသက်ဘူး။ ဒီတော့ သူက ကျွန်းဦးစေတီမှာ သစ္စာဆိုခဲ့တယ်။ သူဆိုခဲ့တာက သူဟာ မောင်သော်တာအပေါ်မှာ အချစ်စစ်နဲ့ချစ်ခဲ့ပြီး မောင်သော်တာ သူ့ကို ဘယ်လောက် ဥပေက္ခာပြုပြု အခြားတစ်ဦးတစ်ယောက်အပေါ် စိတ်တိမ်းညွှတ်ခြင်းမရှိခဲ့ပါ။ ဤမှန်သော သစ္စာစကားကြောင့် ဖြစ်လေရာအရပ်မှာ ချစ်သူနဲ့ပေါင်းရပါစေ။ အဲ့ဒီကျွန်းပေါ်မှာ ပန်းများပွင့်ပါစေ။ ပွင့်တဲ့ပန်းတိုင်း မွှေးပါစေလို့တဲ့ကွ"

"ဪ . . . ဒါကြောင့်ကိုး၊ ဒါနဲ့ နောင်တော် . . . ကျွန်းပေါ်မှာ တည်ထားပေးတဲ့ စေတီကကော ဓာတ်တော်မွေတော် အစစ်တွေနဲ့လား"

"ဟုတ်တယ် . . . ညီတော်၊ ဟုတ်တယ်ကွ"

"ကျွန်းစောင့်နတ်ကြီးက ဓာတ်တော်၊ မွေတော်အစစ်တွေ ဘယ်က ရတာလဲ"

"အဲဒါလည်း ဂမ္ဘီရဆန်တယ် . . . ညီတော်။ နောင်တော် ရှေ့ပိုင်းမှာ ပြောခဲ့တယ်မဟုတ်လား။ ကျွန်းစောင့်နတ်ကြီးလုပ်ပေးတဲ့ အချက်နှစ်ချက်မှာလည်း မာလာနွယ်ရဲ့ ကုသိုလ်၊ ပါရမီ မကင်းဘူးလို့လေ"





"ဟုတ်သားပဲ . . . နောင်တော်၊ အဲဒါကို ဆက်ရှင်းပြပါဦး"

"ဒီလိုလေကွာ . . . မာလာနွယ်ကို စောင့်ရှောက်နေတဲ့အထဲမှာ မြင့်အပ်တဲ့ ပုဂ္ဂိုလ်တွေပါတယ်။ ကျွန်းပေါ်မှာဆိုတော့ နဂါးမျိုးနွယ်တွေ ရော ပါတာပေါ့။ နတ်နဂါးတွေလေ။ ဒီတော့ မာလာနွယ်ရဲ့ ကုသိုလ်ပါရမီကြောင့် နဂါးပြည်က နဂါးတွေက သူတို့ပြည်မှာရှိတဲ့ ဓာတ်တော်၊ မွေတော် အစစ်တွေနဲ့ လှူဒါန်းဖို့ ကျောက်၊ သံ၊ ပတ္တမြားတွေကို ကျွန်းစောင့်နတ်ကြီးဆီ လာပို့ကြတယ်။ အဲဒါတွေနဲ့ ကျွန်းစောင့်နတ်ကြီးက ဌာပနာပြီး စေတီတည်ပေးတယ်"

"ဒါဆို . . . မာလာနွယ်က သာမန်မိန်းကလေး မဟုတ်ဘူးပေါ့"

"ဟုတ်တာပေါ့ . . . ညီတော်၊ မာလာနွယ်က သာမန်မိန်းကလေး မဟုတ်ဘူး။ ထူးခြားတယ်။ ပါရမီရှိတယ်။ သစ္စာတည်တယ်။ မေတ္တာကြီးမားတယ်လေကွာ"

"ဪ . . ."

ဤသို့ဖြင့် ညီတော်ဆိုသူ မောင်မြတ်သာသည် ဂမ္ဘီရနောင်တော် ပြောစကားများအား အံ့သြပြီးရင်း အံ့သြရင်းဖြစ်ရကာဖြင့် . . .

"ဪ . . ."

ဟူသော စကားလေးတစ်ခွန်းကိုသာ ထွက်ပါလာနိုင်ပြီး ပါးစပ်ကလေး အဟောင်းသားဖြင့် ဂမ္ဘီရနောင်တော်ကို စိုက်ကြည့်နေလိုက်မိ၏။ ထိုစဉ်မှာပင် ဂမ္ဘီရနောင်တော်က . . .

"ဒါကြောင့် ကျွန်းစောင့်နတ်ကြီးက မာလာနွယ်ကို ကတိစကားနဲ့ ချုပ်ကိုင်သိမ်းယူဖို့လည်း မဝံ့ရဲတော့ဘူး။ သူကိုယ်တိုင်ကလည်း ကတိစကား သုံးချက်လုံးကိုမှ မဖြည့်ဆည်းပေးနိုင်တာ"

ဟုပြောသောအခါ အံ့သြမင်တက်မိနေသော ညီတော်က သက်ဝင်လှုပ်ရှားလာပြီး . . .

"အဲ့ဒီတော့ . . . နောင်တော်"

"အဲ့ဒီတော့ ကျွန်းစောင့်နတ်မင်းကြီးက မာလာနွယ်ကို လွတ်လပ်ခွင့်ပေးရုံတင်မကဘူး။ စောင့်လည်း စောင့်ရှောက်တယ်။ မာလာနွယ်က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ဦးစေတီနားမှာပဲ ကုသိုလ်ကောင်းမှုတွေ တတ်နိုင်သလောက်လုပ်တယ်။ မောင်သော်တာနဲ့ မောင်ဝေလွင်ကတော့ ကျွန်းစောင့်နတ်ကြီးရဲ့ အကူအညီနဲ့ ကမ်းခြေရွာကို ရောက်သွားတယ်''

''ဟင် ... ဒါ ... ဒါ ... ဆို မာလာနွယ်က''

''ဟုတ်တယ် ... ညီတော်၊ မာလာနွယ်က ကျွန်းပေါ်မှာ ကျန်ခဲ့တာ။ သနားစရာကောင်းတဲ့ မိန်းကလေးပါကွာ''

ဤအကြိမ်တွင်လည်း ညီတော်ဆိုသူ မောင်မြတ်သာသည် ...

''ဩော် ...''

ဟူသော စကားလေးတစ်ခွန်းတည်းသာ ဖွင့်ဟနိုင်ခဲ့ပါလေ၏။

✿ ✿ ✿

| ၇ |

''ဝေါ ... ဝုန်း ... ဝုန်း ... ဝေါ ...''

ပင်လယ်လှိုင်းတို့သည် သူ့သဘာဝ သူ့သံစဉ်အတိုင်း လှုပ်ရှားအသံပေးနေကြပေပြီ။ ဒီတော့မှ အဘိုးဦးမြတ်သာနှင့် စက်ဖောင်အလုပ်သမားများ ဂမ္ဘီရနော်င်တော်ပြောခဲ့သော ပန်းသခင်မ ကျွန်းဇာတ်လမ်းမှအားလုံး နိုးထလာကြပြီး စက်ဖောင်များရှိရာ ပင်လယ်ပြင်ကို ကြည့်လိုက်ကြ၏။ စက်ဖောင်များသည် လှိုင်းလေများကြားတွင် တငြိမ့်ငြိမ့် လှုပ်ရှားနေကြ၏။ ထိုစဉ်တွင်ပင် ပန်းသခင်မဇာတ်လမ်းကို နားထောင်နေသော စက်ဖောင်အလုပ်သမားတစ်ဦးက ...

''အဘိုး ... အဘိုးရဲ့ဇာတ်လမ်းကတော့ ဆုံးသွားပြီပဲ ထားပါတော့။ အဲဒီဇာတ်လမ်းဆုံးတော့ ဂမ္ဘီရနော်င်တော်ပြောတဲ့ စက်လှေကကော ရောက်လာသလား ... အဘိုး''

''အေးကွ ... ရောက်လာတယ်။ အဲဒီစက်လှေနဲ့ပဲ အဘိုးလည်း အဘိုးရွာကို ပြန်ရောက်ခဲ့တာပဲ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ 'ဩော်' ရသူကတော့ ညီတော်ခေါ် အဘိုးဦးမြတ်သာ မဟုတ်။ စက်ဖောင်အလုပ်သမားဖြစ်ပေသည်။ ထို့နောက် စက်ဖောင်အလုပ်သမားများက ဆက်လက်မေးမြန်းကြ၏။

"အဘိုး ... ဒါနဲ့ အဘိုးနဲ့တွေ့ခဲ့တဲ့ ဂမ္ဘီရနောင်တော်ရဲ့ အမည်ကကော"

"သူ့နာမည်က ဦးသော်တာတဲ့"

"ဗျာ ..."

ဒီတစ်ခါမှာတော့ အားလုံးက အံ့ဩခြင်းတွေနဲ့ပြိုင်တူ 'ဗျာ' ရှေ့ရင်လေပြီ။ နောက်သိချင်တာများကို ဆက်မေးကြပြန်၏။

"အဘိုး ... ဒါဆို အဲဒီ ဂမ္ဘီရနောင်တော် ဦးသော်တာဆိုတာ သူ့ဇာတ်လမ်းကို သူပြောနေတာလား။ ပြီးတော့ စိတ်ကော ပုံမှန်ရဲ့လား"

"အင်း ... အဘိုးသိသလောက်တော့ စိတ်မှန်ပါတယ်။ မှန်ရုံတင်မကဘူး။ လျှို့ဝှက်နက်နဲတဲ့ ဂမ္ဘီရပညာတွေကို တတ်ကျွမ်းပုံပေါ်တယ်။ စိတ်နိုင်တယ်။ စိတ်မာတယ်။ ပြီးတော့ လူလည်း လူထူးဆန်းပဲ။ သူ့ရဲ့ ကိုယ်ပိုင်ဇာတ်လမ်းလား ဆိုတာကိုတော့ အဘိုးသိခွင့်မရခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ သူ့အမည်ရင်းဦးသော်တာဆိုတာ အဘိုး ရွာကိုပြန်ဖို့ စက်လှေပေါ်အတက်ကျမှ သိခွင့်ရခဲ့တာ"

"ဩော် ..."

နောက်ဆုံးတော့ စက်ဖောင်အလုပ်သမားများအားလုံး ထုံးစံအတိုင်း 'ဩော် ...' ဟူသော စကားတစ်ခွန်းကိုသာ ပြောနိုင်ခဲ့ကြ၏။ အဘိုးဦးမြတ်သာကတော့ ထိုဇာတ်လမ်းအား မောင်ဝေလွှင်ခေါ် မောင်ညိုလွှင်ကြားသွားမည် စိုးရိမ်သဖြင့် ...

"မင်းတို့ ဒီဇာတ်လမ်းကို မောင်ဝေလွှင်ကို သွားမပြောကြနဲ့နော်။ တော်ကြာ သူ့စိတ်က စွဲလမ်းလွန်နေဦးမယ်"

"ဟုတ်ကဲ့ပါ ... အဘိုး"

စိတ်ကူးသစ်စာပေ



ဤနည်း ဤပုံတို့ဖြင့် အဘိုးဦးမြတ်သာသည် ပင်လယ်တွင် ပျော်ခဲ့သည်။ ပင်လယ်သည် သူ့ဘဝ၊ ပင်လယ်သည် သူ၏အဖော်၊ ပင်လယ်သည် သူ၏စွဲလမ်းစရာ။ ပင်လယ်ကဟောကြားသော တရားတို့ကို အဘိုးဦးမြတ်သာ နာခံခဲ့ပြီ။ ထိုတရားများအား ပင်လယ်တွင် ဆက်လက်ပျော်ရွှင်ကြမည့် လူငယ်များအား လက်ဆင့်ကမ်း၍လည်း ဟောကြားတတ်လေပြီ။

တစ်နေ့တွင်တော့ ...

ရန်ကုန်တွင် ကြွယ်ဝချမ်းသာနေပြီဖြစ်သော အဘိုးဦးမြတ်သာ၏သား မောင်မြတ်သူက သူ၏သား မောင်လရောင်စေ့စပ်ပွဲသို့ တက်ရောက်ရန် အဘိုးဖြစ်သူ ဦးမြတ်သာအား အကြောင်းကြားလာလေပြီ။ ဘာပဲဖြစ်ဖြစ်ပေါ့။ ပင်လယ်နှင့် ကြာရှည်ကြာမော မခွဲခဲ့သော ဦးမြတ်သာသည် တစ်ဦးတည်းသော မြေးအတွက်တော့ ပင်လယ်မှ ခေတ္တခွဲခွာရပေတော့မည်။

ထိုကဲ့သို့ ရန်ကုန်သို့ ထွက်ခွာရမည်ဖြစ်သောအခါ သူကိုယ်တိုင်သိုင်းလေကြားမှ ကယ်တင်ခဲ့သော မောင်ဝေလွှင် (ခေါ်) မောင်ညိုလွှင်ကို ရန်ကုန်သို့ ခေါ်ဆောင်သွားလေမည်။ မိဘရပ်ထံသို့စုံစမ်းပြီး ကိုယ်တိုင်ပို့ဆောင်ပေးပေမည်။ ထို့ကြောင့် မောင်ဝေလွှင်(ခေါ်)မောင်ညိုလွှင်ကို ရန်ကုန်သို့ လိုက်ပါနိုင်ရန် ကြိုတင်အသိပေးထား၏။ ထို့နောက် သူ၏ စက်ဖောင် (၁၀) ကျော်မှ အလုပ်သမားများအား မှာကြားသင့်သည်များကို မှာကြား၏။

နောင် (၃)ရက်ကြာသောအခါ အဘိုးဦးမြတ်သာနှင့် မောင်ဝေလွှင် (ခေါ်) မောင်ညိုလွှင်တို့သည် ရန်ကုန်သို့ ထွက်ခွာခဲ့ကြလေပြီ။ ရန်ကုန်သို့ ရောက်သောအခါ မြေးဖြစ်သူ မောင်လရောင်နှင့်အတူ စေ့စပ်မည့် မိန်းကလေးပါ ကားဂိတ်သို့ ကိုယ်တိုင်လာကြိုကြ၏။

မိန်းကလေး၏ သွင်ပြင်မူရာသည် ယဉ်ကျေးလိမ္မာပြီး နူးညံ့သော စရိုက်လက္ခဏာရှိသည်ကို မြင်ရုံနှင့် သိနိုင်၏။ ထို့ကြောင့် အဘိုးဦးမြတ်သာ သဘောကျနေ၏။ ဦးမြတ်သာနှင့်အတူပါလာသော မောင်ညိုလွှင်ကတော့ ကားပေါ်မှ အထုပ်များကိုရွေးနေ၏။ မြေးဖြစ်သူ မောင်လရောင်က ...

"ဘိုးဘိုး ... ဒါ သားနဲ့စေ့စပ်မယ့် သားချစ်သူ။ သူ့နာမည်က ပန်းသခင်ပါ ... ဘိုးဘိုး"

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသောအခါ အဘိုးဖြစ်သူ အံ့သြရပြန်၏။ ထိုစဉ်တွင်မှ မောင်ညိုလွင်ခေါ် မောင်ဝေလွင်သည် အထုပ်အပိုးများရွေးပြီး ရောက်လာလေ၏။ မောင်ညိုလွင်ကို မြင်မြင်ချင်း ပန်းသခင်က …

"ဟာ … မောင် … မောင် … မောင်လေး ညို … ညိုလွင်"

ဟု အံ့သြဝမ်းသာဖြင့် ပြေးဆွဲ၏။ အထင်လွဲလက်စရှိသော မောင်လရောင်က ပန်းသခင်နှင့် မောင်ညိုလွင်ကို အထင်လွဲသောကြောင့် …

"ဘိုးဘိုး … ဘိုးဘိုး … ဒီ … ဒီ … ညို … ညို … လွင် … ပန်း … ပန်း … သခင် …"

"အို … မ … မဟုတ်ဘူး … လရောင် …"

ဟူ၍ အခြေအနေများက ရှုပ်ထွေးကုန်၏။ ထို့ကြောင့် အတွေ့အကြုံများ၍ အမြော်အမြင်ကြီးသော အဘိုးဦးမြတ်သာက အခြေအနေများကို ဝင်ထိန်းလိုက်၏။ ထို့နောက် မောင်ညိုလွင်က သူ့ဘဝအခြေအနေကိုပင် သူသေသေချာချာ မမှတ်မိသေးကြောင်း အားလုံးကို ရှင်းပြ၏။ ထို့နောက် ပန်းသခင်မှတစ်ဆင့် မောင်ညိုလွင်၏ ဘဝဇာတ်ကြောင်းနှင့် နေရပ်လိပ်စာများကို သိရ၏။ အမည်ရင်းမှာလည်း မောင်ညိုလွင်ဟု သိခဲ့ရ၏။

ထို့နောက် အဘိုးဦးမြတ်သာက မောင်ညိုလွင်ကို အရင်ဦးဆုံးပြန်ပို့ရန် စီစဉ်၏။ မောင်ညိုလွင်၏ အိမ်သို့ရောက်သောအခါတွင် မမျှော်လင့်သောအဖြစ်နှင့် တည့်တည့်တိုးပြန်၏။ ၎င်းအဖြစ်သည်ကား …

ဝမ်းနည်းစရာမဟုတ်။ ဝမ်းသာစရာ အတိဖြစ်၏။

အကြောင်းမှာ မောင်ညိုလွင်၏မိခင် ဒေါ်ညိုညိုသွင်သည် အဘိုးဦးမြတ်သာ၏ ကွဲကွာနေသော သမီးအရင်း ဖြစ်နေသောကြောင့်ပေတည်း။ အဘိုးဦးမြတ်သာနှင့် သမီးဖြစ်သူ ဒေါ်ညိုညိုသွင်တို့ ကွဲကွာခဲ့သည်မှာလည်း ဒေါ်ညိုညိုသွင် (၇) နှစ်သမီးအရွယ်ကတည်းကပေတည်း။

အဘိုးဦးမြတ်သာအဖို့ ၎င်းချစ်စွာသော သမီးဖြစ်သူ ဒေါ်ညိုညိုသွင်နှင့် ကွဲကွာခဲ့ရသည်ကလည်း ပင်လယ်ပြင်၏ မာယာ၊ ပင်လယ်ပြင်၏ တရားတို့ကို နာခံရင်း ကွဲကွာခဲ့ရသည်မို့ အဘိုးနဲ့ ပင်လယ်ပြင်၏တရားတို့သည် မစိမ်းတော့။

စိတ်ကူးသစ်စာပေ



ခုတော့ဖြင့် အဘိုးဦးမြတ်သာချစ်သော သမီးကို ပြန်တွေ့ရရုံမက ချစ်သောမြေးလေး မောင်ညိုလွင်ကိုလည်း ကိုယ်တိုင်စောင့်ရှောက်ခွင့် ရခဲ့သည်မဟုတ်ပါလား။ ကံကြမ္မာတို့သည် ဆန်းကြယ်လေစွ။

မောင်လရောင်အထင်လွဲခဲ့သော မောင်ညိုလွင်သည်ပင် မောင်လရောင်နှင့် ညီအစ်ကိုဖြစ်နေပြီမို့ သံသယများလည်း ကွယ်ပျောက်ခဲ့ရပေပြီ။ ချစ်ခြင်းတရားတို့ သွယ်ယှက်လွှမ်းခြုံနေပေပြီ။

ထို့နောက် …

အဘိုး ဦးမြတ်သာ၊ မောင်လရောင်နှင့် ပန်းသခင်တို့သည် မောင်လရောင်တို့အိမ်သို့ ပြန်လာခဲ့ကြလေပြီ။ မောင်လရောင်တို့၏အိမ်သို့ ရောက်သောအခါ မောင်လရောင်၏ဖခင် ဦးမြတ်သူနှင့် ဇနီးဖြစ်သူ ဒေါ်နီလာတို့တာ ဆီးကြိုနှုတ်ဆက်ကြ၏။ အဖြစ်အပျက်ဇာတ်လမ်းစုံကို သိရသောအခါ ဦးမြတ်သူကလည်း ကွဲကွာနေသော ညီမဖြစ်သူနှင့် ပြန်လည်ဆုံတွေ့ရမည်ဆို၍ ဝမ်းသာမဆုံးတော့။

ထို့နောက် မောင်ဝေလွင်နှင့် ပန်းသခင်တို့၏စေ့စပ်ပွဲအတွက် စီစဉ်ကြ၏။ ထိုစေ့စပ်ပွဲသို့ ဒေါ်ညိုညိုသွင်နှင့် မောင်ညိုလွင်တို့လည်း ရောက်လာကြပြီး မိသားစုများအားလုံး တပျော်တပါးပင်။

စေ့စပ်ပွဲပြီးသောအခါ အဘိုးဦးမြတ်သာကို ရန်ကုန်တွင် အသက်ထက်ဆုံးနေထိုင်ရန် သားသမီးမြေးတစ်စုတို့က တောင်းပန်တိုးလျှိုးစွာ ပြောကြ၏။ သို့သော် …

အဘိုး ဦးမြတ်သာကတော့ ပင်လယ်ပြင်ကဟောသော တရားတို့ကိုသာ နာပျော်သူ။ ပင်လယ်ပြင်ကို မြတ်နိုးတွယ်တာသူ။ ပင်လယ်ပြင်ရှိ စက်ဖောင် (၃၀) ကျော်မှ အလုပ်သမားမိသားစုတို့၏ စားဝတ်နေရေးအတွက် ရှုပန်သူ။ ထို့ကြောင့် ပင်လယ်ပြင်ကို တမ်းတနေလေပြီ။

ရန်ကုန်တွင် ရှိနေသော သားသမီးမြေးတစ်စုတို့ကတော့ မိသားစုလည်း ပြန်လည်ဆုံတွေ့ကြရသည်။ သံသယများလည်း ကွယ်ပျောက်သွားကြပြီဖြစ်၍ အားလုံး ပျော်ရွှင်နေကြလေပြီ။

သို့သော် …

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဘိုး ဦးမြတ်သာ ရင်တွင်းမှာတော့ ...

ဂမ္ဘီရ နောင်တော်ပြောသော ပန်းသခင်မကျွန်းဇာတ်လမ်းသည် တကယ်လေလား။

ဒါမှမဟုတ် သူ့အား အဖျင်းပြေပုံပြင် ပြောခဲ့လေသလား။

ဒီဇာတ်လမ်းက တကယ်ဟုတ်ခဲ့လျှင် ...

ဤဇာတ်လမ်းမှ ဇာတ်လိုက်များသည် မောင်သော်တာ၊ မောင်ဝေလွင်နှင့် မာလာနွယ်။ ယခု မြေးများ၏အမည်များကား မောင်လရောင် မောင်ညိုလွင်နှင့် ပန်းသခင်။ ဂမ္ဘီရနောင်တော်ပြောတုန်းကလည်း တစ်ခေတ်မှာ ညီတော်၊ အဲဒီပုဂ္ဂိုလ်တွေနဲ့ ပြန်ဆုံဦးမှာ၊ အနွယ်တော်တွေတဲ့။ ပြီးတော့ မာလာနွယ်အတွက် မောင်ဝေလွင်က ပန်းသခင်မလို့ မှတ်တိုင်စိုက်ခဲ့တာ။ နောက် ဂမ္ဘီရနောင်တော်ကိုယ်တိုင်ကကော၊ သူပြောတဲ့ ဇာတ်လမ်းက မောင်သော်တာဆိုရင် သူသေဆုံးပြီး လူ့ဘဝကို ငါ့မြေး လရောင်အဖြစ် ပြန်ရောက်နေနိုင်ပြီလား။ အင်း ...မဟုတ်မှလွဲရောဟ္ဘ။

အဘိုးအိုမှာ သံသယများစွာဖြင့်

ပင်လယ်ပြင်၏ ဇာတ်လမ်းကို ဝေဖန်နေဆဲ ...

ပင်လယ်ပြင်၏ တရားတို့ကို နှလုံးသွင်းနေဆဲ ...

ပင်လယ်ပြင်ကို ချစ်မြတ်နိုးနေဆဲ ...

ပင်လယ်ပြင်ကို သစ္စာရှိနေဆဲ ...

ဤသို့ဖြင့် ပင်လယ်ပြင်သို့ ခရီးနှင့်ခဲ့လေပြီ။

နန်းရွှေဥ

## စိတ်ကူးသစ်စာပေမှ ထုတ်ဝေပြီးစာအုပ်များစာရင်း

| စဉ် | စာရေးသူ | စာအုပ်အမည် | | ရောင်းဈေး |
|---|---|---|---|---|
| ၁။ | တောင်ညိုမိုင်း | မြွေဝင်စားခင်မြွေ | | ၁၂၀၀/- |
| ၂။ | (သန်လျင်) | လူထူးဆန်းဘဲတိုက်ပုံဦးရာကျော် | | ၁၂၀၀/- |
| ၃။ | ။ | ဘည်းထိတ်ဆန်းကြယ်ချွေးနတ်ကြီး | | ၁၂၀၀/- |
| ၄။ | ။ | သေရွာငါးကြိမ်ပြန်ခင်ဒေါင်းဇံ | | ၁၂၀၀/- |
| ၅။ | ။ | မြွေတောထဲဝါးဖြူရွာထဲမင်းသားဖိုးစည်နှင့်တျောက်ခဲ | | ၁၂၀၀/- |
| ၆။ | ။ | ဗြိတ္တာရွာသူမတြေ | | ၁၂၀၀/- |
| ၇။ | ။ | ကြောင်ထစ်ရာသတ်ဖြင်းနှင့် အင်းထစ်တောင်မင်းဝေါင် | | ၁၂၀၀/- |
| ၈။ | ။ | ဝရလောထနှင့် ဖြစ်ရပ်ဆန်းကြယ် | ဂမ္ဘီရဝတ္ထုတိုများ | ၁၂၀၀/- |
| ၉။ | ။ | မိစ္ဆာဒိဋ္ဌိခရထာလမ်းကြမ်း | | ၁၅၀၀/- |
| ၁၀။ | ။ | အံ့ဖွားနှင့်ဖြစ်ရပ်ဆန်းကြယ် | ။ | ၁၅၀၀/- |
| ၁၁။ | ။ | ကျောက်ကြီးငြေ | | ၁၅၀၀/- |
| ၁၂။ | ။ | နတ်မြင်းသွာသံ | ။ | ၁၅၀၀/- |
| ၁၃။ | ။ | ငြမ်းဆင်တဲ့လတ် | ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၄။ | ။ | ရွှေဘုံပြန်ထွန်းအိမ်သစ် | | ၁၅၀၀/- |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မိကျောင်း | ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၆။ | ။ | ဖြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀၀၀/- |
| ၁၇။ | ။ | မီးငြိမ်းမိုးအဝါအဝင်လျှို့ဝှက်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၈။ | ။ | နာနာဘာဝဖိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၁၉။ | ။ | ဗြိတ္တာရာသီဖွားနန်းအိမ်ကြို | | ၃၀၀၀/- |
| ၂၀။ | ။ | ဈတ်ရည်မြစ်ဝေါမှာသောင်မတင်တဲ့အပြာရောင်ဗေဒါ | | ၁၅၀၀/- |
| ၂၁။ | ။ | လေးမည်ရထွန်းကြိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၂။ | ။ | ကျောထုန်းဝေါ်တထက်ဝါးရာ | ။ | ၂၀၀၀/- |
| ၂၃။ | ။ | မားသွားဝေါ်မှာထတဲ့ဝန်းဖွင့် | | ၂၅၀၀/- |
| ၂၄။ | ။ | စိန်စီထကြိုးရေချမ်းအိုး | | ၂၅၀၀/- |
| ၂၅။ | ။ | ရင်တွဲရွှေထိုးညို | ။ | ၂၀၀၀/- |
| ၂၆။ | ။ | ဗြိတ္တာရေဆန် | | ၂၀၀၀/- |
| ၂၇။ | ။ | ပုံဖျက်ဝန်းဖျက်ရသေ့ကြီးနှင့် အရိန္ဒမာရွှေလှံလတ် | | ၂၀၀၀/- |
| ၂၈။ | ။ | သိဂီရမြွေဆိပ် | | ၃၀၀၀/- |
| ၂၉။ | ။ | ငှက်ကြီးတောင်ဘဂျမ်း | ဂမ္ဘီရဝတ္ထုတိုများ | ၃၀၀၀/- |
| ၃၀။ | ။ | စောရနတွတ်ကြောင်နတ်နှစ်တောင် | | ၃၀၀၀/- |
| ၃၁။ | ။ | ရွှေဖြည်ဝင်ရတ္တမိုးအိုးစည် | | ၁၅၀၀/- |
| ၃၂။ | ။ | နတ်ချတ်စီမောင်ရန် | ဂမ္ဘီရဝတ္ထုတိုများ | [illegible]၀၀/- |
| ၃၃။ | ။ | မားထျှီးလိုလုံခွေ စံဗေတဲ့တော့ | | ၂၅၀၀/- |
| ၃၄။ | ။ | နရသိန်ပြန်အိမ်မတ်များ | ဝတ္ထုတိုများ | ၂၀၀၀/- |

www.burmeseclassic.com